စာပေဗိမာန်စာမူဆုရ

# ရင်ခွင်ငွေး

ပြဇာတ်

ဇင်မင်း (သမိန်ကော)



၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု

ပြဇာတ်စာပေ ဒုတိယဆုရ

# ရင်ခွင်နွေး

ဇင်မင်း (သဗိန်ထော)

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်မွေး (မွေးငယ်ငယ်)
စာတည်း

မျက်နှာဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

# မာတိကာ

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၁) | ကျုံကန်ချောင်းဝ | ၁ |
| အခန်း (၂) | ကန်ဦးကျေးရွာ ပရဟိတဂေဟာ၊ အိပ်ဆောင် | ၄ |
| အခန်း (၃) | ကန်ဦးပရဟိတဂေဟာ ရုံးခန်း | ၁၁ |
| အခန်း (၄) | ပရဟိတဂေဟာ၊ ကျောင်းရှေ့ကွင်း | ၂၂ |
| အခန်း (၅) | ကန်ဦးရွာ၊ စုပေါင်းရှင်ပြုအလှူမဏ္ဍပ် | ၂၇ |
| အခန်း (၆) | ချောင်းဝကျေးရွာ၊ ရွာအဝင်ချောင်းကူး တံတားထိပ် | ၃၆ |
| အခန်း (၇) | ကန်ဦးရွာ၊ အလယ်တန်းကျောင်းအုပ် ဆရာကြီးရုံးခန်း | ၄၄ |
| အခန်း (၈) | ပရဟိတဂေဟာအနီး ရေဆိပ် | ၅၂ |
| အခန်း (၉) | ရွာထိပ် သရက်ပင်ကြီးအောက် | ၅၆ |
| အခန်း (၁၀) | ကျေးရွာဆေးပေးခန်း | ၅၉ |
| အခန်း (၁၁) | ပရဟိတဂေဟာ ရုံးခန်း | ၆၉ |
| အခန်း (၁၂) | ကန်ဦးရွာ အလယ်တန်းကျောင်းအုပ် ဆရာကြီးရုံးခန်း | ၇၅ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၁၃) | ဖျာပုံမြို့၊ ကန်တော်ကြီး ဘိုးဘွားရိပ်သာ၊ ရုံးခန်း | ၈၀ |
| အခန်း (၁၄) | ဘိုးဘွားရိပ်သာ ဘွားဆောင် | ၈၈ |
| အခန်း (၁၅) | ဖျာပုံမြို့၊ အ.ထ.က (၁)၊ နဝမတန်း(က) စာသင်ခန်း | ၉၂ |
| အခန်း (၁၆) | ဘိုးဘွားရိပ်သာ၊ ဘောဇနဆောင် | ၉၆ |
| အခန်း (၁၇) | အ.ထ.က စာကြည့်တိုက်၊ အဆောက်အဦရှေ့ | ၁၀၃ |
| အခန်း (၁၈) | အ.ထ.က ရှေ့ ကုတ္တိုပြင်တန်း | ၁၀၇ |
| အခန်း (၁၉) | ဖျာပုံမြို့ ဦးညွန့်သိန်း၏နေအိမ် | ၁၁၁ |
| အခန်း (၂၀) | ဘိုးဘွားရိပ်သာ ငှက်ပျောခြံ | ၁၁၇ |
| အခန်း (၂၁) | ဘိုးဘွားရိပ်သာ ဘိုးဆောင် | ၁၂၂ |
| အခန်း (၂၂) | အ.ထ.က ရှေ့ ကုတ္တိုပြင်တန်း | ၁၂၇ |
| အခန်း (၂၃) | ဘိုးဘွားရိပ်သာ ဘွားဆောင် | ၁၃၁ |
| အခန်း (၂၄) | ကန်တော်ကြီးစောင်းတစ်နေရာ | ၁၃၇ |
| အခန်း (၂၅) | ဘိုးဘွားရိပ်သာရုံးခန်း | ၁၄၁ |
| အခန်း (၂၆) | ဖျာပုံမြစ်ကမ်း အပန်းဖြေပန်းခြံ | ၁၅၁ |
| အခန်း (၂၇) | ကန်ဦးပရဟိတဂေဟာ ကျောင်းရှေ့ကွင်း | ၁၅၉ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၂၈) | ပရဟိတဂေဟာ ရုံးခန်း | ၁၆၃ |
| အခန်း (၂၉) | ဖျာပုံမြို့ ဦးညွန့်သိန်း၏နေအိမ် | ၁၆၈ |
| အခန်း (၃၀) | ကျိုက္ကမျှမ်စေတီတော်ရင်ပြင် | ၁၇၄ |
| အခန်း (၃၁) | မန္တလေးမြို့၊ တိုင်းရင်းဆေးသိပ္ပံ | ၁၇၉ |
| အခန်း (၃၂) | ကန်ဦးပရဟိတဂေဟာ ရုံးခန်း | ၁၈၂ |
| အခန်း (၃၃) | မန္တလေးမြို့ တိုင်းရင်းဆေးသိပ္ပံ ကျောင်းရှေ့ | ၁၈၈ |
| အခန်း (၃၄) | တိုင်းရင်းဆေးသိပ္ပံ အမျိုးသားဆောင် ဧည့်တွေ့ခန်း | ၁၉၂ |
| အခန်း (၃၅) | ဖျာပုံ ဘိုးဘွားရိပ်သာရုံးခန်း | ၁၉၆ |
| အခန်း (၃၆) | ထန်းစဉ်လှရွာအနီး ဝါခင်းအတွင်း | ၂၀၃ |
| အခန်း (၃၇) | ထန်းစဉ်လှရွာ ကိုရာမြင့်နေအိမ် | ၂၁၀ |
| အခန်း (၃၈) | ငါန်းဇွန်မြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြို့နယ်မန်နေဂျာရုံးခန်း | ၂၁၅ |
| အခန်း (၃၉) | ထန်းစဉ်လှရွာ ကိုရာမြင့်နေအိမ် | ၂၂၃ |
| အခန်း (၄၀) | ကန်ဦးရွာ၊ ဦးတင်ဦးနေအိမ် | ၂၂၈ |
| အခန်း (၄၁) | ကန်ဦးပရဟိတဂေဟာကျောင်းရှေ့ကွင်း | ၂၃၄ |
| အခန်း (၄၂) | ကန်ဦးပရဟိတဂေဟာအနီး ရေဆိပ် | ၂၃၈ |

# ရင်ခွင်နွေး

## ပြဇာတ်

### ပါဝင်သူများ

၁။ ကိုရာမြင့် - ပရဟိတဂေဟာမှူး

၂။ အိုက်ချို - ပရဟိတကျောင်းသား၊
ရှမ်းအမျိုးသားလေး

၃။ မညိုဝိုင်း - အလယ်တန်းပြဆရာမ

၄။ ညိုမောင် - မညိုဝိုင်း၏မောင်

၅။ နော်အဲမွန် - အ·ထ·က ကျောင်းသူ၊
ကရင်အမျိုးသမီးလေး

၆။ ဦးချစ်တင် - ပရဟိတဂေဟာ ဥက္ကဋ္ဌ

၇။ ဦးတင်ဦး - ပရဟိတဂေဟာ ဒု-ဥက္ကဋ္ဌ၊ ရဝတ ဥက္ကဋ္ဌ၊
ကိုရာမြင့်၏ အရင်းနှီးဆုံးသူငယ်ချင်း

၈။ ဦးသန်းထွန်း - အ·လ·က ကျောင်းအုပ်ဆရာကြီး

၉။ ဦးစောနေ - နော်အဲမွန်၏ဖခင်

၁၀။ မကြာတင့် - ကိုရာမြင့်၏ညီမ

၁၁။ စောလူလူ - ကေအင်(န်)ယူဗိုလ်

၁၂။ ဦးအဂ္ဂ - တိုင်းရင်းဆေးဆရာကြီး

၁၃။ ဗွေဆိုး(ခ)ငွေစိုး - ပရဟိတကျောင်းသား

၁၄။ ပအိုဝ့်လေး(ခ)ခမ်းညီ - ပရဟိတကျောင်းသား

၁၅။ ဦးထွန်းရည် - ပရဟိတအကျိုးဆောင်

၁၆။ ဦးမောင်ကြည် - ပရဟိတအကျိုးဆောင်

၁၇။ ဦးညွန့်သိန်း - ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ

၁၈။ ဒေါ်ကြူကြူသိန်း - ဦးညွန့်သိန်း၏ညီမ၊ အထက်တန်းပြဆရာမ

၁၉။ ဦးဝင်းတင် - ဘိုးဘွားရိပ်သာ အတွင်းရေးမှူး

၂၀။ ဦးအောင် - ဘိုးဘွားရိပ်သာ ဂေဟာမှူး

၂၁။ ဦးဝင်းမောင် - ရေလုပ်ငန်းရှင်

၂၂။ ကေသီဝင်းမောင် - ဦးဝင်းမောင်၏သမီး၊ အ·ထ·က ကျောင်းသူ

၂၃။ ဘိုးကရင် - ဘိုးဘွားရိပ်သာမှ ဘိုးတစ်ဦး

၂၄။ ဒေါ်ဥ - ဘိုးဘွားရိပ်သာမှ ဘွားတစ်ဦး

၂၅။ ဦးရီ - အလယ်တန်းပြဆရာ

၂၆။ ဦးတင့်လွင် - အလယ်တန်းပြဆရာ

၂၇။ ဒေါ်ခင်နွဲ့ - အလယ်တန်းပြဆရာမ

၂၈။ အနိုးကြွယ် - ရွာအပျိုခေါင်း

၂၉။ ဒေါ်မျိုးမျိုး - တိုင်းရင်းဆေးသိပ္ပံဆင်းဆရာမ

၃၀။ ဒေါ်အေးအေးချို - တိုင်းရင်းဆေးခန်း၊ လက်ထောက် တိုင်းရင်းဆေးမှူး

၃၁။ စိုးတင့် - အိုက်ချို၏ ကျောင်းနေဖက်သူငယ်ချင်း

၃၂။ စံကျော်သာ - အိုက်ချို၏ ကျောင်းနေဖက်သူငယ်ချင်း

၃၃။ ငြိမ်းငြိမ်း - နော်အဲမွန်၏ ကျောင်းနေဖက်သူငယ်ချင်း

၃၄။ စောစံသာ - တိုင်းရင်းဆေးသိပ္ပံ ပထမနှစ်ကျောင်းသား၊ ဘားအံဇာတိ

၃၅။ အေးကြည်မ - ချောင်းဝမှ မိန်းကလေး

၃၆။ - ငှင်းမိန်းကလေး၏မိခင်

၃၇။ - ပယောဂဆရာ

၃၈။ - ကိုရာမြင့်၏မိခင်

၃၉။ - ဦးညွန့်သိန်း၏ဇနီး

၄၀။ - တိုင်းရင်းဆေးသိပ္ပံ ကထိကဆရာကြီး

၄၁။ - မြို့နယ်ပညာရေးမှူး

၄၂။ - အ·ထ·က (၁) ကျောင်းအုပ်ဆရာမကြီး

၄၃။ - အ·ထ·က ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ

၄၄။ - ပရဟိတဂေဟာကော်မတီဝင်များ

၄၅။ - ပရဟိတကျောင်းသားလေးများ

၄၆။ - ရှင်လောင်းလှည့်ပွဲလိုက်ပါသူများ

၄၇။ - ဆွမ်းတော်ကြီးလှည့်ပွဲလိုက်ပါသူများ

၄၈။ - ဘိုးဘွားရိပ်သာဝန်ထမ်း

၄၉။ - စိုက်ပျိုးရေးရုံးစောင့်ကြီး

၅၀။ - ထန်းစဉ်လှကျေးရွာဥက္ကဋ္ဌ

## အခန်း (၁)

**ကာလ။** ၁၉၈၉ ခုနှစ်

**နေရာ။** ကျုံကန်ချောင်းဝ၊

**အချိန်။** ညနေဘက်

**အပြင်အဆင်။** မိုးမှောင်ကျနေသော ပင်လယ်ရေပြင်ရေးချက် နောက်ခံကားရှိရမည်။ ရှေ့တွင် သောင်ကမ်းရေးချက် ဒူးပိတ်ကားရှိရမည်။ နောက်ခံကားနှင့် ဒူးပိတ်ကား အကြား တွင် ပင်လယ်ရေလှိုင်းများ ထကြွနေသည်ကို ဓာတ်ခဲ့ပညာ ဖြင့် သရုပ်ဖော်ပြီး လှိုင်းများအကြားတွင် ပဲ့ထောင်စက် လှေတစ်စင်း ငုပ်ချည် ပေါ်ချည်ရှိနေသည်ကို သရုပ်ဖော် ရန် ပြင်ဆင်ထားရမည်။

မိုးသက်မုန်တိုင်းကျနေသည့် သရုပ်ပေါ်ရန် မီးနှင့် အသံ စသည်များဖြင့် စီစဉ်ရမည်။

လှိုင်းသံ၊ လေသံအကြား စက်လှေမှ စက်သံ ထွက်ပေါ်နေရမည်။

**(ရှေ့ဖုံးကားဖွင့်)**

(စက်လှေပေါ်တွင် ကိုရာမြင့်က ဦးပိုင်းတွင်၊ အိုက်ချိုက အလယ်တွင်ရှိနေပြီး ညိုမောင်က ပဲ့ပိုင်းတွင် စက်မောင်းနေစေ။ လှိုင်းလေအကြားတွင် အန္တရာယ်ကြီးစွာ ထိန်းသိမ်းမောင်းနှင်နေကြရစေ။ ကားဖွင့်ပြီး မကြာမီ စက်ရပ်သွားစေ။ တစ်ပြိုင်တည်းပင် ညိုမောင်ထံမှ "စက်ပျက်သွားပြီ" အော်ပြောသံထွက်ပေါ်လာစေ။)

**ကိုရာမြင့်။** (အော်ဟစ်ပြောဆို) လှော်တက်တွေကိုင် လှော်ကြ လှော်ကြ ..။

(ကိုရာမြင့်ရော အိုက်ချိုပါ လှော်တက်တစ်ခုစီဆွဲထုတ်ပြီး လှိုင်းတွေကြားမှာပင် လှော်ခတ်နေကြစေ။ ညိုမောင်က စက်ကို အစွမ်းကုန်ကြိုးစား၍ နှိုးနေစေ။ လှိုင်းလေအကြား စက်လှေမှာ ငုပ်ချည် ပေါ်ချည်ဖြစ်နေပြီး အားလုံးမှာ မိုးလေကြားမှာ ခွဲနပဲနှင့် လှော်ခတ် နေကြစေ။)

**ကိုရာမြင့်။** (အော်ဟစ်ပြောဆို) မကြောက်နဲ့၊ မကြောက်နဲ့ ..။ အားမလျှော့ကြနဲ့ပေါ့။ လှော်ကြ .. လှော်ကြ .. ကမ်းဘက်ရောက်လာပြီ၊ အားမလျှော့နဲ့။ ယောကျ်ားကွ ယောကျ်ားကွ (အိုက်ချိုမှာ အားကုန်လှော်ခတ်နေစေ။ တစ်ကြိမ်တွင် မတ်တတ်ရပ်၍ အားစိုက်လှော်လိုက်ရာ လှေအလူးနှင့် ရေထဲသို့ ပစ်ကျသွားစေ။)

**ကိုရာမြင့် + ညိုမောင်။** ဟာ .. အိုက်ချိုကျသွားပြီ ...။



(ကိုရာမြင့်သည် ပြောပြောဆိုဆို ရေထဲသို့ ခုန်ဆင်းလိုက်စေ၊ ညိုမောင်က လှော်တက်ကိုပြေးယူပြီး ဆက်လှော်စေ။ ကိုရာမြင့်ရော အိုက်ချိုပါ ရေထဲမြုပ်သွားဟန်နှင့် မြင်ကွင်းမှ ပျောက်ကွယ်ပြီး တစ်အောင့်ကြာမှ ပြန်ပေါ်လာ၊ ကိုရာမြင့်က အိုက်ချိုကိုဖက်၍ ကူးနေစေ)

**ကိုရာမြင့်။** (ရေကူးရင်းလှမ်းအော်) ကြိုး .. ကြိုး .. ကြိုးပစ်လိုက်။

(ညိုမောင်၊ စက်လှေချည်ကြိုးကို လှမ်းပစ်ပေးစေ။ ကိုရာမြင့် ကြိုးကိုဆွဲကိုင်၊ အိုက်ချိုကိုပါဖက်လျက် အားကုန်ကူးခတ်စေ။ တဖြည်းဖြည်းကမ်းသို့ ရောက်လာစေ။ သောင်ကမ်းသို့ (ဒူးပိတ်သို့) မေးတင်မိသည်နှင့် ကိုရာမြင့်က မေ့မြောနေသော အိုက်ချိုကိုထမ်းလျက် သောင်ပေါ် (ဒူးပိတ်ရှေ့နား) သို့ ဒယီးဒယိုင်နှင့် လျှောက်လာပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်စေ။ အိုက်ချိုကို ပြုစုစေ။ ညိုမောင်ကလည်း စက်လှေပေါ်မှ သောင်ပြင်ပေါ် (ဒူးပိတ်ရှေ့နား) သို့ခုန်ဆင်းကာ လှိုင်းလေကြားတွင် လူးနေသောစက်လှေကို ကိုရာမြင့်လက်ထဲမှ ကြိုးစကိုယူ၍ ဆွဲတင်နေစေ။)

**ကိုရာမြင့်။** (မောဟိုက်လျက်) ကဲ ညိုမောင်ရေ ဟိုရွာထဲက ကိုပန်းအောင်တို့ကို သွားအကူအညီတောင်းကွာ။ ငါဒီမှာ အိုက်ချိုကို ပြုစုရင်း ကျန်ခဲ့မယ်။

**ညိုမောင်။** ဟုတ်ကဲ့ .. ဟုတ်ကဲ့ ..။ (ဓာတ်စင်လက်ယာဘက်သို့ ပြေးဝင်သွားစေ။)

**(ရှေ့ဖုံးကားပိတ်)**

## အခန်း (၂)

**နေရာ။** ကန်ဦးကျေးရွာ၊ ပရဟိတဂေဟာ၊ အိပ်ဆောင်

**အချိန်။** မွန်းလွဲပိုင်း

**အပြင်အဆင်။** ကလေးများကိုစောင့်ရှောက်ထားသော ပရဟိတဂေဟာ အိပ်ဆောင်အတွင်းပိုင်း အပြင်အဆင်ဖြစ်သည်။ ပျဉ်ထောင်နံရံရေးချက် နောက်ခံကားရှိရမည်။ ကွပ်ပျစ်ခုတင် သုံးလေးလုံးခန့် (ဓာတ်စင်ဆုံသလောက်) မြင်ကွင်းတွင်ထားရှိပြီး လူရှိသည့်ခုတင်မှအပ အခြားခုတင်များမှာ အခင်း၊ ခေါင်းအုံး၊ စောင်တို့ စနစ်တကျပုံစံအတိုင်း သပ်သပ်ရပ်ရပ်ထားရှိရမည်။

### (ရှေ့ဖုံးကားဖွင့်)

(၁၅ နှစ်အရွယ် ရှမ်းလူမျိုး အိုက်ချိုသည် ခုတင်ပေါ်တွင် စောင်ခြုံ၍ အိပ်နေရာမှ)

"ယာပီကို ယာပီကို .. ဟော်လော့ဝိုး - ဟော်လော့ဝိုး.."
ဟု ထပ်ကာထပ်ကာယောင်၍ အော်ပြောနေစေ။)



(ဂေဟာမှူး ကိုရာမြင့်နှင့် ကိုတင်ဦးတို့ ဓာတ်စင်လက်ယာဘက်မှ ပြေးထွက်လာကြစေ။)

**ကိုရာမြင့်။** (အိုက်ချိုကို ဆုပ်ကိုင်လျက်) အိုက်ချို... အိုက်ချို.. အိုက်ချို..

**ကိုတင်ဦး။** ကယောင်ကတမ်းနဲ့ ဘာတွေအော်နေတာလဲ မသိဘူး ကိုရာမြင့်။

**ကိုရာမြင့်။** ယာပီကို - တဲ့။ ဟော်လော့ဝိုး - တဲ့။ ရှမ်းစကားနဲ့ တူတယ် ကိုတင်ဦးရဲ့။

**ကိုတင်ဦး။** သူ့အဖေ၊ အမေနာမည်တွေလား မသိဘူး။

**ကိုရာမြင့်။** အိုက်ချို - အိုက်ချို - အိုက်ချို (အိုက်ချို လှုပ်ရှားလာစေ) မင်းနိုးပြီလား။ ချွေးတွေလည်းထွက်လို့ မှန်းစမ်း (နဖူးကိုစမ်းရင်း) ကိုယ်ပူတော့ကျသွားပြီ။

(အိုက်ချို စောင်ကိုခွာပြီး လူးလဲထမည်ပြုစေ။)

**ကိုရာမြင့်။** မထနဲ့၊ မထနဲ့ဦး။

**အိုက်ချို။** (ရှမ်းသံဝဲဝဲဖြင့်) ရတယ် မှူးဆရာ- ရပါတယ် (ထထိုင်စေ။)

(ထိုစဉ်၊ ဂရုဟိတဥက္ကဋ္ဌ ဦးချစ်တင်နှင့် မြန်မာဆေးဆရာကြီး ဦးအဂ္ဂတို့ ဓာတ်စင်လက်ဝဲဘက်မှ ထွက်လာစေ။)

**ကိုရာမြင့်။** သြော် ဥက္ကဋ္ဌတို့ ဆရာကြီးတို့ လာကြပါ၊ လာကြပါ--။

**ဦးချစ်တင်။** ဘယ့်နှယ်နေသေးလဲ ဂေဟာမှူး . . .

(ဆေးဆရာကြီးက အိုက်ချိုကို နဖူးနှင့် လက်ကောက်ဝတ် သွေးကြောတို့ကို စမ်းသပ်စေ။)

**ဆေးဆရာကြီး။** မင်းကောင်းသွားပါပြီ။ ကိုယ်ပူလည်း ကျပါပြီ။ ကဲ ချွေးရွှဲနေတာတွေ လဲပေးလိုက်ပါဦး။

(ကိုတင်ဦးနှင့် ကိုရာမြင့်တို့က အိုက်ချို၏ အင်္ကျီကို ချွတ်ပေးရန်ပြုစေ။)

**အိုက်ချို။** ရပါတယ်ဆရာ၊ ကျွန်တော့်ဘာသာချွတ်ပါမယ်။ (မိမိဘာသာချွတ်စေ။)

(ကိုရာမြင့်က ခြေရင်းရှိသေတ္တာထဲမှ အင်္ကျီအသစ်ထုတ်ပေးရင်းမေးစေ။)

**ကိုရာမြင့်။** ဟေ့ အိုက်ချို မင်းနုနုတုန်းက အိပ်ရင်းနဲ့ ယောင်ပြီး အော်နေတာ ဘာတွေပြောနေတာလဲကွာ။ ယာပီကိုတဲ့၊ နောက်ပြီး ဘာတဲ့ . . . .

**ကိုတင်ဦး။** ဟော်လော့ဝိုးတဲ့။

**ကိုရာမြင့်။** အင်း အင်း အဲဒီ ယာပီကိုဆိုတာနဲ့ ဟော်လော့ဝိုးဆိုတာ မင်းမိဘရဲ့ ရှမ်းနာမည်တွေလား။

**အိုက်ချို။** (အင်္ကျီလဲဝတ်ရင်း) သြော် အဲတာလို အော်မိတာလား။

**ကိုရာမြင့်။** အေး အဲဒီလိုပဲ တို့ကြားလို့ဝင်လာတာ။

**အိုက်ချို။** စက်လှေနစ်တာကို အိပ်မက်မက်တာ။ အဲဒီတုန်းက မှူးဆရာက "မကြောက်နဲ့ မကြောက်နဲ့ လှော်ကြ လှော်ကြ လို့ အော်ပြောခဲ့တာလေ။ အဲတာကို နားထဲစွဲပြီး ကျွန်တော်



အိပ်မက်ထဲမှာ အော်နေတာဖြစ်မှာ။

**ကိုတင်ဦး။** သြော် . . ရှမ်းစကားနဲ့ အော်မိတာပေါ့ ဟုတ်လား။

**အိုက်ချို။** ဟုတ်မှာပေါ့ မကြောက်နဲ့ဆိုတာက ရှမ်းလို ယာပီကို။ ဟော်လော့ဝိုးဆိုတာကတော့ လှေလှော်တာ။

**အားလုံး။** သြော် .. သြော် .. ဒီလိုကိုး။

(ဆေးဆရာကြီးက လွယ်အိတ်ထဲမှ ဆေးပုလင်းကိုထုတ်ပြီး အိုက်ချိုကို တိုက်ရန် ပြင်ဆင်စေ။)

**ဦးချစ်တင်။** ရှမ်းစကားက ချစ်စရာကောင်းသား၊ ဟေ့- အိုက်ချို- ထမင်းကို ရှမ်းလို ဘယ်လိုခေါ်သလဲ။

**အိုက်ချို။** ခေါက် . .

**ဦးချစ်တင်။** ဟင်းကိုရော။

**အိုက်ချို။** ဖတ် . .

**ဦးချစ်တင်။** ထမင်းစားပြီးပလားဆိုရင် ဘယ်လိုပြောမလဲ။

**အိုက်ချို။** ကြင်ခေါက်ယောက်ဟား . .

**ဦးချစ်တင်။** မစားသေးဘူးဆိုရင်ကော။

**အိုက်ချို။** မပိုင်ကြင် . .

**ဦးချစ်တင်။** (တစ်စုံတစ်ခုကို တွေးမိပြီး) ဟာ .. ရွာတောင်ဖျားက "ပိုင်ကြင်" ဆိုတဲ့ကောင်မလေးဟာ ထမင်းမစားသေးခင် မွေးလို့ ဒီနာမည်မှည့်တာထင်တယ် .. ဟား .. ဟား .. ဟား။

(အားလုံးရယ်မောကြစေ။)

(အိုက်ချိုကို ဆေးဆရာကြီးက ဆေးတိုက်စေ။)

**ကိုတင်ဦး။** အိုက်ချိုက အသက်ငယ်ပေမယ့် မပျော့ဘူး။ တချို့ ကလေးတွေဆိုရင် ဒီလိုကြီးကြီးကျယ်ကျယ်ဖြစ်သွားရင် ဘုံးဘုံးလဲသွားမှာ။

**ကိုရာမြင့်။** ဟာ- အိုက်ချိုက စိတ်ဓာတ်လည်း မပျော့ဘူး။ လှိုင်း လေကြားထဲမှာ မကြောက်မရွံ့နဲ့ အဲဒီလို ဘေးဒုက္ခ အခက်အခဲ တွေကို ကြံ့ကြံ့ခံ ရင်ဆိုင်တတ်တဲ့စိတ်ဓာတ်ဟာ ရှားတယ်ဗျ။

**အိုက်ချို။** မှူးဆရာက လှေထိပ်မှာ မားမားကြီးရပ်ပြီးလုပ်နေတော့ ကျွန်တော်လည်း အားတက်တာပေါ့။

**ကိုရာမြင့်။** အခက်အခဲတွေ့ရင် စုစုစည်းစည်းနဲ့ ဖြေရှင်းရင် အောင်မြင်တယ်ဆိုတာ အိုက်ချို လက်တွေ့သင်ခန်းစာ ရသွား ပြီပေါ့။

**အိုက်ချို။** ဟုတ်ကဲ့ပါ မှူးဆရာ။

**ဦးချစ်တင်။** ဂေဟာမှူးနဲ့ ညီမောင်တို့ အိုက်ချိုတို့ သုံးယောက်ကို မုန်တိုင်းကြားက ရဲသုံးဖော်လို့ နာမည်ပေးသင့်တယ်။ တစ်ရွာ လုံးက ချီးကျူးနေကြတယ်လေ။

**ကိုတင်ဦး။** ပရဟိတဂေဟာအတွက် အသက်စွန့်ပြီး ဆန်အလှူခံခဲ့ရတဲ့ ခရီးစဉ်လို့ မှတ်တမ်းတင်ရမှာပေါ့။

**ကိုရာမြင့်။** ကျုံကန်က စုပေါင်းလှူလိုက်တဲ့ ဆန်အိတ်ဆယ်အိတ်က တော့ ရေစိုကုန်ပြီ။



**ကိုတင်ဦး။** ဒါကလည်း အခြောက်လှန်းပြီး ပြန်သုံးလို့ရတာပဲလေ။ ဆုံးရှုံးမသွားတာ ဂေဟာမှူးတို့သုံးယောက်ရဲ့ စွမ်းရည်ကြောင့် မဟုတ်ဘူးလား။

**ကိုရာမြင့်။** အိုက်ချိုလေးကို မြန်မြန်ကျန်းမာအောင် ကုပေးတဲ့အတွက် ဆေးဆရာကြီး ဦးအဂ္ဂကို ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်။

**ဦးအဂ္ဂ။** ကျေးဇူးတင်စရာ မလိုပါဘူး ဂေဟာမှူးရယ်။

**ကိုရာမြင့်။** အို ·· ညကဆို ဆရာကြီး ဒီမှာ တစ်ညလုံးလိုလိုပဲလေ။ တော်ရုံတန်ရုံစေတနာနဲ့ ဟိုရွာမြောက်ဖျားကနေလာပြီးတော့ ကိုယ်ဖိရင်ဖိ လုပ်ပါ့မလား။ ဆရာကြီးက အသက်အရွယ်နဲ့ မလိုက်အောင် လူနာအပေါ်ထားတဲ့စေတနာက ကြီးမားလှပါ ပေတယ်။

**ဦးချစ်တင်။** အင်း ··· ကျွန်တော်တို့ရွာက မြို့နဲ့အလှမ်းကွာတော့ ကျန်းမာရေးကိစ္စကို ဆရာကြီးဦးအဂ္ဂကိုပဲ အားကိုးနေကြရ တာ။ ဆရာကြီးအရွယ်ထောက်လာတော့ ဆရာကြီးရဲ့ မြန်မာ တိုင်းရင်းဆေးအမွေကို ဆက်ခံနိုင်မယ့်လူ လိုလာပြီနော်။

**ဦးအဂ္ဂ။** အင်း- ဟုတ်ပါရဲ့၊ ကျွန်တော် မွေးထားတာကလည်း မိန်းကလေးတွေ ဖြစ်နေတယ်ဗျာ။

**ဦးချစ်တင်။** ကဲ- ဂေဟာမှူးလည်း နားပါဦးဗျာ။ ကျွန်တော်တို့ ပရဟိတ ဂေဟာ စောင့်ရှောက်ရေးအဖွဲ့အစည်းအဝေး နက်ဖြန် ခေါ်ထား ပါတယ်။ ပြီးခဲ့တဲ့ ဂေဟာမှူးတို့ ကြုံဆုံခဲ့ရတဲ့ မုန်တိုင်းခရီး အတွေ့အကြုံနဲ့ဆက်စပ်ပြီး ညှိနှိုင်းကြရတာပေါ့။ အိုက်ချိုလေး လည်း နေကောင်းပြီ မဟုတ်လား။

**အိုက်ချို။** ဟုတ် ... ဟုတ်ကဲ့။

**ဦးချစ်တင်။** အင်း ... အခုတော့ ဆန်ပြုတ်ပဲတိုက်တယ် မဟုတ်လား။ ခေါက်ဖတ်ပြန်စားနိုင်ရင် မင်း ... ကျောင်းပြန်တက်နိုင်မှာပါ။

**ကိုတင်ဦး။** ဥက္ကဋ္ဌကြီး- ခေါက်ဖတ်စားတယ်ဆိုတာဘာလဲ။ ခေါက်ဆွဲကို ပြောတာလား။

**ဦးချစ်တင်။** ကိုတင်ဦးကလည်း မမှတ်မိပဲကိုး။ ရှမ်းလိုပြောတာဗျ။ ခေါက်ဆိုတာ ထမင်း၊ ဖတ်ဆိုတာ ဟင်းလေဗျာ။ ခုနက အိုက်ချိုပြောတာလေ။ ခေါက်ဖတ်ဆိုတာ ထမင်းနဲ့ဟင်း ပေါ့ဗျ ဟား ဟား။

**ကိုတင်ဦး။** ဟား ဟား ဟား ခေါက်ဖတ်၊ ခေါက်ဖတ်။

(အားလုံးရယ်မောကြပြီး ပြန်ရန်ပြင်ဆင်ကြစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၃)

**နေရာ။** ကန်ဦးရွာ ပရဟိတဂေဟာ ရုံးခန်း

**အချိန်။** နေ့လယ်ပိုင်း

**အပြင်အဆင်။** ပျဉ်ထောင်နံရံရေးချက် နောက်ခံကားရှိရမည်။ နံရံပေါ်တွင် ပရဟိတဂေဟာစောင့်ရှောက်ရေးအဖွဲ့ ကော်မတီဝင်များစာရင်း၊ ပရဟိတဂေဟာ၏ ရည်ရွယ်ချက်များ၊ စည်းကမ်းချက်များကို စနစ်တကျ ရေးထားရမည်။

နံရံအလယ်နားလောက်တွင် **Soft Board** ဖြင့် ပရဟိတကျောင်းသားများ အမည်စာရင်းကို ပေါ်လွင်အောင် ချိတ်ဆွဲထားရမည်။

စည်းဝေးစားပွဲရှည်တစ်လုံးနှင့် ထိုင်ခုံများရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ပရဟိတဂေဟာစောင့်ရှောက်ရေးဥက္ကဋ္ဌ ဦးချစ်တင်၊ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ကော်မတီဝင် (၅) ဦး (သက်ကြီး၊ သက်လတ် သင့်သလို အရေအတွက်) စည်းဝေးစားပွဲရှည်တွင် နေရာယူ၍ ထိုင်လျက်ရှိစေ။)

(ကားဖွင့်သည်နှင့် ဂေဟာမှူး ကိုရာမြင့်နှင့် ညိုမောင်တို့ ဇာတ်စင်လက်ဝဲဘက်မှထွက်လာပြီး ထိုင်ခုံလွတ်များတွင် နေရာယူစေ။)

(ကိုရာမြင့်က မထိုင်ဘဲ စတင်ပြောစေ။)

**ကိုရာမြင့်။** ဒီအစည်းအဝေးပွဲမှာ ကော်မတီဝင်မဟုတ်ပေမယ့် ပရဟိတဂေဟာရဲ့ အထွေထွေအကျိုးသယ်ဆောင်နေတဲ့ မောင်ညိုမောင်ကိုပါ တက်ခိုင်းပါဆိုလို့ ကျွန်တော် မောင်ညိုမောင်ကို ခေါ်ခဲ့ပါပြီ။ ကျွန်တော်တို့ ကန်ဦးပရဟိတဂေဟာစောင့်ရှောက်ရေးအဖွဲ့ အရေးပေါ်အစည်းအဝေး စတင်မှာဖြစ်ပါတယ်။ စောင့်ရှောက်ရေးအဖွဲ့မှာ ကော်မတီဝင် (၁၁) ဦး ရှိသည့်အနက် အခု (၉) ဦး တက်ရောက်ပြီး ကျန် (၂) ဦးကတော့ ခရီးလွန်နေလို့ ပျက်ကွက်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးက အမှာစကားပြောကြားရင်း အစည်းအဝေးကို ဦးဆောင်ကျင်းပပေးပါရန် ပန်ကြားအပ်ပါတယ်။ (ထိုင်စေ။)

**ဦးချစ်တင်။** (ထ၍ပြော) လွန်ခဲ့တဲ့ (၃) ရက်က ဂေဟာမှူးတို့တွေ မုန်တိုင်းအန္တရာယ်နှင့် ကြုံခဲ့ရတဲ့ကိစ္စကိုမူတည်ပြီး အခုလို အရေးပေါ်အစည်းအဝေး ကျင်းပရခြင်းဖြစ်ပါတယ်။ အားလုံးလည်း ဒီကိစ္စသိရှိကြပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပရဟိတဂေဟာ စောင့်ရှောက်ရေးအဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်တဲ့ ဂေဟာမှူး ကိုရာမြင့်- ပရဟိတအကျိုးဆောင် မောင်ညိုမောင်နှင့် ဂေဟာကကျောင်းသားလေး အိုက်ချိုတို့ ကျုံကန်ရွာမှာ ပရဟိတအတွက် အလှူရရှိစုဆောင်းထားတဲ့ ဆန် (၁၀) အိတ်ကို



စက်လှေနဲ့ သွားသယ်ကြတာ အပြန် ပင်လယ်ကနေ ချောင်းထဲဝင်ခါနီး မိုးသက်လေနဲ့တွေ့ပြီး အန္တရာယ်ကို သက်စွန့်ဆံဖျား ရင်ဆိုင်ခဲ့ကြရပါတယ်။ သူတို့ စွမ်းစွမ်းတမံ ကြိုးပမ်းကြလို့ လူမသေ၊ ပစ္စည်းမဆုံးရှုံးရတာပါ။ ဖြစ်ပြီး နောက်ရက်မှာပဲ မြို့ကို ကျွန်တော်ကိုယ်တိုင်သွားပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများကိုလည်းတင်ပြ၊ ဆရာတော်ဘုရားကိုလည်း အသေးစိတ်လျှောက်ထားပြီး ညွှန်ကြားမှုခံယူခဲ့ပါတယ်။ ဆရာတော်ကြီးကိုယ်တိုင်ပဲ ကျွန်တော်နဲ့အတူ ပြန်လိုက်လာမလို့ ပြင်ဆင်သေးတယ်။ ကျန်းမာရေးကိုငဲ့ပြီး ကျွန်တော်ကပဲ မလိုက်ပါနဲ့ဘုရား၊ အားလုံးအဆင်ပြေအောင် စီစဉ်ပါ့မယ်ဆိုပြီး လျှောက်ခဲ့ရတယ်။ ဆရာတော်ကြီးက အထပ်ထပ်အခါခါချီးကျူးပြီး ဂုဏ်ပြုစကားတွေ ပါးလိုက်ပါတယ်။ ဒီအစည်းအဝေးမှာ ဆရာတော်မှာကြားချက်များအပြင် လုပ်သင့်လုပ်ထိုက်တာများကို ဆွေးနွေးဆုံးဖြတ်ကြဖို့ ဖြစ်ပါတယ်ခင်ဗျား။ (ပြန်ထိုင်စေ။)

**ကိုရာမြင့်။** (ထပြော) အခု နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရလက်ထက်မှာ ကျေးရွာအုပ်စုပြည်သူ့ကောင်စီအစား ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရာမှာ ကျွန်တော်တို့ ဂေဟာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဦးတင်ဦးဟာ ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် မကြာခင်ကပဲ တာဝန်ပေးခံရတာမို့ အခု ဒီအစည်းအဝေးမှာ ပရဟိတဂေဟာ ဒု-ဥက္ကဋ္ဌ အနေနဲ့ရော၊ ရပတဥက္ကဋ္ဌအနေနဲ့ပါ တက်ရောက်ခြင်းဖြစ်တဲ့အတွက် လိုအပ်တာ

များကို အမှာစကားပြောဖို့ ပန်ကြားပါတယ်။ (ပြန်ထိုင်စေ။)

**ဦးတင်ဦး။** (ထပြော) ကျွန်တော် ရဝတဥက္ကဋ္ဌ ဖြစ်လာပေမယ့် ပရဟိတဂေဟာရဲ့ တာဝန်ကိုတော့ ယခင်အတိုင်းပဲ ကျေပွန်အောင် ဆက်လက်ဆောင်ရွက်သွားမှာပါ။ ဘာကြောင့်လဲဆိုတော့ ဒီပရဟိတဂေဟာကို ပရဟိတဆရာတော်ကြီး ၁၉၆၀ မှာ စတင်တည်ထောင်ကတည်းက ဥက္ကဋ္ဌ ဦးချစ်တင်တို့ ကျွန်တော်တို့တစ်တွေဟာ အမာခံဒကာတွေဖြစ်ခဲ့ပါတယ်။ မိဘမဲ့ကလေး ခုနစ်ဆယ်ကျော်ကို စတင်ပြုစုတာဝန်ယူခဲ့ရာကနေ အခု ၂၉ နှစ်တာကာလမှာ မိဘမဲ့ကလေးတွေ လက်ခံနိုင်တဲ့ဦးရေ တစ်ရာကျော်အထိ တိုးတက်လာခဲ့ပါပြီ။ အိပ်ဆောင်တွေလည်း တစ်ဆောင်ကနေ သုံးဆောင်ဖြစ်လာတယ်။ စာကြည့်ဆောင်၊ ဆေးပေးခန်း စသဖြင့် တိုးတက်လာခဲ့ပါပြီ။ နိုင်ငံတော်ရဲ့ လူမှုဝန်ထမ်းဌာနက ပံ့ပိုးထောက်ပံ့ပေးသလို ကျွန်တော်တို့ ရပ်ရွာပြည်သူတွေရဲ့ အလှူဒါနတွေကြောင့် အဘက်ဘက်က တိုးတက်လာခဲ့တာ အားလုံးအသိပါပဲ။ ပရဟိတဥယျာဉ်နဲ့ ခြံပင်တစ်ထောင်ဟာ ပရဟိတဂေဟာ ရေရှည်တည်တံ့ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်သလို "စေတနာ" ဆန်စက်ဟာ ကလေးတွေကို နေ့စဉ်ကျွေးမွေးစရိတ် တစ်ဖက်တစ်လမ်းက ရှာဖွေပေးနေတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါတွေဟာ ၂၉ နှစ်တာအတွင်း ဆရာတော်ကြီးရဲ့ နက်ရှိုင်းတဲ့ မေတ္တာ၊ ကရုဏာ၊ ကျွန်တော်တို့စောင့်ရှောက်ရေးအဖွဲ့ရဲ့ တာဝန်ကျေပွန်မှု၊ ရွာသူရွာသားတွေရဲ့ ထက်သန်တဲ့ သဒ္ဓါတရားတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒီလိုတိုးတက် အောင်မြင်နေ



တဲ့ ပရဟိတလုပ်ငန်းကြီးဟာ ကျွန်တော်တို့ရပ်ရွာဒေသရဲ့ ဂုဏ်ကိုလည်းဆောင်တယ်ဆိုတာ အထူးပြောစရာ မလိုပါဘူး။ ဒါကြောင့် ကျွန်တော်တို့တစ်တွေဟာ ဒီပရဟိတ ဂေဟာကြီး ဆထက်ထမ်းပိုး တိုးတက်ခိုင်မာအောင် လုပ်ကြမယ်လို့ အခိုင်အမာခံယူကြဖို့ တိုက်တွန်းပါတယ်။

အခုအခါ ဆရာတော်ကြီးအနေနဲ့ ဖျာပုံမြို့ပေါ်မှာ သီတင်းသုံးပြီး ဘိုးဘွားရိပ်သာတစ်ခုပေါ်ထွက်ရေးကို ဆောင်ရွက်နေတာဖြစ်လို့ ဒီရွာမှာရှိနေကြတဲ့ ကျွန်တော်တို့ ဂေဟာစောင့်ရှောက်ရေးအဖွဲ့ဝင်တွေဟာ ပိုပြီးတာဝန်ရှိတယ်ဆိုတာ သတိထားဖို့လိုပါမယ်ခင်ဗျား။

ဒီအစည်းအဝေးမှာ ဆွေးနွေးသုံးသပ်စရာများကို ကျန်တဲ့ စောင့်ရှောက်ရေးအဖွဲ့ဝင်တွေကလည်း ဆွေးနွေးပေးကြပါဦး။ ဂေဟာမှူးကလည်း ဆုံးဖြတ်ဖို့ရှိတာတွေကို တင်ပြညှိနှိုင်းပေးဖို့ လိုပါတယ်။ (ထိုင်စေ။)

**ကိုရာမြင့်။** (ထပြော) အခုအဖွဲ့ဝင်များ ဆွေးနွေးပြောဆိုကြရာမှာ တော့ လွတ်လွတ်လပ်လပ်ပဲ ထိုင်ပြီးပြောဆိုနိုင်ကြပါတယ် ခင်ဗျား။

**သက်ကြီးကော်မတီဝင်တစ်ဦး။** ကျွန်တော်တို့ ရပ်ရွာဒေသမှာ ဆင်းရဲနွမ်းပါးတဲ့ တောင်သူလယ်သမားအများစုရဲ့ မှီခိုအားထားရာဟာဖြင့် ဒီပရဟိတဂေဟာကြီးဖြစ်ပါတယ်။ အခုလို ပရဟိတဂေဟာ မပေါ်ပေါက်ခင်က လယ်ဆင်းချိန်တွေမှာ ပြုစုကျွေးမွေးဖို့ အခက်အခဲရှိနေတဲ့ တောင်သူ

လယ်သမားတွေရဲ့ရင်သွေး သုံးလေးနှစ်ရွယ်ကလေးတွေကို ဆရာတော်ကြီးက သူ့ကျောင်းမှာခေါ်ပြီး ပြုစုပေးရာကနေ ပရဟိတဂေဟာ အစပျိုးခဲ့တာပါ။ နောက်တော့ ဒီဒေသ တစ်ဝိုက်သာမက ဆရာတော်ကြီးနဲ့ အဆက်အစပ်ရှိရာ ရှမ်း၊ ပအိုဝ်၊ ကယား၊ ကရင်၊ ရခိုင် စတဲ့ပြည်နယ်တွေက မိဘမဲ့ ကလေးတွေပါ ရောက်လာပြီး ခိုလှုံကြတာပါပဲ။ ကျွန်တော် တို့လယ်သမားတွေက စပါးပေါ်ချိန် တစ်အိမ်ကို ဆန်တစ်ခွဲ နှုန်းနဲ့ ငါးပိ၊ ငါးခြောက် အလှူခံပြီးစတင်ခဲ့တဲ့ ပရဟိတ လုပ်ငန်းကြီးပါ။

**သက်လတ်ကော်မတီဝင်တစ်ဦး။** အခု ပရဟိတဂေဟာစံနမူနာ ကြောင့်ပဲ ရွာထဲမှာ မိန်းကလေးများအတွက် စက်ချုပ် သင်တန်းတောင် အစပျိုးနိုင်နေပြီလေ။

**သက်ကြီးကော်မတီ။** ဒါကြောင့် ဒီလိုမွန်မြတ်တဲ့ ပရဟိတလုပ်ငန်း ကြီး အရှည်တည်တံ့ဖို့နဲ့ တိုးတက်ဖို့အတွက် ကျွန်တော်တို့လို လူကြီးတွေနေရာမှာ လူလတ်ပိုင်း၊ လူငယ်ပိုင်းတို့လည်း ပါဝင် ဖို့လိုပါတယ်။

**သက်လတ်ပိုင်းကော်မတီဝင်တစ်ဦး။** ဟုတ်ပါတယ်။ ဒါကြောင့် လည်း ခုလို ကျွန်တော်တို့အနေနဲ့ ကော်မတီဝင်တွေဖြစ်လာရာ မှာ အားတဲ့အချိန်တိုင်း ဒီကိုလာဖြစ်အောင် ကြိုးစားကြပါ တယ်။

**ဦးချစ်တင်။** လူငယ်တွေရဲ့စွမ်းအားကို အလေးထား အသိအမှတ်ပြု တဲ့အနေနဲ့ ဒီနှစ်ပိုင်းမှာ မောင်ညိုမောင်ကို လက်ထောက် ဂေဟာမှူး ခန့်ပါသေးတယ်။ ဒါပေမဲ့ မောင်ညိုမောင်က



လက်မခံခဲ့ပါဘူး။

**ညိုမောင်။** ကျွန်တော်က ကျွန်တော့်အစ်မ ဆရာမ ဒေါ်ညိုပိုင်းနဲ့ အတူ ဒီရွာကိုလိုက်နေရင်းနဲ့ အားတဲ့အခါတိုင်း ပရဟိတ ဂေဟာကိုလာလာပြီး အလုပ်တွေလုပ်ပေးနေတာ မှန်ပါတယ်။ ဒါပေမဲ့ အစ်မက ဒီရွာမှာ အမြဲနေရချင်မှ နေရမှာလေ။ ဒါကြောင့် လက်ထောက်ဂေဟာမှူးတော့ မလုပ်ပါရစေနဲ့ ခင်ဗျား။ ဂေဟာအလုပ်တွေတော့ ကြုံသလို လုပ်ပေးမှာပါ ခင်ဗျား။

**ဦးတင်ဦး။** ဆရာမလေး ဒေါ်ညိုပိုင်း ဒီရွာကို အလယ်တန်းပြ ဆရာမဘဝနဲ့ရောက်လာတာ ကျောင်းအတွက် အားတစ်ခု ဖြစ်သလို ပရဟိတဂေဟာအတွက်လည်း မင်းဟာ အင်အား တစ်ခုပါပဲကွာ။ မင်းက ပရဟိတစက်လှေလည်းမောင်းပေး တယ်။ အချက်အပြုတ်လည်းရတယ်။ နှုတ်ကလည်းချို၊ ပေါင်းသင်းဆက်ဆံရေးကလည်းကောင်းတော့ ပရဟိတ အတွက် အလှူရှင်တွေ ခဏ ခဏရတယ်။ ဒါကြောင့်မို့ မင်းကို ‘‘ပရအကျိုးဆောင် မောင်ညိုမောင်’’ လို့ ခေါ်ရ မယ်ကွ။

**ညိုမောင်။** ပရအကျိုးဆောင် မောင်ညိုမောင် မဟုတ်ပါဘူး။ ဟိုယောင် ဒီယောင် မောင်ညိုမောင်ပါခင်ဗျား။ (အားလုံး စရယ်မောကြစေ။)

**ဦးချစ်တင်။** ဘယ်က ဟိုယောင် ဒီယောင်ရမှာလဲကွ။ မင်းက တကယ့်ပရဟိတစိတ်နဲ့ အကျိုးဆောင်နေတဲ့လူပါကွာ။

**ညီမောင်။** တကယ်တော့ ကျွန်တော့်အစွမ်းချည်းပဲ မဟုတ်ပါဘူး ခင်ဗျ။ ဂေဟာမှူး အစ်ကိုရဲ့စိတ်ဓာတ်တွေ ကျွန်တော့်ဆီကို ကူးစက်လာတာပါ။

**ကိုရာမြင့်။** (ရယ်မောလျက်) မင်းရဲ့ဗီဇကိုက ကောင်းလို့ပါကွာ။

**ဦးချစ်တင်။** အင်း … ကျွန်တော်တို့ ပရဟိတဂေဟာရဲ့ အောင်မြင်မှု မအောင်မြင်မှုဟာ ဂေဟာမှူးအပေါ်မှာ အတော်တည်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ဆရာတော်ကြီးရဲ့ အစီအမံနဲ့ လွှန်ခဲ့တဲ့ ၆ နှစ်လောက်က အညာသား ကိုရာမြင့် ဒီကိုရောက်လာ၊ ဂေဟာမှူးတာဝန်ယူခဲ့တဲ့အချိန်ကစပြီး ဂေဟာရဲ့ တိုးတက်မှုဟာ ပိုပြီးအသက်ဝင်လာသလို တွေ့ရပါတယ်။ ပထမထမ်းဆောင်သွားတဲ့ ဂေဟာမှူးတွေလည်း ကောင်းပါတယ်။ ဒါပေမဲ့ ကိုရာမြင့်ကတော့ အသက်ပင်ငယ်သော်လည်း ပေါင်းသင်းဆက်ဆံရေးကောင်းလို့ ဂေဟာအတွက် အများကြီးအထောက်အကူဖြစ်တယ်။ ပရဟိတကျောင်းသားတွေကိုလည်း ကောင်းကောင်းထိန်းနိုင်တယ်။ ဦးဆောင်နိုင်တယ်။ တစ်နေ့ကကြုံခဲ့တဲ့ မုန်တိုင်းကြားက အဖြစ်အပျက်မှာဆိုရင် ကိုရာမြင့်ရဲ့ ခေါင်းဆောင်မှုစိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်မှု စိတ်ဓာတ်တို့ဟာ ထင်ထင်ရှားရှားပေါ်လွင်ခဲ့ပါတယ်။ မောင်ညီမောင်ရောပဲ။ ဒါကြောင့် ဆရာတော်ကြီးက အထပ်ထပ်အခါခါ ချီးကျူးလိုက်ပါတယ်။

**ကိုရာမြင့်။** မုန်တိုင်းကြားက သက်စွန့်ဆံဖျားကြုံခဲ့ရတာ ကျွန်တော့်အဖို့ အကျိုးအမြတ်တစ်ခုရခဲ့ပါတယ်။ ၁၅ နှစ်သားပဲရှိသေးတဲ့ ကျောင်းသားလေးအိုက်ချိုရဲ့ စိတ်ဓာတ်နဲ့ စွမ်းရည်ကို



စမ်းသပ်သလိုဖြစ်သွားပါတယ်။ မိဘမဲ့ ရှမ်းကလေးအိုက်ချို ကို ကျွန်တော်သတိထားမိတာကြာပါပြီ။ သူ့ရဲ့စိတ်ဓာတ် ကလေးကောင်းလို့ ကျောင်းသားခေါင်းဆောင်တာဝန်ကို ပေးခဲ့ပါတယ်။ တချို့ကျောင်းသား တစ်ယောက်စ နှစ်ယောက်စ ကတော့ မနာလိုတာလေးတွေရှိတယ်။ အင်း … ပရဟိတ ကျောင်းသားတွေ အများကြီးဆိုတော့လည်း မတစ်ရာသာ ကလေးတွေပဲလေ။ လူအမျိုးမျိုးပေါ့။ မနည်းအုပ်ချုပ်ရတာ ပေါ့။ ဟို … မုန်တိုင်းနေ့မှာတော့ (ခဏဆိုင်းပြီးမှဆက်ပြော ရှမ်းလေးအိုက်ချိုရဲ့ စိတ်ဓာတ်နဲ့ စွမ်းရည်ကို လက်တွေ့သိရပြ ကျွန်တော့်ရဲ့ လူရွေးချယ်မှု မှန်သွားတာပေါ့ခင်ဗျား။

**အများ။** ဟုတ်ပ … ဟုတ်ပ ဒီလိုကလေးမျိုးရှားပါတယ်

**ကိုရာမြင့်။** ကျွန်တော်တို့ ဂေဟာစောင့်ရှောက်ရေးအဖွဲ့အနေနဲ့ ဒီ ကလေးမျိုးတွေ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်ပေးသ ပါတယ်။ ဒါမှ ကျွန်တော်တို့ရဲ့နောက်ပိုင်းမှာ ပရဟိတတာ ကို ပခုံးပြောင်းတာဝန် ယူနိုင်မယ့်လူတွေရှိလာမှာ။ ကျွန်တေ တို့ အသက်ကြီးရင် သူတို့လိုလူတွေက ကျွန်တော်တို့နေရ ဝင်ယူနိုင်ရမယ်ဗျ။

**ကိုတင်ဦး။** အို … ကိုရာမြင့်က ဘယ်လောက်များအသက်ကြ သေးလို့လဲ လူပျိုကြီးရာ။ ခင်ဗျားနဲ့ ကျွန်တော် အသက် တွေပဲ အခုမှ ၂၈ နှစ် မဟုတ်ဘူးလား ကျွန်တော်ကသ မနှစ်တစ်နှစ်က အိမ်ထောင်ကျသွားလို့ ဝါကြီးနေတာ။

**သက်လတ်ပိုင်းကော်မတီဝင်တစ်ဦး။** လူပျိုကြီး ဂေဟာမှူးက ပ ပြောင်းတာဝန်တွေ ဘာတွေပြောနေတာ မရိုးဘူးထင်တ

ကိုတင်ဦးရဲ့ အညာကိုပြန်ချင်ပြီလားမသိဘူး။ အညာသား လူပျိုကြီး ဒီရွာမှာမြဲအောင် တစ်ခုခုတော့ လုပ်ကြမှပဲ။

**အများ။** ဟုတ်တယ် … ဟုတ်တယ် (ရယ်မောကြစေ။)

**ကိုရာမြင့်။** အညာမပြန်ပါဘူးဗျာ။ ပရဟိတရင်သွေးလေးတွေရဲ့ သံယောဇဉ်ကြိုး ကျွန်တော့်ကို ရစ်ပတ်ချည်နှောင်ထားပါပြီ ခင်ဗျား။

(ထလိုက်ပြီးပြော) ကဲ .. ဆွေးဆွေးနွေးနွေး ညှိနှိုင်းပြီးကြရင် ဆုံးဖြတ်စရာကိစ္စလေးတွေ ဆုံးဖြတ်ဖို့ရှိပါတယ်။ ဥက္ကဋ္ဌကြီး ကပဲ ဦးဆောင်ဆွေးနွေးပေးပါခင်ဗျား။

**ဦးချစ်တင်။** (ထပြော) ပထမအချက်ကတော့ ကျုံကန်ရွာမှာ ဆန် အလှူခံရေးကိစ္စဖြစ်ပါတယ်။ ကျုံကန်ကိုသွားရတာ ပင်လယ် ထဲကဆို အန္တရာယ်ရှိပြီး၊ ချောင်းတွင်းပိုင်းက သွားမယ်ဆို လည်း ဝေးလို့ နောက်ပိုင်းမှာ ကျုံကန်ကအလှူရှင်များကပဲ ပို့ဆောင်ပေးဖို့ မေတ္တာရပ်ခံသင့်ပါတယ်။ ဆရာတော်ကြီးက လည်း ကျုံကန်က ဒကာတွေကို လှမ်းပြောမယ်လို့ မိန့် ပါတယ်။

**အများ။** ဒီလိုပဲ လုပ်သင့်ပါတယ်။

**ဦးချစ်တင်။** (ထလျက်ဆက်ပြော) နောက်တစ်ချက်ကတော့ မှန်တိုင်း မိလို့ ရေစိုကုန်တဲ့ဆန်တွေကိစ္စပါပဲ။ ကျွန်တော်တို့ ဂေဟာမှူးတို့ ဆန်တွေကိုစစ်ကြည့်ပြီး ချက်ချင်းချက်ပြုတ်နိုင်တဲ့ ဆန်တွေကို ချက်လိုက်ပါတယ်။ ကျန်တာတွေကိုတော့ မုန့်လုပ်တဲ့လူတွေ ကို ရှာနိုးချုပ်စပ်ပါ ခွဲဝေရောင်းချလိုက်ပြီး ဂေဟာငွေစာရင်း



ထဲ ထည့်ပါတယ်။ အဲဒီလို အရေးပေါ်ဆောင်ရွက်လိုက်ရတာ ကို သဘောတူ မတူ ဆွေးနွေးပေးကြပါ။ (ပြန်ထိုင်)

**အများ။** ဟာ … သဘောတူပါတယ်။

ဒီလိုပဲ လုပ်သင့်တာပေါ့။

အချိန်မီလုပ်လိုက်တာ ကောင်းပါတယ်။

ကြာရင်ပျက်စီးကုန်မှာပေါ့။

**ကိုရာမြင့်။** (ထပြော) ဒီဆုံးဖြတ်ချက်နှစ်ရပ်ကို အစည်းအဝေး မှတ်တမ်းတင်ပါမယ်ခင်ဗျား။ ကဲ . . . ဒီနေ့ကျင်းပတဲ့ ကန်ဦးပရဟိတဂေဟာ စောင့်ရှောက်ရေးအဖွဲ့ အရေးပေါ် အစည်းအဝေး ဒီမှာတင် ပြီးဆုံးပါပြီ ခင်ဗျား။

(ရှေ့ဖုံးကားပိတ်)

# အခန်း (၄)

ရာ။ ပရဟိတဂေဟာ၊ ကျောင်းရှေ့ကွင်း

ချိန်။ နံနက် (၇) နာရီခန့်

ပြင်အဆောင်။ ပရဟိတရုံးခန်းနှင့် ဘေးတစ်ဖက်တစ်ချက်တွင် ဂေဟာအဆောင်များ ရှေ့မြင်ရေးချက် နောက်ခံကားရှိရမည်။ ၎င်းရှေ့တည့်တည့်တွင် အလံတိုင်ရှိရမည်။ အလံတိုင်ရှေ့နားတွင် ခုံမြင့်တစ်ခုရှိရမည်။

## (ရှေ့ဖုံးကားဖွင့်)

(ပရဟိတကျောင်းသားလေးများ အစု (၄) စု၊ အသင်း (၄) သင်း တန်းစီထားရမည်။ အစုတိုင်း၏ရှေ့တွင် အသင်းခေါင်းဆောင်တစ်ယောက်စီရှိပြီး၊ ခေါင်းဆောင် ၄ ယောက် ရှေ့နားတွင် ကျောင်းသားခေါင်းဆောင် အိုက်ချိုရပ်နေရမည်။ အသင်းအစု အသီးသီးတန်းစီရာတွင်လည်း အသက်ကြီးစဉ်ငယ်လိုက် တန်းစီကြရမည်။ အစိမ်းနုရောင် တူညီဝတ်စုံများ ဝတ်ဆင်ထားရမည်။ ၎င်းတို့သည် ပရိသတ်ကို နောက်ကျောပေး တန်းစီလျက်ရှိပြီး ကျောင်းသားများနှင့် မျက်နှာချင်းဆိုင်



အလံတိုင်ရှေ့ ခုံမြင့်ပေါ်တွင် ဂေဟာမှူး ကိုရာမြင့် မတ်တတ်ရပ် စကားပြောလျက် ရှိစေ။)

**ကိုရာမြင့်။** စည်းကမ်းဖောက်တာလေးတွေတွေ့ရလို့ ဒီနေ့မနက် တန်းစီလူစစ် အလံအလေးပြုပြီးချိန်မှာ မှူးဆရာ မင်းတို့ကို စကားပြောစရာရှိတယ်။ သေသေချာချာနားထောင်ကြ။

ကလေးတို့ဟာ မိဘမရှိလို့ ခိုကိုးရာမဲ့လို့ ဒီပရဟိတဂေဟာကို ရောက်လာကြတယ်။ ရောက်လာသမျှကို ပရဟိတဂေဟာက နေဖို့စီစဉ်ပေးတယ်။ အဝတ်အစားပေးတယ်။ ထမင်းကျွေးတယ်။ မကျန်းမာရင် ဆေးကုပေးတယ်။ ကလေးတို့ လူချွန်လူကောင်းဖြစ်လာဖို့ ပညာသင်ပေးတယ်။ အဲဒီလိုကလေးတို့ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ဆရာတော်ကြီးနဲ့တကွ ဂေဟာစောင့်ရှောက်ရေးအဖွဲ့ဝင်တွေဟာ အလှူငွေတွေ၊ ရန်ပုံငွေတွေ ရှာဖွေကြရတယ်။ စေတနာထား အပင်ပန်းခံပြီး လုပ်ကြရတယ်။ ဒီတော့ကာ ကလေးတိုင်းအားလုံး ဂေဟာရဲ့ကျေးဇူးကို သိတတ်ရမယ် ဟုတ်လား။

**ကလေးများ။** ဟုတ်ပါတယ် ခင်ဗျာ။

**ကိုရာမြင့်။** ကျေးဇူးသိတတ်တယ်ဆိုတာကလည်း ကလေးတို့က ငွေကြေးရှာပြီး ပေးဖို့မဟုတ်ပါဘူး။ ဂေဟာက ချမှတ်တဲ့ စည်းကမ်းများကို လိုက်နာရင် ကျေးဇူးသိတတ်တာနဲ့ အတူတူပဲကွ။ အဲဒီစည်းကမ်းတွေကို မင်းတို့ အဆောင်တွေမှာ ထင်ထင်ရှားရှား ရေးပေးထားတယ်မဟုတ်လား။

**ကလေးများ။** ဟုတ်ပါတယ် ခင်ဗျာ။

**ကိုရာမြင့်။** တကယ်တော့ ဒီစည်းကမ်းတွေဆိုတာကလည်း ကလေးတို့တစ်တွေ အကျင့်စာရိတ္တကောင်းတဲ့ကလေးတွေဖြစ်ဖို့၊ လူတော်လူကောင်းတွေ လူရည်ချွန်လေးတွေဖြစ်ဖို့ ချမှတ်ထားတာဖြစ်တယ်။ မင်းတို့အခုလို မနက်တိုင်း အသင်းလိုက် တန်းစီ၊ လူစစ်၊ နိုင်ငံတော်အလံကို အလေးပြုလုပ်နိုင်းတာကလည်း လူအများနဲ့စုပေါင်းလုပ်တတ်ဖို့၊ ပရဟိတဆိုတဲ့ အများအကျိုးသယ်ပိုးတတ်အောင်၊ နိုင်ငံ့သားကောင်းတွေဖြစ်အောင်၊ လေ့ကျင့်ပေးနေတာဖြစ်တယ်။ ကလေးတို့အားလုံးကို “သခင်ဖိုးလှကြီး” “ဗိုလ်အောင်ကျော်” “ဗိုလ်အောင်ဆန်း” “ဆရာစံ” ဆိုတဲ့ အသင်းလေးသင်းခွဲထားတယ်။ ဂေဟာရဲ့ အဓိကလုပ်ငန်းကြီးလေးရပ်ဖြစ်တဲ့ စားသောက်ရေးတာဝန်၊ ရေခပ်ရေးတာဝန်၊ စိုက်ပျိုးရေးတာဝန်၊ သန့်ရှင်းရေးတာဝန်ကို အသင်းလေးသင်းက တစ်နေ့တစ်မျိုး လှည့်ပြီးတာဝန်ယူဖို့ အတွက် “စက်ဝိုင်းဇယားနဲ့” စနစ်တကျစီစဉ်ထားတယ်။ ဒီလိုချက်ပြုတ်ရတာ၊ ရေခပ်ရတာ၊ စိုက်ပျိုးရတာ၊ သန့်ရှင်းရတာကလည်း ကလေးတို့အကျိုးအတွက် မဟုတ်ဘူးလား။

**ကလေးများ။** ဟုတ်ပါတယ် ခင်ဗျာ။

**ကိုရာမြင့်။** ကလေးတို့အားလုံး မနက် (၅) နာရီ အိပ်ရာထ၊ ကိုယ်လက်သန့်ရှင်းပြီး (၆) နာရီမှာ ဘုရားဝတ်ပြုကြတယ်။ (၆) နာရီမှာ အခုလို တန်းစီ၊ လူစစ်၊ အလံအလေးပြု၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်တယ်။ (၇) နာရီမှာ သင်ခန်းစာ



တွေလုပ်တယ်။ (၉) နာရီမှာ ထမင်းစားပြီး ကျောင်းတက်။ အစိုးရအလယ်တန်းကျောင်းဆိုတာကလည်း ဒီကျောင်းဝိုင်းကြီးထဲမှာ ဖွင့်ထားတာဆိုတော့ အဝေးကြီးပင်ပင်ပန်းပန်းသွားဖို့ မလိုဘူး။

ညနေကျောင်းဆင်းတော့ အားကစားလုပ်၊ (၅) နာရီမှာ ညနေစာစား၊ ည (၇) နာရီမှာ ဘုရားဝတ်တက်၊ ပြီး စာကျက်၊ ည (၉) နာရီမှာ အိပ်ရာဝင် . . . အဲဒီလို အချိန်မှန်မှန်လုပ်နေရတာ ဘယ်လောက်ပျော်စရာ ကောင်းသလဲ။ အားလပ်တဲ့ကိုယ်ပိုင်ချိန်မှာ ဆွေးမျိုးသားချင်းတွေနဲ့ တွေ့နိုင်တယ်။ လူ့ရယ်လို့ဖြစ်လာရင် အချိန်တိတိကျကျ စည်းကမ်းတိတိကျကျ လုပ်ရှားတတ်ရတယ်။ ဒါမှ တန်ဖိုးရှိတဲ့ လူချွန်လူကောင်းတွေဖြစ်လာမယ် ..ကိုင်း.. စည်းကမ်းနဲ့ပတ်သက်လို့ ဆရာတော်ကြီးက ကလေးတို့ကို နှုတ်တိုက်သင်ပေးထားတဲ့ ကဗျာလေးတွေထဲက တချို့ကို မှူးဆရာက အရှေ့ပိုဒ်ကို တိုင်ပေးမယ်။ မင်းတို့က နောက်ပိုဒ်ကို ဆက်ဆိုကြ . . .

ကျောင်းတက် ကျောင်းဆင်း အချင်းချင်း

**ကလေးများ။** ဘေးစောင်းတိုက်ခြင်း ရှောင်ပါမင်း။

**ကိုရာမြင့်။** မှုသားသုံးခြင်း ကျောင်းသားချင်း

**ကလေးများ။** ချောက်တွန်းတိုက်ခြင်း ရှောင်ပါမင်း။

**ကိုရာမြင့်။** စကားသော့ဖျင်း လှောင်ပြောင်ခြင်း

**ကလေးများ။** ဟားတိုက်ရယ်ခြင်း ရှောင်ပါမင်း။

**ကိုရာမြင့်။** ရေသာခိုရင်း အချိန်ဖြုန်းရင်း

**ကလေးများ။** စာအံပျက်ယွင်း ရှောင်ပါမင်း။

**ကိုရာမြင့်။** အိပ်ခန်းဆောင်တွင်း ပြေးလွှားရင်း

**ကလေးများ။** ခုန်ပျံဆော့ခြင်း ရှောင်ပါမင်း။

**ကိုရာမြင့်။** အိပ်ရာထပျင်း အရဏ်လင်း

**ကလေးများ။** ပျက်ကွက်ချို့ယွင်း ရှောင်ပါမင်း။

**ကိုရာမြင့်။** သက်ဝါကြီးမင်း တိုးဝှေ့ရင်း

**ကလေးများ။** မလေးစားခြင်း ရှောင်ပါမင်း။

**ကိုရာမြင့်။** ဂေဟာနေရင်း တာဝန်ကင်း

**ကလေးများ။** ဝတ္တရားပျက်ခြင်း ရှောင်ပါမင်း။

**ကိုရာမြင့်။** ကဲ . . ဟုတ်ပြီ။ ရပါပြီ။ ကလေးတို့တွေ စည်းကမ်းနဲ့ ပတ်သက်လို့ နှုတ်တိုက်အလွတ်ဆိုနိုင်ကြတဲ့အတွက် ချီးကျူးပါတယ်။ အဲဒီကဗျာလင်္ကာလေးတွေထဲကအတိုင်း လိုက်နာကြရင် ကလေးတို့ဟာ စည်းကမ်းကောင်းတဲ့ လူငယ်တွေ၊ လိမ္မာယဉ်ကျေးတဲ့ လူငယ်တွေဖြစ်မှာ မလွဲဘူး။

ကိုင်း . . မှူးဆရာ ပြောစရာရှိတာ ပြောပြီးပြီ။ တစ်နေ့တာ အချိန်ဇယားအတိုင်း ဆက်လုပ်တော့။

(အသံမြင့်၍ ရှေ့ကြည့် အားလုံး . . . သတိ။ (ကျောင်းသားများ သတိဆွဲကြစေ။) ကျောင်းသားခေါင်းဆောင် ဆက်လုပ်။

(ရှေ့ဖုံးကားပိတ်)

# အခန်း (၅)

**ကာလ။** ၁၉၉၀ ခုနှစ်ခန့်

**နေရာ။** ကန်ဦးရွာ စုပေါင်းရှင်ပြု အလှူမဏ္ဍာပ်

**အချိန်။** နေ့လယ်ပိုင်း

**အပြင်အဆင်။** ရှင်ပြုအလှူမဏ္ဍာပ်တစ်ခု၏ အတွင်းပိုင်းမဏ္ဍာပ်အပြင်အဆင်ဖြစ်သော ရွှေရောင်တိုင်လုံးများ၊ အခန်းလိုက်ကနုတ်ဖောက်ပန်းများ ရေးဆွဲထားသည့် နောက်ခံကားရှိရမည်။

အလှူမဏ္ဍာပ်တစ်ခုလုံးကို သရုပ်ဖော်ရန်မဟုတ်ဘဲ ရှင်လောင်းလှည့်လိုက်ပါမည့် အမျိုးသမီးများရှိနေသည့် မဏ္ဍာပ်အတွင်းပိုင်းတစ်နေရာကိုသာ သရုပ်ဖော်ရန်ဖြစ်ပြီး ဝါးရာဇမတ်အကာ တစ်ခွန်းတစ်စနှင့် မျက်နှာကြက်အလှဆင် ပန်းလိပ်စက္ကူများ ပူဖောင်းများလည်း မဏ္ဍာပ်၏ အစိတ်အပိုင်းအနေဖြင့် ရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(အသံချဲ့စက်မှ သီချင်းသံများ၊ အိုးစည်၊ ဒိုးပတ်သံများ၊ လူသံများ ဆူညံလျက်ရှိစေ။)

(ရှင်လောင်းလှည့်လိုက်ပါရန်အတွက် ဝတ်ကောင်းစားလှ သစ်သစ်လွင်လွင်ဝတ်ဆင်လျက် ဖျိုဖျိုရွယ်ရွယ် အမျိုးသမီးငယ်များ ဇာတ်စင်၏ ဝဲယာတို့မှ တဖွဲဖွဲဝင်လာကြစေ။ အပျိုခေါင်း အရီးကြွယ်က မဏ္ဍပ်အဝမှနေ၍ ကြိုဆိုပြောဆိုလျက်ရှိစေ။ ဝင်လာသူမိန်းမပျိုတို့ သုံးယောက်တစ်စု၊ လေးယောက်တစ်စု၊ စသဖြင့် သင့်သလိုစု၍ ထိုင်နေကြစေ။ တစ်ယောက်နှင့်တစ်ယောက် "သူလှတယ် ငါလှတယ်" စသည့်စကားများဖြင့် တီးတိုးတီးတိုးပြောဆိုနောက်ပြောင် ကြည်နူးကြစေ။)

**အရီးကြွယ်။** အေးဘုံတို့၊ ထွေးလှတို့ လာကြ၊ လာကြ . . . ဟဲ့ ယဥ်ယဥ်အေးက ညည်းတို့နဲ့ အတူလာမှာမဟုတ်လား။ သူမပါဘူးလား။

**အေးဘုံ။** အခုတော့ မပါသေးဘူး။ လာမှာပါ အရီးကြွယ်ရဲ့။ သူကကွမ်းတောင်ကိုင်ရမှာဆိုတော့ (မဲ့တဲ့တဲ့ အမူအရာဖြင့်) အလှဆုံးပြင်နေလို့နေမှာပေါ့။

**အရီးကြွယ်။** အေးအေး . ဒါဆိုပြီးရော။ အေးဘုံ ညည်းက ပန်းတောင်ကိုင်ရမှာနော် မေ့မနေနဲ့။

**အေးဘုံ။** ဟုတ်ကဲ့ပါ အရီးကြွယ်ရဲ့၊ မမေ့ပါဘူး။

(အေးဘုံနှင့် ထွေးလှ မဏ္ဍပ်တွင်း ဝင်ထိုင်ကြစေ။)

**အရီးကြွယ်။** (မဏ္ဍပ်ထဲရှိ မိန်းကလေးများသို့ လှမ်းပြော)

ဟေ့ .. ကောင်မလေးတွေနော် ကိုယ်ကိုင်ရမယ့်ဟာကို မမေ့ကြနဲ့ ငါကြိုပြောပြီးသား။

**မိန်းကလေးများ။** ဟုတ်ကဲ့ပါ အရီးကြွယ်ရဲ့ သိပါတယ်။



**ခပ်စွာစွာအမျိုးသမီးတစ်ယောက်။** ကိုယ့်ဟာကိုယ်ကိုင်ကြ၊ သူများဟာ သွားမကိုင်ကြနဲ့တော့။ (အားလုံး ရယ်မောကြစေ။) ဟုတ်တယ်လေ၊ ပန်းတောင်ကိုင်ရမယ့်သူက ကွမ်းတောင်သွားကိုင်လို့ဖြစ်မလား။

(အားလုံးပြုံးစိစိ ဖြစ်နေကြစေ။)

(ထိုစဥ် အလှူလှည့်ပွဲအတွက် လုပ်ကိုင်နေသော ယောကျ်ားလေးနှစ်ယောက် သုံးယောက် ဝဲမှယာ၊ ယာမှဝဲ ဖြတ်သွားရာ ပြုံးစိစိမိန်းကလေးများကိုမြင်၍ သူတို့ကလည်း ပြုံးစိစိ လုပ်သွားကြစေ။)

(ယဥ်ယဥ်အေးနှင့် မိန်းကလေးနှစ်ယောက်ရောက်လာ။)

**အရီးကြွယ်။** လာကြ ... လာကြ၊ ညည်းတို့က နောက်ကျသကိုး။ အထဲဝင်ကြ။

(ယဥ်ယဥ်အေးတို့ဝင်ထိုင်စဥ်။)

**ခပ်စွာစွာအမျိုးသမီး။** ဟဲ့ ...မိယဥ်အေး ညည်းက ကွမ်းတောင်ကိုင်ရမှာနော်။ သူများ 'ပန်း' သွားမကိုင်မိစေနဲ့။ (အားလုံးရယ်ကြစေ။)

(ထိုစဥ်ပင် အသံချဲ့စက်မှ သီချင်းဖွင့်သံရပ်သွားစေ။ မိုက်ခွက်ကို ခေါက်သံ "ဒေါက် . . ဒေါက် . . ဒေါက် . . ဒေါက်" အသံထွက်လာပြီး ကြည်လင်ပီပြင်သော အသံဝါကြီးဖြင့် သျှိုးလိုက်ရတုဆိုသံ ထွက်ပေါ်လာစေ။)

**ရတုဆို။** ငါးပါးမာန်နှိမ်၊ မြတ်မုနိန်၏

နိယာနိက ဒုလ္လဘဟု သုံးဝသာသနာ . . .

**အများ။** သျှိုး . . .

(ရတုအစချီလိုက်သည်နှင့် အိုးစည်၊ ဒိုးပတ်နှင့် ဆိုင်းတီးသံများရပ်သွားစေ။ လူသံများလည်း ငြိမ်သက်သွားစေ။)

**ရတုဆို။** မိုက်မှောင်ပယ်ထွန်း၊ ထိန် ထိန် ရွှန်းသည်

နေဝန်းထောင်ရောင်ဖြာသို့ . . .

**အများ။** သျှိုး

(ခပ်စွာစွာအမျိုးသမီးကထ၍ ရတုသံထွက်ပေါ်ရာသို့ လှမ်းကြည့်ဟန်ဖြင့် ဇာတ်စင်လက်ယာဘက်သို့ လှမ်းမျှော်ကြည့်ပြီး)

**ခပ်စွာစွာ။** ဟဲ့ . . ဟဲ့ အဲဒါ ဂေဟာမှူး ကိုရာမြင့်ကြီးတော့။

မိန်းကလေးများ။ (တစ်ယောက်ပြီးတစ်ယောက် ထကြည့်ပြီး) အေး . . ဟဲ့ ကိုရာမြင့်ကြီးက သျှိုးအဆိုကောင်းတော့။

(ကိုရာမြင့်၏ သျှိုးလိုက်ရတုဆိုသံ ဆက်လက်ထွက်ပေါ်လာစေရမည်။

ရတုဆို။ နံ့ဗွာန်ခွင်သို့ လျှင်လျှင်ရောက်ကြောင်းမှန်

ဒါနတရား သဒ္ဓါပွားသည် စိတ်ထားလွန်ထက်သန်၍

အများ။ သျှိုး . . .

ရတုဆို။ မျိုးမြန်မာတို့ ရိုးရာရှေးထုံးစံ

ရပ်ရွာအားလုံး ပျော်မဆုံးသည် ငြိမ့်အုန်းသဲသဲညံမျှ . .

**အများ။** သျှိုး . . .



**ရတုဆို။** သရေလျှံသည် ခြွေရံများဗိုလ်ပုံ၊ မင်္ဂလာစံခင်း နန်းမြို့တွင်းမှ လောင်းမင်းထွက်သည့်ပုံသို့

**အများ။** သျှိုး . . .

**ရတုဆို။** အတွေတွေသည် ရွှေ၊ ငွေ မြရောင်ဆိုင်

တံခွန်ကုက္ကား၊ မုလေးပွားကို နတ်များရှေ့ကကိုင်၍

**အများ။** သျှိုး . . .

**ရတုဆို။** ပြိုင်အဆိုင်လျှင် မြိုင်မြိုင်ခမ်းပြင်ဆင်၊ သင်းကျစ်ရွှေဘောင်းတမာဆောင်းသည် နားရွှေင်း စလွယ်ဆင်လျက်

**အများ။** သျှိုး . . .

ရတုဆို။ ခရုသင်းနှင့် ဒုံမင်းကြေးသံစုံ

နရည်မိကျောင်း နာမညောင်းသည့် သံမောင်းအဖုံဖုံ တည်

. . .

အများ။ သျှိုး . . .

ရတုဆို။ မြေမိုးကုန်သည် ဝသုန်လေထု ေးတည့်လေ . . .

အများ။ သျှိုး . . .

ရတုဆို။ တောင်းဆုချွေသည် သပြေသော ခတ်လုံးတည့်လေ . . .

အများ။ သျှိုး . . .

(ဤသို့ ကိုရာမြင့်၏ သျှိုးရတုဆိုသံ နေ့ထွက်ပေါ်နေစဉ်ပင် မဏ္ဍပ်ထဲရှိ အမျိုးသမီးများ အမျိုးမျိုး ပြောဆိုလျက်ရှိကြစေ။)

**အရီးကြွယ်။** ဟဲ့ . . ကောင်းမလေးတွေ ဣန္ဒြေရရထိုင်နေကြစမ်း။ အဲဒါစုပေါင်းအလှူမို့လို့ ဆရာတော်ကြီးကိုယ်တိုင် အထူး ရေးပေးတဲ့ သျှိုးလိုက်ရတာတဲ့။ ဆရာတော်ကြီးကရေးတာမို့လို့၊ ပြီးတော့ ပရဟိတက ကလေးတွေလည်းပါတာမို့လို့ ဂေဟာမှူး က ဆိုပေးတာနေမှာပေါ့။

**တစ်ယောက်။** ကိုရာမြင့်ကြီး သီချင်းတို့ ဘာတို့ဆိုတာ မကြားဖူး လို့ အံ့သြနေတာ အရီးကြွယ်ရဲ့။ တကယ့်အဆိုကောင်းတာ ပဲနော်။

**တစ်ယောက်။** ဟုတ်တယ်နော် . . ကိုရာမြင့်က ဘာက်စုံတော်တာ ကိုး။ စကားအပြောလည်းကောင်း အလုပ်ဆိုလည်း ပြတ်ပြတ် သားသား။

**တစ်ယောက်။** အေးလေ . . သူစည်းရုံးရေးကောင်းပြီး အလုပ် ကြိုးကြိုးစားစားလုပ်လို့လည်း ပရဟိတဂေဟာကြီး တိုးတက် လာတာပေါ့အေ့။

**တစ်ယောက်။** ပရဟိတဂေဟာကို ရောက်လာရတာလည်း ဆရာ တော်ကြီးရဲ့ ပရဟိတလုပ်ငန်းကို ပါရမီဖြည့်ပေးတာတဲ့။ သူ့ အမေက ဆရာတော်ကြီးရဲ့ ဆွေတော် မျိုးတော်လေ။

**တစ်ယောက်။** သူက အညာမှာတုန်းက ဟိုက်စကူးဖိုင်နယ်အောင် ပြီးသွားတဲ့ဟဲ့။ တက္ကသိုလ်ဝင်တန်းအောင်အောင် ဆက်မနေရ ဘဲ မိဘနဲ့အတူ လယ်ယာလုပ်နေရလို့ပေါ့။ နို့မို့ ဘွဲ့ရအရာရှိ ဖြစ်နိုင်တဲ့သူပေါ့။



**တစ်ယောက်။** ကိုရာမြင့်ကြီးက စိတ်ရင်းကောင်းတယ်အေ့။ ကြည့် ပါလား တို့တစ်ရွာလုံးက သူ့ကို မခင်တဲ့လူ ဘယ်မှာရှိလို့လဲ။

**တစ်ယောက်။** ပရဟိတက ကလေးတွေဆို သူ့ကိုချစ်လည်းချစ်၊ ကြောက်လည်းကြောက်၊ သူတစ်ခွန်းပဲ။

**တစ်ယောက်။** သူက ကလေးတွေ သည်းညည်းလည်းခံတယ် လေ။ ဘယ်ကိစ္စဖြစ်ဖြစ် ရှေ့ဆောင်ရှေ့ရွက်လုပ်တယ်။ နောက်ပြီး တည်တည်တံ့တံ့နေတယ်။ ရုပ်ရည်ကလည်း ခန့်မှ ခန့်ပဲ။

**တစ်ယောက်။** ဟော ... ဟော ဒီကောင်မ ကိုရာမြင့်ကြီးကို ကျ နေပြီထင်တယ်၊ ပေါ်ပြီ၊ ပေါ်ပြီ။

**တစ်ယောက်။** အောင်မယ် ... ကိုရာမြင့်က ကြိုက်တယ်ဆိုရင် ပြန်မကြိုက်ဘဲနေမယ့်လူ ရှိမလားအေ့။

**တစ်ယောက်။** အို ... သူက အညာမှာ ရည်းစားရှိခဲ့သလား မသိဘူး။ ဒီရွာထဲမှာတော့ ဘယ်သူ့ကိုမှ စိတ်မဝင်စားသလိုပဲ။

**တစ်ယောက်။** ဟဲ့ ... တီးတိုး ... တီးတိုး သဖန်းပိုးတွေ ညည်းတို့ စကားတွေရပ်တော့ ... ဟိုမှာ ကိုရာမြင့်တောင် သျှိုးရတော့ ပြီးသွားပြီ။

(အိုးစည်၊ ဒိုးပတ်သံ၊ ဆိုင်းသံများ ဆူညံစွာပြန်လည်ထွက်ပေါ် လာစေ။ ထိုစဉ်မှာပင် ကာလသားတစ်ယောက် ဇာတ်စင် လက်ဝဲဘက်မှ ပြေးထွက်လာပြီး အမျိုးသမီးများအား လှမ်း အော်ပြောစေ။)

**ကာလသား။** ကုမ္ဘာရီတွေ ကုမ္ဘာရီတွေ လာကြတော့ . . လာကြတော့ . . ဟိုမှာ မြင်းတွေရောက်ကုန်ပြီ။ (မိန်းကလေးများ အစိပ္ပာယ်တစ်မျိုးစီပေါက်ပြီး ပြုံးစိစိဖြစ်သွားကြစေ။ တချို့က တခွိခွိရယ်နေစေ။)

**အရီးကြွယ်။** ဟဲ့ . . ငမောင် နင့်မြင်းတွေနဲ့ ငါတို့က ဘာလုပ်ရမှာတုန်း။

(မိန်းကလေးများ ဝါးခနဲရယ်ကြစေ။)

**ကာလသား။** အို . . ကျုပ်ပြောတာက မောင်ရင်လောင်းတွေစီးမယ့်မြင်းတွေ ရောက်နေတာကို ပြောတာပါ အရီးကြွယ်ရယ်။ (ပြောပြီး လက်ဝဲဘက်သို့ ပြန်ဝင်ပြေးစေ။) (မိန်းကလေးများ ရယ်မောၡ ကျန်ရစ်ကြစေ။)

**အရီးကြွယ်။** ကဲ ... ရှင်လောင်းလှည့်ဖို့ပြင်ကြတော့။

**တစ်ယောက်။** (လက်ယာဘက်သို့ လှမ်းကြည့်ပြီး) ဟော့ . . ဟိုမှာကြည့်စမ်း၊ ရှင်လောင်းအငယ်လေးတွေမှာ တို့စက်ချုပ်သင်တန်းသူတွေ ချုပ်ပေးလိုက်တဲ့ ခေါင်းပေါင်းအဖြူလေးတွေနဲ့ ကြည့်လို့ကောင်းတယ်ဟေ့ ... နော်။

**အားလုံး။** ဟုတ်တယ်နော် ... ကြည့်ကောင်းလိုက်တာ ...။

**အရီးကြွယ်။** ကဲထွက်ကြစို့ ...။

(အားလုံး ရှေ့နားသို့ထွက်လာစေ။ ဇာတ်စင်လက်ယာဘက်အတွင်းသို့ တစ်ဦးချင်း၊ ကွမ်းတောင်၊ ပန်းတောင်၊ ဟင်္သာအစ်၊ သက်နီးလိပ် စသည်များ ဝင်ယူကြပြီး လက်ယာဘက်သို့



ဦးတည်၍ တန်းစီကြစေ။)

(ထိုစဉ်မှာပင် ဆိုင်းဝိုင်းမှ "မြို့လယ်ကမဏ္ဍပ် အရပ်မှာတဲ့ ကုသိုလ်" အစချီ ဗြောသံတီးလုံးကို တီးမှုတ်သံထွက်ပေါ်လာစေ။)

(တန်းစီနေသော မိန်းကလေးများ လက်ယာဘက်သို့ တရွေ့ရွေ့ လျှောက်လှမ်းစပြုစဉ်)

(ရှေ့ဖုံးကားဝိတ်)

## အခန်း (၆)

**နေရာ။** ချောင်းဝကျေးရွာ၊ ရွာအဝင် ချောင်းကူးတံတားထိပ်

**အချိန်။** ညနေပိုင်း

**အပြင်အဆင်။** ချောင်းဝရွာ၏ တောင်ဘက်ကမ်းအဖြစ် ဓနိမိုး အိမ်တန်းတစ်ခုပါရှိသော နောက်ခံကားရှိရမည်။ အိမ်တန်း၏ ရှေ့တွင် ချောင်းရှိနေဟန်နေရာချန်ပြီး ချောင်းကမ်းပါး ရေးချက် ဒူးပိတ်ကားထားရမည်။

ဒူးပိတ်ကား၏ ရှေ့နေရာကျယ် ဇာတ်စင်ရှေ့ပိုင်းသည် ချောင်းဝရွာ၏ မြောက်ဘက်ကမ်းဖြစ်သည်။

ချောင်းကိုဖြတ်၍ တောင်ဘက်ကမ်းနှင့် မြောက်ဘက်ကမ်းကို မျှော့တိုင်များဖြင့် ဆောက်လုပ်ထားသော တံတားတစ်ခု ဖန်တီးထားရမည်။ တံတားအောက်မှ စက်လှေ၊ သမ္ပန် စသည်များ ဖြတ်သွားနိုင်သည့်အမြင့်ရှိရမည်။ မြောက်ဘက်ကမ်း (ပရိသတ်ရှိသည့်ဘက်) မှနေ၍ တံတားပေါ်သို့ လူတစ်ယောက်တက်နိုင်အောင်သာ ဆက်တင်ခိုင်ခိုင်ခံ့ခံ့ စီမံထားရန်ဖြစ်ပြီး တောင်ဘက်ကမ်းသို့ အဆင်းကိုမူ သရုပ်သဏ္ဍာန်သဘောသာ ဆက်တင်စီမံရန်ဖြစ်သည်။



ချောင်းအတွင်း ပွဲထောင်စက်လှေ လှုပ်ရှားသွားလာနိုင်ရန် ဇာတ်ခုံပညာဖြင့် စီစဉ်ထားရမည်။

### (ရှေ့ဖုံးကားဖွင့်)

(ဦးတင်ဦး၊ ကိုရာမြင့်နှင့် ရွာသား (၇) ယောက်ခန့် ဝတ်ဖြူစင်ကြယ်ဝတ်လျက် ဇာတ်စင်လက်ဝဲဘက်မှ ထွက်လာကြစေ။ ဇာတ်စင်လက်ယာဘက်မှလည်း ချောင်းဝရွာလူကြီး သုံးလေးဦး ထွက်လာစေ။)

**ကိုရာမြင့်။** (တံတားဆီသို့ လှမ်းကြည့်ပြီး) ဟာ ... မောင်ညို မောင်တို့ စက်လှေမရောက်သေးပါလား။

**ချောင်းဝရွာလူကြီးတစ်ဦး။** ခြေလျင်လာတဲ့လူတွေကရောက်ပြီး စက်လှေက မရောက်သေးဘူးလား။

(သူတို့ တံတားခြေရင်းနားရောက်လာသည့်အချိန်တွင်မှ စက်လှေသံကြားရပြီး မကြာမီပင် ညိုမောင် မောင်းလျက် ပွဲထောင်စက်လှေ ချောင်းလမ်းအတိုင်း လက်ဝဲဘက်မှ ဝင်ရောက်လာစေ။ စက်လှေပေါ်တွင် ဝတ်ဖြူစင်ကြယ်ဝတ်လျက် ပရဟိတကျောင်းသား အရွယ်တော်များ (၂၀) ခန့် ပါလာစေ။

စက်လှေကို တံတားခြေရင်းတွင်ရပ်ပြီး အိုက်ချိုက ဦးကြိုးကို တံတားအနီးမှ တိုင်ငုတ်တစ်ခုတွင် ချည်လိုက်စေ။

အိုက်ချိုက စက်လှေပေါ်မှ ကျောင်းသားများအား ဆင်းရန် လက်ပြ၊ ကျောင်းသားများ ကမ်းပေါ်သို့ ခုန်ဆင်းကြစေ။

အိုက်ချိုနှင့် ညိုမောင်တို့က စက်လှေပေါ်တွင်ပါလာသော ဆွမ်းတော်ကြီးလှည့်ရန် ဒေါင်းပေါင်၊ ကျင်၊ ကြွတ်၊ ကလပ်၊ အုပ် စသည်များနှင့် တောင်းများ။ ထမ်းပိုးများကို စက်လှေပေါ်မှချပေးရာ ကျောင်းသားများက အောက်မှလှမ်းယူကြစေ။ ဦးတင်ဦးနှင့် ကိုရာမြင့်တို့က ကြီးကြပ်ပေးလျက်ရှိကြစေ။)

**ကိုရာမြင့်။** ပစ္စည်းတွေကို ထမ်းပိုးနဲ့အတူထားပြီး ရှေ့နောက်တန်းစီထားကြဟေ့။ ဘယ်သူက ဘယ်ပစ္စည်းဆိုတာ လုပ်နေကျအတိုင်းပဲနော်။

**ကျောင်းသားများ။** ဟုတ်ကဲ့ပါ မှူးဆရာ။

(ကျောင်းသားလေးများ ဒေါင်းပေါင်များ၊ အုပ်များနှင့် တောင်းများကို အစဥ်လိုက်တန်း၍ ထားကြစေ။ ကလပ်၊ ကျပ်နှင့် ကြွတ်တို့ကိုလည်း သူ့တာဝန်နှင့်သူ ကိုင်ထားကြစေ။

တစ်ချိန်တည်းမှာပင် ရွာသားသုံးလေးယောက်က စက်လှေပေါ်တွင်ပါလာသော မောင်းဆိုင်း၊ ဗုံ၊ မောင်းကြီးတို့ကိုယူချပြီး ဆွမ်းတော်ကြီးလှည့်တီးဝိုင်းအဖြစ် နှဲနှင့် မောင်းဆိုင်းက ဦးဆောင်အသံညှိနေစေ။)

**ကိုရာမြင့်။** ကလေးတို့ နားထောင်ပါ။ တို့ပရဟိတဂေဟာတည်ရှိတဲ့ ကန်ဦးရွာ ဘုန်းတော်ကြီးကျောင်းရဲ့ ဆွမ်းတော်ကြီးလှည့်ပွဲမှာ ပရဟိတကျောင်းသားများက အခုလို လုပ်အားဒါနပေးတဲ့ အစဥ်အလာဟာ ကုသိုလ်ထူးတယ်ဆိုတာ ကလေးတို့သိတယ်နော်။



**ကျောင်းသားများ။** သိပါတယ် မှူးဆရာ။

**ကိုရာမြင့်။** သီတင်းကျွတ်လပြည့် ဝါကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲအတွက် အခုချောင်းဝရွာမှာ လှည့်လည်မှာဖြစ်တယ်။ ကန်ဦးကံသာရွာတွေမှာ လှည့်သလိုပဲ ဒီမှာလည်း စနစ်တကျလှည့်ကြရမယ်။ ချောင်းဝရွာမှာ ဟိုအရင်တုန်းကတော့ ချောင်းကူးတံတားမရှိလို့ ဒီဘက်ကမ်း၊ ဟိုဘက်ကမ်းကို လှေတွေနဲ့ကူးခဲ့ရတယ်။ အခုတော့ (တံတားကို လက်ညှိုးထိုးပြပြီး) ဒီတံတားဆောက်ပြီးလို့ တစ်ဆက်တည်း လှည့်နိုင်တော့မယ်။ ဒီတံတားကို တည်ဆောက်တုန်းက မင်းတို့တစ်တွေ လုပ်အားပေးခဲ့ကြတယ် မဟုတ်လား။

**ကျောင်းသားများ။** ဟုတ်ပါတယ်။

**ကိုရာမြင့်။** အေး . . တံတားဆောက်တာ ဘယ်လောက်အကျိုးရှိတယ်ဆိုတာ မင်းတို့ အခုလက်တွေ့တွေ့ရတော့မယ်။ တို့ ပထမဆုံး ဒီဘက်ကမ်းမှာလှည့်မယ်။ ပြီးရင် ဒီတံတားကူးပြီး ဟိုဘက်ကမ်းကိုလှည့်မယ်။ ကဲ ... စမြောင်းနောက်မှာ ကြေးစည်၊ ကလပ်။ ကျပ်၊ ကြွတ်တွေနေရာယူကြ။ ဆက်ပြီး ဒေါင်းပေါင်တွေ၊ အုပ်တွေ၊ တောင်းတွေအစုံလိုက်၊ အစုံလိုက်နေရာယူ။ နောက်ဆုံးက နရည်တီးဝိုင်းလိုက်လိမ့်မယ်။ (နေရာယူကြစေ။) ဟော် ... ကိုလှထွန်းရေ စမြောင်းစကားကို အိုက်ချိုပါ အလှည့်ပေးပြီး ပြောခိုင်းလိုက်ပါ။ အိုက်ချိုက ကိုလှထွန်းနဲ့ကပ်ပြီးလိုက်။

**ကိုလှထွန်း။** (အော်လန့်ကိုင်လျက်) ကောင်းတယ် . . ကောင်းတယ်။

**အိုက်ချို။** မှူးဆရာ . . ကျွန်တော်ဖြစ်ပါ့မလားခင်ဗျ။

**ကိုရာမြင့်။** မင်းက ပရဟိတအလုပ်တွေတော့ အတော်ဦးဆောင်လုပ်တတ်နေပြီလေ။ လူရှေ့ သူရှေ့ စကားပြောတတ်ဖို့တော့ လိုသေးတယ်။ ဒါကြောင့် အခုလိုကြုံတုန်း အလေ့အကျင့်လေးလုပ်ပေးတာ။ ဘာမှမခက်ပါဘူးကွ။

**အိုက်ချို။** ကျွန်တော့်အသံက ဝဲနေတော့။

**ကိုရာမြင့်။** ကိစ္စမရှိပါဘူး၊ ဖြစ်သွားမှာပါ။ ကိုလှထွန်းပြောတဲ့အတိုင်းပြော။

**အိုက်ချို။** ဟုတ်ကဲ့ . . ဟုတ်ကဲ့။

**ကိုရာမြင့်။** ကဲ . . စ ထွက်ကြစို့။ ကိုလှထွန်းရေ . .

**ကိုလှထွန်း။** (အော်လန့်ဖြင့်အော်) ချောင်းဝကျေးရွာမှာ မီးတင်းနေထိုင်ကြတဲ့ သပ္ပုရိသနွယ်ဝင် သူတော်စင်အပေါင်းတို့ ခင်ဗျား ...။

(ထိုစဉ်မှာပင် ဇာတ်စင်လက်ယာဘက်မှ အပျိုပေါက်အရွယ်မိန်းကလေးတစ်ယောက် "အမယ်လေး ကယ်ကြပါဦး ... ကယ်ကြပါဦး ...၊ ကျွန်မကို လိုက်ရိုက်နေတယ်" ... ဟုအော်ဟစ်ပြီး ဆံပင်ဖားလျား ဖိုသီဖတ်သီနှင့် ပြေးထွက်လာစေ။ အားလုံးအံ့အားသင့်ပြီး ကြောင်ကြည့်နေကြစဉ်မှာပင် ထိုမိန်းကလေး တံတားပေါ်ပြေးတက်သွားစေ။ သူမနောက်မှ ခေါင်းပေါင်းအကျားပေါင်းထားသော နီညိုရောင်တိုက်ပုံနှင့် လူကြီးတစ်ယောက် ကြိမ်လုံးတစ်လုံးဝှေ့ယမ်းလျက် တရကြမ်းပြေးလိုက်လာစေ။ ထို့နောက်မှ မိန်းမတစ်ယောက် အပြေးကလေးလိုက်လာစေ။)



(မိန်းကလေး တံတားထိပ်ရောက်သည်နှင့် အောက်ဘက်သို့ အော်ပြောစေ။)

**မိန်းကလေး။** ကျွန်မကို မဖမ်းနဲ့နော် ... မဖမ်းကြနဲ့ ဟောဒီတံတားပေါ်ကနေ ခုန်ချလိုက်မှာနော် ... ။

**ခေါင်းပေါင်းကြားနှင့်လူ။** (တံတားခြေရင်းသို့ပြေးလာ ကြိမ်လုံးကိုဝှေ့ယမ်းရင်း) သယ် ... ရွာသူမ ... လာခဲ့စမ်း ...၊ အာဇ္ဇာဝကကို အာခံလို့ရကြေးလား ... လာခဲ့ကောင်မ။

**မိန်းကလေး။** ကျွန်မ ရေထဲခုန်ချလိုက်မှာနော် ...။

(ကိုရာမြင့် သဘောပေါက်သွားဟန်နှင့် ထိုလူကို ဖမ်းကိုင်စေ။ အခြားလူများလည်းဝိုင်း၍ ထိုလူကိုချုပ်ထားကြစေ)

**ချောင်းဝရွာလူကြီးတစ်ဦး။** ဟဲ့ ... အေးကြည်မ ... ခုန်မချနဲ့.. ခုန်မချနဲ့ ဦးလေးတို့ ဒီမှာရှိတယ်။ သမီးဘာမှမဖြစ်စေရဘူး။

**မိန်းကလေး။** ဟင့် ... အင်း ... ဟိုဆရာကြီးက ကျွန်မကိုချုပ်ပြီး ကြိမ်နဲ့ရိုက်မှာကြောက်တယ် ... ကြောက်တယ်။

**ဦးတင်ဦး။** မကြောက်နဲ့သမီး ... မကြောက်နဲ့တော့ ... သူ့ကို ဦးလေးတို့ တားထားလိုက်ပြီ။ ဦးလေးက ကျေးရွာဥက္ကဋ္ဌကွဲ့။ သမီးကို ဦးလေးတို့ ကာကွယ်ပေးမယ်။ မကြောက်နဲ့နော်.. ဆင်းခဲ့ ... ဆင်းခဲ့။

**နောက်မှလိုက်ပါလာသောမိန်းမ။** သမီး အေးကြည်မ . . ခုန်မချနဲ့နော်.. ဆင်းခဲ့ပါသမီးရယ် . . သမီးရောဂါကို ဒီဆရာနဲ့ မကုချင်ရင် မကုနဲ့ . .။ အမေ့ဆီ ဆင်းခဲ့နော် သမီး . .။

**မိန်းကလေး။** တကယ်လား . . အမေ။

**မိခင်။** တကယ်ပါ သမီးရဲ့၊ ရွာလူကြီးတွေလည်း ရှိနေတယ်လေ ..။ (မိန်းကလေး တံတားအောက်သို့ တဖြည်းဖြည်းပြန်ဆင်းလာစေ။ သူမ၏အမေထံ ပြေးဖက်စေ။)

**ဦးတင်ဦး။** (အနားရောက်လာပြီး) ဘယ်လိုဖြစ်တာလဲဗျာ။

**မိခင်။** သမီး ကယောင်ချောက်ချား ပြောပြောနေလို့ အဲဒီ ပယောဂဆရာနဲ့ ကုတာပါ။ အဲဒါ ရွာသူနှောင့်ယှက်တယ်ဆိုပြီး ကြိမ်နဲ့ရိုက်မယ်လုပ်လို့ ထွက်ပြေးတာပါ။

**ဦးတင်ဦး။** သြော် ... သြော် ဆရာယောင်နဲ့ သွားတွေ့တာကိုး။ ကဲ ... ဒီလိုလုပ်၊ ခင်ဗျားတို့ အိမ်ပြန်သွားရင်လည်း မိန်းကလေး ကြောက်နေဦးမှာ။ ဒီတော့ ကန်ဦးက တိုင်းရင်းဆေးဆရာကြီး ဦးအဂ္ဂနဲ့ ပြကြည့်ရအောင်၊ ကျွန်တော် ကိုယ်တိုင်လိုက်ပို့မယ်။ မကောင်းဘူးလား၊ သူ့အဖေရော မရှိဘူးလား ...။

**မိခင်။** ပင်လယ်ထွက်နေပါတယ်။ (သမီးကိုကြည့်ပြီး) သမီး လိုက်သွားရအောင်နော် ...။

**မိန်းကလေး။** ဟို ... ခေါင်းပေါင်းကျားဆရာဆီ ပြန်မသွားရရင်ပြီးရော ...။

**ဦးတင်ဦး။** (ကိုရာမြင့်တို့ဆီသို့ လှမ်းပြော) ကိုရာမြင့်ရေ ကျွန်တော် ဒီသားအမိကို ပဲ့ထောင်နဲ့ ရွာခေါ်သွားလိုက်မယ်။ ခင်ဗျားတို့ ဆွမ်းတော်ကြီးလှည့်တာ ဆက်လုပ်ကြပေတော့နော်။ (ပြောပြော ဆိုဆို သားအမိနှစ်ယောက်ကိုခေါ်၍ စက်လှေပေါ်တက်စေ။)



**ကိုရာမြင့်။** (ခေါင်းပေါင်းကျားဆရာကို လွှတ်လိုက်ကြပြီး) ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကဲ ... ကိုလှထွန်းရေ ပြန်စပေတော့ဗျာ ...။

**ကိုလှထွန်း။** (အော်လန်ကို ပါးစပ်မှာပြန်တပ်ပြီး) ချောင်းဝကျေးရွာမှာ မှီတင်းနေထိုင်ကြသော သပ္ပုရိသနှယ်ဝင် သူတော်စင် အပေါင်းတို့ခင်ဗျား... ဝါလကင်းလွတ် သီတင်းကျွတ် ဆွမ်းတော်ကြီး လောင်းလှူပွဲအတွက် ကန်ဦးကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဥပသကာများနဲ့ ပရဟိတကျောင်းသားများ ဆွမ်းတော်ကြီး လှည့်လာပါပြီခင်ဗျား ...။

(နရည်ပိုင်းမှ အေးရေခင်းသံ သာယာစွာ ထွက်ပေါ်လာစေ။ ဆွမ်းတော်ကြီးတန်း လက်ယာဘက်သို့တရွေ့ရွေ့ဝင်သွားစေ။)

(ထိုစဉ်မှာပင် ညိုမောင်က ပဲ့ထောင်စက်လှေကို စက်နှိုးပြီး၊ လက်ဝဲဘက်သို့ နောက်ဆုတ်နောက်ဆုတ် ဝင်သွားစေ။)

(ခေါင်းပေါင်းကျားနှင့် ပယောဂဆရာသည် ယောင်တောင်တောင်ကျန်ရစ်ခဲ့ရာမှ ခါးတောင်းကိုကြိုက်၊ ကြိမ်လုံးကို မြှောက်လိုက်ပြီး ကျယ်လောင်စွာ ကြိမ်းဝါးစေ။)

**ပယောဂဆရာကြိမ်းဝါးသံ။** သယ်.. ဟယ်. ဟယ်. ဟယ်.. ငါ ကဲ့သို့သော အာဋ္ဌာဝကကို နင်ကဲ့သို့သော ရွာသူအစုတ်ပလုတ်က အန်တုလို့ ဘယ်ရမလဲ။ ဟဲ. ဟဲ. ဟဲ..။ ကဲ.. အခု နင်ပြေးရပြီ မဟုတ်လော။ ဟော. ဟော. ဟော..။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၇)

**နေရာ။** ကန်ဦးရွာ အလယ်တန်းကျောင်းအုပ်ဆရာကြီးရုံးခန်း

**အချိန်။** နံနက်ကျောင်းမတက်မီ

**အပြင်အဆင်။** နံရံပေါ်တွင် ပညာရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ ဆောင်ပုဒ်များ၊ ကျောင်းနှင့်ပတ်သက်သော မှတ်တမ်းများ စသည်တို့ပါရှိသည့် အခန်းနံရံရေးချက် နောက်ခံကားရှိရမည်။

ရှေ့တွင် ကျောင်းအုပ်ကြီး၏ စားပွဲ၊ ကုလားထိုင်ရှိရမည်။ စားပွဲပေါ်တွင် စာအုပ်စာတမ်းများ၊ တံဆိပ်တုံးများ၊ ဘောလ်ပင်ထည့်ခွက်များစသည့် ကျောင်းနှင့်ပတ်သက်သော ပစ္စည်းများ သပ်သပ်ရပ်ရပ်ရှိရမည်။ "ကျောင်းအုပ်ဆရာကြီး" ရာထူးစာတန်း သစ်သားတုံးတစ်ခုလည်း မြင်သာအောင် တင်ထားရမည်။ စားပွဲပတ်လည်တွင် ထိုင်ခုံများလည်း လေး၊ ငါးလုံးခန့်ထားရှိရမည်။

### (ရှေ့ဖုံးကားဖွင့်)

(အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းနှင့် ဆရာဦးရီ စကားပြောနေကြစေ။)



**ဦးသန်းထွန်း။** အလယ်တန်းကျောင်းဝန်းက နည်းနည်းကျဉ်းတယ်နော် .. ဆရာ ဦးရီ။

**ဦးရီ။** ဟုတ်တယ်ဆရာကြီး . . မူလတန်းကျောင်းအဆင့်တုန်းကတည်းက ဘုန်းတော်ကြီးကျောင်းဝန်းထဲမှာ ရှိခဲ့တာလေ။ နောက် .. ဆရာတော်ကြီးက ပရဟိတမိဘမဲ့ကလေးများဂေဟာကို တည်ထောင်တော့ နိုင်ငံတော်က မူလတန်းကျောင်းကနေ အလယ်တန်းကျောင်းအဖြစ် မြှင့်ပေးတာ။ အဲဒီတော့ ကျောင်းအဆောက်အဦတွေ ချဲ့ဖို့ကျတော့ နည်းနည်းလေးကျပ်တယ်လို့ ဆိုရပါမယ်။

**ဦးသန်းထွန်း။** အခုအနေအထားကတော့ မဆိုးပါဘူး။ ကျောင်းသားဦးရေနှင့် စာသင်ဆောင် အနေတော်ပါပဲ။ (ဆရာတစ်ဦးနှင့် ဆရာမတစ်ဦးတို့ လက်ဝဲဘက်မှ ထွက်လာစေ။)

**ဦးသန်းထွန်း။** ဆရာ၊ ဆရာမတို့ လာကြ၊ ထိုင်ကြပါ။ အတော်စောကြပါလား၊ (ဆရာနှင့် ဆရာမ ဝင်ထိုင်ကြစေ။)

**ဦးရီ။** ဒါ ဆရာဦးတင့်လွင်နှင့် ဆရာမဒေါ်ခင်နွဲ့တို့ပါ ဆရာကြီး။ သူတို့က ဒီရွာဇာတိလေ။

**ဦးသန်းထွန်း။** သြော်.. သြော် ကျွန်တော်လည်း ရောက်ခါစဆိုတော့ ဆရာ၊ ဆရာမတွေကို နာမည်နဲ့တွဲပြီး မမှတ်မိသေးဘူး ပေါ့ဗျာ။

**ဦးတင့်လွင်။** ကျွန်တော်တို့လင်မယားက ရွာလယ်မှာနေတော့ စောစောချက်ပြုတ်ပြီး ကျောင်းကို စောစောပဲလာလိုက်တာပါ။ ဆရာကြီး နေထိုင်ရတာ အဆင်ပြေရဲ့လား၊ မိသားစုမပါ

ဘဲ တစ်ယောက်တည်းပြောင်းလာတာဆိုတော့ အခက်အခဲလေးတွေ ရှိမှာပေါ့။

**ဦးသန်းထွန်း။** ကိစ္စမရှိပါဘူးဗျာ။ ကျွန်တော်က နေတတ်ပါတယ်။ နောက်ပြီး ဟောဒီဆရာ ဦးရီလည်း ကျောင်းရုံးခန်းမှာ အတူတူနေရတာဆိုတော့ အဖော်ရနေပါတယ်။

**ဒေါ်ခင်နွဲ့။** (ထိုင်နေရာမှထ၍ ဓာတ်စင်လက်ဝဲဘက်အတွင်းသို့ လှမ်းပြော။)

ဆရာမ ဒေါ်ညိုဝိုင်းရေ ကျွန်မဒီမှာ။

ဆရာမ ဒေါ်ညိုဝိုင်း ဓာတ်စင်လက်ဝဲဘက်မှ ထွက်လာစေ။ လက်ထဲတွင် ရွက်လှပန်းများ ပါလာစေ။)

**ဒေါ်ခင်နွဲ့။** ဘုရားခန်းအတွက် ဆရာမဒေါ်ညိုဝိုင်းကို ရွက်လှပန်းတွေ ယူခဲ့ဖို့ ကျွန်မမှာထားလို့ပါ ဆရာကြီး။

**ဦးသန်းထွန်း။** သြော် ... သြော် ... ဆရာမ ဒေါ်ညိုဝိုင်း ထိုင်ပါဦးလား။ ကျောင်းချိန်က အများကြီးလိုသေးတယ်။ (ဒေါ်ညိုဝိုင်း ရွက်လှပန်းများကို အခန်းထောင့်တွင် ခဏထားခဲ့ပြီး ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်စေ။)

**ဦးသန်းထွန်း။** ဆရာမလေးက ဒီရွာဇာတိပဲလား။

**ဒေါ်ညိုဝိုင်း။** မဟုတ်ပါဘူး ဆရာကြီး၊ ပုသိမ်ဘက်ကပါ။

**ဦးသန်းထွန်း။** သြော်.. အဝေးကြီးကပါလား။ မိဘတွေ လိုက်နေကြရဲ့လား။



**ဒေါ်ညိုဝိုင်း။** မိဘတွေ ကွယ်လွန်ကုန်ပါပြီ ဆရာကြီး၊ အခု မောင်လေး မောင်ညိုမောင်က ကျွန်မနဲ့အတူလိုက်နေပါတယ်။ ရွာဖျားက အဘွားမိအိမ်မှာ ငှားနေကြတာပါ။ အဘွားမိကလည်း မိဘသဖွယ်ပါပဲ။

**ဦးသန်းထွန်း။** သြော်.. သြော်.. (ပြောရင်းက လက်ယာဘက်သို့ လှမ်းကြည့်မိပြီး တစ်စုံတစ်ရာကို ထူးထူးခြားခြားမြင်ရသည့်ဟန်နှင့် လက်ညှိုးထိုးပြီး) ဟို.. ဟိုက.. .

**ဦးရီ။** သြော်.. ဒီကလေးတွေက ပရဟိတဂေဟာကပါ။ သူတို့လေးတွေ ဒီလိုပဲ စနစ်တကျတန်းစီပြီး ကျောင်းတက်လာလေ့ရှိပါတယ်။ ကျောင်းဆင်းရင်လည်း ဒီအတိုင်းပါပဲ။ ရှေ့ဆုံးက ကလေးက သူတို့ရဲ့ကျောင်းသားကောင်းဆောင်ပေါ့။ ကျွန်တော့် (၇) တန်းက မော်နီတာလေ။ [illegible]ည်းတော်တယ်၊ လူမှုရေးစိတ်ဓာတ်လည်းအပြည့်ရှိတဲ့ ရှမ်းလေးပေါ့။ သေးကလိုက်လာတာက ပရဟိတဂေဟာမှူး ကိုရာမြင့်ပါ။

**ဒေါ်ခင်နွဲ့။** ဟင်.. ခါတိုင်းတော့ ဂေဟာမှူးလိုက်လာလေ့မရှိဘူး။ (ဒေါ်ညိုဝိုင်းဘက်ကို လှည့်ကြည့်ပြီး) အခု ဘာဖြစ်လို့လိုက်လာတာလဲဟင်။

**ဒေါ်ညိုဝိုင်း။** (ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး) အို.. . ကျွန်မဘယ်သိပါ့မလဲ မမနွဲ့ရဲ့။

**ဦးသန်းထွန်း။** မိဘမဲ့ကလေးတွေ အခုလို တူညီဝတ်စုံလေးတွေနဲ့ ညီညီညာညာတွေ့ရတာ ကြည်နူးစရာပဲနော်။ အတော့်ကို စနစ်တကျရှိမယ့် ပရဟိတဂေဟာဖြစ်မှာ။

**ဦးတင့်လွင်။** တနင်္ဂနွေနေ့ကျရင် ဆရာကြီးကို ကျွန်တော် ပရဟိတဂေဟာကို ခေါ်သွားပါ့မယ်။ ဘယ်လောက် စနစ်တကျ တည်ထောင်လုပ်ကိုင်နေတာ ဆရာကြီးတွေ့ရပါလိမ့်မယ်။

(ပြောဆိုနေစဉ်ပင် ကိုရာမြင့် ဇာတ်စင် လက်ယာဘက်မှ ဝင်လာစေ။)

**ကိုရာမြင့်။** (ဦးညွတ်လိုက်ပြီး) ကျွန်တော် ဂေဟာမှူးရာမြင့်ပါ ဆရာကြီး။ မနေ့က ဆရာကြီး ပြောင်းရွှေ့ရောက်လာတယ် ကြားလို့ လာပြီး ဂါရဝပြု နှုတ်ဆက်တာပါခင်ဗျား။

**ဦးသန်းထွန်း။** ဪ·· ထိုင်ပါ ဂေဟာမှူး။

**ကိုရာမြင့်။** ခုနတုန်းက ဆရာဦးတင့်လွင်က ဂေဟာကို တနင်္ဂနွေနေ့ လိုက်ပို့ပေးမယ်လို့ ပြောသံကြားလိုက်ပါတယ်။ ကျွန်တော်တို့ ပရဟိတဂေဟာစောင့်ရှောက်ရေးအဖွဲ့ကလည်း ဆရာကြီးကို လက်ဖက်ရည်ဝိုင်းနဲ့ တနင်္ဂနွေနေ့ မနက်ပိုင်းမှာ ဧည့်ဝတ်ပြုရင်း ဂေဟာကိုပြမယ်လို့ စီစဉ်ထားပါတယ်။ အဲဒီနေ့ အဲ ··· သန်ဘက်ခါပေါ့နော်၊ ဆရာကြီး အားတယ် မဟုတ်လားခင်ဗျာ။

**ဦးသန်းထွန်း။** ဟုတ်ကဲ့ ကျွန်တော်အားပါတယ်ခင်ဗျာ။

**ကိုရာမြင့်။** ဒီလိုဆို ကျွန်တော် တနင်္ဂနွေနေ့ မနက် ၈ နာရီမှာ ဆရာကြီးကို လာခေါ်ပါမယ်။ ဒီက ဆရာကြီးဦးရီတို့ ဦးတင့်လွင်တို့ရောပေါ့။ ကောက်ညှင်းပေါင်းနဲ့ ငါးရံ့ခြောက်မုန့် စီစဉ်ထားပါတယ်။



**ဒေါ်ခင်နွဲ့။** ကျွန်မတို့တော့ မပါဘူးလား ကိုရာမြင့်ရဲ့။ အင်း·· ဒေါ်ညိုဝိုင်းကိုတော့ ကြိုဖိတ်ထားပြီးရောပေါ့။

**ဒေါ်ညိုဝိုင်း။** အို· · မမနွဲ့ကလဲ···။

**ကိုရာမြင့်။** နှစ်ယောက်စလုံးကို ဖိတ်ပါတယ်ဗျာ။ တစ်ကျောင်းလုံးက ဆရာ၊ ဆရာမအားလုံးကိုပါ ဖိတ်ချင်ပေမယ့် အားကြမှာမဟုတ်ဘူးလေ။ ဂေဟာအကြောင်းကိုလည်း ဆရာ၊ ဆရာမ အားလုံးသိပြီးသားပါ။

**ဒေါ်ခင်နွဲ့။** အလကားစတာပါ ကိုရာမြင့်ရာ ·· တကယ်တော့ ကျွန်မတို့ အိမ်ရှင်မတွေဆိုတာ ကျောင်းပိတ်ရက်လေး အိမ်အလုပ်လုပ်ရတာ မအားကြပါဘူး။ အိမ်ရှင်မ မဖြစ်သေးတဲ့ ဒေါ်ညိုဝိုင်းကတော့ အားမှာပါ။

**ဒေါ်ညိုဝိုင်း။** မမနွဲ့ကလည်း ရှေ့နေကျနေတာပဲ။

**ဦးသန်းထွန်း။** ဒီကျောင်းက ဆရာ၊ ဆရာမတွေနဲ့ ဂေဟာမှူးကြီးကတော့ အတော့်ကို ရင်းနှီးကြတာပဲနော်။ လုပ်ငန်းချင်းက ဆက်စပ်နေတော့ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် လုပ်ကိုင်ရတာ ပျော်စရာကမ္ဘာလေးပေါ့ဗျာ။ ကျွန်တော့်ကိုလည်း ရင်းရင်းနှီးနှီး ဆက်ဆံပါ ဂေဟာမှူးကြီးရာ။ ကျွန်တော်က ပျော်ပျော်ရွှင်ရွှင်နေတတ်ပါတယ်။

**ဒေါ်ခင်နွဲ့။** ဆရာကြီးက ကိုရာမြင့်ကို "ဂေဟာမှူးကြီး၊ ဂေဟာမှူးကြီး" လို့ မခေါ်စေချင်ပါဘူး။ သူ့အသက်က ငယ်ပါသေးတယ်။ (ဒေါ်ညိုဝိုင်းဘက်သို့ လှည့်ကြည့်ပြီး) ဘယ်နှနှစ်ပါလိမ့်။

**ဒေါ်ညိုဝိုင်း။** အို ... မမနဲ့ကလည်း ကာယကံရှင်ကို မေးရမယ့် ဥစ္စာ ...။

**ဒေါ်ခင်နွဲ့။** ဪ ... မေးများထားသလားလို့။

**ဒေါ်ညိုဝိုင်း။** မမနဲ့နော် ...။

(အားလုံးရယ်မောကြစေ။)

**ကိုရာမြင့်။** ကျွန်တော့်အသက်က ၂၈ နှစ်တောင်ရှိပါပြီ ဒေါ်ခင်နွဲ့ရာ၊ ဘယ်လိုခေါ်ခေါ်ရပါတယ်။

**ဦးသန်းထွန်း။** အများခေါ်သလို ကိုရာမြင့်ပဲ ခေါ်မယ်နော်။

**ကိုရာမြင့်။** ခေါ်ပါ ဆရာကြီး ကြိုက်သလို ခေါ်နိုင်ပါတယ်။

**ဦးသန်းထွန်း။** ဒါနဲ့ ကိုရာမြင့်နာမည်က ရှေးမြန်မာနာမည်မျိုးနော် ဘယ်ဇာတိလဲ။

**ကိုရာမြင့်။** ကျွန်တော်က အညာသားပါ။ ငါန်းဖွန့်နယ် ထန်းစဉ်လှ ရွာကပါ ဆရာကြီး။ ဆရာတော်နဲ့က အမျိုးတော်တော့ ဆရာတော့်ဆန္ဒအရ ဒီပရဟိတဂေဟာမှာ ဂေဟာမှူးတာဝန် လာယူနေရတာပါပဲခင်ဗျ။ အညာမှာ မိဘနဲ့ ညီမလေး တစ်ယောက်ရှိပါတယ်။

**ဦးသန်းထွန်း။** ဪ ... အညာသားလူပျိုကြီး အောက်ပြည်မှာ ပျော်နေပြီထင်တယ်။ ဟဲ ... ဟဲ။

**ဦးတင့်လွင်။** အောက်ပြည်မှာပျော်အောင် ကျွန်တော်တို့ကလည်း ဝိုင်းပြီးစီမံနေတာ ဆရာကြီးရဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီပရဟိတဂေဟာကြီး တိုးတက်နေတာ ရပ်တန့်မသွား



စေချင်လို့ပါ။ ကိုရာမြင့်က ဒီဂေဟာပေါ်မှာ ကိုယ်ရောစိတ်ပါ မြှုပ်နှံပြီးလုပ်နေတဲ့သူ။ ဆရာကြီး သန်ဘက်ခါကျရင် တွေ့ရပါလိမ့်မယ်။

**ဦးရီ။** ရပ်ရေးရွာရေးကျလည်း သူကရှေ့ကပဲ ဆရာကြီးရဲ့။ ရွာမှာ စာကြည့်တိုက်ဖြစ်ပေါ်လာအောင်လည်း သူကြိုးစားပေးတာ။

**ဦးသန်းထွန်း။** ဪ ... ဒီလိုလား ... ဝမ်းသာပါတယ်ဗျာ။ လေးစားထိုက်တဲ့ပုဂ္ဂိုလ်ပေါ့နော်။

**ကိုရာမြင့်။** ဒီလောက်လည်း မဟုတ်ပါဘူးဗျာ။

**ဒေါ်ခင်နွဲ့။** ဒါကြောင့် ကိုရာမြင့် အညာမပြန်မှဖြစ်မှာ ဆရာကြီး။ အဲဒီကိစ္စ ကျွန်မတို့ရွာခံတွေမှာ တာဝန်ရှိသလို ဆရာကြီးမှာလည်း တာဝန်ရှိတယ်နော်၊ မဟုတ်ဘူးလား ဆရာကြီး‥။

**ဦးသန်းထွန်း။** (ပြုံးစိစိနှင့်) အို ... ဟုတ်တာပေါ့ ဆရာမရယ်။ ကျွန်တော် သဘောပေါက်သွားပါပြီဗျာ။ ဆရာ၊ ဆရာမတွေအတွက် ကျွန်တော်က မိဘပေါ့။ ဒါ့အပြင် မိဘမရှိတဲ့ ဆရာ၊ ဆရာမတွေအတွက်ဆို ပိုပြီးတာဝန်ရှိတာပေါ့နော...။

**အားလုံး။** (ရှက်ဟန်နှင့် ခေါင်းငုံ့ထားသော ဒေါ်ညိုဝိုင်းမှအပ) ဟုတ်ပါတယ် ... ဟုတ်ပါတယ်။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၈)

**နေရာ။** ပရဟိတဂေဟာအနီး ရေဆိပ်

**အချိန်။** နံနက်ပိုင်း

**အပြင်အဆင်။** ဓနိပင်အများစုပါရှိသော သစ်ပင်များရေးချက် နောက်ခံကားရှိရမည်။ ရှေ့တွင် ရေးဆင်းတံတားတစ်ခု ရေးချက်ပါရှိသော ချောင်းကမ်းပါး ဒူးပိတ်ကားရှိရမည်။ ဒူးပိတ်ကားနှင့် နောက်ခံကားအကြားသည် ချောင်းတစ်ခု ပုံဖော်ဆောင်ပြီး လှေတစ်စင်းဝင်နိုင်အောင် စီစဉ်ထားရမည်။ လှေလှုပ်ရှားမှုကို ဓာတ်ခုံပညာဖြင့် ဖန်တီးထားရန်ဖြစ်သည်။

### (ရှေ့ဖုံးကားဖွင့်)

(ညိုမောင်က ပဲ့ကလှော်ကာ၊ ဒေါ်ညိုပိုင်းက အလယ်မှာစီးလျက်၊ ဓာတ်စင်လက်ဝဲဘက်မှ လှေတစ်စင်း ထွက်လာစေ။ ရေဆင်းတံတားတွင် လှေကိုဆိုက်ပြီး ညိုမောင်က လှေဦးကြိုးကို ရေဆင်းတံတားတွင် ချည်နှောင်စေ။)



**ညိုမောင်။** (လက်ယာဘက်သို့လှမ်းကြည့်ပြီး) အစ်မ ဒီမှာ ခဏ စောင့်နေဦး။ ကျွန်တော် အစ်ကိုရာမြင့်ကို သွားခေါ်လိုက် ဦးမယ်။

**ဒေါ်ညိုပိုင်း။** ရော့လေ . . ဒီမုန့်တွေ နင်ယူသွားလိုက်ပေါ့။

(လက်ဆွဲခြင်းထဲမှ မုန့်များကို ထုတ်စေ။)

**ညိုမောင်။** ဟာ . . အစ်မဘာသာ အစ်မပေးလေ။ အစ်မပဲ ဝါဆိုမုန့်ဖက်ထုပ်တွေ ကိုရာမြင့်ပေးဖို့ဆိုပြီးတော့။ ကိုယ့်ကိစ္စ ကိုယ်ရှင်း။ (ပြုံးဖြဲဖြဲ မျက်နှာပေးဖြင့် လက်ယာဘက်သို့ ပြေးဝင်သွားစေ။)

**ဒေါ်ညိုပိုင်း။** ဟယ် . . ဒီကောင်လေး . . (ညိုမောင်သွားရာသို့ လှမ်းကြည့်နေစေ။)

(ခဏအကြာတွင် ကိုရာမြင့် ဓာတ်စင်လက်ယာဘက်မှ ခပ်သုတ်သုတ်ထွက်လာ။ ဒေါ်ညိုပိုင်းအနား ရောက်လာစေ။)

**ကိုရာမြင့်။** မညိုပိုင်း စောင့်နေတယ်ဆိုလို့ . .။

**ဒေါ်ညိုပိုင်း။** (လက်ထဲတွင်ကိုင်ထားသော ပလတ်စတစ်အိတ်နှင့် ထည့်ထားသော မုန့်ဖက်ထုပ်များကို ကိုရာမြင့်သို့ လှမ်းပေး ရင်း) အိမ်မှာဝါဆိုမုန့်လုပ်လို့လေ . .။

**ကိုရာမြင့်။** မနေ့က ဆရာကြီးနဲ့အတူ ဂေဟာကို ဘာဖြစ်လို့ လိုက် မလာတာလဲဟင် . .။

**ဒေါ်ညိုပိုင်း။** အို . . လိုက်လာရင် ဝိုင်းစကြဦးမှာကိုး . .။

**ကိုရာမြင့်။** ဟိုတစ်နေ့က ဆရာကြီးရဲ့ရုံးခန်းထဲမှာ ဝိုင်းစကြတာ၊

ကိုယ့်ကိုစိတ်ဆိုးသွားလားလို့ပါ။ မညိုဝိုင်း အဲဒီနေ့က စိတ်ဆိုးသွားလားဟင် …။

**ဒေါ်ညိုဝိုင်း။** သူတို့ကစတဲ့ဥစ္စာ … ကိုရာမြင့်ကို စိတ်ဆိုးရမှာလား ရှင့် …။

**ကိုရာမြင့်။** စိတ်မဆိုးဘူး ဟုတ်လား …။ ဝမ်းသာလိုက်တာ မညိုဝိုင်းရယ် …။ ကျွန်တော်လေ အဲဒီနေ့က အရမ်းပျော်နေတာ။

**ဒေါ်ညိုဝိုင်း။** ဘာဖြစ်လို့လဲ။

**ကိုရာမြင့်။** ကျွန်တော့်ကိုယ်စား ဒေါ်ခင်နဲ့တို့က အကျိုးဆောင်ပေးလို့လေ . .။

**ဒေါ်ညိုဝိုင်း။** ဘယ်လို . . ဘယ်လို . .။

**ကိုရာမြင့်။** ကျွန်တော်လေ . . ကျွန်တော် မညိုဝိုင်းကို မပြောရဲလို့ ကြာတာကတော့ ကြာနေပြီ။

**ဒေါ်ညိုဝိုင်း။** (တစ်ဖက်သို့ မျက်နှာလွှည့်နေပြီး) ဘာကြာနေတာလဲ။

**ကိုရာမြင့်။** ဩော် … အဲ၊ မေတ္တာလေ … မေတ္တာရှိနေတာ ကြာပြီဗျ။

**ဒေါ်ညိုဝိုင်း။** (ခေါင်းကို အောက်ငုံ့လျက်) အို …။

**ကိုရာမြင့်။** ကျွန်တော်တို့အရွယ်တွေက ရည်းစားစကားပြောရမယ့် အရွယ်တွေ မဟုတ်တော့ပါဘူး။ မေတ္တာရှိနေတာကို ရိုးရိုးသားသား ဖွင့်ပြောလိုက်မိတာပါနော်။ မညိုဝိုင်း စိတ်ဆိုးသွားလား … ဟင်။



**ဒေါ်ညိုဝိုင်း။** မ … မ … မဆိုးပါဘူး။

**ကိုရာမြင့်။** (အရမ်းဝမ်းသာသွားဟန်နှင့်) ဟာ … ဒီနေ့ ပိုပြီးဝမ်းသာသွားပြီဗျာ။ ကျွန်တော့်ရင်ထဲမှာလေ မညိုဝိုင်းမှ မညိုဝိုင်းပါပဲဗျာ။ မညိုဝိုင်းရောဟင် …။

**ဒေါ်ညိုဝိုင်း။** ဟင့်အင်း … မပြောတတ်ဘူး။

**ကိုရာမြင့်။** ပြောရမယ် … ပြောပါဗျာ။ ကျွန်တော့်အချစ်ကို လက်ခံတယ် မဟုတ်လားဟင်။

**ဒေါ်ညိုဝိုင်း။** ကျောင်းချိန်နီးပြီ သွားတော့မယ်နော်။

**ကိုရာမြင့်။** (လက်ကိုဆွဲထားတော့မယောင်ပြုပြီး) ပြောပါဗျာ … ပြောသွားပါဦး မညိုဝိုင်းရယ်။

**ဒေါ်ညိုဝိုင်း။** "အင်း … " တစ်လုံးတည်းပြောပြီး … လက်ဝဲဘက်သို့ မပြေးရုံတမည် လှမ်းဝင်သွားစေ။)

**(ရှေ့ဖုံးကားဖိတ်)**

## အခန်း (၉)

**နေရာ။** ရွာထိပ် သရက်ပင်ကြီးတစ်ပင်အောက်

**အချိန်။** ညနေပိုင်း

**ခပြင်အဆင်။** သစ်ပင်တောတန်းရေးချက် နောက်ခံကားရှိရမည်။ ရှေ့နားတွင် သစ်ပင်ကြီးတစ်ပင် သီးခြားရှိရမည်။ (သစ်ပင်ဖောက်ကား ထားရှိရန်ဖြစ်သည်။).

သစ်ပင်ကြီး၏အောက်တွင် ခရာဆူးချုံများကို လူသွားလမ်းကလေးချန်၍ ထားရှိရမည်။

### (ရှေ့ဖုံးကားဖွင့်)

(ဂေဟာမှူး ကိုရာမြင့်၊ အိုက်ချိုနှင့် ကျောင်းသားခပ်ကြီးကြီး နှစ်ယောက် လက်ယာဘက်မှ ထွက်လာကြစေ။ ဟိုဟို ဒီဒီ ရှာဖွေကြည့်ရှုနေကြစေ။)

**အိုက်ချို။** ကျွန်တော်တို့ရှာတာ ချောင်းထဲရော၊ ရွာထဲရောနဲ့နေပြီ။ ရွှံ့ထဲမှာတော့ ပုန်းမနေနိုင်ဘူးထင်တယ် မှူးဆရာ။

**ကိုရာမြင့်။** နေရာနဲ့အောင် ရှာကြည့်တာပေါ့။ ဥယျာဉ်လုပ်တုန်းက



ဒီနေရာတွေလည်း ကျောင်းသားတွေ ရောက်ဖူးကြတယ်လေကွာ။ ညအိပ်ရာဝင်တော့ ပအို့ဝ်လေး သူ့ခုတင်မှာရှိတာ သေချာတယ်နော်။

**အိုက်ချို။** သေချာပါတယ် မှူးဆရာ။ ကျွန်တော် အဆောင်နှစ်ဆောင်လုံးကို လိုက်ပြီးကြည့်ပြီးသားပါ။

**ကိုရာမြင့်။** ပအို့ဝ်လေး ဒါဆို ဒီနေ့မနက်စောစောကျမှ ထွက်ပြေးဘာသေချာတယ်။ ဒီတော့ ခပ်ဝေးဝေးမသွားနိုင်ဘူး။ အနီးအနားမှာပဲ ပုန်းနေတာနေမှာကွ။ ဒီနားက ရွာတွေမှာလည်း သူ့အသိမိတ်ဆွေ မရှိဘူးကွနော်။

**အိုက်ချို။** မရှိပါ မှူးဆရာ။

**ကိုရာမြင့်။** သူဘာဖြစ်လို့ ထွက်ပြေးတယ်ဆိုတာ မင်းလည်းမသိဘူးနော် အိုက်ချို။

**အိုက်ချို။** မသိပါ မှူးဆရာ။

**ကိုရာမြင့်။** ကဲ … သစ်ကိုင်းသစ်ခက် ရှည်ရှည်လေးတွေရှာပြီး ချုံပုတ်တွေကိုလိုက်ပြီး အသာရမ်းကြည့်ကြစမ်းကွာ။

(အိုက်ချိုနှင့် ကျောင်းသားများ အနီးအနားမှ သစ်ကိုင်းသစ်ခက်များကောက်ယူပြီး ချုံပုတ်များကို လိုက်ရမ်းကြည့်ကြစေ။ ကိုရာမြင့်လည်း နေရာအနံ့ လိုက်လံကြည့်နေစေ။)

(တအောင့်အကြာတွင် သရက်ပင်ကြီးပေါ်မှ 'ဂျွတ် ‥ ဂျွတ်' မြည်သံပေါ်ထွက်လာပြီး သစ်ကိုင်းတစ်ကိုင်း ကျိုးကျစေ။ သစ်ကိုင်းနှင့်အတူ 'ပအို့ဝ်' ကျောင်းသားလေး ခရာဆူးချုံတစ်ခုပေါ်သို့ ကျလာစေ။)

**ရွာနေသူအားလုံး၏အသံ။** ဟာ ... ပဒိုဝ်လေး ... ပဒိုဝ်လေး (ပြောပြောဆိုဆိုပင် ဆူးချုံများကိုကျော်လွှားကာ ပဒိုဝ်လေးထံ အမြန်သွားကြပြီး ဝိုင်းဝန်းပွေ့ထူကြစေ။ ပဒိုဝ်လေးမှာ တစ်ကိုယ်လုံး ဆူးခြစ်ရာများနှင့် သွေးအလိမ်းလိမ်းဖြစ်နေစေ။ လူသွားလမ်းကလေးသို့ ပွေ့ယူလာပြီးနောက် ကိုရာမြင့်က သွေးများကိုသုတ်၊ ကိုယ်ခန္ဓာကိုစမ်းကြည့်စေ။ ပဒိုဝ်လေး-နာလွန်း၍ 'အမလေး' အော်ဟစ်ညည်းညူနေစေ။)

**ကိုရာမြင့်။** ကဲ ... ပဒိုဝ်လေးကို တစ်ယောက်တစ်လဲ ပွေ့ပြီး ဆေးပေးခန်းကို ခေါ်သွားကြရအောင်။ ဟိုကျမှ ဘာဖြစ်သွားလဲဆိုတာ ဆရာမ စမ်းခိုင်းရမယ်။ မောင်မှတ်သာက အနီ ဆရာမလေးအိမ်ကိုသွားပြီး ဆေးပေးခန်းကိုလာခဲ့ဖို့သွားပြော..။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၀)

**နေရာ။** ကျေးရွာဆေးပေးခန်း

**အချိန်။** ညနေပိုင်း

**အပြင်အဆင်။** ပျဉ်ထောင်နံရံရေးချက် နောက်ခံကားရှိရမည်။ နံရံထိပ်တွင် 'ကျေးရွာဆေးပေးခန်း ကန်ဦးကျေးရွာ' ဆိုင်းဘုတ်ငယ် တစ်ခုရှိပြီး နံရံ၏အခြားနေရာများတွင် ကျန်းမာရေးနှင့် ပတ်သက်သည့်စာတန်းများ။ ပိုစတာများ ကပ်ထားရမည်။

ဆေးများ၊ ဆေးပစ္စည်းများထည့်ထားသည့် ဗီရိုတစ်လုံးလည်းရှိရမည်။ လက်ယာဘက်တွင်လည်း လူနာလဲလျောင်းသည့် ခုတင်တစ်လုံး၊ လက်ဝဲဘက်နားတွင် စားပွဲငယ်တစ်လုံးနှင့် တန်းလျားတစ်ခု၊ ကုလားထိုင် သုံးလေးလုံး ရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဆေးပေးခန်းအတွင်း လူငယ်လေးတစ်ယောက် ထိုင်လျက်ရှိပြီး ကားဖွင့်သည်နှင့် ကိုရာမြင့်နှင့် ကျောင်းသားလေးများ ဇာတ်စင်လက်ယာဘက်မှ ထွက်လာကြစေ။ အိုက်ချိုက ပဒိုဝ်လေးကို ပွေ့ချီလျက်ရှိစေ။ ပဒိုဝ်လေး

ညည်းညူလျက် ရှိစေ။)

**ဆေးခန်းလူငယ်။** (သူတို့အဖွဲ့အား မြင်လျှင်မြင်ချင်းထပြီး) ဟာ … ဘာဖြစ်တာလဲ … လာ … ခုတင်ပေါ်ချ။

(အိုက်ချို ပအို့ဝ်လေးကို ခုတင်ပေါ်ချစေ။)

(ရှေ့ဆင့်နောက်ဆင့်ပင် ဆရာမအခေါ်လွှတ်လိုက်သော ကျောင်းသားလေး မောင်မှတ်သာ ဓာတ်စင်လက်ဝဲဘက်မှ ထွက်လာစေ။)

**ကိုရာမြင့်။** မောင်မှတ်သာ · · ဆရာမ ပါမလာဘူးလား။

**မောင်မှတ်သာ။** ဆရာမ မွေးလူနာရှိလို့ ဟိုဘက်ရွာကို လိုက်သွားတယ်တဲ့ မှူးဆရာ။

**ကိုရာမြင့်။** ဟုတ်လား · · ကဲ မောင်မှတ်သာ မင်းပဲ ဆေးဆရာကြီး ဦးအဂ္ဂကို သွားပင့်ခဲ့ကွာ။

**မောင်မှတ်သာ။** ဟုတ်ကဲ့ · · မှူးဆရာ။ (လက်ယာဘက်သို့ အပြေးကလေးထွက်သွားစေ။)

(ကိုရာမြင့် ပအို့ဝ်လေးထံဝင်သွားပြီး အားပေးစကားပြောစေ။ ဆေးခန်းလူငယ်လေးနှင့် အိုက်ချိုတို့ ပအို့ဝ်လေးကိုယ်ပေါ်မှ သွေးများ၊ နွံများကို သန့်ရှင်းပေးနေကြစေ။ ကိုရာမြင့်က ဦးခေါင်း၊ ခြေလက်များကို ကိုင်တွယ်လှုပ်ရှားကြည့်ပြီး။ မေးမြန်းစေ။ ညာဘက်ခြေကိုကိုင်ကြည့်စဉ် ပအို့ဝ်လေး အလွန်နာသည့်ဟန်ဖြစ်နေစေ။)

(ထိုစဉ် ဆရာမလေး ဒေါ်ညိုဝိုင်းနှင့် ညိုမောင်တို့ မောင်နှမ ဓာတ်စင်လက်ဝဲဘက်မှ ထွက်လာပြီး)



**ဒေါ်ညိုဝိုင်း။** ကျွန်မအတန်းထဲက ပအို့ဝ်လေးကျောင်းမတက်လို့ မေးကြည့်တာ ပျောက်နေတယ်၊ လိုက်ရှာနေတယ်ဆိုလို့ စိတ်တထင့်ထင့်ဖြစ်နေတာ။ ကျောင်းဆင်းတော့မှ ဆေးခန်းရောက်နေပြီကြားလို့ လိုက်လာရတာ။ ဘယ်လိုဖြစ်တာလဲဟင်။

**ကိုရာမြင့်။** ထွက်ပြေးပြီး သစ်ပင်ပေါ်တက်ပုန်းနေတာလေ၊ ကျွန်တော်တို့ လိုက်ရှာတုန်း သစ်ပင်ပေါ်ကကျတာ မညိုဝိုင်းရဲ့"

**ဒေါ်ညိုဝိုင်း။** ဘာဖြစ်လို့ ထွက်ပြေးရတာလဲဟင်။

**ကိုရာမြင့်။** အဲဒါတော့ တဖြည်းဖြည်းမေးကြည့်ရမှာ။

**ဒေါ်ညိုဝိုင်း။** ဘာဖြစ်သွားလဲ။

**ကိုရာမြင့်။** ညာဘက်ခြေထောက်တော့ နည်းနည်းထိသွားတယ်ထင်တယ်။ အနီးပတ်ဆရာမ မရှိလို့ ဆရာကြီး ဦးအဂ္ဂကို အခေါ်လွှတ်ထားပါတယ်။

(ဒေါ်ညိုဝိုင်း စိုးရိမ်ဟန်နှင့် အရှေ့ဘက်သို့ လှမ်းထွက်လာပြီး လက်ယာဘက်သို့ လှမ်းမျှော်ကြည့်စေ။)

(တအောင့်အကြာ ဆေးဆရာကြီး ဦးအဂ္ဂ ဆေးအိတ်လွယ်လျက် ဓာတ်စင်လက်ယာဘက်မှ ထွက်ပေါ်လာစေ[illegible] မောင်မှတ်သာလည်း နောက်မှ လိုက်ပါလာစေ။)

**ကိုရာမြင့်။** ဆရာကြီးရေ ပအို့ဝ်လေး သစ်ပင်ပေါ်ကကျလို့ ကြည့်[illegible]ပေးပါဦး၊ ဒီက ဆရာမလေးက မွေးလူနာဆီသွားတယ်တဲ့။

(ဦးအဂ္ဂ ဆေးအိတ်ဘေးချပြီး မအို့ဝ်လေးကို ကိုယ်ဇာနဲ့ စမ်းသပ်ကြည့်စေ။ စမ်းသပ်ကြည့်ပြီးနောက်)

**ဦးအဂ္ဂ။** ဘာမှမဖြစ်ပါဘူးကွာ။ နည်းနည်းပါးပါးလေးပါ။ မောင်ညိုမောင်[illegible] လေးတို့က သူ့ကိုယ်ကိုထိန်းပြီး ကိုင်ပေး

ထားပါ။

ညိုမောင်နှင့် ရှမ်းလေးတို့ ပအိုဝ်လေးကို ကိုင်ပေးထားကြစဉ် ဦးအဂ္ဂ ဆေးအိတ်ထဲမှ ပုလင်းတစ်ခုကိုထုတ်၊ အထဲမှ အဆီအချွဲဖြင့် ပအိုဝ်လေး၏ ညာဘက်ခြေကျင်းဝတ်ကို လိမ်းချ်ပွတ်ချေနေစေ။ ပအိုဝ်လေး နာကျင်ဟန်နှင့် ရှုံ့မဲ့ခံနေစေ။ ယင်းသို့လုပ်နေရာမှ ဦးအဂ္ဂသည် ရုတ်တရက် ခြေကျင်းဝတ်ကို အားစိုက်၍ဆွဲလှည့်လိုက်ရာ ပအိုဝ်လေးသည် "အား" ဟု ကျယ်လောင်စွာအော်ဟစ်ပြီး ကိုယ်ခန္ဓာပါ ရုန်းကန်လှုပ်ရှားသွားစေ။ညိုမောင်နှင့် ရှမ်းလေးတို့ မြဲမြဲကိုင်ထားကြရစေ။)

ဦး[အဂ္ဂ]။ (အောင်မြင်သောအပြုံးဖြင့်) ပြီးသွားပါပြီ။

ကိုရ[ဲ]မြင့်။ ဘယ်လိုဖြစ်တာလဲ ဆရာကြီး။

ဦး[အဂ္ဂ]။ ညာဘက်ခြေကျင်းဝတ် အဆစ်လွဲသွားတာဗျ။ဒါကြောင့် [ဒ]ီနားက အရမ်းနာနေတာ။ သူ့ကိုပြောလိုက်ရင် ကြောက်ပြီး အ[ေ]ာင်မခံမှာစိုးလို့ ဘာမှမဖြစ်ပါဘူးလို့ပြောတာ။ အဲဒါ မုန့်ညင်းဆီနဲ့ အသာလေးအကြောတွေဖြေပေးနေပြီး ရုတ်တရက် အဆစ်ကို ဆွဲတည့်ပေးလိုက်တာလေ။ ခဏတော့အနာခံရတာ ပေါ့ဗျာ။

ကို[ရဲ]မြင့်၊ ဒေါ်ညိုဝိုင်း။ ဩော် ... တော်သေးတာပေါ့။

(ပအိုဝ်လေး တကျွတ်ကျွတ်အသံပြု၍ နာကျင်လျက်ရှိ[စေ])

[ဦ]း[အဂ္ဂ]။ ကိုယ်ပေါ်က ဆူးခြစ်ရာတွေကတော့ အရက်ပြန်[တ]ို့[ပြီး] [ဆေ]းဝါလေး လိမ်းပေးလိုက်ပေတော့။

(ဆေးခန်းစောင့် လူငယ်လေးက ဓါရိုမွှင့်ပြီး အရက်[...]



ပုလင်း။ ဂွမ်းနှင့် ဆေးဝါလေးပုလင်း ထုတ်ယူပေးစေ။ ညိုမောင်နှင့် အိုက်ချိုတို့ ဂွမ်းများတွင် အရက်ပြန်ဆွတ်ပြီး ပအိုဝ်လေး၏ ကိုယ်ပေါ်မှ ဒဏ်ရာဒဏ်ချက်များကို ထည့်ပေးနေစေ။ ပအိုဝ်လေးစပ်သဖြင့် တအားအားအော်နေစေ။ ညိုမောင်က ဆေးဝါရည်များ ထည့်ပေးနေစေ။)

အိုက်ချို။ တစ်ကိုယ်လုံး ဆူးခြစ်ရာတွေ အများကြီးပဲနော်။ နောက်ကျရင် အဲဒီဆူးချုံတွေ ခုတ်ပစ်လိုက်ရင်ကောင်းမှာ။

ဦးအဂ္ဂ။ (ကုလားထိုင်တစ်လုံးတွင် ထိုင်ကြည့်နေရင်းပြော)

ဟာ ... ရှမ်းလေးရ ... အဲဒီဆူးချုံတွေကြောင့် ဒီကောင်လေး မကျိုးမပဲ့တာကွ။ ဆူးချုံတွေသာမရှိရင် ကျိုးပဲ့ပြီး အသက်အန္တရာယ်တောင် စိုးရိမ်ရမှာ။

အိုက်ချို။ ဩော် ... ဩော် ...။

ညိုမောင်။ အင်း ... ခရာဆူးချုံတွေကတော့ ရှင်းဖို့လည်းမလွယ်ဘူး၊ ချောင်းကမ်းရိုးနံ့မှန်သမျှ သူတို့ကြီးစိုးနေတာချည့်ပဲ။

ဦးအဂ္ဂ။ အင်း ... သဘာဝတရားကြီးမှာ ရောဂါတစ်ခုဖြစ်လာရင် ကုဖို့ဆေးဆိုတာ ရှိစမြဲပဲကွ။ မင်းတို့ "ဂျုပ်" ဆိုတဲ့ သတ္တဝါကို ကြားဖူးတယ်မဟုတ်လား။

ညိုမောင်။ ကျွန်တော် ချောင်းဝမှာ တစ်ခါမြင်ဖူးတယ်။ ပိုက်ထဲပါလာတာ။ မြွေတစ်မျိုးပဲနော် အဘ။

ဦးအဂ္ဂ။ ဒီရေတက်တဲ့ဒေသ ရေထဲမှာ ဂျုပ်တွေရှိတယ်။ ဂျုပ်ဆိုတာ မြွေလိုသတ္တဝါဖြစ်ပေမယ့် သူကကိုက်တာမဟုတ်ဘူးကွယ့်။ သူ့သွားစွယ်လေးတွေက ပါးစပ်ရဲ့အပြင်မှာထွက်နေတာ။ လူကသူ့ကိုတိုးမိလို့ သူ့အစွယ်နဲ့ခြစ်မိသွားရင် အစွယ်ထဲ

က အဆိပ်က လူ့ခန္ဓာထဲရောက်တာပေါ့။ သူ့အဆိပ်ဆိုတာက အိပ်ဆေးအပြင်းစားလို့ ဆိုရမှာပေါ့။ သူ့အဆိပ်ဝင်သွားရင် အိပ်ချင်မယ်။ အဲဒါ အိပ်ချင်လို့ အိပ်လိုက်လို့ကတော့ မနိုးတော့ဘူး။ သေတာပေါ့။ အဲဒီအဆိပ်ကို နိုင်တာက ခရာဆူးပင်ရဲ့ အမြစ်ကွယ့်။ ဂျပ်ထိရင် ခရာမြစ်ကို ချက်ချင်းဝါးစား။ သွေးသောက်ရတယ်။ ဒါကြောင့် ဂျပ်မြွေအန္တရာယ်ရှိတဲ့ဒေသမှာ အဆိပ်ဖြေနိုင်တဲ့ ခရာဆူးပင်ပေါက်ရောက်တာဟာ သဘာဝကြီးရဲ့ သေချာမှုပေါ့ကွယ်။ ငါးခူဆူးစူးရင် မမမခေါက် သွေးလိမ်းရတာလည်း အဲဒီသဘောပဲ။

**အိုက်ချို။** အံ့သြစရာပဲနော။

**ကိုရာမြင့်။** အိုက်ချို . . မင်းက သူတစ်ပါးကိုပြုစုကုသတာ ဝါသနာပါတော့ ဆရာကြီးပြောတာတွေ မှတ်ထားကွ။ တို့မြန်မာ့ရိုးရာကုထုံးတွေ၊ မြန်မာ့တိုင်းရင်းဆေးတွေဟာ တကယ်တန်ဖိုးရှိတာ။

**ဦးအင္ဂ။** တန်ဖိုးရှိပြီလား ဂေဟာမှူးရယ်။ လူတွေက တန်ဖိုးထားရမှန်း မသိလို့ပါ။ လူ့သဘာဝလွယ်လွယ်ရရင် တန်ဖိုးမရှိဘူး။ ခက်ခက်ခဲခဲ ရှားရှားပါးပါးရတာမှ တန်ဖိုးရှိတယ်လို့ ထင်တတ်ကြတာကိုး။ မြန်မာတိုင်းရင်းဆေးဆိုတာက သစ်ပင်၊ သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်၊ သစ်ရွက်၊ အပွင့် စတဲ့ သဘာဝပစ္စည်းတွေနဲ့ ကိုယ့်ပြည်တွင်း၊ ကိုယ့်ဒေသအတွင်းမှာပဲ ဖော်စပ်တာဆိုတော့ အနောက်တိုင်းဆေးတွေထက် လွယ်လွယ်ကူကူရတယ်။ ငွေကြေးအားဖြင့်လည်း သက်သာတယ်။ ဒီတော့ တန်ဖိုးထားရမှန်း မသိကြဘူးပေါ့။ နောက်ပြီး ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဆရာဆိုတော့ အထင်မကြီးတာလည်း ပါမှာပေါ့လေ။



**ဒေါ်ညိုဝိုင်း။** အို . . ကျွန်မတို့ရွာမှာတော့ ဆရာကြီးကို အားလုံးက တကယ်လေးစားကြ၊ တကယ်အားကိုးကြတာပါ။

**ကိုရာမြင့်။** အခု ပအို့ဝ်လေး ခြေဆစ်လွဲတာဆိုရင် ဆရာကြီး နည်းလမ်းတကျကုလိုက်တာ။ ကျွန်တော်တို့တောင် မသိလိုက်ဘူး။ ကောင်းသွားပြီ၊ အဲဒါလက်တွေ့ပဲလေ။

**ဦးအင္ဂ။** အဲ . . အကြောင်းဆိုက်လို့ ရှင်းပြမယ်လေ။ မြန်မာ့တိုင်းရင်းဆေးပညာမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရကို အခြေခံပြီး ကုသရတယ်။ အခု ဒီပအို့ဝ်လေးကို "မင်းခြေထောက်အဆစ်လွဲသွားပြီကွာ၊ ကဲ မင်းတို့က သူငယ်လေး မရုန်းနိုင်အောင်ကိုင်ထား၊ ငါကဆွဲတည့်မယ်" လို့ ပြောပြီးလုပ်မယ်ဆိုရင် ဒီကလေး အရမ်းကြောက်ပြီး ရုန်းလား၊ ကန်လားလုပ်တော့မှာပေါ့။ အခု သူ့ကို အရေးမကြီးသယောင်ပြောရင်း သူ့ခြေထောက်က အကြောတွေ၊ ကြွက်သားတွေကို ပြေအောင်ဖြေပြီး ဆက်ခနဲဆွဲတည့်လိုက်တာဟာ သူ့ "စိတ်ဓာတ်" ကိုပြုပြင်ပြီး ကုတဲ့သဘောပေါ့။ အဲဒါ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အခြေခံတွေထဲက "စိတ်" ပေါ့။

**ဒေါ်ညိုဝိုင်း။** အကြော၊ အရိုး၊ အဆစ်နဲ့ပတ်သက်လို့ သမားတော်ရဲ့ ကျွမ်းကျင်မှုကလည်း လိုတယ်နော် ဆရာကြီး။

**ဦးအင္ဂ။** ဆေးပညာနဲ့ ဆေးကုထုံးကျွမ်းကျင်မှုကတော့ အဓိကပဲပေါ့လေ။ ဒါကြောင့်လည်း တိုင်းရင်းဆေးဆရာ တစ်ယောက်ဖြစ်ဖို့ဆိုတာ အများကြီးကြိုးစားရပါတယ်။ ဟိုတုန်းကတော့ ကျွမ်းကျင်မှုမရှိဘဲ တိုင်းရင်းဆေးဆရာကြီးဆိုပြီး ကိုယ့်ကိုယ်ကိုယ်အမည်ခံကြတာတွေရှိတော့ အုတ်ရောရောရော ကျောက်ရောရောဖြစ်ခဲ့တယ်လေ။ အခုခေတ်မှာတော့ နိုင်ငံတော်က တိုင်းရင်း

ဆေးကို အထူးအားပေးနေပြီဖြစ်လို့ စနစ်တကျသင်တန်းတွေပေး။ အသိအမှတ်ပြုလွှာတွေနဲ့ ဆောင်ရွက်နေပြီဖြစ်လို့ အခုအခါမှာ မြန်မာတိုင်းရင်းဆေးဟာ မြင့်မားလာပါပြီ။ အများကလည်း အားကိုးလာကြပါပြီ။

**အိုက်ချို။** ဆရာကြီးခင်ဗျား … ဟိုတစ်ခါ ဆွမ်းတော်ကြီးလှည့်တုန်းက ချောင်းဝက အမျိုးသမီးကို ဘယ်လိုကုပေးလိုက်တာလဲခင်ဗျာ။

**ဦးအဂ္ဂ။** ဩော် · · ချောင်းဝက အပျိုမလေးလား။ တကယ်တော့ အပျိုဖော်ဝင်စအချိန်ဟာ ငိုလိုက်၊ ရယ်လိုက်၊ ဟိုပြော ဒီပြော ကယောင်ချောက်ချားဖြစ်တတ်တာ သဘာဝပါ။ အဲဒါကို ဆရာတု ဆရာယောင်နဲ့တွေ၊ ပယောဂဆိုပြီး ရိုက်မယ်နှက်မယ် လုပ်တာကိုး။ အဲ … အဘဆီရောက်လာတော့ စိတ်ပုံမှန်ဖြစ်အောင်လုပ်ပြီး ဆီးသီးနဲ့ ထန်းလျက်ကျိုကျွေးလိုက်တာ ကောင်းသွားတာပေါ့ကွာ ဟား … ဟား … ဟား။ မင်းတို့လည်းမှတ်ထားကြ ဆီးယိုဟာ အပျိုဖော်ဝင်ခါစ သွေးလေမငြိမ်သက်မှုကို ထိန်းသိမ်းပေးနိုင်တယ်ကွယ့်။

**အိုက်ချို။** ဟာ… အံ့သြစရာပဲနော်။ တိုင်းရင်းဆေးတွေ သိပ်ကောင်းတာပဲ ဆရာကြီး။

**ဦးအဂ္ဂ။** အေး · · ရှမ်းလေး · · တိုင်းရင်းဆေးကို စိတ်ဝင်စားရင် နောက်ကြုံတဲ့အခါတိုင်း ဆရာကြီးပြောပြမယ်။ ကဲ · · ပအို့ဝ်လေးကိုယ်ပေါ်က ဆူးခြစ်ရာတွေလည်း ဆေးထည့်ပေးပြီးသွားပြီ။ အနီဆရာမပြန်လာရင်တော့ ကိုက်ခဲမှုသက်သာအောင် ထိုးဆေးထိုးပေးဖို့ ပြောလိုက်ပါ ဂေဟာမှူးရေ။ ဆရာကြီးပြန်တော့မယ်နော်။



**ကိုရာမြင့်။** ဟုတ်ကဲ့ပါ … ဆရာကြီး (လက်အုပ်ချီ၍) ဂါရဝပြုပါတယ်ခင်ဗျား။

(ကျန်လူများလည်း ဂါရဝပြုကြစဉ် ဆေးအိတ်လွယ်လျက် ဦးအဂ္ဂ ဇာတ်စင်၏ လက်ယာဘက်သို့ဝင်စေ။)

**ကိုရာမြင့်။** ကဲ · · အနီဆရာမစောင့်ရင်း ပအို့ဝ်လေး မင်းဘာဖြစ်လို့ ထွက်ပြေးတယ်ဆိုတာ မှူးဆရာကို ပြောပြစမ်း · ·။

(အားလုံးဝိုင်း၍ စိတ်ဝင်စားစွာ နားထောင်ကြစေ။ ပအို့ဝ်လေး ထမည်ပြုရာ …)

**ကိုရာမြင့်။** မထနဲ့ · · မထနဲ့၊ ခြေထောက်ကို အနားပေးထားဦး။ အိပ်လျက်ပဲပြောပြပါကွာ။

**ပအို့ဝ်လေး။** ဒီလိုပါ · · မှူးဆရာ။ မနေ့က ညနေစာစားပြီးတော့ ကျွန်တော်ရယ်၊ ကျောက်ပုရယ်၊ ဘုရားတန်ဆောင်းထဲ လမ်းလျှောက်နေတုန်း ဖွေဆိုးရောက်လာပါတယ်။ ဖွေဆိုးက 'ပအို့ဝ်လေး' လို့ခေါ်ရင် မခံနိုင်တဲ့။ မင်းနာမည် ခမ်းညီပဲ။ မင်းကိုနှိမ်ချင်လို့ ပအို့ဝ်လေးလို့ ခေါ်တာတဲ့။ သူ့ကိုလဲ ဖွေဆိုးလို့ ခေါ်ရင်ထိုးမှာပဲတဲ့။ မင်းကို ပအို့ဝ်လေးခေါ်ရင်လည်း လက်သီးနဲ့ထိုး။ ဒါမှ မခေါ်ရဲမှာတဲ့။ အဲဒါနဲ့ စကားပြောနေရင်း ကျောက်ပုက ပအို့ဝ်လေးလို့ခေါ်တော့ ကျွန်တော်က မခေါ်နဲ့ပြော။ ကျောက်ပုက ခေါ်နေကျမို့ခေါ်တာ ဘာဖြစ်တုံးဆိုပြီး ရန်ဖြစ်တယ်။ ကျွန်တော်က ကျောက်ပုကို လက်သီးနဲ့ထိုးတာ သူ့ပါးစပ်ထဲက သွေးတွေထွက်လာတော့ ဖွေဆိုးက ဆရာတော်နဲ့ လူကြီးတွေသိရင် မင်းတို့ရန်ဖြစ်တဲ့နှစ်ယောက်လုံးကို ထုတ်ပစ်မှာတဲ့။ သွေးထွက်အောင်လုပ်တဲ့လူကတော့ ထောင်ကျမှာတဲ့။ အဲဒါနဲ့ ကျွန်တော်တို့နှစ်ယောက် မှူးဆရာကို မတိုင်ရဲ

ဘဲ ညတစ်ညလုံး ကျွန်တော် ထောင်ကျမှာကိုတွေးပြီး အိပ်မပျော်ဘူး။ မနက်ကျတော့ ဘယ်သူမှမနိုးခင် ထွက်ပြေးတယ်။ အဝေးကြီးမရောက်ဘဲ ပြန်ပြန်လည်နေတယ်။ မိုးလင်းတော့ သရက်ပင်ကြီးပေါ် တက်ပုန်းတာပါ။ မှူးဆရာတို့လာတော့ ကြောက်လန့်ပြီး အပေါ်ကိုင်းကိုလှမ်းဆွဲမိလို့ ကိုင်းကျိုးကျတာပါ။

**ဒေါ်ညိုဝိုင်း။** ဩော် ... ဖြစ်မှဖြစ်ရလေကွယ်။

**ကိုရာမြင့်။** အင်း ... ဗွေဆိုးရဲ့စနက်ပါလား။ ပအိုဝ်လေးရာ မင်းကို ပအိုဝ်လေးလို့ခေါ်ကြတာ မင်းကိုချစ်လို့ခေါ်တာပါကွာ။ နောက်ပြီး ရန်ဖြစ်တယ်ဆိုတိုင်းလည်း ဂေဟာက ထုတ်တာမဟုတ်ပါဘူးကွ။ အပြစ်အကြီးအသေးစစ်ကြည့်ဦးမှာပါ။ အခုဟာက မင်းတို့ကသက်သက်မဲ့ရန်ဖြစ်ကြတာမှ မဟုတ်ဘဲ ဗွေဆိုးမွှေလို့ဖြစ်ရတာပဲ။ ထောင်လည်း မကျပါဘူးကွာ။

**ဒေါ်ညိုဝိုင်း။** ဒါဆို ... ဂေဟာက ထုတ်ပယ်ဖို့ မလိုဘူးပေါ့နော်။ တော်သေးတာပေါ့။ ပအိုဝ်လေးက လူရိုးလေးပါ။

**ကိုရာမြင့်။** ထုတ်စရာမလိုပါဘူး မညိုဝိုင်းရဲ့။ ဗွေဆိုးကိုတော့ ဗွေမဆိုးအောင် ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ စဉ်းစားရမယ်။

**ဒေါ်ညိုဝိုင်း။** ကဲ ... ဒါဆို ကိုရာမြင့်တို့ မစ်ဒ်ဝိုက်ကိုစောင့်ဦးမှာမဟုတ်လား၊ ကျွန်မတို့ ပြန်လိုက်ဦးမယ်နော်။ (ညိုမောင်သို့ လှမ်းပြော) လာ ... မောင်လေး ပြန်ကြစို့ ...။

(ဒေါ်ညိုဝိုင်းနှင့် ညိုမောင်တို့ ဇာတ်စင်လက်ဝဲဘက်သို့ဝင်စဉ်)

(ရှေ့ဖုံးကားဝိတ်)

## အခန်း (၁၁)

**နေရာ။** ပရဟိတဂေဟာရုံးခန်း

**အချိန်။** ညနေကျောင်းဆင်းပြီးချိန်

**အပြင်အဆင်။** အခန်း (၃) အတိုင်း ပြင်ဆင်ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(အခန်းထဲတွင် ပရဟိတဂေဟာ ဥက္ကဋ္ဌ ဦးချစ်တင်၊ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အတွင်းရေးမှူး၊ ဂေဟာမှူး ကိုရာမြင့်တို့ စားပွဲတွင် ဝိုင်းထိုင်လျက် ဆွေးနွေးနေကြစေ။)

**ကိုရာမြင့်။** ဗွေဆိုးလို့ခေါ်တဲ့ မောင်ငွေစိုးကိစ္စကို တိုင်ပင်ချင်လို့ ဥက္ကဋ္ဌတို့ကို ဖိတ်လိုက်ရတာပါ။ ဟိုတစ်နေ့က ပအိုဝ့်လေး ထွက်ပြေးရတဲ့ကိစ္စဟာ ဗွေဆိုးက စလိုက်တာပါ။ ဥက္ကဋ္ဌတို့လည်း သိပြီးရောပေါ့။

**ဦးချစ်တင်။** သိပြီးပါပြီ။ ပရဟိတဂေဟာစည်းကမ်းချက်များနဲ့ ကြည့်မယ်ဆိုရင် ပထမဆုံးအချက်နဲ့ ငြိမယ်ထင်တယ်။

**ဦးတင်ဦး။** (နံရံပေါ်မှ စည်းကမ်းချက်များကို လှမ်းဖတ်စေ။)

(တစ်) တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဒေါသဖြစ်စေမည့် စောင်း

မြောင်းခြင်း၊ ကြီးနိုင်ငယ်ညှဉ်းခြင်းများ ရှောင်ကြဉ်ရန်။

အင်း…ဒီတစ်ချက်နဲ့က ငြိတယ်လည်းပြောလို့ရ၊ မငြိဘူးလည်း ပြောလို့ရနေတယ်ဗျ။

**ဦးချစ်တင်။** သူက ပအို့ဝ်လေးနဲ့ ကျောက်ပုကို ခိုက်ရန်ဒေါသ ဖြစ်အောင် ဆွပေးတာတော့အမှန်ပဲ။

ဟို‥အရင်တစ်ခါ ပြေးထန်းတဲသွားတဲ့ကိစ္စ ဖြစ်ခဲ့သေးတယ် မဟုတ်လား၊ အဲဒီတုန်းက ကိုရာမြင့် ငွေဆိုးကို ဘယ်လိုဆုံးမထားခဲ့လဲ။ အဲဒါနဲ့ဆက်စပ်ကြည့်ရင်ကောင်းမယ်။

**ကိုရာမြင့်။** အဲဒီတုန်းကတော့၊ နောက်တစ်ခါ ပြေး ထန်းတဲသွားရင် ဂေဟာက ထုတ်ပစ်မယ်လို့ပြောထားပါတယ်။ အဲဒီနောက်ပိုင်း ထန်းတဲတော့ မသွားတော့ပါဘူး။

**ဦးချစ်ဦး။** အဲဒါတော့ လိုက်နာသားပဲ။

**ဦးချစ်တင်။** စဉ်းစားရတာတော့ ခပ်ကြပ်ကြပ်ပဲဗျာ။…

ဗီဇမကောင်းတာတော့ အမှန်ပါပဲ။ ဆွမ်းဆန်ထဲ ကြွက်ချေး ရောတာပေါ့ဗျာ။ ကျွန်တော်တို့ ဂေဟာက ထုတ်ပစ်လိုက်ရတဲ့ အဖြစ်မျိုးတော့ မရှိစေချင်ပါဘူး။ ဆရာတော်ကြီးရဲ့ မေတ္တာ၊ ကရုဏာကိုလည်း အလေးဂရုပြုသင့်တယ်။

**ဦးတင်ဦး။** သူ့လိုကလေးမျိုးက အရပ်ထဲရောက်သွားရင် လူဆိုး၊ သူခိုး ဖြစ်သွားမှာ သေချာတယ်ဗျ။

**ကိုရာမြင့်။** ကျွန်တော်တို့ ဒီကလေးကို အခုတွေ့ပြီး သူ့စိတ်ထဲက အခြေအနေကို လေ့လာကြည့်ပြီးမှ ဆုံးဖြတ်ရင် ကောင်းမလား။



**ဦးချစ်တင်+ဦးတင်ဦး။** ကောင်းတယ်‥ကောင်းတယ်။

**ကိုရာမြင့်။** (ဇာတ်စင် လက်ဝဲဘက်ထောင့်သို့သွားပြီး အခန်းအပြင်ရှိ အိုက်ချိုကို လှမ်းပြောဟန်နှင့်)

ဟေ့‥အိုက်ချိုရေ‥မောင်ငွေစိုးကို သွားခေါ်ခဲ့ကွာ။ (အခန်းအပြင်ဘက်မှ အိုက်ချိုအသံဖြင့် "ဟုတ်ကဲ့‥မှူးဆရာ" အသံထွက်ပေါ်လာစေ။)

**ကိုရာမြင့်။** (နေရာတွင် ပြန်ထိုင်ရင်းပြော) ကျွန်တော်သူ့ကို ဆိုက်ကိုသုံးကြည့်လိုက်မယ်ဗျာ။

(စားပွဲပေါ်ရှိ ရေနွေးကြမ်း ဓာတ်ဘူးထဲမှ ရေနွေးများငှဲ့သောက်ရင်း စဉ်းစားနေကြစေ။ ခဏအကြာ ငွေဆိုး (ခေါ်) ငွေစိုး လက်ဝဲဘက်မှ ထွက်လာစေ။)

**ငွေဆိုး။** (စားပွဲနားတွင် မတ်တတ်ရပ်ပြီး) ကျွန်တော့်ကို ခေါ်တယ်ဆိုလို့။

**ကိုရာမြင့်။** (စကားသံ ခပ်ပြတ်ပြတ်နှင့်) မင်းကို အပြင်မှာ ထမင်းကျွေးမယ့်လူရှိလား။

**ငွေဆိုး။** မရှိပါဘူး။

**ကိုရာမြင့်။** အေး‥မင်းက ပအို့ဝ်လေးနဲ့ ကျောက်ပုကို ရန်တိုက်ပေးတယ်။ ဂေဟာစည်းကမ်းကိုလည်း ခဏခဏချိုးဖောက်တယ်။ ဒါကြောင့်မို့ မင်းကို ဂေဟာက ထုတ်ပစ်ဖို့ တို့ဆုံးဖြတ်လိုက်ပြီ။

(ငွေဆိုး‥မမျှော်လင့်သည့် စကားကြားရသဖြင့် ငိုင်သွားစေ။ ခဏအကြာတွင် ဒူးထောက်ချလိုက်ပြီး ကိုရာမြင့်

ခြေထောက်ကိုဖက်ပြီး ငိုကြွေးစေ။)

**ဖွေဆိုး။** (ငိုယို၍) မူးဆရာ ကျွန်တော့်ကို မထုတ်ပါနဲ့။ ကျွန်တော် အပြစ်မလုပ်တော့ပါဘူး။ ကျွန်တော်စည်းကမ်းလိုက်နာပါမယ် ခင်ဗျ။

**ကိုရာမြင့်။** မင်း..နောက်နောင် အပြစ်မလုပ်တော့ပါဘူး။ စည်းကမ်းလိုက်နာမယ်ဆိုတာ..ငါကတော့ ယုံတယ်ထား… ဥက္ကဋ္ဌကြီးတို့ နှစ်ယောက်က ယုံချင်မှယုံမှာ။

**ဖွေဆိုး။** (ဦးချစ်တင်နှင့် ဦးတင်ဦးရှေ့သို့ ဒူးထောက်ရင်း ရွှေ့သွားပြီး ရှိခိုးကာ) ကျွန်တော်တကယ် နောင်တရပါပြီ။ ကျွန်တော် ဒီက ထုတ်လိုက်ရင် ထမင်းငတ်မှာပါ။ ကျွန်တော့်ကို မထုတ်ပါနဲ့..။

**ဦးချစ်တင်။** မင်းက ပအို့ဝ်လေးတို့ကို ဘာဖြစ်လို့ တိုက်ပေးရတာလဲ.. ပြောစမ်းပါဦးကွ။

**ဖွေဆိုး။** ကျွန်တော့်ကို "ဖွေဆိုး""ဖွေဆိုး"လို့ ခေါ်ကြတာ မခံချင်လို့၊ ပအို့ဝ်လေးကိုလည်းမခံချင်အောင်ပြောမိတာပါ။ ရန်တိုက်ပေးတာ မဟုတ်ပါဘူး။ တကယ်ပါ။

**ကိုရာမြင့်။** ကဲ..မင်းနောင်တရပြီဆိုရင်တော့ ဥက္ကဋ္ဌကြီးတို့က ထုတ်ပစ်တဲ့ ဆုံးဖြတ်ချက်ကို ပြန်ပြင်ပေးပါလိမ့်မယ်။ ဒါပေမဲ့ ပရဟိတဂေဟာရဲ့ စည်းကမ်းချက်တွေကို လုံးဝမချိုးဖောက်ပါဘူးဆိုတာ၊ လက်မှတ်လည်းထိုးရမယ်၊ ဘုရားရှေ့မှာလည်း သစ္စာဆိုရမယ်။ ဘယ့်နှယ့်လဲ၊ လုပ်နိုင်ပါ့မလား။

**ဖွေဆိုး။** လုပ်နိုင်ပါတယ်ခင်ဗျ။



**ကိုရာမြင့်။** ကဲ ထထ..(ဖွေဆိုးမတ်တတ်ရပ် လက်ပိုက်နေစေ)။ သစ္စာဆိုတယ်ဆိုတာ ခပ်ပေါ့ပေါ့ မဟုတ်ဘူး။ သစ္စာဖျက်ရင် ဘုရားကို လိမ်တာမို့လို့ ဒုက္ခရောက်မယ်။ ဘယ့်နှယ့်လဲ၊ သစ္စာဆိုရဲပါ့မလား။

**ဖွေဆိုး။** ဆိုရဲပါတယ်ခင်ဗျ။

**ဦးချစ်တင်။** ဂေဟာစည်းကမ်းဆိုတာလည်းကွာ မလိုက်နာနိုင်တဲ့ ကိစ္စတွေမှ မဟုတ်ဘဲ။ နောက်ပြီး မင်းတို့ကို လူကောင်း လူတော်လေးတွေဖြစ်အောင် ချမှတ်ထားတဲ့ စည်းကမ်းတွေပဲ ဥစ္စာ..။

**ဖွေဆိုး။** ဟုတ်ကဲ့ပါခင်ဗျ။

**ကိုရာမြင့်။** နောက်တစ်ခု မင်းနဲ့ဆရာနဲ့ အပေးအယူတစ်ခုလုပ်မယ်။ အခုချိန်ကစပြီး မင်းကို "ဖွေဆိုး"လို့ ဘယ်သူမှ မခေါ်စေရဘူး။ ခေါ်တဲ့လူကို အပြစ်ပေးမယ်။ နက်ဖြန်တန်းစီမှာ ကြေညာမယ်။ အေး..မင်းကလည်း ဆရာ့ကို ကတိတစ်ခုပေးရမယ်။ ဘာလဲဆိုတော့ ဒီနှစ် ၆တန်းအောင်ရမယ်။ နောက် ၂ နှစ်မှာ ၈ တန်းအောင်ရမယ်။ ဘယ့်နှယ့်လဲ၊ ကတိပြုနိုင်မလား။

**ဖွေဆိုး။** (စဉ်းစားပြီး) ဟုတ်ကဲ့..။ ကျွန်တော် အောင်,အောင်ကြိုးစားပါ့မယ်ခင်ဗျ။

**ကိုရာမြင့်။** အေး..ဒါမှပေါ့ကွ။ မင်းနဲ့ အိုက်ချိုတို့ဟာ ဂေဟာကို တစ်ပြိုင်တည်းရောက်လာတာ။ အိုက်ချိုက အခု ၇ တန်း၊ မင်းက ၆ တန်း။

**ဦးချစ်တင်။** ကဲ..မောင်ဖွေစိုး မင်းအခုချိန်ကစပြီး လူသစ်စိတ်သစ်နဲ့

လူတော်လူကောင်းလေးဖြစ်သွားပြီလို့ တို့တစ်တွေ သတ်မှတ်လိုက်ပြီကွာ။ ဝမ်းသာတယ်ဟေ့။

**ဦးချစ်ဦး။** တို့ရွာထဲကလည်း မင်းကို ဗွေဆိုးလို့ မခေါ်အောင် ငါ တာဝန်ယူတယ်။ မင်းဘက်ကသာ လူတော်လူကောင်းလေး ဖြစ်အောင်လုပ်ပါ။

**ငွေစိုး။** (ဝမ်းသာအားရမျက်နှာဖြင့်) ဟုတ်ကဲ့ပါခင်ဗျ။

**ကိုရာမြင့်။** ကဲ··မောင်ငွေစိုးလာ··ဘုရားဆောင်သွားပြီး သစ္စာဆိုရမယ်။

(အားလုံးမတ်တတ်ရပ်လိုက်စဉ်··။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၂)

**ကာလ။** ၁၉၉၁ ခုနှစ်၊ နွေကျောင်းပိတ်ရက်ကာလ

**နေရာ။** ကန်ဦးရွာ အလယ်တန်းကျောင်းအုပ်ဆရာကြီးရုံးခန်း

**အချိန်။** နေ့လယ်ပိုင်း

**အပြင်အဆင်။** အခန်း (၇) အတိုင်း ပြင်ဆင်ရမည်။

(ရှေ့ဖုံးကားဖွင့်)

(ကျောင်းရုံးခန်းထဲတွင် ဆရာ၊ ဆရာမ ၆ ယောက်ခန့် ကျောင်းသားစာရင်းများ ပြုစုနေကြစေ။ ဆရာဦးတင့်လွင်၊ ဆရာမ ဒေါ်ခင်နု၊ ဆရာမလေး ဒေါ်ညိုပိုင်းတို့ပါရှိစေ။ ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက လိုက်လံ၍ ညွှန်ပြပြောဆိုနေစေ။)

(ခဏအကြာတွင် ဆရာဦးရီနှင့် ဂေဟာမှူးကိုရာမြင့်တို့ ဇာတ်စင်လက်ယာဘက်မှ ထွက်လာစေ။)

**ဦးသန်းထွန်း။** ဆရာဦးရီ ပြန်လာပြီလား။ ကိုရာမြင့်လည်းပါလာတာကိုး။ လာထိုင်ကြပါဦးဗျာ။ ပရဟိတဂေဟာ စောင့်ရှောက်ရေးအဖွဲ့က ဘယ်လိုများစီစဉ်ကြမလဲ။ ဟောဒီမှာ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ် စားကြဗျာ။ (ကုလားထိုင်သို့ ပြန်ထိုင်စေ။)

**ဦးရှိ။** ကျွန်တော်ကတော့ ပရဟိတဂေဟာ အစည်းအဝေးကို ဆရာကြီးကိုယ်စား သွားတက်ရတော့၊ ဗိုက်ကားလာပါပြီ။ ၈တန်း Result ဝမ်းသာစရာကိစ္စ အစည်းအဝေးဆိုတော့ လက်ဖက်ရည်နဲ့မုန့်တွေ စုံနေတာပဲ။

**ဦးသန်းထွန်း။** ဟုတ်လား…ကျွန်တော်မတက်လိုက်နိုင်တာ နာသဗျာ။ ဒီမှာလည်း စာရင်းတွေအချိန်မီပို့နိုင်ဖို့က အရေးကြီးနေတာကိုး။ ကဲ ပြောပြပါဦး ဂေဟာမှူးကြီးရဲ့။ ဘာတွေများစီစဉ်ကြသလဲ ဆိုတာ။ အခု ၈ တန်းအောင်စာရင်း ၁၉ ယောက်မှာ ပရဟိတ က ၅ ယောက်ပါတာနော်။

**ကိုရာမြင့်။** ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ပရဟိတက ၇ ယောက်ဖြေတာ၊ ၅ ယောက် အောင်ပါတယ်။ အဲဒီထဲမှာ ရှမ်းလေး အိုက်ချိုလည်း အပါအဝင်ပေါ့။

**ဦးသန်းထွန်း။** အေးဗျာ ဝမ်းသာလိုက်တာ။ အောင်တဲ့ကလေးတွေ ဘယ်လိုဆက်စီစဉ်မလဲ၊ ပြောပါဦး။

**ကိုရာမြင့်။** ၂ ယောက်က ဒီတစ်ပိုက်က ကလေးတွေဆိုတော့ သူတို့ဆွေမျိုးသားချင်းတွေ ရောက်လာပြီး၊ သူတို့သင့်သလို စီစဉ်မယ်၊ ပြန်ခေါ်ပါရစေလို့တောင်းကြလို့၊ သူ့အစီအစဉ်နဲ့သူ ဖြစ်သွားပါတယ်။ ၂ ယောက်ကတော့ မိဘလည်းမရှိ သူတို့ကို ခေါ်လာတဲ့ အရပ်ဒေသကလည်းဝေးတော့ ဆွေမျိုးသားချင်း အဆက်အသွယ်ကလည်း ပြတ်သွားပြီလေ။ ဒါ့ကြောင့် သူတို့ကို တော့ စက်မှုလက်မှုကျောင်းကို လျှောက်ပေးဖို့ ဆုံးဖြတ်ထား ပါတယ်။



**ဦးသန်းထွန်း။** ဟင်…ထူးချွန်တဲ့ အိုက်ချိုကိုတော့ ဘာမှလုပ်မပေး ဘူးလား။

**ဦးရှိ။** ထူးချွန်တဲ့ကလေးမို့လို့ သီးခြားစီစဉ်ထားပါတယ် ဆရာကြီး။

**ကိုရာမြင့်။** ဒီလိုပါ။ ကျွန်တော်တို့ရဲ့ ပရဟိတ ဆရာတော်ကြီးက ဖျာပုံမြို့ပေါ်မှာ ဘိုးဘွားရိပ်သာကြီးတစ်ခုကို တည်ဆောက်နေ တာကြာပါပြီ။ အခုတော့ ပြည့်စုံပြီဖြစ်လို့ ဘိုးဘွားရိပ်သာကို ဒီနှစ်ပိုင်းမှာ မကြာခင်ကပဲ ဖွင့်လှစ်လိုက်ပါပြီ။ ကန်တော်ကြီး အနီးမှာ တည်ရှိပါတယ်။ အိုက်ချိုကို အဲဒီကန်တော်ကြီး ဘိုးဘွား ရိပ်သာမှာ လက်ထောက်ဂေဟာမှူး တာဝန်ပေးပြီး၊ ဘိုးဘွား ရိပ်သာ တာဝန်လည်းလုပ်၊ အဲဒီမှာပဲနေပြီး အထက်တန်းကျောင်း ကို ဆက်တက်ဖို့ စီစဉ်လိုက်ပါပြီ ဆရာကြီး။

**ဦးသန်းထွန်း။** ဟာ သိပ်ကောင်းတဲ့အစီအစဉ်ပါလားဗျာ။ သူ့အတွက် စားရေး၊ နေရေး မပူရဘဲ ကျောင်းဆက်တက်နိုင်တဲ့နည်းပေါ့။ ကန်တော်ကြီးဆိုတာ အ·ထ·က (၁) နဲ့ နီးတယ်ဗျ။ သွားရေး၊ လာရေးလည်း အခက်အခဲမရှိဘူး။ ကောင်းဗျာ…ခင်ဗျားတို့ အစီအစဉ်ကတော့ "အတိုင်းထက်အလွန်၊ တံခွန်နဲ့ကုက္ကား" ပါလားဗျို့…။

**ဦးရှိ။** အိုက်ချိုက ၁၀တန်းကိုလည်း ထူးထူးချွန်ချွန် အောင် မယ့်ကလေးဗျ။ အဲ …တက္ကသိုလ်အထိတောင် သူ့အတွက် ကြိုစဉ်းစားထားဖို့လိုမယ်နော်။

**ကိုရာမြင့်။** ဟုတ်တယ်ခင်ဗျ။ စဉ်းစားထားရမယ့်ကိစ္စပါ။ မြို့ကို သွားပြီး သူ့ကိုအပ်ရင်း၊ ဆရာတော်ကြီးကိုလည်း လျှောက်

ခဲ့ရဦးမယ်။ နောက်ပြီး ကျွန်တော်တို့ ပရဟိတဂေဟာကို မြို့ပေါ်ကနေ တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီနေတဲ့ "ပရဟိတအကျိုးဆောင်အဖွဲ့"ဆိုတာလည်းမြို့ပေါ်မှာ ရှိနေပါတယ်။ သူတို့ကိုလည်း အကူအညီတောင်းခဲ့ပါ့မယ်။

**ဦးသန်းထွန်း။** ကောင်းပါလေ့ဗျာ။

**ဦးတင့်လွင်။** (စာရေးနေခြင်းကို ခေတ္တရပ်၍) ရှမ်းလေးအိုက်ချိုမြို့ရောက်သွားရင်တော့၊ ဂေဟာမှူးကြီး လက်တစ်ဖက်ပြုတ်သလိုဖြစ်ပြီပေါ့နော်။

**ကိုရာမြင့်။** ဒါတော့ဒါပေါ့ဗျာ။ ကျွန်တော်နဲ့အတူ ဒီမှာပဲနေဆိုလည်း နေမှာပါ။ ဒါပေမဲ့ သူ့ရှေ့ရေးကို ကြည့်သင့်တယ်လေ။ သူက ထူးချွန်မယ့်ကလေးဗျ။

**ဦးတင့်လွင်။** အိုက်ချိုမရှိပေမယ့်၊ မောင်ညိုမောင်ကတော့ ရှိနေဦးမှာပါ။

**ဒေါ်ခင်နွဲ့။** (စာရေးခဏရပ်၍) ဟုတ်တယ်၊ ညီတော်မောင်တစ်ယောက်လုံးရှိနေသေးတာလေ။

(အားလုံး ဒေါ်ညိုဝိုင်းကို လှမ်းကြည့်ပြီး ရယ်ကြစေ။ ဒေါ်ညိုဝိုင်းမျက်နှာမထားတတ်ဖြစ်စေ။)

**ဦးသန်းထွန်း။** (ပြုံးစိစိမျက်နှာဖြင့်) အင်း…အကြောင်းဆိုင်လို့ မေးရဦးမယ်ဗျ။ ဒေါ်ညိုဝိုင်းတို့ရော ဘယ်လိုတုံး။ လက်ဖွဲ့စီစဉ်ထားရတော့မလား။

**ကျွန်ဆရာ၊ ဆရာမများ။** ဟုတ်တယ်၊ ဟုတ်တယ်၊ ဘယ်တော့လဲ…။



**ဒေါ်ညိုဝိုင်း။** (ရေးလက်စကို ရပ်လိုက်ပြီး မဲ့တဲ့တဲ့အသံဖြင့်) ရှင်တို့ဂေဟာမှူးက သူ့ရင်သွေးလေးတွေ ရင်ခွင်မဲ့ဖြစ်သွားမှာစိုးသတဲ့ရှင့်…။

(အားလုံးရယ်မောကြစေ။ ကိုရာမြင့်က ပြုံးဖြီးဖြီးမျက်နှာ ဖြစ်သွားစဉ်)

(ရှေ့ဖုံးကားပိတ်)

# အခန်း (၁၃)

**ကာလ။** ၁၉၉၁ ခုနှစ်

**နေရာ။** ဖျာပုံမြို့၊ ကန်တော်ကြီးဘိုးဘွားရိပ်သာ၊ ရုံးခန်း

**အချိန်။** မွန်းလွဲပိုင်း

**အပြင်အဆင်။** သစ်သားအဆောက်အဦတစ်ခု၏ ပျဉ်ထောင်နံရံရေးချက် နောက်ခံကားရှိရမည်။ နောက်ခံကား၏ အပေါ်နားတွင် ''ဘိုးဘွားရိပ်သာ'' ဟူသော ဆိုင်းဘုတ်ငယ် ချိတ်ဆွဲထားရမည်။ ''သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြိုးပမ်းစို့'' ''သင်လည်း တစ်နေ့ အိုရအံ့'''' ''ဣဓေဝနံ ပဿံ သန္တိ ပေစ္စသဂ္ဂေပမောဒတိ'' စသည့် စာသားများလည်း နံရံပေါ်တွင် ကပ်ထားရမည်။

ရှေ့ပိုင်းတွင် လက်ဝဲဘက်ခြမ်း၌ ဆက်တီတစ်စုံ၊ လက်ယာဘက်ခြမ်း၌ စားပွဲတစ်လုံးနှင့် ကုလားထိုင်များ ချထားရမည်။ စားပွဲဘေးတွင် ဗီရိုတစ်လုံးလည်း ရှိရမည်။

## (ရှေ့ဖုံးကားဖွင့်)

(ဘိုးဘွားရိပ်သာ ဂေဟာမှူး ဦးအောင်၊ စားပွဲတွင်ထိုင်၍ ရေးမှတ်နေစေ။ လူသံများကြားရ၍ လက်ယာဘက်အခန်း အပြင်ဘက်သို့ လှမ်းကြည့်လိုက်ပြီး)



**ဦးအောင်။** ဟော...ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ပါလား။ ပရဟိတ ဂေဟာမှူးကြီးလည်း ပါလာတာကိုး။ (ထိုင်ရာမှထပြီး ရှေ့ပိုင်းသို့ထွက်၍ ကြိုဆိုစေ။)

(ဦးညွန့်သိန်း၊ ဦးဝင်းတင်၊ ဦးထွန်းရည်၊ ဦးမောင်ကြည်၊ ကိုရာမြင့်နှင့် အိုက်ချိုတို့ ဇာတ်စင်လက်ယာဘက်မှ ထွက်လာစေ။ ဦးအောင်က ဆက်တီတွင် နေရာပေးစေ။)

**ဦးအောင်။** (ဧည့်သည်များ ထိုင်ပြီးနောက် ပြော) ကျွန်တော် လက်ဖက်ရည် ဝယ်ခိုင်းလိုက်ဦးမယ်။ ခဏလေးနော်။

**ဦးညွန့်သိန်း။** ဂေဟာမှူးကြီး မဝယ်နဲ့၊ မဝယ်နဲ့။ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်က လာကြတာ။ ကန်ဦးပရဟိတ ဂေဟာမှူးကြီးက မြို့ကိုအလာကျဲတော့ ရောက်တုန်းရောက်ခိုက် ဧည့်ဝတ်ပြုရတာ။ သူက သူ့ရွာသွားရင် အားနာစရာကောင်း လောက်အောင် ကျွေးတာဗျ။

**ကိုရာမြင့်။** ဒါကလည်း ဆရာတော်ကြီးရဲ့ မေတ္တာပါဗျာ။

**ဦးညွန့်သိန်း။** ရေနွေးကြမ်းပဲ စီစဉ်ဗျာ ဂေဟာမှူးကြီး။ ပြီးတော့ အရေးကြီး ဆွေးနွေးတိုင်ပင်ကြမယ်ဗျာ။

**ဦးအောင်။** ဟုတ်ကဲ့...ဟုတ်ကဲ့။

(ဇာတ်စင်လက်ဝဲဘက်သို့ ခဏဝင်ပြီး ရေနွေးကြမ်းဗန်းကို ယူပြီးပြန်ထွက်လာ။ ဆက်တီစားပွဲပေါ်ချပေးပြီး နောက်၊ ထိုင်ခုံတစ်ခုကိုယူပြီး ဆက်တီတွင် ဝိုင်းထိုင်စေ။ အိုက်ချိုက ဆက်တီထိုင်ခုံတွင် ထိုင်နေရာမှ ထပြီး..)

**အိုက်ချို။** ဦးလေးဂေဟာမှူး ဆက်တီမှာထိုင်ပါ။ ကျွန်တော် ထိုင်ခုံမှာ ထိုင်ပါ့မယ်ခင်ဗျ။

(ဦးအောင်၊ အိုက်ချိုကို အပြုံးနှင့်ကြည့်ပြီး ဆက်တီခုံတွင် သွားထိုင်စေ။ အိုက်ချို၊ ကုလားထိုင်တွင် ခပ်ယို့ယို့ထိုင်စေ)

**ကိုရာမြင့်။** ကဲ‥ကျွန်တော်ကပဲ ပတ်လည် မိတ်ဆက်ပေးပါ့မယ်။

(ဦးထွန်းရည်ကို ညွှန်ပြပြီး) ဟောဒီ ဦးထွန်းရည် ကတော့ ကန့်ဦးပရဟိတအတွက် မြို့ပေါ်ကနေ အကျိုးဆောင် ပေးနေတဲ့ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌပါ။ ဟောဒီ (ဦးညွန့်သိန်း ကိုညွှန်ပြပြီး) ဦးညွန့်သိန်းကတော့ အကျိုးဆောင်အဖွဲ့ အတွင်း ရေးမှူးပါ၊ အခု ဒီဘိုးဘွားရိပ်သာ တည်ထောင်ဖွဲ့စည်းလိုက် တော့၊ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ (ဦးမောင်ကြည်သို့ညွှန်ပြပြီး) ဟောဒီ ဦးမောင်ကြည်ကတော့ ပရဟိတ အကျိုးဆောင်အဖွဲ့မှာ အလွန် အားကိုးရတဲ့ အဖွဲ့ဝင် ဦးမောင်ကြည်ပါ။ (ဦးဝင်းတင်သို့ ညွှန်ပြပြီး) ဦးဝင်းတင်ကတော့ သိကြပြီးဖြစ်မှာပါ။ ဘိုးဘွား ရိပ်သာရဲ့ အတွင်းရေးမှူးပေါ့။

**ဦးအောင်။** ကျွန်တော်တို့ ဘိုးဘွားရိပ်သာကို လွန်ခဲ့တဲ့ မတ်လ မှာ စဖွင့်ကတည်းက ဘိုးဘွားရိပ်သာ ကော်မတီ ဥက္ကဋ္ဌကြီး ဦးညွန့်သိန်းနဲ့ အတွင်းရေးမှူးဦးဝင်းတင်တို့ ဒီမှာ အမြဲလိုလို ရောက်ရှိဆောင်ရွက်နေတာပါ။ ဦးထွန်းရည်နဲ့ ဦးမောင်ကြည် တို့ကိုတော့ အခုမှသိရပါတယ်။ ဝမ်းသာပါတယ် ခင်ဗျာ။ ကျွန်တော်၏တို့ ဘိုးဘွားရိပ်သာကိုလည်း ဝိုင်းပြီး အကျိုးဆောင်



ပေးကြပါခင်ဗျ။

**ကိုရာမြင့်။** စိတ်ချ-ဦးအောင်ရေ…ဒီပုဂ္ဂိုလ်တွေက ပရဟိတ ဂေဟာအတွက် စာရေးဆရာဟောပြောပွဲတွေ၊ ရုပ်ရှင်ပြတာ တွေနဲ့ ရန်ပုံငွေကြီးကြီးကျယ်ကျယ် ရှာပေးခဲ့တာလည်း သူတို့ပဲ။ အခုလည်း ပုံမှန်အလှူငွေရရှိအောင် ဆောင်ရွက်ပေးနေကြတုန်း ပါပဲ။ အခုတော့ ဆရာတော်ကြီးက ပရဟိတ ဂေဟာအပြင် အခုလို ဘိုးဘွားရိပ်သာကိုလည်း ထပ်မံတည်ထောင်လိုက် ပြန်တော့ ဒီပုဂ္ဂိုလ်တွေဟာ ဘိုးဘွားရိပ်သာအတွက်လည်း အကျုံးဝင်သွား ပါတယ်ဗျာ။

**ဦးမောင်ကြည်။** အင်း‥ကျွန်တော်တို့တစ်တွေကတော့ ပရဟိတ ဂေဟာမှူးကြီးရဲ့ အပြောကောင်း၊ အဟောကောင်း စကားတွေ ထဲမှာ မရုန်းသာအောင် လုပ်နေရတဲ့ လူတွေပေါ့ဗျာ ဟဲ…ဟဲ‥။

**ကိုရာမြင့်။** ဦးအောင်ရေ…ကျွန်တော်တို့ အခု ခင်ဗျားကို လက် ထောက်ဂေဟာမှူး လာအပ်တာဗျ။

**ဦးအောင်။** အိုက်ချိုဆိုတဲ့ကလေးကို ဒီမှာ လက်ထောက် ဂေဟာမှူးအဖြစ်ထားပြီး ကျောင်းတက်နိုင်းမယ့် အစီအစဉ် မဟုတ်လား ခင်ဗျာ။ ဆရာတော်ကြီးက ကျွန်တော့်ကိုခေါ်ပြီး အမိန့်ရှိပြီးပါပြီ။

**ကိုရာမြင့်။** ဟုတ်ပါတယ်။ ဆရာတော်ကြီးဆီ စာနဲ့လည်းကြိုတင် လျှောက်၊ အခုလည်း ကျွန်တော်တို့တစ်တွေ ဆရာတော်ကြီး ရဲ့ ကျောင်းတိုက်ကနေ ဒီကို လာခဲ့ကြတာဗျ။ (အိုက်ချိုကို ညွှန်ပြပြီး) ဟောဒီကလေးပါပဲ။ ရှမ်းတိုင်းရင်းသားလေးပါ။

သူက စာကြိုးစားပြီး ထူးချွန်တာကြောင့် အထက်တန်းကျောင်းကို ဆက်တက်ဖို့ စီစဉ်ရတာပါ။ သူက ပရဟိတ စိတ်ဓာတ်အပြည့်ရှိလို့ ဘိုးဘွားရိပ်သာနဲ့လည်း ကိုက်တယ်လေ။ သူ့ကို စိတ်ချလက်ချ တာဝန်ပေးလို့ရပါတယ်။ ကဲ‥အိုက်ချိုရေ‥မင်း အခုချိန်ကစပြီး ဂေဟာမှူးကြီး ဦးအောင်နဲ့တွဲပြီး၊ ဘိုးဘွားရိပ်သာတာဝန်တွေကို ထမ်းဆောင်ပေတော့။ ဘိုးဘွားရိပ်သာဥက္ကဋ္ဌကြီး ဦးညွန့်သိန်းနဲ့ အတွင်းရေးမှူးဦးဝင်းတင်တို့ကလည်း တူအရင်းကလေးလို ဆုံးမပါခင်ဗျ။ အားလုံးကို အပ်ပါတယ်။

**အိုက်ချို။** (ထိုင်ရာမှ ထ၍ပြော)ဟုတ်ကဲ့‥ကျွန်တော့်ကို ဦးလေးတို့ ခိုင်းကြပါခင်ဗျ။ ဆုံးမစရာရှိရင်လည်း ဆုံးမပါ။ ကျွန်တော် နာခံပါတယ်။

**ဦးအောင်။** ဘိုးဘွားရိပ်သာလုပ်ငန်းလည်းမပျက်၊ အထက်တန်းကျောင်းကိုလည်း တက်နိုင်အောင် ကျွန်တော်အလုပ်တွေ အဆင်ပြေအောင် စီမံပေးပါ့မယ်ခင်ဗျာ။ စားတာကတော့ ကျွန်တော်တို့ ဘိုးဘွားရိပ်သာဝန်ထမ်းတွေ စားရတဲ့အတိုင်းပေါ့ဗျာ။ နေစရာတွေကတော့ အများကြီးပါ။

**ကိုရာမြင့်။** စားဝတ်နေမှုကိစ္စကတော့ အိုက်ချိုက ပရဟိတကျောင်းသားဘဝနဲ့ ဆယ်နှစ်သားလောက်ကတည်းက နေလာတာဆိုတော့ သူနေတတ်၊ စားတတ်ပါတယ်။

**ဦးညွန့်သိန်း။** ပရဟိတဂေဟာမှူးကောင်းတစ်ယောက်ရဲ့ လက်ထွက်ပဲ၊ လူကောင်းလူတော်လေးဖြစ်မှာ သေချာပါတယ်ဗျာ။ တိုင်းရင်းသားလေးဆိုတော့ အရိုးခံစိတ်ဓာတ်ရှိပြီးသားပေါ့။ ဦးအောင်အတွက် အထောက်အကူအများကြီးရမှာပါ။ အခိက



ကတော့ မောင်အိုက်ချိုရာ‥ဘိုးတွေ၊ ဘွားတွေကို သိမ်သိမ်မွေ့မွေ့ လုပ်ကိုင်ပေးဖို့ပါပဲ။ ဒီမှာ အဘိုး ၁၂ ယောက်နဲ့ အဘွား ၁၂ ယောက် ရှိတယ်။

**အိုက်ချို။** ဟုတ်ကဲ့၊ လိုက်နာပါ့မယ်ဦးလေး။

**ဦးဝင်းတင်။** ဘိုးဘွားရိပ်သာက တည်ထောင်ခါစဆိုတော့ လိုအပ်ချက်တွေရှိနေမှာပဲ။ မောင်အိုက်ချိုက လိုတဲ့နေရာမှာ ဖြည့်ပြီး လုပ်ပေါ့ကွာ။ ဦးလေးလည်း အချိန်ပြည့်နီးပါး ဒီမှာရှိနေမှာပါ။

**ကိုရာမြင့်။** အလုပ်ကတော့ မငြင်းတဲ့ကလေးပါ ဦးဝင်းတင်ရေ။ ကျွန်တော်လည်း ရွာကပရဟိတမှာ သူလိုလူမျိုးအစားထိုး မတွေ့သေးဘူးဗျ။ သူဒီကိုရောက်လာတော့ ကျွန်တော့်အတွက် လက်မောင်းတစ်ဖက်ပြုတ်သွားတာပဲ။

**အိုက်ချို။** ကျွန်တော် နွေကျောင်းပိတ်တဲ့အခါ ရွာကိုပြန်လို့ရတယ် မဟုတ်လား။ မှူးဆရာကို လုပ်ပေးရမယ့်အလုပ်တွေ အဲဒီအချိန်မှာ လုပ်ပေးမှာပေါ့‥။

(အားလုံးရယ်မောကြစေ။)

**ဦးမောင်ကြည်။** အင်း‥ဒီလိုတပည့်လေးတွေကြောင့် ကျွန်တော်တို့ ပရဟိတဂေဟာမှူးကြီးလည်း ဃရာဝါသ သမ္မာဒနဲ့ ဝေးနေတာ ဖြစ်မယ်ဗျ ဟဲ‥ဟဲ‥။

**ဦးညွန့်သိန်း။** ဟုတ်ပါ့ဗျာ။ ကျုပ်တို့လူပျိုကြီး တရွေ့ရွေ့နဲ့ အသက်တွေကြီးလာပြီနော်။ အချိန်လေးရှိတုန်း ကိုယ့်ဘဝ

လက်တွဲဖော်လေးဘာလေး စဉ်းစားဦး…ဗျ။

**ဦးမောင်ကြည်။** ရွာမှာမတွေ့သေးရင်လည်းပြောနော်။ ကျွန်တော်က ခင်ဗျားကို ယောက်ဖတော်ချင်နေတာ။

**ကိုရာမြင့်။** ဟာ…ကိုမောင်ကြည်ကတော့ လုပ်ပြီ။

**ဦးမောင်ကြည်။** ဘာလဲ- (ပြုံးစိစိနှင့်) အစ်မကြီးမကြိုက်လို့လား။ ဒါဆို အငယ်မရော ဘယ့်နှယ့်လဲ…။

**ကျန်လူများ။** ဟား…ဟား…ဟား…ဟား…။

**ကိုရာမြင့်။** အေးဗျာ..ခင်ဗျားတို့နောက်မယ်ဆိုလည်း နောက်စရာပဲ။ ကျွန်တော့်အသက် (၃၀) နား နီးလာပြီလေ။ အင်း..ဒါပေမဲ့ ကျွန်တော့် ရင်ခွင်ထဲမှာ ရင်သွေးလေးတွေ ရှိနေတယ်ဗျာ။

**ဦးထွန်းရည်။** သြော်…ပရဟိတဂေဟာမှူး လုပ်ရတာလည်း မလွယ်ပါလားဗျာ။ ကိုယ်ရေးကိုယ်တာကို ဘေးဖယ်ထားရသလိုပဲနော်။

**ကိုရာမြင့်။** ဟုတ်ပါတယ်။ ကျွန်တော် ဟိုအရင်တုန်းကဆို မြို့ကို မကြာခဏရောက်တယ်။ ခင်ဗျားတို့နဲ့ ခဏခဏတွေ့ရတယ်။ နောက်တော့ ကလေးတွေလည်းပိုများလာ၊ ပရဟိတဂေဟာအတွက် လုပ်ရမယ့်အလုပ်တွေကလည်း ပိုများလာ၊ ဒါ့ကြောင့် နောက်ပိုင်းမြို့ကို အရောက်နည်းလာတယ်ဗျာ။ ခင်ဗျားတို့တစ်တွေကို မခင်လို့မဟုတ်ပါဘူးနော်။

**ဦးထွန်းရည်+ဦးညွန့်သိန်း+ဦးမောင်ကြည်။** သိပါတယ်ဗျာ။

**ကိုရာမြင့်။** ကျွန်တော် ဒီကိုမကြာခဏ မလာနိုင်ပေမယ့် ခင်ဗျားတို့တစ်တွေကတော့ ဒီဘိုးဘွားရိပ်သာကို မကြာခဏ လာပေးကြပါဗျာ။ ရိပ်သာကြီး တိုးတက်ခိုင်မြဲအောင် ဝိုင်းဝန်းကူညီပေးကြပါဦး။



**ဦးညွန့်သိန်း။** စိတ်ချပါ ကိုရာမြင့်ရာ။ (နံရံပေါ်ရှိ စာတန်းကို လက်ညှိုးထိုးပြပြီး) အဲဒီ"ဣမေဝန် ပဿံ သန္တံ၊ ပေစ္စသဂ္ဂေ ပမောဒတိ" ဆိုတဲ့ အင်္ဂုတ္တိုရ်လာ ပါဠိတော်ကို ရေးထားတာတွေ့တယ်မဟုတ်လား။ "တရား၌ လိမ္မာသူတို့သည် ကြီးသူကို ပူဇော်ကုန်၏။ ထိုသူတို့သည် မျက်မှောက်ကိုယ်၏ အဖြစ်၌လျှင် ချီးမွမ်းထိုက်ကုန်၏။ တမလွန်ဘဝ၌လည်း သုဂတိသို့ရောက်ကုန်၏" လို့ အဓိပ္ပာယ်ရှိတာမို့ ကျွန်တော်တို့တစ်တွေ ဘိုးဘွားရိပ်သာကို မလာမှာ မပူနဲ့ဗျို့…။

**ကိုရာမြင့်။** ဟုတ်ပါပြီဗျာ…ဟုတ်ပါပြီ။ ကိုင်း…အိုက်ချို မင်းကျန်ရစ်ခဲ့ပေတော့နော်။ မှူးဆရာ ခုပဲရွာကို ပြန်တော့မယ်။ (ကိုရာမြင့်နှင့်အတူ အားလုံးထစေ။)

**အိုက်ချို။** ဟုတ်ကဲ့-မှူးဆရာ။ (ကိုရာမြင့်ကို ထိုင်ကန်တော့စေ။)

**ကိုရာမြင့်။** သာဓုဗျာ-သာဓု-သာဓု။ ငါ့တပည့် ကောင်းကျိုးလိုအင်ဆန္ဒတွေ ပြည့်ဝပါစေဗျား…။

**ဦးအောင်။** စိတ်ချပြီးထားခဲ့ပါ ဦးရာမြင့်ရေ..

(ရှေ့ဖုံးကားဖိတ်)

# အခန်း (၁၄)

**နေရာ။** ဘိုးဘွားရိပ်သာ၊ ဘွားဆောင်

**အချိန်။** နံနက်စောစော

**အပြင်အဆင်။** တန်းလျားအိပ်ဆောင်တစ်ခု၏ အုတ်နံရံရေးချက် နောက်ခံကားရှိရမည်။ အကန့်တိုင်းတွင် ပြတင်းပေါက်များ ပါရှိသည်။

ရှေ့တွင် တစ်ယောက်အိပ်ခုတင်လေးငါးလုံး (ဇာတ်ခုံဆံ့သလောက်) ထားရမည်။ ခုတင်ပေါ်တွင် မွေ့ရာအခင်း၊ ခေါင်းအုံး၊ ခြင်ထောင် (တင်လျက်) ရှိရမည်။ ခုတင်တစ်ခုနှင့် တစ်ခုအကြားတွင် ဗီရိုအပုကလေးတစ်လုံးစီရှိပြီး၊ ဗီရိုတိုင်းပေါ်တွင် လူအိုအသုံးအဆောင်များ သင့်သလို တင်ထားရမည်။

## (ရှေ့ဖုံးကားဖွင့်)

(ခုတင်သုံးလုံးပေါ်တွင် အဘွားများ လဲလျောင်းလျက်ရှိစေ။ စောင်တစ်ဝက်တစ်ပြက် ခြုံလျက်ရှိရမည်။)

(အိုက်ချို။ ဆန်ပြုတ်ပန်းကန် သုံးလေးလုံးပါသော လင်ပန်း



တစ်ချပ်ကို မ,ကိုင်လျက် လက်ယာဘက်မှ ဝင်လာစေ။)

**အိုက်ချို။** အဘွားတို့အတွက် ဆန်ပြုတ်ယူလာပါပြီ။

(အဘွားများ၏ ဗီရိုကလေးများပေါ်တွင် ဆန်ပြုတ်ပန်းကန်များ လျင်မြန်စွာ လိုက်ချပေးစေ။

ထို့နောက် လင်ပန်းကို လွတ်နေသော ခုတင်တစ်လုံးပေါ်တွင် ခဏချခဲ့ပြီး အဘွားများကိုလိုက်၍ ထူပေးစေ။)

**အိုက်ချို။** (ထူပေးရင်းပြော) ဘိုးဘွားတွေတော့ ဘောဇနဆောင်မှာ ဆန်ပြုတ်သောက်နေကြပါပြီ။ ဘွားတို့လည်း ဘောဇနဆောင်ကို မသွားနိုင်ပေမယ့် ဒီမှာပဲ အေးအေးဆေးဆေးသောက်ကြပါနော်။ ကျွန်တော်ဆန်ပြုတ်အပိုလည်း ယူလာပါတယ်။ နောက်ပြီး ဆားပန်းကန်ရော၊ သကြားပန်းကန်ပါ ယူလာပါတယ်။ ကြိုက်တာကို ပြောပါနော်၊ ကျွန်တော် ထည့်ပေးပါ့မယ်။

**အဘွားများ။** သာဓုကွယ်..သာဓု..သာဓု။

**အဘွားတစ်ဦး။** အဘွားကိုတော့ ဆားနည်းနည်းထည့်ပေးပါ။

**အခြားတစ်ဦး။** အဘွားလည်း ဆားပဲ။

**အခြားတစ်ဦး။** အဘွားတော့ သကြားနဲ့သောက်မယ်။

**အိုက်ချို။** ဟုတ်ကဲ့...ဟုတ်ကဲ့...(ဆားပန်းကန်နှင့် သကြားပန်းကန်ကိုင်လျက် လိုသလို လိုက်ထည့်ပေးစေ။)

**အဘွားတစ်ဦး။** သားလေးက လူသစ်လားကွယ့်။

**အိုက်ချို။** ဟုတ်ကဲ့။ကျွန်တော်က ကန့်ဦးပရဟိတ.ကပါ။ ဒီမှာ လက်ထောက်ဂေဟာမှူးတာဝန်ထမ်းရင်း အထက်တန်းကျောင်း

မှာ ကျောင်းတက်မှာပါအဘွား။

**အဘွားတစ်ဦး။** ရှမ်းသံဝဲတယ်၊ ရှမ်းလေးလားကွယ့်။

**အိုက်ချို။** ဟုတ်ကဲ့ အဘွား။

**အဘွားတစ်ဦး။** ရည်ရည်မွန်မွန်လေးပဲ။

**အိုက်ချို။** အဘွားတို့ အေးအေးဆေးဆေး သောက်ကြနော်။ ကျွန်တော် ဘုရားခန်းကို သွားသန့်ရှင်းလိုက်ဦးမယ်။

**အဘွားများ။** အေး··အေး။

(အိုက်ချို၊ လက်ဝဲဘက်သို့ဝင်သွားစေ။ အဘွားသုံးယောက် ဆန်ပြုတ်များသောက်နေကြစေ။ အတန်ကြာလျှင် အိုက်ချို ပြန်ထွက်လာစေ။)

**အိုက်ချို။** အဘွားတို့ ဆန်ပြုတ်ယူဦးမလား။

**အဘွားများ။** တော်ပါပြီကွယ်။

(အိုက်ချို၊ ပန်ကန်များလိုက်သိမ်းပြီး လင်ပန်းထဲထည့်စေ။ ပြီးနောက် လင်ပန်းကို ခဏတင်ထားခဲ့ပြီး၊ တံမြက်စည်းယူ၍ အခန်းကို တံမြက်စည်းလှည်းကျင်းနေစေ။ အဘွားများ အိုက်ချို ကိုကြည့်ပြီး 'သာဓု' ခေါ်နေကြစေ။)

(ဇာတ်စင် လက်ယာဘက်မှ ဂေဟာမှူးဦးအောင် ထွက်လာစေ။)

**ဦးအောင်။** အဘွားတွေ ဆန်ပြုတ်သောက်ပြီးသွားပြီလား အိုက်ချို။

**အိုက်ချို။** ဟုတ်ကဲ့ ပီးသွားပီ ဦးလေးအောင်။



**ဦးအောင်။** ဒီလိုဆို မင်းကျောင်းသွားဖို့ပြင်တော့။ ကျောင်းမသွားခင် ဆန်ပြုတ်သောက်သွားဦးနော်။ (အဘွားများ ရှေ့သို့သွားပြီး) နေ့စဉ် အချိန်ဇယားအရ ဒီအချိန်ဟာ ဘုရားရှေ့မှာ တရားရှုမှတ်ရမယ့်အချိန်ပါ အဘွားတို့။ မွှာရုံထဲမှာတော့ ဘိုးဘွားတွေ တရားမှတ်နေကြပါပြီ။ ဒီက အဘွားတို့ကတော့ ဒီအဆောင်ထဲက ဘုရားရှေ့မှာသွားပြီး မှတ်နိုင်ရင်မှတ်၊ မသွားနိုင်ရင်လည်း ကိုယ့်ခုတင်မှာပဲ ကိုယ်တရားမှတ်တာပေါ့နော်။

**အဘွားများ။** ဟုတ်ကဲ့၊ ဟုတ်ကဲ့···။

(အိုက်ချို တံမြက်စည်းကို တစ်နေရာတွင် ထောင်ခဲ့ပြီး၊ ပန်းကန်များထည့်ထားသော လင်ပန်းကိုသယ်၍ ဇာတ်စင်လက်ယာဘက်သို့ ဝင်သွားစေ။ ဦးအောင်က ဇာတ်စင်လက်ဝဲဘက်သို့ သွားစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၅)

**နေရာ။** ဖျာပုံ၊ အ.ထ.က (၁)၊ ဇတန်း (က) စာသင်ခန်း

**အချိန်။** ညနေကျောင်းဆင်းခါနီးအချိန်

**အပြင်အဆင်။** စာသင်ခန်း အုတ်နံရံရေးချက် နောက်ခံကားရှိရမည်။ အကန့်တိုင်းတွင် ပြတင်းပေါက်များပါရှိသည်။

ရှေ့တွင် စာသင်ခုံများကို ဝဲမှယာသို့ မျက်နှာပြု၍ ခတ်စင်ဆုံသလောက် ထားရှိရမည်။ စာသင်ခုံများနှင့် မျက်နှာချင်းဆိုင်တွင် စာသင်ဘောတစ်ခုရှိရမည်။ ဘောထိပ်နားတွင် IX (A) ဟု ရေးထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(စာသင်ခုံများတွင် ကျောင်းသား၊ကျောင်းသူ ခွဲခြား၍ နေရာယူလျက် ဆရာမ ဒေါ်ကြူကြူသိန်းက စာသင်နေစေ။)

**ဒေါ်ကြူကြူသိန်း။** (ဘောမှာရေးလက်စကို အပြီးသတ်၍ ကျောင်းသား/ကျောင်းသူများဘက်သို့လှည့်လိုက်ပြီး) ကဲ…ဒီနေ့သင်ခန်းစာကတော့ ဒီမှာရပ်မယ်။…ကျောင်းမဆင်းခင် ဆရာမ



မင်းတို့ကို တစ်ခုပြောချင်တာရှိတယ်ကွယ့်။ ကဲ [illegible] လွယ်အိတ်ထဲ ထည့်လိုက်ကြဦး။

(ကျောင်းသား/ကျောင်းသူများ၊ လွယ်အိတ်များကိုထုတ်ပြီး စာအုပ်များ ထည့်ကြစေ။)

**ဒေါ်ကြူကြူသိန်း။** ဆရာမပြောချင်တာက ဒီလိုပါ။ မနက်ဖြန်ဟာ ဝါဆိုလပြည့်နေ့နော်။ ကျောင်းပိတ်ရက်ပေါ့။ တို့ကျောင်းရဲ့ ဝါဆိုဓါတ်သင်္ကန်းကပ်လှူပွဲကို မနက် ၈ နာရီမှာ ကျင်းပမှာဖြစ်လို့ တပည့်တို့ ၇ နာရီအရောက် ကျောင်းကိုလာရမယ်ဆိုတာ မနက်ကတည်းက မှာပြီးပြီနော်…ဟုတ်လား။

**တပည့်များ။** ဟုတ်ကဲ့ပါဆရာမ။

**ဒေါ်ကြူကြူသိန်း။** အေး…ဝါဆိုသင်္ကန်းကပ်လှူပြီးသွားတဲ့အချိန်မှာ မင်းတို့ ကိုယ်စီကိုယ်စီ ဘာလုပ်မယ်လို့ စဉ်းစားထားကြသလဲ ကွယ့်။

(ဝါဆိုပန်းခူးမယ်…

ဝါဆိုမုန့်လိုက်စားမယ်…

စာကျက်မယ်…

ပုတီးစိပ်မယ်…စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောကြစေ။ ပြောမည့်သူမရှိသည့် အချိန်တွင်-)

**အိုက်ချို။** (ထ၍) ကျွန်တော် အကြံတစ်ခုပေးချင်ပါတယ် ဆရာမ။ ကျွန်တော်အခုနေတဲ့ ဘိုးဘွားရိပ်သာဟာ ဖွင့်ခါစမို့လို့ မြက်တွေ အများကြီး ရှိနေပါတယ်ခင်ဗျ။ ကျွန်တော်တို့

ကျောင်းသား/ကျောင်းသူတွေ လုပ်အားပေး မြက်ရှင်းကြမယ် ဆိုရင် တတ်နိုင်သရွေ့ပေါ့။ သိပ်ကောင်းမှာပဲခင်ဗျ။

**ဒေါ်ကြူကြူသိန်း။** (ဝမ်းမြောက်ဝမ်းသာဖြင့်) အေး…အေး…ဆရာမ တော့ အဲဒါကို သဘောကျသွားပြီ။ တို့ဖျာပုံမှာ ဘိုးဘွား ရိပ်သာရယ်လို့ ပေါ်ထွန်းလာတာ မကြာသေးဘူးကွယ့်။ တပည့် တို့ တချို့တော့ သိချင်သိမယ်။ တချို့လည်း သိမှာမဟုတ်သေး ဘူး။ သိရင်တောင်မှ ရောက်ဖူးချင်မှ ရောက်ဖူးမယ်။ ရောက်ဖူး ကြလား။

**တပည့်များ။** မရောက်ဖူးပါဘူး ဆရာမ။

**တချို့။** ဘယ်နားမှာ ရှိတာလဲ ဆရာမ။

**ဒေါ်ကြူကြူသိန်း။** တို့ကျောင်းရဲ့ အနောက်တောင်ဘက်ပေါ့။ ကျိုက္က မျှမ်စေတီအနီးမှာကွယ့်။ တစ်နည်းပြောပြရရင်၊ နိုင်ငံတော်က အသစ်တူးဖော်ထားတဲ့ ကန်တော်ကြီးရဲ့ ဘေးမှာကွယ့်။ အဲဒီမှာ နိုကိုးရာမဲ့ ဘိုးဘွားတွေကို ကျွေးမွေးစောင့်ရှောက်ထားတာလေ။ ခုနကထပြောတဲ့ မောင်အိုက်ချို့ဟာ အဲဒီဘိုးဘွားရိပ်သာမှာ လက်ထောက်ဂေဟာမှူးအဖြစ် အချိန်ပိုင်း တာဝန်ထမ်းရွက်ရင်း ဒီမှာ ကျောင်းတက်နေတဲ့သူ ဖြစ်တယ်ကွယ့်။ မောင်အိုက်ချို အကြံပြုတဲ့အတိုင်း ဆရာမတို့ ၉ တန်းအေက လုပ်အားပေးကြ မယ်ဆိုရင်၊ ဘိုးဘွားရိပ်သာကို ရောက်ဖူးမယ်၊ ဘိုးဘွားတွေကို ဘယ်လိုပြုစုရတယ်ဆိုတာ ဗဟုသုတရမယ်၊ ဘိုးဘွားအဆောင် တစ်ဆောင်ပဲဖြစ်ဖြစ် နိုင်သလောက် မြက်ရှင်းရတဲ့ ကုသိုလ် ရကြမယ်။ ကဲ…မကောင်းဘူးလားကွယ့်…။



**တပည့်များ။** ကောင်းပါတယ် ဆရာမ။

**ဒေါ်ကြူကြူသိန်း။** အဲ-တစ်ခုတော့ရှိတယ်လေ။ ဗုဒ္ဓဘာသာမဟုတ် တဲ့ ဘာသာဝင်တွေကတော့ ဆန္ဒရှိသလို လုပ်ပါကွယ်။ ဘယ် သူ့ကိုမှတော့ အတင်းအကျပ် မတိုက်တွန်းပါဘူးကွယ်။

**အိုက်ချို။** ဘိုးဘွားရိပ်သာမှာ ဘယ်ဘာသာရယ်လို့ သတ် မှတ် မထားပါဘူးခင်ဗျာ။ ကျွေးမွေးစောင့်ရှောက်ဖို့လိုတဲ့သူ တွေကို ကယ်တင်ထားတာပါ။ ဘိုး ၁၂ ယောက်၊ ဘွား ၁၂ ယောက် ရှိပါတယ်ခင်ဗျ။ ကုသိုလ်ပိုရအောင် လှူဖို့ပစ္စည်းလေး တွေလည်းယူလာပြီး ဘိုးဘွားတွေကို လှူနိုင်ပါတယ်ခင်ဗျာ။

**ဒေါ်ကြူကြူသိန်း။** အေး-ဟုတ်တာပေါ့ကွယ့်။ ဘိုးဘွားတွေကို ကုသိုလ်ပြုခွင့်လည်းရတာပေါ့။ ကဲ-ဒါဆိုရင် နက်ဖြန် ဝါဆို သင်္ကန်းကပ်ပြီးချိန်မှာ လိုက်မယ့်တပည့်တို့ ဟောဒီအခန်းထဲမှာပဲ စုကြရအောင် ဟုတ်လား။

**တပည့်များ။** ဟုတ်ကဲ့ပါ ဆရာမ။

(ကျောင်းဆင်းခေါင်းလောင်းသံ ထွက်ပေါ်လာ စေ။ ကျောင်းသား/သူများမတ်တတ်ရပ်။)

**တပည့်များ။** မင်္ဂလာပါ ဆရာမ။

**ဒေါ်ကြူကြူသိန်း။** မင်္ဂလာပါ တပည့်တို့…။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၆)

**နေရာ။** ဘိုးဘွားရိပ်သာ ဘောဇနဆောင်

**ချိန်။** နေ့ ၁၀း၃၀ နာရီ

**အပြင်အဆင်။** ဆေးဖြူသုတ် အုတ်နံရံရေးချက် နောက်ခံကားရှိရမည်။ လူလေးယောက်စားနိုင်သည့် (ကုလာထိုင်လေးလုံး ဝိုင်းရံထားသည့်) စားပွဲ (၆) လုံး ပြင်ဆင်ထားရမည်။ (ဇာတ်စင် အကျယ်အဝန်းနှင့်ညှိ၍ ဆံ့သလောက်ပြင်ဆင်ပြီး ကျန်စားပွဲများလည်း စားသောက်ခန်းအတွင်းရှိနေဟန် သရုပ်ဖော်ရမည်။)

(စားပွဲအသီးသီးတွင် ထမင်းအုပ်၊ ထမင်းပန်းကန်များ၊ ဟင်းခွက်များ၊ ရေဖန်ခွက်များ အသင့်ပြင်ဆင်ထားရှိရမည်။

"သန့်ရှင်းမှုဂရုပြု""အုပ်ဆောင်းအုပ်ထားပါ" စသည့် စာတန်းများလည်း နံရံတွင် စနစ်တကျ ကပ်ထားရမည်။

နံရံအလယ်ရှိ ဘောပေါ်တွင် အောက်ပါအတိုင်း မြင်သာအောင် ရေးသားထားရမည်-



| | | |
|---|---|---|
| ယနေ့အလှူရှင် | = | ဦးစောနေ (သမီး) နော်အဲမွန် |
| ဂုဏ်ထူး | = | စိုက်ပျိုးရေးဌာန |
| အလှူဒါန | = | တစ်သောင်းကျပ် |

### (ရှေ့ဖုံးကားဖွင့်)

(ဘိုးဘွားများသည် ကုလားထိုင်အသီးသီးတွင် ထိုင်လျက် နေရာယူပြီးဖြစ်စေ။ ဂေဟာမှူးဦးအောင်က စားသောက်ဖွယ်များကို လိုက်လံစီမံပေးသည့်အတိုင်း ဝန်ထမ်းနှစ်ဦးက လုပ်ကိုင်လျက်ရှိစေ။ ယပ်တောင်များဖြင့်လည်း ယပ်ပေးနေကြစေ။ ကားဖွင့်ပြီးသည်နှင့် ဇာတ်စင်လက်ဝဲဘက်မှ ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးဝင်းတင်က ဦးဆောင်လျက်၊ ဦးစောနေနှင့်သမီး-နော်အဲမွန်တို့ ထွက်လာစေ။ ဦးဝင်းတင်က ဦးစောနေနှင့် နော်အဲမွန်တို့ကို ခေါင်းရင်းဘက် (လက်ယာဘက်) သို့ ခေါ်ဆောင်သွားပြီး ရပ်လိုက်စေ။)

**ဦးဝင်းတင်။** အဘိုးတို့၊ အဘွားတို့…ဒီပုဂ္ဂိုလ်ကတော့ ဒီကနေ့ တစ်နေ့တာ ထမင်းအာဟာရအလှူရှင် ဦးစောနေနဲ့ သမီးနော်အဲမွန်တို့ဖြစ်ပါတယ်။ ဦးစောနေဟာ စိုက်ပျိုးရေးဌာနက အုပ်စုမန်နေဂျာတစ်ဦးဖြစ်ပါတယ်။ ကဲ…ဆောင်ရွက်နေကျအတိုင်း အလှူရှင်ကို မေတ္တာပို့နိုင်ပါပြီ ခင်ဗျား။

(ကျန်းမာသွက်လက်သူ အဘိုးတစ်ဦးက တိုင်ပေးပြီး ကျန်ဘိုးဘွားများက လိုက်ဆို။)

"ကြီးမြတ်စေတနာ၊ ဖြူစင်စွာဖြင့်၊
အာဟာရဒါန၊ ပြုကြယခု
ကုသိုလ်ရှင်အပေါင်းတို့သည်...
ကျန်းမာချမ်းသာ၊ လန်းဖြာကြပါစေ
ဥပဒ်ရန်ဘေး၊ ကင်းဝေးကြပါစေ
ကောင်းကျိုးလိုအင်ဆန္ဒ ပြည့်စုံကြပါစေ
သာဓု...သာဓု...သာဓု..."

(ဘိုးဘွားများလက်ဆေး၍ စတင်စားသုံးကြစေ။ ဦးဝင်းတင်နှင့် အလှူရှင်များ၊ စားပွဲများသို့ လှည့်လည်ကြည့်ရှု သဒ္ဓါပွားနေကြရင်း ဓာတ်စင်ရှေ့ပိုင်း ပရိသတ်နှင့်နီးရာသို့ ရောက်လာကြစေ။)

(အိုက်ချိုလည်း စာရွက်တစ်ရွက်ကိုကိုင်လျက် လက်ဝဲဘက်မှ ထွက်လာပြီး အလှူရှင်များအနီးသို့ ရောက်လာစေ။ စာရွက်ကို ဦးစောနေသို့ လေးစားစွာပေးအပ်စေ။)

**ဦးစောနေ။** ဘာပါလိမ့်။ (စာရွက်ကို ဖြန့်ကြည့်စေ။)

**ဦးဝင်းတင်။** သြော်-ဒါက အာဟာရဒါန အလှူငွေအတွက် သုံးစွဲမှုပြေစာပါခင်ဗျ။ အလှူရှင်များအနေနဲ့ ဘိုးဘွားများအတွက် အမှန်တကယ် သုံးစွဲမှု အခြေအနေကိုလည်းသိရအောင်၊ ထာဝရ သိမ်းဆည်းပြီး သဒ္ဓါပွားနိုင်အောင် ကျွန်တော်တို့ကော်မတီက စီစဉ်ထားတဲ့ အစီအမံပါခင်ဗျ။



**ဦးစောနေ။** ကျွန်တော်တို့ကတော့ အလှူကို စိတ်ပိုင်းဖြတ်ပြီးသားပါခင်ဗျာ။

**နော်အဲမွန်။** (အိုက်ချိုကို ညွှန်ပြပြီး) အပါး ဒါက သမီးပြောတဲ့ အိုက်ချိုလေ။ ဘိုးဘွားရိပ်သာမှာ လက်ထောက်ဂေဟာမှူးအဖြစ် တာဝန်ထမ်းရင်း ကျောင်းဆက်တက်နေတာပါ။ သမီးနဲ့ တစ်ခန်းတည်းပေါ့။

**ဦးစောနေ။** အေးဝမ်းသာပါတယ်ကွာ။ မင်းကြောင့် ဘိုးဘွားရိပ်သာအကြောင်းကို ကျောင်းသူ၊ ကျောင်းသားတွေ သိကြရ၊ စုပေါင်းလုပ်အားပေးပြီး၊ ကုသိုလ်တွေရကြတာကို သမီးကပြောပြတယ်ကွယ့်။

**ဦးဝင်းတင်။** လွန်ခဲ့တဲ့ ဝါဆိုလပြည့်နေ့က အ.ထ.က ကျောင်းသူ၊ ကျောင်းသားတွေ ဒီမှာလာပြီး သန့်ရှင်းရေးတွေလုပ်ကြတာကို ပြောတာမဟုတ်လား။ သိပ်ဝမ်းသာစရာပါခင်ဗျာ။

**ဦးစောနေ။** သမီးကလည်း အဲဒီလို သန့်ရှင်းရေးလုပ်အားပေးရတာ ကြည်နူးပီတိဖြစ်ရကြောင်း ပြောလို့မဆုံးဘူး။

**နော်အဲမွန်။** ဝါဆိုလပြည့်နေ့ ဘိုးဘွားရိပ်သာ သန့်ရှင်းရေးလုပ်အားပေး ကုသိုလ်လုပ်ရတာကို သမီးကြည်နူးလို့ မဆုံးပါဘူး။ မြက်တွေနုတ်၊ အိမ်သာတွေ သန့်ရှင်းရေးလုပ်ရတာ ပင်ပန်းပေမယ့် ကျွန်မတို့အားလုံး ပျော်နေကြတာပဲ။ အိုက်ချိုကတော့ အပင်ပန်းဆုံးပေါ့။ လက်ထောက်ဂေဟာမှူးလည်းဖြစ်၊ သူကိုယ်တိုင် ပြောပြလို့ တစ်တန်းလုံး လုပ်အားပေးဖြစ်တာဆိုတော့ သူ့မှာ ဆရာမကလည်း သူ့ပဲခိုင်း၊ ဘိုးဘွားတွေကလည်း သူ့ပဲခိုင်းဆိုတော့ ဟိုပြေးလုပ်လိုက်ရ၊ ဒီပြေးလုပ်လိုက်ရပေါ့...။

**အိုက်ချို။** ပင်ပန်းပေမယ့် ငါလည်း ပျော်တာပါပဲ အဲမွန်ရ။

**ဦးစောနေ။** ဘိုးဘွားသက်ကြီးရွယ်အိုတွေကို ပြုစုလုပ်ကျွေးသူဟာ မျက်မှောက်ဘဝမှာလည်း လူချီးမွမ်းခံရ၊ တမလွန်မှာလည်း သုဂတိလားတယ်လို့ ရှင်တော်မြတ်ဘုရားက ဟောထားတယ်လေ။

**ဦးဝင်းတင်။** (အံ့ဩဟန်နှင့်) ကြားဖြတ်မေးရဦးမယ်။ စိတ်မရှိပါနဲ့နော်။ ဦးစောနေတို့က ကရင်လူမျိုးမဟုတ်လား။

**ဦးစောနေ။** ခြော်…ကျွန်တော်တို့က ဗုဒ္ဓဘာသာ ကရင်တွေပါ။ အဲမွန်အမေက သူငယ်ငယ်ကတည်းက ဆုံးပါးခဲ့ပါတယ်။

**ဦးဝင်းတင်။** ခြော်…ဟုတ်လား။ ဗုဒ္ဓဘာသာပဲကိုး…။ အင်း… ဘယ်ဘာသာဖြစ်ဖြစ်ပါလေ၊ ကြီးသူကို ရှိသေလေးမြတ်ပူဇော်ကြတာချည်းပါပဲ။

**နော်အဲမွန်။** အဘွားတွေကို စပြီးတွေ့လိုက်ရတော့လေ ကျွန်မ အမိုးကို သိပ်ပြီးသတိရတာပဲ။ အဲဒီနေ့ကဆိုရင် သန့်ရှင်းရေးတွေ လုပ်ပြီးတဲ့နောက် ကျွန်မတို့ အဘွားဆောင်မှာနားကြရင်း၊ အဘွားတွေရဲ့ ခုတင်ပေါ်က စောင်တွေ၊ အဝတ်အစားတွေ ခေါက်ပေးကြ၊ အဘွားတွေကို ခြေဆုပ်လက်နယ် ပြုပေးကြရတဲ့ ကြည်နူးမှုကလည်း ပြောမပြနိုင်အောင်ပါပဲ။ ဒါနဲ့ပဲ ကျွန်မမွေးနေ့မှာ အခုလို အလှူလုပ်ချင်စိတ် ဖြစ်ခဲ့တာပါ။

**အိုက်ချို။** အဲမွန် ကုသိုလ်တွေ အများကြီး ရပြီနော်။

**နော်အဲမွန်။** အဲဒါ အိုက်ချိုရဲ့ ကျေးဇူးကြောင့်ပေါ့။



**အိုက်ချို။** အဲမွန်ကိုယ်တိုင် စိတ်ထားကောင်းလို့ပါနော။

**နော်အဲမွန်။** ဟော့..အိုက်ချို ငါတို့အတန်းထဲက သူငယ်ချင်းတွေ စုပေါင်းပြီး ခုလို အများအကျိုးသယ်ပိုးတဲ့အလုပ်တွေ ခဏခဏ လုပ်ကြရအောင် ငါတို့နှစ်ယောက် စည်းရုံးမယ်ဟော့။ နင်က ယောက်ျားလေးတွေကိုစည်းရုံး၊ ငါက မိန်းကလေးတွေကို စည်းရုံးမယ်…မကောင်းဘူးလား။

**အိုက်ချို။** ကောင်းတာပေါ့ဟာ။ ငါက ပရဟိတကျောင်းသားပဲ ဟာ လုပ်မှာပေါ့။

(ထိုစဉ် ဘိုးဘွားများ တစ်ယောက်ပြီးတစ်ယောက် ထမင်းစားပြီးသွားသဖြင့်၊ စားပွဲမှထ လက်ဆေးပြီး၊ ဇာတ်စင် လက်ဝဲဘက်သို့ ဝင်သွားကြစေ။)

**ဦးစောနေ။** ကဲ…ကျွန်တော်တို့လည်း ပြန်ဦးမှပဲ။

**ဦးဝင်းတင်။** နံနက်စာထမင်းကို အလှူရှင်များ စားသုံးနိုင်အောင် ကျွန်တော်တို့ စီစဉ်ထားပါတယ်ခင်ဗျာ။ ဘိုးဘွားတွေပြီးသွားရင် ဒီက ဝန်ထမ်းတွေနဲ့ တစ်ပြိုင်နက် ပြင်ဆင်တော့မှာပါ။

**ဦးစောနေ။** ဟာ…မစားတော့ပါဘူး။ အိမ်ကျမှပဲ စားပါတော့မယ်။

**ဦးဝင်းတင်။** ကြုံတုန်းကြုံခိုက် 'စားသွားစေချင်ပါတယ်။ ဘိုးဘွားတွေကို ကျွေးမွေးတဲ့ ထမင်းဟင်းလျာတွေလည်း သိရတာပေါ့။ ကျွန်တော်တို့လည်း စားမှာပါ။

**အိုက်ချို။** ဘိုးဘွားတွေအကြောင်းလည်း ပိုသိရအောင် စားသွားပါလား ခင်ဗျာ…။

**နော်အဲမွန်**။ ဟုတ်သားပဲ အပါးရဲ့၊ ဒီနေ့ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဆိုတော့ ဘယ်မှ သွားစရာမရှိဘူး မဟုတ်လား။ စားပြီးရင် ရိပ်သာဝင်းကိုလည်း လှည့်ပတ်ကြည့်လို့ ရတာပေါ့နော်။

**ဦးအောင်**။ (တစ်နေရာတွင် ထမင်းစားပွဲ ပြင်ဆင်ခဲ့ပြီးဟန်နှင့် ဦးစောနေတို့အနီးသို့ရောက်လာပြီး) ထမင်းဟင်းတွေ အသင့်ဖြစ်ပါပြီခင်ဗျာ။ ဧည့်သည်များသုံးဆောင်ကြရအောင် (အတွင်းပိုင်း စားပွဲတစ်လုံးဆီသို့ ခေါ်ဆောင်သွားစဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၇)

**နေရာ**။ အ·ထ·က (၁) စာကြည့်တိုက် အဆောက်အဦရှေ့မြက်ခင်းပြင်

**အချိန်**။ ညနေ ကျောင်းဆင်းချိန်

**အပြင်အဆင်**။ "အခြေခံပညာအထက်တန်းကျောင်း၊ ပညာခေတ် စာကြည့်တိုက်" ဟူသော ဆိုင်းဘုတ်ပါရှိသည့် စာကြည့်တိုက်၏ အဆောက်အဦရှေ့မြင်ပုံရေးချက် နောက်ခံကားရှိရမည်။ အဆောက်အဦပုံ၏ အလယ်တည့်တည့်တွင် တံခါးမကြီးကို ဖွင့်လျက်အနေအထား ရေးဆွဲထားရမည်ဖြစ်ပြီး အမှန်တကယ်လည်း ဝင်နိုင်ထွက်နိုင်အောင် စီစဉ်ထားရမည်။

လက်ယာဘက်ထောင့်တွင် စကားပြောစင်တစ်ခုရှိရမည်။ လက်ဝဲဘက်ထောင့်တွင် အခမ်းအနားမှူးစားပွဲ ကုလားထိုင်ရှိရမည်။ ယင်းတို့နှင့် တစ်တန်းတည်းနေရာတွင် စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် ဖဲကြိုးဖြတ်ရန် ပစ္စည်းများ အသင့်စီစဉ်ထားရမည်။

ဇာတ်စင်ရှေ့ပိုင်းတွင် ဒုံးယိမ်းတစ်ယိမ်း ကခုန်နိုင်ရန် နေရာအကျယ်အဝန်း ထားရှိရမည်။

## (ရှေ့ဖုံးကားဖွင့်)

(အခမ်းအနားမှူးစားပွဲတွင်၊ နေရာယူထားသော အခမ်းအနားမှူးဆရာမ ထိုင်ရာမှ မတ်တတ်ရပ်၍ စတင်ပြောကြားစေ။)

**အခမ်းအနားမှူး**။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရှင်။ ယခု အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရဲ့ "ပညာခေတ် စာကြည့်တိုက်" ဖွင့်ပွဲကို စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ အစီအစဉ် (၁) အရ၊ ကျောင်းအုပ်ဆရာမကြီးက ရှင်းလင်းတင်ပြရန် ဖြစ်တဲ့အတွက် ဆရာမကြီးဒေါ်သန္တာအား ဖိတ်ခေါ်အပ်ပါတယ်ရှင်။

(ဇာတ်စင် လက်ယာဘက်မှ ဆရာမကြီး ဒေါ်သန္တာ ထွက်လာပြီး၊ စကားပြောစင်တွင် ရပ်စေ။)

**ဒေါ်သန္တာ**။ ကျွန်မအနေနဲ့ ဒီစာကြည့်တိုက်အဆောက်အအုံ ဖြစ်ပေါ်လာရခြင်းကို ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ဒီ အ·ထ·က ရဲ့ ကျောင်းသားဟောင်းတစ်ဦးဖြစ်တဲ့ ဦးဝင်းမောင်ဟာ ငယ်စဉ်ကျောင်းသားဘဝမှာကတည်းက စာပေဝါသနာ ထုံခဲ့သူ ဖြစ်ပါတယ်။ အခုအခါ သူဟာ အောင်မြင်သော ရေလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်လာတဲ့ အချိန်မှာ ကျောင်းသားလူငယ်တွေရဲ့ ပညာရေးကို အထောက်အကူပြုစေမယ့် ကျောင်းစာကြည့်တိုက်တစ်ခု ခိုင်ခိုင်ထည်ထည် ဖြစ်လာဖို့အတွက် အခုလို စာကြည့်တိုက်ကြီးတစ်ခု သီးသီးသန့်သန့် ခိုင်ခိုင်ထည်ထည် ရှိလာတာဟာဖြင့် ကျွန်မတို့ အ·ထ·က (၁) ရဲ့ ဂုဏ်ကို ဆောင်ရုံသာမက မြို့ရဲ့ ဂုဏ်ကိုလည်း ဆောင်မှာဖြစ်ပါတယ်။



စာကြည့်တိုက်အဆောက်အဦကို တည်ဆောက် လှူဒါန်းပေးတဲ့ ဦးဝင်းမောင်ကို ကျောင်းသားမိဘအဆက်ဆက်၊ ဆရာဆရာမအဆက်ဆက်၊ ကျောင်းသားကျောင်းသူအဆက်ဆက်တို့က အစဉ်ထာဝရ ကျေးဇူးတင်နေကြမှာ မလွဲပါဘူး။ ဒါကြောင့် အလှူရှင် ဦးဝင်းမောင်အား ဂုဏ်ပြုကျေးဇူးတင်ပါတယ်ရှင်။ ဒီစာကြည့်တိုက်ကြီးကို "ပညာခေတ်" ဆိုတဲ့ အမည်နဲ့ လျော်ညီအောင် စာအုပ်စာတမ်းပြည့်စုံရေးအတွက် အားလုံးက ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ရှင်။ (လက်ခုပ်သံများ) (ဒေါ်သန္တာ လက်ယာဘက်သို့ ပြန်ဝင်စေ။)

**အခမ်းအနားမှူး**။ အစီအစဉ်(၂)အရ ပညာခေတ်ကျောင်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကရင်ရိုးရာ ဒုံးယိမ်းအကကို ကျောင်းသူကျောင်းသားကလေးများက ပျော်ရွှင်စွာ ကခုန်ကြမှာ ဖြစ်ပါတယ်ရှင်။

(ဇာတ်စင်လက်ဝဲဘက်မှ ဖဲကြိုးကိုင်ကျောင်းသူကလေး ၄ ယောက်၊ ကပ်ကြေးဗန်းကိုင် ကျောင်းသူ ကေသီဝင်းမောင်တို့ ထွက်လာကြပြီး၊ ဖဲကြိုးကိုင် ၄ ယောက်က ဖဲကြိုးကို တန်း၍ဆွဲထားကာ၊ ကေသီဝင်းမောင်က ဝဲဘက်ထိပ်နေရာတွင် သီးခြားနေရာယူထားစေ။)

(အခမ်းအနားမှူးဆက်ပြော) ဖဲကြိုးဖြတ်၍ စာကြည့်တိုက်ဖွင့်လှစ်ပေးမည့် မြို့နယ်ပညာရေးမှူးဦးဆန်းဦး၊ ကျောင်းအုပ်ဆရာမကြီးဒေါ်သန္တာနှင့် အလှူရှင်ဦးဝင်းမောင်တို့ အလှူရှင်၏ သမီးငယ် ကေသီဝင်းမောင်ထံမှ ရွှေကတ်ကြေးများကို ယူ၍

နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်ရှင်။

(ဒေါ်သန္တာ၊ ဦးဆန်းဦးနှင့် ဦးဝင်းမောင်တို့ ဇာတ်စင် လက်ဝဲဘက်မှ အစဉ်လိုက်ထွက်စေ။ ကေသီဝင်းမောင်ထံမှ ကတ်ကြေးတစ်လက်စီယူကာ ဖဲကြိုးတန်း၏နောက်တွင် အသင့် နေရာယူကြစေ။)

(အခမ်းအနားမှူးဆက်ပြော) ယခု မင်္ဂလာရှိသော အချိန်ကျရောက်ပြီဖြစ်ပါသဖြင့် အ.ထ.က (၁)"ပညာခေတ်" စာကြည့်တိုက်အား မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမ ကြီးနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပါရန် လေးစား စွာ ပန်ကြားအပ်ပါတယ်ရှင်။

(ဖဲကြိုးဖြတ်ကြစေ။ လက်ခုပ်သံများနှင့်တစ်ပြိုင်တည်း ကရင်အမျိုးသား ရိုးရာဝတ်စုံများဖြင့် ဇာတ်စင်၏ လက်ဝဲဘက် မှ ကျောင်းသားလေး ၆ ယောက်၊ ကရင်ရိုးရာဒုံးယိမ်းအကကို ပျော်ရွှင်စွာ ကခုန်ကြစေ။ တီးဝိုင်းက အတွင်းမှတီးပေးလျက်ရှိ စေ။ ယိမ်းအဖွဲ့တွင် အိုက်ချိုနှင့် နော်အဲမွန်တို့ ပါဝင်စေရမည်။)

(ဒုံးယိမ်းကခုန်သည်ကို နောက်ဘက်မှနေ၍ ခေတ္တမျှ ကြည့်ရှုပြီးနောက်၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး နှင့် အလှူရှင်တို့က ဦးဆောင်လျက် အလယ်တံခါးပေါက်ကြီးမှ နေ၍ အထဲသို့ဝင်ကြရာ၊ ဇာတ်စင်ဝဲယာမှ ညေ့ပရိသတ်၊ ဆရာ/ ဆရာမ၊ ကျောင်းသူ/သားများ လိုက်ပါဝင်ရောက်ကြစေ။)

(သီချင်းတီးလုံးပြီးသည်အထိ ဒုံးယိမ်းကခုန်ကြပြီး နောက်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၈)

**နေရာ။** အ.ထ.က ရှေ့၊ ကုက္ကိုပင်တန်း

**အချိန်။** နံနက်ကျောင်းသွားချိန်

**အပြင်အဆင်။** ကုက္ကိုပင်ကြီးများ လမ်းဘေးတစ်လျှောက် စီတန်းနေ သည့် ရေးချက်နောက်ခံကားရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(အိုက်ချိုနှင့် သူငယ်ချင်း စံကျော်သာ၊ စိုးတင့်တို့ ဇာတ်စင်ဝဲဘက်မှ လွယ်အိတ်ကိုယ်စီဖြင့် ရွှင်လန်းစွာ ထွက်လာစေ။ လမ်းလျှောက်လိုက် ရပ်လိုက်လုပ်ရင်း စကားပြောလာကြစေ။

**စိုးတင့်။** (ခပ်သွက်သွက်လျှောက်လှမ်းနေသော အိုက်ချိုကို ဆွဲ ထားပြီး) ဟေ့ကောင်၊ အိုက်ချို၊ ဖြည်းဖြည်းလျှောက်စမ်းပါ ကွာ။ ကျောင်းချိန်မီပါတယ်ကွ။

**စံကျော်သာ။** ဟေ့...တို့တွေ အိုက်ချိုကို နည်းမည်ပြောင်းခေါ်ရမယ်ကွ။

**စိုးတင့်။** ဘယ်လိုခေါ်မှာလဲ။

**စံကျော်သာ။** လမ်းကရင်ရှုပ်။

**အိုက်ချို။** ဘာ၊ ဘာ လမ်းပေါ်က ကရင်ရှုပ်တယ်လို့ မင်းပြောလိုက်တာလား။ တိုင်းရင်းသားအချင်းချင်း မနှိမ့်ချပါနဲ့ကွ။ မင်းအဖေလည်း ရခိုင်တိုင်းရင်းသား မဟုတ်လား။

**စံကျော်သာ။** ဟာ..မင်းကလည်း "လမ်းကရင်ရှုပ်" ဆိုတာ "လုပ်ကရင် ရှမ်း" လို့ ပြောတာကွ။ မင်းမနေ့က ကျောင်းစာကြည့်တိုက်ဖွင့်ပွဲမှာ ဒုံးယိမ်းကတဲ့ထဲ ပါတယ်မဟုတ်ဘူးလား။

**အိုက်ချို။** ပါတယ်လေ။

**စံကျော်သာ။** အဲဒီယိမ်းထဲမှာ မင်းက,ကရင်တိုင်းရင်းသားမဟုတ်ဘဲ ကရင်လုပ်တာ မဟုတ်လား။ အဲဒါ 'လုပ်ကရင်'ပေါ့။ နောက်ပြီး မင်းကရှမ်းဆိုတော့ "လုပ်ကရင်ရှမ်း" ပေါ့။

**အိုက်ချို။** ဟား...ဟား...ဟား...။ မင်းကလေ တော်တော်ပြောတတ်တယ်။

**စံကျော်သာ။** ဟော့၊ စာကြည့်တိုက်ဖွင့်ပွဲမှာ ကတ်ကြေးဗန်းကိုင်တဲ့ ကေသီဝင်းမောင်က အပျံစားပြင်ဆင်ထားတာကွနော၊ ပဲကလည်း များပ၊။

**စိုးတင့်။** သူ့အဖေက စာကြည့်တိုက်အလှူရှင်ဆိုတော့ သူက ပဲများပြတာပေါ့ကွ ဟဲ..ဟဲ..။

**အိုက်ချို။** တို့ ဒုံးယိမ်းစ, တိုက်တုန်းက သူလည်းပါတယ်ကွ။ နောက်မှ လှူလဲပြီး ဗန်းကိုင်ဖြစ်သွားတာ။

**စိုးတင့်။** ဒုံးယိမ်းခေါင်းဆောင် နော်အဲမွန် သင်ပေးတာ မခံချင်လို့များလား..။



**စံကျော်သာ။** ကတ်ကြေးဗန်းကိုင်ရတဲ့နေရာက ပိုပြီးပေါ်ပြူလာဖြစ်လို့နေမှာပါကွာ။

**စိုးတင့်။** အိုက်ချို..မင်းမဆိုးဘူးကွ၊ ကရင်ဒုံးယိမ်းလည်း ကတတ်တယ်။ ရှမ်းအကရော က,တတ်လား။

**အိုက်ချို။** ငါက ငယ်ငယ်ကတည်းက ပရဟိတဂေဟာကို ရောက်လာတာဆိုတော့ ရှမ်းအကတော့ မကတတ်ဘူး။ ဒုံးယိမ်းမှာ လူလိုနေလို့ ဝင်လိုက်ရတာပါ။ ဆိုးတော့မဆိုးဘူး၊ က,ရတာ ပျော်စရာ ကောင်းတယ်ကွ။

**စံကျော်သာ။** ကေန္တ..အိုက်ချိုတော့ ကရင်ကိုကြိုက်နေပြီနဲ့ တူတယ်။

**အိုက်ချို။** ကရင်အကကို ကြိုက်တာပါကွ။

**စံကျော်သာ။** အေးလေ..ငါကလည်း..အဲဒါပဲပြောတာပါ။ ဟော...ရှေ့မှာ 'ကရောရေမရင်' တို့ပါလား။

**စိုးတင့်။** ဘာလဲကွ။ စံကျော်သာ 'ကရောရေမရင်'ဆိုတာ။

**စံကျော်သာ။** 'ကရောရေမရင်' ဆိုတာ 'ကရင်ရေမရော'ပေါ့။ နော်အဲမွန်က ကရင်စစ်စစ်လေ။

**စိုးတင့်။** ဟား...ဟား...ဟား...ဟုတ်တာပေါ့။

(ထိုစဉ်၊ သူတို့သုံးယောက်နှင့် နော်အဲမွန်တို့ သူငယ်ချင်းတစ်သိုက် မျက်နှာချင်းဆိုင်တွေ့ကြစေ။)

**အိုက်ချို။** အဲမွန်..နင်တို့ကျောင်းထဲမဝင်ဘဲ ဘာဖြစ်လို့ဒီဘက်ကို ကျော်လာတာလဲ။

**နော်အဲမွန်**။ ဟိုနားကဆိုင်မှာ ဘောလ်ပင်သွားဝယ်မလို့။ ဟောဒီ မိန္တဲ့ လမ်းမှာ ဘောလ်ပင်ကျရစ်ခဲ့တာလေ။

**အိုက်ချို**။ ဟာ..ကျောင်းတက်တော့မှာ နင်တို့သွားနေရင် မီမှာ မဟုတ်ဘူး။ ငါသွားပေးမယ်။

**နော်အဲမွန်**။ အေး..အေး။

**မိန္တဲ**။ ရော့..ရော့..ပိုက်ဆံ။ (၁၀ဝိ တန် တစ်ရွက်လှမ်းပေးစေ။)

**အိုက်ချို**။ (ပိုက်ဆံကို အမြန်ဆွဲယူပြီး လာရာလမ်းကို ပြန်လှည့်၍ ခပ်သုတ်သုတ်လှမ်းရင်းပြော) စိုးတင့်တို့ သွားနှင့်တော့။

**စိုးတင့်+စံကျော်သာ**။ အေး...အေး

(သူတို့တစ်တွေ ဝဲဘက်၊ ယာဘက်သို့ အသီးသီး ထွက်ခွာသွားစဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၁၉)

**နေရာ**။ ဖျာပုံမြို့၊ ဦးညွန့်သိန်း၏ နေအိမ်

**အချိန်**။ ညနေပိုင်း

**အပြင်အဆင်**။ ပျဉ်ထောင်အိမ်တစ်လုံးနှင့် ဝန်းခြံရှေ့မြင် ရေးချက် နောက်ခံကားရှိရမည်။

ပလတ်စတစ်ထိုင်ခုံ (၄) လုံးနှင့် ပလတ်စတစ် စားပွဲငယ်တစ်လုံး ရှေ့နားတွင် ချထားရမည်။ စားပွဲငယ်ပေါ်တွင် လက်ဖက်ရည်ကြမ်းဝိုင်းနှင့် ထန်းလျက်၊ လက်ဖက်သုပ်များ ရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဦးညွန့်သိန်းက ထိုင်ခုံတစ်လုံးတွင်ထိုင်လျက် လက် ဖက်ရည်ကြမ်းများကို ပန်းကန်လုံးတွင် ထည့်နေစေ။)

**ဦးညွန့်သိန်း**။ လာဗျာ..ကိုရာမြင့် ထမင်းစားပြီး အချိတည်းရင်း အေးအေးဆေးဆေးထိုင်ရအောင်၊ အိမ်ထဲကအိုက်တယ်။ အိမ်ထဲ ကထွက်ပြီး ဒီလိုလေးထိုင်ရတာ အရသာရှိတယ်ဗျ။

**ကိုရာမြင့်**။ (သစ်ပင်ပန်းပင်များကြည့်နေရာမှ ထိုင်ခုံများရှိရာ သို့ လှည့်လာရင်း) ကိုညွန့်သိန်း ခြံဝန်းထဲက သစ်ပင်ပန်းပင်

တွေ အတော်စုံတာပဲဗျ။

(ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်စေ)

**ဦးညွန့်သိန်း။** အဲဒါ ကျွန်တော်ကနည်းနည်း၊ ကျွန်တော့်မိန်းမ စိုက်တာက များတယ်ဗျ။ သူက စိုက်ပျိုးရေးဝါသနာပါတော့ အားတယ်ဆို ခြံထဲဆင်းတော့တာပဲ။ ကျွန်တော်ကတော့ လူမှုရေး ကိစ္စတွေက ခပ်များများရယ်။ စားဗျာ..လက်ဖက်သုပ်နဲ့ ထန်းလျက်ခဲ။ ခင်ဗျားက အညာသားဆိုတော့ ထန်းလျက် ပိုကြိုက်မှာပဲ။ ကျွန်တော်ကတော့ ထမင်းစားပြီး လက်ဖက် အိအိလေး စားလိုက်ရမှ အာသာပြေသွားတယ်ဗျ။

**ကိုရာမြင့်။** အင်း..ကိုညွန့်သိန်းလည်း အခု ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ တာဝန်ယူထားရတော့ တခြားလူမှုရေး လုပ်ငန်းတွေ တောင် အရင်လိုလုပ်နိုင်သေးရဲ့လား။ စာပေကိစ္စ၊ ဂီတကိစ္စ တွေ..။

**ဦးညွန့်သိန်း။** ဟုတ်ပါ့..ကိုရာမြင့်ရေ..ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ တာဝန်က မသေးဘူးဗျ။ နောက်ပြီး ကိုယ်က ဒီကန်တော်ကြီး လမ်းမှာနေတဲ့လူ၊ ဘိုးဘွားရိပ်သာနဲ့ကလည်းနီးတော့ ကိစ္စ ပေါ်တိုင်း ဥက္ကဋ္ဌက ဖြေရှင်းနေရတာပေါ့ဗျ။

**ကိုရာမြင့်။** အင်း..ခင်ဗျားက ရှောင်လည်း မရှောင်တတ်တဲ့သူ ဆိုတော့ ပင်ပန်းတာပေါ့နော်။ ဆရာတော်ကြီးကလည်း ခင်ဗျားတို့ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီကို အားကိုး တယ်ဗျ။

**ဦးညွန့်သိန်း။** ဂေဟာမှူးက နည်းနည်းအသက်ကြီးတော့ ခင်ဗျား တို့ ကန်ဦးပရဟိတမှာ ခင်ဗျားကို အကုန်လွှဲထားသလိုမျိုး



လွှဲလို့ မရနိုင်ဘူးဗျ။ သူကလည်း အကြောင်းရှိ ကျွန်တော့်ဆီ ပြေးလာတာပဲ။

**ကိုရာမြင့်။** အိုက်ချိုလေးကို ဒီမှာထားတာရော ဘိုးဘွား ရိပ်သာအတွက် အကျိုးသက်ရောက်ရဲ့လား။

**ဦးညွန့်သိန်း။** ဟာ..အများကြီး အကျိုးသက်ရောက်မှုရှိတာ ပေါ့ဗျာ။ သူကလူငယ်ဆိုတော့ အကြမ်းလည်းရတယ်။ ဂေဟာမှူးက အသက်ကြီးကြီး၊ လက်ထောက်ဂေဟာမှူးက အသက်ငယ်ငယ်ဆိုတော့ အလုပ်တွေဟာ သူ့ဟာနဲ့သူ ထောင့် စေ့တာပေါ့။ အိုက်ချိုက ကျောင်းမသွားခင်လည်း သူလုပ်ရ မယ့်ကိစ္စတွေ ပြီးအောင်လုပ်သွားတယ်။ ကျောင်းဆင်းတော့ လည်း ကျောင်းစိမ်းကို ချက်ချင်းချွတ်၊ လုပ်စရာရှိတာ ကျုံး လုပ်တော့တာပဲဗျာ။ အလွန်စိတ်ရင်းကောင်းတဲ့ ကလေးပါ။ ဘိုးဘွားတွေကိုလည်း ယုယုယယကို ပြုစုတယ်ဗျ။ ပရဟိတ စိတ်ဓာတ်ကတော့ အပြည့်ပဲဗျာ။ ခင်ဗျားရဲ့ တပည့်ရင်း ပီသပါပေတယ်။

**ကိုရာမြင့်။** ဟုတ်လား....ကြားရတာ ဝမ်းသာလိုက်တာ ကိုညွန့်သိန်းရာ။ အခုလည်း ကျွန်တော်မြို့တက်ခဲ့တာ ပရဟိတဂေဟာကိစ္စ အလုပ်လည်းရှိလို့၊ နောက်ပြီး အိုက်ချို အခြေအနေလည်း သိချင်လို့ပါ။ သူတို့ (၉) တန်းစာမေးပွဲကြီး နီးလာပြီ မဟုတ်လား။ ခင်ဗျားရဲ့ညီမက သူတို့ အတန်းပိုင် ဆရာမလေ။

**ဦးညွန့်သိန်း။** အဲ..သူတောင် ဒီနေ့ ကျောင်းပြန်နည်းနည်း နောက်ကျနေပါလား။

**ကိုရာမြင့်။** ဆရာမကိုတွေ့ပြီး အိုက်ချီပညာရေးအခြေအနေကို မေးရမယ်။ ပြီးမှ ဆရာတော်ကျောင်းမှာ သွားအိပ်မယ်။ နက်ဖြန်တော့ မနက်စောစော ရွာကိုပြန်မယ်လေ။

**ဦးညွန့်သိန်း။** ခင်ဗျားလည်း မြို့မှာ နှစ်ရက် သုံးရက်တောင် မနေနိုင်ပါလားဗျာ။ သံယောဇဉ်တွေက များလှသကိုး။

**ကိုရာမြင့်။** ပရဟိတ ရင်သွေးတွေရဲ့ သံယောဇဉ်ပါဗျာ။ ကလေးတွေကို အကြာကြီးလွှတ်ထားလို့ မဖြစ်ဘူးဗျ။ သူတို့လေးတွေက ရင်အုပ်မကွာရှိမှ။

**ဦးညွန့်သိန်း။** ဟော..ကျွန်တော့်ညီမဆရာမအပျိုကြီး ပြန်လာပါပြီဗျာ။

(ဆရာမဒေါ်ကြူကြူသိန်း ဓာတ်စင်လက်ယာဘက်မှ ထွက်လာစေ။)

**ဒေါ်ကြူကြူသိန်း။** ဦးရာမြင့်ကြီးရောက်နေတာကိုး။ ဘယ်တုန်းက ရောက်တာလဲ။ ဂေဟာကိစ္စပဲလား။

**ကိုရာမြင့်။** မနက်ကရောက်တာလေ။ ဂေဟာကိစ္စတွေ လုပ်ပြီးတော့ ကိုညွန့်သိန်းဆီလာရင်း ဒီမှာ ညနေစာတောင် စားပြီးသွားပြီဗျ။

**ဦးညွန့်သိန်း။** ကိုရာမြင့်က သူ့တပည့်အကြောင်း ညီမလေးကို မေးချင်လို့ စောင့်နေတာလေ။ ကဲ..ညီမလေး ခဏထိုင်ပြီး ကိုရာမြင့်နဲ့ဆွေးနွေးလိုက်ပါဦး။(ဒေါ်ကြူကြူသိန်း ထိုင်ခုံလွတ်တွင် ဝင်ထိုင်စေ။)



ဒေါ်ကြူကြူသိန်း။ အိုက်ချီအကြောင်းမေးမလို့လား။ ဘာထူးထူးခြားခြားကြားလို့လဲ..ဦးရာမြင့်ရဲ့။

ကိုရာမြင့်။ ထူးထူးခြားခြားကြားလို့ မဟုတ်ပါဘူး။ ရောက်တုန်း သူ့ပညာရေး အခြေအနေကို သိချင်လို့ပါ..ဆရာမရာ..။

ဒေါ်ကြူကြူသိန်း။ ဟာ..ဒီကိစ္စကတော့ မပူပါနဲ့ ဦးရာမြင့်ရယ်..။ အိုက်ချီက နဝမတန်းရဲ့ Top Three ထဲမှာပါတယ်။ စာကြိုးစားရုံမကဘူး။ အတန်းထဲမှာလည်း စံပြကျောင်းသားလေးပါ။ အများအကျိုးဆောင်ရွက်တတ်တယ်။ အဘက်ဘက်က တော်တယ်ဆိုရမှာပေါ့။

ကိုရာမြင့်။ ဘိုးဘွားရိပ်သာ အလုပ်တွေလည်း လုပ်ရတော့ စာဘက်မှာများ ချို့ယွင်းသွားမလားလို့ပါ။ အများအကျိုးဆောင်ရွက်တာကတော့ သူက အလေ့အကျင့်ရပြီးသားလေ။

ဒေါ်ကြူကြူသိန်း။ အတန်းထဲမှာ လုပ်စရာရှိရင်လည်း မညည်းညူဘူး။ ဘယ်သူ့ကိုဖြစ်ဖြစ် ကူညီတတ်တယ်။ ဒါကြောင့် ကျောင်းကြက်ခြေနီမှာ ထည့်ထားပြီးပြီ။ သူတစ်ပါးကို ကူညီတတ်တော့ သူ့ကိုလည်း ချစ်ခင်ကြတယ်လေ။ ရှမ်းသံဝဲဝဲလေးနဲ့ ချစ်စရာကလေးပါ။

ကိုရာမြင့်။ လူမှုရေးကတော့ ကျွန်တော်မပူပါဘူး။ အလုပ်တွေမနိုင်လို့ စာဘက်မှာကျသွားမှာစိုးလို့ပါ။ ၁၀ တန်းမှာ သူ့ကို ထူးထူးချွန်ချွန်နဲ့အောင်ဖို့ မျှော်မှန်းထားလို့ပါ။ ပရဟိတဂေဟာရဲ့ စံပြလူတော်လူကောင်းလေး ဖြစ်စေချင်လို့ပါ ဆရာမရယ်...။

**ဒေါ်ကြူကြူသိန်း။** မျှော်မှန်းတဲ့အတိုင်းဖြစ်မှာပါ…ဦးရာမြင့်ရဲ့… မပူပါနဲ့။

**ကိုရာမြင့်။** ဒါဆိုရင် စိတ်အေးရပါပြီဗျာ။…ကဲ…ကိုညွန့်သိန်း ရေ့ မိုးချုပ်တော့မယ်။ ကျွန်တော်သွားဦးမှပဲဗျ။

**ဦးညွန့်သိန်း။** ဟုတ်ပြီဗျာ…နက်ဖြန်မနက် ခင်ဗျားရွာပြန်မှာပေါ့၊ ဟုတ်လား။

**ကိုရာမြင့်။** (ထပြီး…ပြန်ရန်ဟန်ပြင်ရင်း) ဟုတ်ကဲ့ နက်ဖြန် ဒီလာပြီး နှုတ်မဆက်နိုင်တော့ဘူးနော်။ ခုတစ်ခါတည်းပဲ နှုတ် ဆက်ခဲ့ပြီဗျာ။ ကိုမောင်ကြည်တို့ ဦးထွန်းရည်တို့ကို နှုတ်ဆက် ကြောင်း ပြောပြလိုက်ပါဦးနော်။ ကဲ…သွားပြီ။

**ဦးညွန့်သိန်း+ဒေါ်ကြူကြူသိန်း။**(ထကြပြီး) ဟုတ်ကဲ့…ဟုတ်ကဲ့…။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၀)

**ကာလ။** ၁၉၉၂ ခုနှစ်၊ နွေကျောင်းပိတ်ရက်ကာလ

**နေရာ။** ဘိုးဘွားရိပ်သာ၊ ငှက်ပျောခြံ

**အချိန်။** မွန်းလွဲပိုင်း

**ပြင်အဆင်။** ငှက်ပျောပင်များ အတန်းလိုက်ပါရှိသည့် နောက်ခံ ကား ရှိရမည်။

ရှေ့တွင် မြေကန်သင်းရေးချက် ဒူးပိတ်ကားရှိရမည်။ နောက်ခံကားနှင့် ဒူးပိတ်ကားအကြား မြေကြီးပေါက်ခြင်း၊ မြက် ရှင်းခြင်းများ လွတ်လွတ်လပ်လပ် လုပ်နိုင်လောက်အောင် နေရာ ရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(နောက်ခံကားနှင့် ဒူးပိတ်ကားအကြားတွင် အိုက်ချိုနှင့် ဘိုးဘွားရိပ်သာ ဝန်ထမ်းတစ်ဦး ပေါက်တူးကိုယ်စီဖြင့် မြေကြီး ပေါက်နေစေ။ စီးကျနေသော ချွေးများကိုသုတ်ရင်း အင်တိုက် အားတိုက် မြေကြီးပေါက်နေကြစေ။)

**ဝန်ထမ်း။** (အလုပ်ခဏနားပြီး ချွေးသုတ်ရင်းပြော) ဟား... ရှမ်းလေးရာ မင်းစာမေးပွဲပြီးသွားတာ ငါမသက်သာပါလား။

**အိုက်ချို။** ဟာ..ဦးညိုကြီးကလည်း ဒါလောက်ကလေးနဲ့များ ပင်ပန်းနေလားဗျ။ ကျွန်တော်က ဒီမြောင်းပေါင်တွေဖော်ပြီး ငှက်ပျောတွေ ထပ်ချချင်တာကြာပြီ။ အားလပ်တဲ့အချိန် စာကျက်နေခဲ့ရလို့ပါ။ အခု စာမေးပွဲပြီးသွားလို့...။ ဦးညိုကြီး မောရင် ခဏနားလိုက်။ ကျွန်တော် ဆက်ပေါက်လိုက်မယ်။ (ဆက်ပေါက်နေစေ။)

**ရိပ်သာဝန်ထမ်း။** မင်းကလုပ်နေပြီး ငါကထိုင်နေလို့ ကြည့်မကောင်းပါဘူးကွာ။ ရပါတယ်..မင်းကို သက်သက်ပြောတာပါ။ တကယ်တော့ ငါက အလုပ်သမားပါ။ မင်းက လက်ထောက်ဂေဟာမှူးပဲ၊ မင်းဒါတွေ မလုပ်လည်း ရတာပဲကိုး။

**အိုက်ချို။** ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဦးညိုကြီးရဲ့..။

(ဦးညိုကြီးပေါက်တူး ဆက်ပေါက်စေ။)

(ထိုစဉ် ဓာတ်စင်လက်ယာဘက်မှ အဘွားတစ်ဦးထွက်လာပြီး၊ အိုက်ချိုတို့ ပေါက်တူးပေါက်နေသည်ကို လှမ်းမြင်စေ။)

**အဘွား။** (ခေါင်းတညိတ်ညိတ်လုပ်ရင်း) တယ်တော်တဲ့ ကလေးတွေပါလား။ (အသံခပ်ကျယ်ကျယ်ဖြင့်လှမ်းပြော) ဟေ့.. မင်းတို့ကို ဆုချမယ်။ ဒီလကုန် အမေ့ပင်စင်ထုတ်ပြီးရင် မင်းတို့ကို ပိုက်ဆံငါးရာပေးမယ်သိလား...။

(ထိုစဉ် ဓာတ်စင်လက်ဝဲဘက်မှ အရက်မူးနေသည့် လူရွှယ်တစ်ဦးထွက်လာပြီး...)



**လူရွယ်။** ဘွား....ဘွား ကျွန်တော့်ကိုပေး...။ အဲဒီငါးရာ ကျွန်တော့်ကိုပေး..။ (လက်ဖြန့်တောင်းရင်း အဘွားအိုထံ ဒယီးဒယိုင် လှမ်းသွားစေ။)

(အိုက်ချိုတို့ ပေါက်တူးများရပ်လိုက်ပြီး လှမ်းကြည့်ကြစေ။ ထိုစဉ် ဂေဟာမှူးဦးအောင် ဓာတ်စင်လက်ယာဘက်မှ ထွက်လာစေ။)

**ဦးအောင်။** ဟေ့ကောင်၊ မင်းလာပြန်ပြီလား..။ အဘွားဒေါ်ဥကလည်း ပိုက်ဆံငါးရာပေးမယ် ပြောပြန်ပြီလား။ ခက်တာပဲ၊ အဘွားက လူတွေ့တိုင်း ပိုက်ဆံငါးရာပေးမယ်ချည်းပြောနေပါလား။ အခု..အမူးသမားနဲ့တွေ့တော့ ငွေငါးရာတောင်းနေပြီ မဟုတ်လား..။ ဟေ့ကောင်မူး....ဒါမင်းနေရာ မဟုတ်ဘူး။ သွား..သွား..ပြန်ထွက်သွား..။

**အမူးသမား။** အဘွားက ပိုက်ဆံပေးမယ် ကြားလို့လာတာလေ..။

**ဦးအောင်။** မဟုတ်ဘူး..မဟုတ်ဘူး..သွား..သွား..။(အရက်သမားကို လက်ဝဲဘက်သို့ တွန်းထုတ်၊ အရက်သမား တွန့်ဆုတ်တွန့်ဆုတ်နှင့် ဝင်သွားစေ။ ဦးအောင် အဘွားထံ ပြန်လာပြီး ...။)

**ဦးအောင်။** အဘွားဒေါ်ဥ၊ လူတွေ့တိုင်း...ပိုက်ဆံငါးရာပေးမယ် လျှောက်ပြောမနေနဲ့နော်။ တကယ်မပေးလို့ အဘွားကို ရိုက်သွားလိမ့်မယ် သိလား...။

**အဘွား။** (ခပ်ကုတ်ကုတ်ဖြစ်သွားပြီး) အေးပါကွယ် ..အေးပါကွယ်၊ နောက်မပြောတော့ပါဘူး။ (လက်ယာဘက်သို့ပြန်ဝင်သွားစေ။)

**ဦးအောင်။** အိုက်ချိုရေ..အဲဒီအဘွားက ပင်စင်စားကျောင်းဆရာမကြီးပဲ။ ဒါပေမဲ့ ရတဲ့ပင်စင်လေးက နည်းနည်းလေးကို အများကြီးထင်ပြီး ခုလို လူတွေတိုင်း ပိုက်ဆံငါးရာပေးမယ် လိုက်ပြောနေတာကွ။ စိတ်က ပုံမှန်မဟုတ်ဘူး ဆိုရမှာပေါ့။

**အိုက်ချို။** ဟုတ်မယ်..ဦးလေးအောင်။ ကျွန်တော့်ကို အဲလိုပြောတာ ခဏခဏပဲ။ ကျွန်တော်က သူ့အကြောင်းမသိတော့ မပေးပါနဲ့ အဘွားလို့ပဲ ပြောလိုက်တယ်။ ခု..ဦးလေးအောင်ပြောမှပဲ သိတော့တယ်..။

**ဦးအောင်။** ဒါလေးတစ်ခုပါပဲကွာ။ ကျန်တာတွေ ဘာမှမရှိပါဘူး။ အေးအေးဆေးဆေးနေပါတယ်။ ကဲ..မင်းတို့လည်း ငှက်ပျောဘောင်တွေတူးတာ သိပ်လောဘမကြီးပါနဲ့ကွာ။ ဒီတစ်မြောင်းပြီးရင် တော်ရောပေါ့။

**အိုက်ချို။** ခုလို ကျောင်းပိတ်ရက်မှ လုပ်နိုင်တာမို့ပါ ဦးလေးအောင်ရဲ့။ ငှက်ပျောပင်တွေ ဖြစ်ထွန်းလာရင် ဘိုးဘွားတွေအတွက် ဝင်ငွေတိုးလာတာပေါ့။

**ဦးအောင်။** အေးပါကွာ လုပ်..လုပ်..ညနေ ထမင်းကျွေးချိန်ကျရင်တော့ ရပ်လိုက်နော်။



**အိုက်ချို။** ဟုတ်ကဲ့..ဦးလေးအောင်...။

(ဦးအောင် လက်ယာဘက်သို့ပြန်ဝင်၊ အိုက်ချိုတို့နှစ်ယောက် ပေါက်တူးဖြင့် ပြန်ပေါက်စဉ်...)

(ရှေ့ဖုံးကားပိတ်)

# အခန်း (၂၁)

**နေရာ။** ဘိုးဘွားရိပ်သာ၊ ဘိုးဆောင်

**အချိန်။** ညနေပိုင်း

**အပြင်အဆင်။** တန်းလျားအိပ်ဆောင်တစ်ခု၏ အုတ်နံရံရေးချက် နောက်ခံကားရှိရမည်။ အကန့်တိုင်းတွင် ပြတင်းပေါက်များ ပါရှိသည်။

ငှင်းရှေ့တွင် တစ်ယောက်အိပ်ခုတင် လေးငါးလုံး (စာတ် ဆုံးသလောက်) ထားရမည်။ ခုတင်များပေါ်တွင် မွေ့ရာ၊ အခင် ခေါင်းအုံး၊ ခြင်ထောင်(တင်လျက်) ရှိရမည်။ ခုတင်တစ် နှင့် တစ်ခုအကြားတွင် ဗီရိုအပုလေးတစ်လုံးစီရှိပြီး ဗီရိုတိုင် ပေါ်တွင် လူအိုအသုံးအဆောင်များ သင့်သလိုတင်ထားရမည်

(ရှေ့ဖုံးကားဖွင့်)

(ခုတင်တစ်လုံးပေါ်တွင် အဘိုးတစ်ယောက် လဲလျောင်းနေ

(အိုက်ချို ထမင်းနှင့် ဟင်းပန်းကန်များပါသော ဗန်းကိုကိုင်လျ စာတ်စင်လက်ဝဲဘက်မှ ထွက်လာစေ။)



**အိုက်ချို။** ဘိုးကရင်··နေမကောင်းလို့ စားဆောင်ကို မလာနိုင်တာ လား··ဟင်။ (ပြောပြောဆိုဆို ထမင်းဗန်းကို စားပွဲပုကလေးပေါ် အသာချစေ။)

**ဘိုးကရင်။** နေမကောင်းလို့ မဟုတ်ပါဘူး ဂေဟာမှူးလေးရာ၊ နေ့ လယ်တုန်းက အဆောင်အရှေ့က မြက်ကလေးတွေနုတ်တာ ခါး နည်းနည်းမျက်သွားလို့ပါ။

**အိုက်ချို။** ဩော်·· ဒါကြောင့်ကိုး··။ လိမ်းဖို့ ဘာဆေးရှိလဲဘိုး··။

**ဘိုးကရင်။** ပရုတ်ဆီလိမ်းထားပါတယ်။ ပျောက်သွားမှာပါကွာ။

**အိုက်ချို။** (ထမင်းဟင်းများကို ဇွန်းများတပ် ပြင်ဆင်ပေးပြီး ဘိုးကရင်ရှေ့တွင် ချပေးရင်း) အဘိုးစားနော်။ အစားတော့မပျက် စေနဲ့။ ဒီနေ့ ငါးဟင်း အဘိုးကြိုက်မှာပါ··။

**ဘိုးကရင်။** ငါးပိ၊ တို့စရာပါသလားဟေ့(ဟင်းခွက်များကိုကြည့်စေ။)

**အိုက်ချို။** ဘိုးကရင် အတို့အမြှုပ်ကြိုက်တာသိလို့ တို့စရာတွေ ပိုယူ လာပါတယ်။ မျှစ်လည်းပါတယ်။

**ဘိုးကရင်။** အိမ်း··ကောင်းကွ။ ငါတောထဲမှာနေတုန်းက မျှစ်က အဖော်ပေါ့ကွာ···။

**အိုက်ချို။** ဘိုး··အေးအေးဆေးဆေးစား။ ကျွန်တော် ဘုရားခန်းထဲ သွားပြီး တံမြက်စည်းလှည်းလိုက်ဦးမယ်။ (လက်ယာဘက်သို့ ဝင်သွားစေ။)

**ဘိုးကရင်။** (ထမင်းကို အားရပါးရစားရင်း ဘုရားခန်းသို့လှမ်းပြော) ဂေဟာမှူးလေးလည်း ငါတို့နဲ့နေတာ တစ်နှစ်လောက်ရှိလာပြီနော်။

**အိုက်ချို။** (အတွင်းမှလှမ်းပြော) ဟုတ်တယ်အဘိုး။ ကျွန်တော် အဘိုးတို့ကို လုပ်ပေးတာ အမှားရှိလို့လားဘိုး။

**ဘိုးကရင်။** (လှမ်းပြော) မရှိပါဘူးကွယ့်။ ငါ့ယ်ငယ်က သောင်းကျန်းသူဘဝနဲ့ တောစိုခဲ့တာတွေကို နောင်တရနေတာကွယ့်။ ငါလိုလူဆိုးကို မင်းတို့က ရိုရိုသေသေပြုစုနေတော့ အားနာနေတာကွ။

**အိုက်ချို။** (ဘုရားခန်းမှ ပြန်ထွက်လာရင်း) ဟာ…ဘိုးကရင်ကလည်း ကိုယ့်အမှားကိုယ်သိလို့ အလင်းဝင်ခဲ့တာ ဘိုးလမ်းမှန်ရောက်နေပီပေါ့။ ဘိုးမှာ ဆွေမျိုးလည်းမရှိ မလုပ်နိုင်မကိုင်နိုင်ဖြို ဘိုးဘွားရိပ်သာမှာ ခေါ်ပြီးပြုစုထားတာပဲ။ အားနာစရာမရှိပါဘူး ဘိုးရာ‥။ (ဘိုးကရင်ရှေ့ ခုတင်လွတ်ပေါ်တွင် ထိုင်စေ။)

**အိုက်ချို။** ဘိုး…

**ဘိုးကရင်။** ဘာလဲကွ…‥ဂေဟာမှူးလေးရ၊

**အိုက်ချို။** ကရင်လူမျိုးတွေဟာ ပွင့်ပွင့်လင်းလင်းပြောတတ်တယ်နော်‥။

**ဘိုးကရင်။** ဟုတ်မှာပေါ့လေ‥အဲ‥မင်းလည်းရှမ်းမဟုတ်လား။ မင်းတို့ရှမ်းလူမျိုးလည်း ရိုးသားပွင့်လင်းတာပဲကွ။

**အိုက်ချို။** ကရင်လူမျိုးတွေ စကားပြောတာ ပွင့်ပွင့်လင်းလင်းဆိုတော့ ခင်မင်စရာကောင်းတယ်ဘိုးရဲ့။ ဘိုး ကျွန်တော့်ကို ကရင်စကား သင်ပေးပါလား‥။

**ဘိုးကရင်။** အို‥ရှမ်းက၊ ကရင်စကားသင်ချင်ရတယ်လို့ ။

(ဘိုးကရင် ထမင်းစားပြီးသွားသဖြင့် ပန်းကန်များကို အိုက်ချိုက



လင်ပန်းပေါ်တင်စေ။ ဘိုးကရင် အခန်းထောင့်သွားပြီး လက်ဆေးစေ။)

**ဘိုးကရင်။** (ပြန်ဝင်လာပြီး) ဘာစကားသိချင်တာလဲ ဂေဟာမှူး ရှမ်းကလေးရဲ့။

**အိုက်ချို။** ဪ … ထမင်းစား ရေသောက် စကားလေးတွေ လောက်ပါ ဘိုးရဲ့။

**ဘိုးကရင်။** ထမင်းက "မေ"၊ ဟင်းက "ကသူး"

**အိုက်ချို။** အဖေ၊ အမေ၊ ညီအစ်ကို၊ မောင်နှမ ဆိုရင်ကော ‥

**ဘိုးကရင်။** အဖေကို "ပါး"၊ အမေကို "မိုး"၊ ညီကို "ဒေးခွား"၊ အစ်ကိုကို "ဝယ်ခွား"၊ အစ်မကျတော့ "ဝယ်မူ"၊ ညီမကျတော့ "ဒေးမူ"

**အိုက်ချို။** လင်မယားကျတော့ ‥

**ဘိုးကရင်။** လင်ဆိုရင် "ဝါး"၊ မယားဆိုရင် "မား" ပေါ့။

**အိုက်ချို။** ချစ်တယ်၊ ကြိုက်တယ် ဆိုရင်ကော ‥

**ဘိုးကရင်။** "အယ့်" ဆိုရင် ချစ်တယ်ပေါ့ကွ။ "ဘာ့သ" ဆိုတာက ကြိုက်တာ ‥ ကရင်စကားတွေသင်ပြီး ဘာလုပ်မလို့လဲလေ။ ဘယ်ကရင်မလေးကို စကားပြောမလို့လဲ။ ဂေဟာမှူး ရှမ်းလေး မရိုးဘူးထင်တယ်။ ဟား … ဟား … ဟား ‥ ၊

**အိုက်ချို။** (ပြုံးတုံ့တုံ့မျက်နှာနှင့်) နွေကျောင်းပိတ်ရက် စာကျက်စရာမရှိ အားနေလို့ ဗဟုသုတရှာတာပါ ဘိုးကရင်ရဲ့ ‥။

**ဘိုးထရင်။** ကျောင်းက ဘယ်တော့ပြန်တက်ရမလဲကွယ့်။

**အိုက်ချို။** နောက်နှစ်ပတ်လောက်ဆို ...ပြန်တက်ရမယ်လေ။ (ပြောပြောဆိုဆို ထမင်းလင်ပန်းကိုသယ်ပြီး ဓာတ်စင်လက်ဝဲဘက်သို့ ဝင်စေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၂)

**နေရာ။** အ.ထ.က ရှေ့၊ ကုက္ကိုပင်တန်း

**အချိန်။** နံနက်ကျောင်းသွားချိန်

**အပြင်အဆင်။** အခန်း (၁၈) အတိုင်း ကုက္ကိုပင်ကြီးများ လမ်းဘေးတစ်လျှောက် စီတန်းနေသည့်ရှေးချက် နောက်ခံကားရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ကျောင်းစိမ်းဝတ်စုံ သစ်သစ်လွင်လွင်များဖြင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာသွားလာနေကြစေ။)

(အိုက်ချိုနှင့် စိုးတင့် လွယ်အိတ်ကိုယ်စီလွယ်လျက် ဓာတ်စင်လက်ဝဲဘက်မှ ထွက်လာစေ။)

**အိုက်ချို။** စိုးတင့်ရာ..စံကျော်သာကြီး သူ့အဖေအလုပ်ပြောင်းသွားတဲ့နောက် ပါသွားတော့ တို့အတွဲပြတ်သွားတာပေါ့ကွာ။

**စိုးတင့်။** အေး..ဒီကောင်ကြီးက ဗရွတ်ရွတ်တာနဲ့ ပျော်စရာကောင်းတယ်ကွ။ ခု ၁၀ တန်းရောက်တော့ တို့နှစ်ယောက်ပျင်းရပြီပေါ့ကွာ..။ ဟော့..ရှေ့မှာ..နော်အဲမွန်တို့..။

(နော်အဲမွန်နှင့် သူငယ်ချင်းနှစ်ယောက် လက်ယာဘက်မှ ထွက်လာစေ။ နော်အဲမွန် အိုက်ချိုကိုလှမ်းမြင်သည်နှင့်··)

**နော်အဲမွန်။** ဟယ်··အိုက်ချို··(သူငယ်ချင်းများဘက်သို့လှည့်၍) ငါ အိုက်ချိုကိုမေးစရာရှိလို့·· သွားနှင့်နော်··။ (သူငယ်ချင်းနှစ်ယောက် ဆက်သွားစေ။)

(နော်အဲမွန် အိုက်ချိုထံ အပြေးကလေးသွားစေ။ အိုက်ချိုလည်း ဝမ်းသာလျက်ရှိစေ။)

**စိုးတင့်။** အိုက်ချို··ငါသွားနှင့်မယ်နော်··။

**အိုက်ချို။** အေး··အေး··။ (နော်အဲမွန်နှင့် အိုက်ချို ဇာတ်စင်အလယ်လောက်တွင် မျက်နှာချင်းဆိုင်ရှိနေစေ။)

**နော်အဲမွန်။** အိုက်ချို··ကျောင်းပိတ်ရက်မှာ နင်ရွာပြန်သေးလားဟင်။

**အိုက်ချို။** ဘယ်ပြန်နိုင်မလဲဟာ၊ ဘိုးဘွားရိပ်သာလုပ်ငန်းတွေက မအားဘူး။ နင်ကော ဘာဖြစ်လို့ ဘိုးဘွားရိပ်သာဘက် တစ်ခါလေးတောင် မလာတာလဲ အဲမွန်ရ။

**နော်အဲမွန်။** စာမေးပွဲပြီးတော့··။ အပါးကလေ မြောင်းမြနားက အဖိုးဇာတိရွာကို ခဏသွားရအောင်ဆိုပြီး ငါတို့သားအဖ သွားကြတာ။ ဟိုရောက်တော့ ငါ့အဘိုးအဘွားဆွေမျိုးတွေက ငါ့ကို မပြန်ရဘူး။ ကျောင်းဖွင့်မှ သူတို့လိုက်ပို့မယ်ဆိုပြီး ခေါ်ထားလို့ဟာ··။ ငါလေ ပျင်းလိုက်တာ အိုက်ချိုရာ··။ နင့်ကိုလည်း ခဏခဏ သတိရတာပဲ။

**နော်အဲမွန်။** နင်ကော ကျောင်းပိတ်ရက်မှာ ငါ့ကိုသတိရရဲ့လားဟင်··။



**အိုက်ချို။** သတိရတာပေါ့ဟာ··။ သင်္ကြန်နှစ်ဆန်း ၁ ရက်နေ့က ဆိုရင် ကျောင်းသူကျောင်းသားတွေ အဖွဲ့အစည်းက လူငယ်တွေ ဘိုးဘွားတွေကို ခြေသည်း၊ လက်သည်းညှပ်ပေး၊ ဆံပင်ဖြီးပေး၊ သန့်ရှင်းရေးတွေ လုပ်ကြတာလေ။ နင်ဘာလို့ မပါလဲလို့ မမေးရဲဘူးဟ။ နင်ရှိရင် ပါမှာနော်··။

**နော်အဲမွန်။** ဟယ်··အဲဒီကုသိုလ်မျိုး ငါသိပ်လုပ်ချင်တာ။ ငါမရှိလိုက်တာ နာတယ်ဟာ။ ဒီနှစ်ထဲ ကျောင်းပိတ်ရက်တွေကျရင် ငါ့ဘာသာ ဘိုးဘွားတွေကို လာပြုစုဦးမယ်သိလား။

**အိုက်ချို။** အေး···နင် ဘိုးဘွားရိပ်သာကို ခဏခဏလာဟာ။

**နော်အဲမွန်။** နင်ရော··ကျောင်းပိတ်ရက်တုန်းက တခြားဘာတွေ လုပ်သေးလဲ။

**အိုက်ချို။** ငါလား··ငှက်ပျောခြံ တိုးချဲ့စိုက်ဖို့ မြောင်းတွေပေါက်တယ်။ အဲ··အဲ နောက်ပြီး (ရယ်ကျဲကျဲလုပ်နေစေ။)

**နော်အဲမွန်။** ဘာလဲ ဟင်··။

**အိုက်ချို။** (ခဏစဉ်းစားပြီး) အင်း··ပြည်တွင်းဘာသာစကား ဒီပလိုမာသင်တန်းတစ်ခုတက်တယ်ဟ။

**နော်အဲမွန်။** ဟယ်··Foreign Language နိုင်ငံခြားဘာသာစကား ဒီပလိုမာသင်တန်းလို့ပဲ ကြားဖူးပါတယ်ဟာ။

**အိုက်ချို။** တကယ်ဟ··။ အဲဒီသင်တန်းမှာ ငါသင်ခဲ့တဲ့စကားလုံးတွေက နင်သိလား၊ မသိလား ငါမေးမယ်။

**နော်အဲမွန်။** (နားမလည်ဟန်နှင့်) ဘယ်လိုဘာသာစကားလုံးတွေလဲ အိုက်ချိုရဲ့..။

**အိုက်ချို။** 'ပါး'ဆိုတာ ဘာလဲ၊ 'မိုး'ဆိုတာ ဘာလဲ။

**နော်အဲမွန်။** ဟယ်..အိုက်ချို နင်တော်တော် နောက်တာပဲ။ နင် ကရင်စကားတွေသင်ထားတယ်ပေါ့လေ။ 'ပါး'ဆိုတာ အဖေ၊ 'မိုး'ဆိုတာ အမေပေါ့ဟ။

**အိုက်ချို။** ဒါဆို 'အယ့်' ဆိုတာရော၊ 'ဘ့ာသ' ဆိုတာရော။

**နော်အဲမွန်။** (ရှက်သွေးဖျန်းလျက်) လူဆိုး..ငါသွားတော့မယ်။

(အိုက်ချို ခပ်ပြုံးပြုံးကျန်ခဲ့စေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၃)

**နေရာ။** ဘိုးဘွားရိပ်သာ၊ ဘွားဆောင်

**အချိန်။** နေ့လယ်ပိုင်း

**အပြင်အဆင်။** အခန်း (၁၄) အတိုင်း ပြင်ဆင်ထားရမည်။ (အဆောင်တွင်းမြင်ကွင်း)

(ရှေ့ဖုံးကားဖွင့်)

(စတုတ္ထမြောက် ခုတင်တွင်သာ အဘွားတစ်ယောက်ရှိနေပြီး ကျန်ခုတင်များတွင် လူမရှိစေရ။ ၎င်းအဘွား ခုတင်ပေါ်တွင် ဆောင်ခြုံ၍ လဲလျောင်းနေစေ။)

(ဇာတ်စင်လက်ဝဲဘက်မှ အိုက်ချိုနှင့် နော်အဲမွန်တို့ ထွက်လာစေ။)

**အိုက်ချို။** အဲမွန်..နင် ထမင်းစားပြီးခဲ့ပြီလား။ မစားရသေးရင် ဒီမှာစားလို့ရတယ်နော်။ နင်လာမယ်ဆိုလို့ ငါထမင်းမစားသေးဘဲ စောင့်နေတာ။

**နော်အဲမွန်။** စားပြီးခဲ့ပြီဟ။ စားပြီးပြီးချင်းပဲ အပါးကိုလိုက်ပို့နိုင်းတာ။ နင် ထမင်းသွားစား။ ငါ သန့်ရှင်းရေးလုပ်မယ်။ ဟင်..ဒီမှာ

အဘွားတစ်ယောက်တည်းပါလား။ ကျန်တဲ့အဘွားတွေရော··။

**အိုက်ချို**။ ဒီအချိန်က တရားရှုမှတ်တဲ့အချိန်လေ။ မွေ့ရာရုံကြီးထဲမှာ တရားရှုမှတ်နေကြတယ်။ ဒီအဘွားကတော့ နည်းနည်းနေမကောင်းလို့ ကျန်ခဲ့တာလေ။ နင်သန့်ရှင်းရေးလုပ်မယ်ဆိုရင် သူတို့မရှိတုန်း မွေ့ရာခင်းတွေ၊ စောင်တွေဖုန်ခါပြီး သပ်သပ်ရပ်ရပ်ပြန်ခင်းပေးပါလား။ ပြီးတော့မှ တံမြက်စည်းလှည်းတာပေါ့။

**နော်အဲမွန်**။ (အားတက်သရောပြော) လုပ်ပေးမယ်··လုပ်ပေးမယ်။

(လဲလျောင်းနေသောအဘွား၊ အိုက်ချိုတို့နှစ်ယောက်ကို ကြည့်နေရာမှ ထရပ်ဟန်ပြင်နေ၍ အိုက်ချိုနှင့်နော်အဲမွန် အဘွားအနားရောက်သွားစေ။)

**အိုက်ချို**။ (အဘွားကို မေးမေး၊ နဖူးကိုစမ်းကြည့်ရင်းပြော) ကိုယ်တော့ မပူတော့ဘူးနော်။ ဘယ်လိုနေသေးလဲအဘွား။

**အဘွား**။ (စောင်ကို အသာဖယ်ရင်း) ကြီးကြီးကျယ်ကျယ်ဖြစ်တာမဟုတ်ပါဘူး၊ ရှမ်းလေးရဲ့။ မနေ့က မိုးရေချိုးလိုက်လို့နဲ့တူတယ်၊ နည်းနည်းကိုက်ခဲရုံပါ။ ရပါတယ်။ ဆရာမမျိုးမျိုးပေးထားတဲ့ ဆေးလေး သောက်မလို့။

**နော်အဲမွန်**။ ကျွန်မလုပ်ပေးမယ်အဘွား။ ကဲ··အိုက်ချို နင်ထမင်းသွားစားတော့၊ ငါ အဘွားကို ဆေးတိုက်လိုက်မယ်နော်။

**အိုက်ချို**။ အေး··အေး ငါစားပြီးရင် ပြန်လာခဲ့မယ်သိလား။

(လက်ဝဲဘက်သို့ ပြန်ဝင်သွားစေ။)

**နော်အဲမွန်**။ (စားပွဲပုလေးပေါ်မှ ဆေးထုပ်ကို ကိုင်၍) ဒီဆေးလား အဘွား။



**အဘွား**။ အင်း··အင်း··ဟုတ်တယ်။

(နော်အဲမွန်၊ ဆေးများကို အကြမ်းပန်းကန်တစ်လုံးထဲ ထည့်ပြီး ဓာတ်ဘူးထဲမှ ရေနွေးဖြင့်ဖျော်ကာ အဘွားကို ယုယစွာ ဆေးတိုက်ပေးစေ။)

**အဘွား**။ (ဆေးသောက်ပြီး) သာဓု··သာဓု··သမီးလေး ကျန်းမာချမ်းသာပါစေတော်··။

(အဘွားဆေးသောက်ပြီးနောက် အိပ်ရာပေါ်ပြန်လှဲပေးစေ။)

**နော်အဲမွန်**။ အဘွား··သမီးသန့်ရှင်းရေးလုပ်လိုက်ဦးမယ်။ အဘွားလိုရင် သမီးကို လှမ်းခေါ်လိုက်နော်။

**အဘွား**။ အေးကွယ်··မလိုသေးပါဘူး။

(နော်အဲမွန် ထိပ်ဆုံးခုတင်ဆီသို့ သွားရောက်ပြီး ခေါင်းအုံးနှင့်စောင်ကို အသာဖယ်၍ မွေ့ရာအခင်းကို ခြေရင်းဘက်သို့ ဖုံခါပြီးလျှင် မွေ့ရာတွင် သပ်သပ်ရပ်ရပ်ပြန်ခင်းပြီး ခေါင်းအုံးကို စနစ်တကျပြန်ထားစေ။ ခြုံစောင်ကိုလည်း ခြေရင်းဘက်၌ ဖုန်ခါပြီး ခေါင်းအုံးပေါ်သေချာစွာ ပြန်ထားစေ။ ထို့နောက် ဒုတိယမြောက်ခုတင်တွင် အလားတူလုပ်စေ။ တတိယမြောက်ခုတင်ကို စတင်ရန် မွေ့ရာအခင်းကို ရုပ်လိုက်သည့်အခါ ကြက်သွန်ဖြူအစိတ်ကလေးများ မွေ့ရာအောက်မှ ထွက်ကျစေ။)

**နော်အဲမွန်**။ (မွေ့ရာကို လှန်ကြည့်ပြီး အံ့ဩသံဖြင့်) အို··ဒီမှာ··ဒီမှာ··(မွေ့ရာအောက်နေရာအနှံ့ ထွေလီကာလီပစ္စည်းလေးများကို တစ်ခုချင်းယူ၍ နမ်းကြည့်ကာ) ဒါက ကန်စွန်းဥပြုတ်၊ ဒါက ··ဒါက ပန်းသီးစိတ်၊ ဒီမှာ ချိုချဉ်လုံးတွေ··

(ထိုစဉ် အိုက်ချို လက်ဝဲဘက်မှ ပြန်ထွက်လာစေ။)

**အိုက်ချို။** (နော်အဲမွန်အနီးရောက်လာ၊ မွေ့ရာအောက်ကိုကြည့်ပြီး) ဟင်..ဘာတွေလဲ၊ မျိုးစုံပါလား..။ ချိုချဉ်လုံးတွေလည်း မွေ့ရာ အောက်မှာ ထား..တာ..ကို..။

**စတုတ္ထခုတင်မှအဘွား။** (လဲလျောင်းနေရာမှပြော) အေး..ဟုတ်တယ်။ အဲဒါ ဒေါ်ဥခုတင်လေ။ ဒေါ်ဥက အဲဒီလိုပဲ စားစရာတွေကျန်ရင် လွှင့်မပစ်ဘဲ မွေ့ရာအောက်မှာ သိမ်းသိမ်းထားတာကွယ့်။ အဘွား လည်း အရင်တုန်းကတော့ ပြောပါသေးတယ်။ နောက်တော့ ပြောမရလို့ မပြောတော့ပါဘူးကွယ်။

**အိုက်ချို။** ဟာ..ဒီကိစ္စပြောရမယ်။ ကြာတော့ ကျန်းမာရေးထိခိုက် ကုန်မှာပေါ့။ (ထွေလီကာလီများကို အမှိုက်ဂေါ်ပြားတွင် စုထည့်စေ။)

(နော်အဲမွန် မွေ့ရာခင်းခါခြင်း၊ စောင်ခါခြင်းများ စသည် များကို ဆက်လုပ်စေ။ ထို့နောက် ပဥ္စမမြောက်ခုတင်သို့ ဆက် သွားပြီး သန့်ရှင်းရေးလုပ်စေ။)

(ထိုစဉ်ပင် အဘွားများ ဓာတ်စင်လက်ဝဲဘက်မှ ထွက်လာပြီး ခုတင်အသီးသီးသို့ ဝင်ရောက်ရင်း ပြုံးရွှင်စွာဖြင့် "သန့်ရှင်းရေး လုပ်ထားတာကိုး၊ သာဓုပါကွယ် သာဓုပါ.."စသည်ဖြင့် ဝမ်းသာကြည်နူးနေကြစေ။)

**အိုက်ချို။** (တတိယခုတင်မှ စောင့်နေရင်း ရောက်လာသောအဘွား အားပြော) ကဲ..အဘွား..ဒေါ်ဥ..

**ဒေါ်ဥ။** ဩော်...ရှမ်းလေးကို ငွေငါးရာပေးရဦးမယ်။ (နော်အဲမွန်



လှည့်ပြော) ဟိုကလေးမလေးကိုလည်း ငွေငါးရာပေးမယ် နော်။ ဒီလကုန်ပင်စင် ထုတ်ပြီးရင်ပေးမယ်နော်..စိတ်ချ။

(အဘွားများ ဝိုင်းရယ်ကြစေ။)

**အိုက်ချို။** ကဲ..အဘွား ဒေါ်ဥ..(ဂေါ်ပြားထဲမှ ထွေလီကာလီများ ကိုပြပြီး) အဲတာတွေ ဘာဖြစ်လို့မွေ့ရာအောက်မှာထားတာလဲ..။

**ဒေါ်ဥ။** ဩော်..ဒါလား၊ မကုန်လို့ မင်းတို့ကို ကျွေးဖို့ သိမ်းထား တာလေ..။

(အဘွားများ ဝိုင်းရယ်ကြပြန်စေ။)

**အိုက်ချို။** ကဲ..မကျွေးပါနဲ့အဘွားရယ်။ အဲဒီလို ခုတင်အောက်မှာ မထားရဘူး အဘွားရဲ့။ ကြာရင် နံကုန်မှာပေါ့။ ကျန်းမာရေး လည်း ထိခိုက်လိမ့်မယ်။ နောက်ကို အဲဒီလို မလုပ်နဲ့နော်။

**ဒေါ်ဥ။** အေးပါကွယ်..အေးပါ..မလုပ်တော့ပါဘူး။

(အိုက်ချိုနှင့် နော်အဲမွန်တို့ ဓာတ်ခုံရှေ့ပိုင်းသို့ ထွက်လာကြစေ။)

**နော်အဲမွန်။** အဘွားဒေါ်ဥက Normal မဟုတ်ဘူးထင်တယ်နော်.. ရယ်စရာလည်းကောင်းတယ်။

**အိုက်ချို။** ဟုတ်တယ်..အဲမွန်..သူက ရူးတာတော့မဟုတ်။ ဒါပေ မဲ့ စိတ်ပုံမှန်တော့ မဟုတ်ဘူး။ Ab-normal လို့ခေါ်ရမှာပေါ့။ ကဲ..အဲမွန်လည်း ဘိုးဘွားတွေကို လုပ်အားဒါန လုပ်ချင်တာ လုပ်ပြီးသွားပြီ။ ကုသိုလ်တွေအများကြီးရပြီ။ ကျေနပ်တယ် မဟုတ်လား။

**နော်အဲမွန်**။ အေးပါ..ငါလုပ်နိုင်သလောက်ပေါ့ဟာ။

**အိုက်ချို**။ ကဲ..ရောက်တုန်း နင်နဲ့ငါ ကန်တော်ကြီးပေါ်မှာသွားပြီး အပန်းဖြေ လမ်းလျှောက်ကြမလား။

**နော်အဲမွန်**။ ကောင်းသားပဲ။ နီးတယ်မဟုတ်လား။ အပါးက ညနေ ၅ နာရီမှလာမှာ။

**အိုက်ချို**။ တို့ရိပ်သာနဲ့ ကပ်လျက်ပဲလေ..။ လာ..သွားစို့။

(အိုက်ချိုနှင့် နော်အဲမွန် ဓာတ်စင်လက်ဝဲဘက်သို့ ဝင်သွားစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၄)

**နေရာ**။ ကန်တော်ကြီးစောင်းတစ်နေရာ

**အချိန်**။ ညနေပိုင်း

**အပြင်အဆင်**။ မိုးတိမ်၊ ကန်ရေပြင်၊ ကန်ပေါင်ရိုးနှင့် သစ်ပင်ငယ်များ ရေးချက်နောက်ခံကားရှိရမည်။

ကန်ပေါင်ပေါ်တွင် ထိုင်ခုံငယ်လေးနှစ်လုံး နောက်ခံကားနှင့်ကပ်လျက် ထားရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဓာတ်စင်လက်ဝဲဘက်မှ အိုက်ချိုနှင့် နော်အဲမွန် ထွက်လာစေ။)

**နော်အဲမွန်**။ ကန်ပေါင်ပေါ်လမ်းလျှောက်ရတာ အရသာရှိလိုက်တာဟာ။

**အိုက်ချို**။ လေကောင်း၊ လေသန့်ရတယ်။ မြင်ကွင်းက လှတယ်မဟုတ်လား။

**နော်အဲမွန်**။ ကန်ရေပြင်ကျယ်ကြီးက တစ်မျှော်တစ်ခေါ်၊ မိုးသားတိမ်တွေက နောက်ခံပန်းချီကားတစ်ချပ်လိုပဲ။ တကယ်လှတယ်ဟာ။ ကြာတွေကလည်း ကန်အပြည့်နီးနီးပဲနော်။ ကြာပွင့်၊ ကြာဖူးလေးတွေနဲ့။ ရေကန်နဲ့ကြာ..ကြာနဲ့ရေကန် ပန်းရလိုက်တာ။ စာတွေကဗျာတွေမှာ မကြာခဏ ဖတ်ရတဲ့အတိုင်းပဲ...။

**အိုက်ချို**။ ကြာတွေရှိလို့လည်း ရေတွေသန့်တာ။ ကန်တော်ကြီးရေကို တစ်မြို့လုံးသုံးလို့ရအောင် စည်ပင်သာယာက ပိုက်တွေနဲ့ စနစ်တကျဖြန့်ဖြူးဖို့လုပ်နေပီလေ။ ငါတို့ဘိုးဘွားရိပ်သာကိုတော့ ရေပိုက်နဲ့ သွယ်ပေးထားပီးပီ။

**နော်အဲမွန်**။ ကောင်းတာပေါ့နော်။ အင်း..ကန်တော်ကြီးက ရေကောင်းရေသန့်တွေပေးသလို လေကောင်းလေသန့်လည်း ရှူရှိုက်ရတယ်။ ရှုခင်းလည်းသာယာတယ်။ စိတ်ကိုကြည်လင်သွားတာပဲ..ဟာ..။

**အိုက်ချို**။ အဲဒါကြောင့် ငါဒီမှာလာလာပြီး စာကျက်တာဟ။ လာ..ထိုင်ခုံပေါ် ခဏထိုင်ကြရအောင်။

(ထိုင်ခုံပုလေးပေါ်တွင် နှစ်ယောက်ယှဉ်တွဲ၍ ထိုင်ကြစေ။)

**နော်အဲမွန်**။ အေးနော်..နင်က စာကျက်ဖို့ နေရာကောင်းရထားတာကိုး။ ငါတို့အိမ်ကတော့ ဝန်ထမ်းအိမ်ဆိုတော့ ကျဉ်းလည်းကျဉ်းတယ်။ လွတ်လည်းမလွတ်လပ်ဘူး။ ဒါကြောင့် ငါလူတွေအိပ်တဲ့အချိန်ကို ထပြီးစာကြည့်တဲ့ အလေ့အကျင့်လုပ်လိုက်တယ်။ ညဥ့်ဦးပိုင်းကိုအိပ်လိုက်တာပေါ့ဟာ။



**အိုက်ချို**။ အေး..နင့်မှာလည်း ဘဝကို အရှုံးမပေးတဲ့သတ္တိရှိတာ ဝမ်းသာတယ်ဟာ။ တို့တစ်တွေ မိဘမဲ့တွေဟာ ဘဝကို အရှုံးမပေးဘဲ ပိုပြီးကြိုးစားအားထုတ်ရမယ်ဟ။ နင်ကမှ တော်သေးတယ်။ အဖေရှိသေးလို့။ ငါ့မှာတော့ အဖေလည်းမရှိ၊ အမေလည်းမရှိ။ ဒါ့ကြောင့် ဘာကိစ္စဖြစ်ဖြစ် သူများထက်ပို အပင်ပန်းခံရမယ်လို့ ငါခံယူထားတယ်လေ။

**နော်အဲမွန်**။ နင် အဲဒီလိုအလုပ်တွေ အများကြီးလုပ်လို့၊ အများအတွက်ဆိုရင်လည်း နင်က ရှေ့ဆုံးက အကျိုးဆောင်လို့ နင့်ကိုမခင်တဲ့သူမရှိဘူးဟ။

**အိုက်ချို**။ နင်ကရော ငါ့ကို တကယ်ခင်ရဲ့လား။

**နော်အဲမွန်**။ မခင်ဘဲနဲ့ ဒီလိုနေပါ့မလား။ နင်နဲ့ငါက ဘဝတူတွေ။ ငါကအမိမဲ့၊ နင်ကမိဘမဲ့။ အများအကျိုးဆောင်ရွက်ချင်တဲ့စိတ်လည်းတူတယ်။ ဒါ့ကြောင့် ၉ တန်းမှာ စတွေ့ကတည်းက ငါနင့်ကို ခင်သွားတာ။ နွေကျောင်းပိတ်တုန်းကလည်း အဝေးရောက်နေမှ နင့်ကို ပိုသတိရသလိုပဲ။

**အိုက်ချို**။ ဟုတ်ရဲ့လား..ဟာ။ ဒါဆိုရင် ကျောင်းပြန်ဖွင့်တဲ့နေ့တုန်းက နင့်ကိုငါ "အယ့်"လို့ပြောတာ နင်ဘာဖြစ်လို့ပြန်မဖြေတာလဲ။

**နော်အဲမွန်**။ (မျက်စောင်းကလေးထိုး၍) ခင်တာနဲ့ "အယ့်"နဲ့ တူမှမတူပဲဟာ။

**အိုက်ချို**။ (ခေတ္တမျှ စဉ်းစားသလိုလုပ်ပြီးနောက်) အဲမွန်..

**နော်အဲမွန်**။ ဟင်..ဘာလဲ။

**အိုက်ချို**။ ငါလေ..နင့်ကို..နင့်ကို ပွင့်ပွင့်လင်းလင်း ပြောချင်တယ်ဟာ။

**နော်အဲမွန်**။ (အိုက်ချိုရဲ့ပါးစပ်ကို လှမ်းပိတ်ပြီး) မပြောနဲ့မပြောနဲ့..။ နင်ပြောမယ့်စကား ငါသိတယ်။ ဒီနှစ်ဟာ ၁၀ တန်းလေ။ တို့တစ်တွေ ကျောင်းသားတွေဘဝမှာ အရေးကြီးဆုံးအချိန်ဆိုတာ နင်လည်းသိရဲ့သားနဲ့။ အခုအချိန်မှာ စာပဲအရေးကြီးဆုံးမဟုတ်လား။ နောက်ပြီး နင်နဲ့ငါ ကျူရှင်လည်းယူတဲ့သူမဟုတ်တော့ သူများထက် ပိုကြိုးစားရမယ်ဟ။ ဒီလိုအချိန်မျိုးမှာ တခြားစိတ်တွေဝင်နေရင် တို့ရည်မှန်းချက်တွေ ပျက်ကုန်လိမ့်မယ်။

**အိုက်ချို**။ အင်း..နင်ပြောတာလည်း ဟုတ်ပါတယ်ဟာ..။ ငါ့ရင်ထဲက မထွေးနိုင် မအန်နိုင်လို့သာပါ။

**နော်အဲမွန်**။ ၁၀ တန်းစာမေးပွဲကြီးပြီးသွားမှ နင်ပြောချင်တာပြောပေါ့။

**အိုက်ချို**။ (ဝမ်းသာအားရဟန်နှင့်) ဟုတ်တယ်..ဟုတ်တယ်၊ ငါလောကြီးသွားတယ်ဟာ။ ကဲ...ဒီနေ့ကစပြီး တို့နှစ်ယောက် တခြားဘာမှ မစဉ်းစားဘူးနော်။ တို့ရည်မှန်းချက်အတိုင်း ၁၀ တန်းကို ဂုဏ်ထူးပါအောင် ကြိုးစားကြမယ်။

(နှစ်ယောက်သား ညာလက်ဝါးချင်း ဆုပ်ကိုင်၍ အသိအမှတ်ပြုလိုက်ကြစေ။ ရွှင်လန်းစွာ ထကြစဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၅)

**နေရာ**။ ဘိုးဘွားရိပ်သာရုံးခန်း

**အချိန်**။ မွန်းလွဲပိုင်း

**အပြင်အဆင်**။ အခန်း (၁၃) အတိုင်း ပြင်ဆင်ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဂေဟာမှူးဦးအောင် ဗီရိုထဲမှ ဆေးပုလင်း၊ ဆေးဘူးများကို ထုတ်၍ ၎င်း၏စားပွဲပေါ်တွင် တန်းစီ၍ တင်လျက်ရှိစေ။ ပါကင်ဆေးဘူးအသစ်များလည်း အများအပြားရှိစေ။ ထိုစဉ် ကျောင်းစိမ်းဝတ်ဖြင့် အိုက်ချို ဓာတ်စင် လက်ဝဲဘက်မှ ထွက်လာစေ။)

**ဦးအောင်**။ ကျောင်းဆင်းလာပြီလား..အိုက်ချို။

**အိုက်ချို**။ ဟုတ်ကဲ့..ဦးလေးအောင်..။ (လွယ်အိတ်ကို ကုလားထိုင်တစ်လုံးတွင် ချိတ်ထားလိုက်ပြီး) ကျွန်တော် ထုတ်လိုက်မယ်။ (ဦးအောင်အား ဘေးဖယ်စေပြီး ဝင်လုပ်စေ။ ဆေးဘူးများ ဗီရိုထဲမှထုတ်ရင်း) ဒါတွေအားလုံးထုတ်ရမှာလား ဦးလေးအောင်..။

**ဦးအောင်။** အေး…အားလုံးသာထုတ်လိုက်…။ ဆရာမလေး ဒေါ်မျိုးမျိုး ဘိုးဘွားတွေကို အဆောင်တွေမှာ သွားကြည့်ပေးနေတယ်။ သူပြီးလို့ ဒီကိုပြန်လာရင် သူနဲ့ညှိနှိုင်းပြီး ဒီဆေးတွေ ဝေသင့်တာဝေ၊ ချန်ထားသင့်တာချန်ထားမလို့။

**အိုက်ချို။** ဪ… ဪ…။

**ဦးအောင်။** (မှတ်ပုံတင်စာအုပ်တစ်အုပ်ကို ထုတ်လိုက်ပြီး) လှူထားတဲ့ စာရင်းနဲ့ ငါစစ်ကြည့်လိုက်ဦးမယ်။ မင်းက ဆေးတွေကို အမျိုးအစားတူရာတူရာ စီထားနော်။

**အိုက်ချို။** ဟုတ်ကဲ့…ဦးလေးအောင်…။ဆေးတွေက အများကြီးပဲနော်။ ဟိုလတွေကတည်းက လှူသွားတာတွေကို စုထားတာ မဟုတ်လား။

**ဦးအောင်။** အေးလေ…အလှူရှင်တွေက ယူယူလာပြီး လှူသွားတာတွေကို ဒီစာအုပ်ထဲမှာ မှတ်ထားပြီး စုစုထားတာ။ အခု တော်တော်လေးများလာလို့၊ ဆရာမလေးနဲ့ တိုင်ပင်ပြီး ဝေပေးမလို့လေ။

(ပြောရင်း မိမိကိုင်ထားသော စာအုပ်နှင့် ဆေးများကို တိုက်ကြည့်နေစေ။)

(အတန်ကြာလျှင် တိုင်းရင်းဆေးဆရာမ ဒေါ်မျိုးမျိုး ဇာတ်စင်လက်ယာဘက်မှထွက်လာစေ။ ၎င်းလက်ထဲတွင် ပါလာသော သွေးပေါင်ချိန်ကိရိယာနှင့် ဆေးအိတ်ကို ဆက်တီပေါ်တွင် တင်လိုက်ပြီး…)



**ဒေါ်မျိုးမျိုး။** ဦးလေးအောင်… အဲဒီဆေးတွေ ဘာလုပ်မလို့လဲ။ လှူထားတာတွေလား။ (ဆက်တီထိုင်ခုံတွင် ထိုင်စေ။)

**ဦးအောင်။** ဆရာမလေး ခဏထိုင်ပါဦးနော်။ ဒီဆေးတွေက လှူထားတာတွေကို စုစုထားတာပါ။ အခုအများကြီးဖြစ်လာလို့ ဘိုးဘွားတွေကို ဝေပေးသင့်တာလေးတွေ ဝေပေးရအောင် ဆရာမလေးနဲ့ တိုင်ပင်ချင်တယ်။ ဆရာမလေး အချိန်ရတယ် မဟုတ်လား။

**ဒေါ်မျိုးမျိုး။** ဪ…ဪ… အချိန်ရပါတယ် ဦးလေးအောင်။

**ဦးအောင်။** ဒါဖြင့်ဖြည်းဖြည်းပေါ့နော်။ ဆရာမလေး ကော်ဖီမစ်သောက်မလား၊ လိမ္မော်ရည်သောက်မလား။

**ဒေါ်မျိုးမျိုး။** ကျွန်မ နေ့တိုင်းရောက်နေတာ၊ ဧည့်သည်မှမဟုတ်ဘဲ။

**ဦးအောင်။** အဆင်သင့်ရှိနေလို့ပါ ဆရာမလေးရဲ့။ တစ်ခါတလေပေါ့။ လိမ္မော်ရည်ပုလင်းကတော့ မနက်ကအလှူရှင်ရဲ့ လက်ကျန်အဆီပုလင်းလေ။

**ဒေါ်မျိုးမျိုး။** ဒီလိုဆို လိမ္မော်ရည်သောက်မယ်။

**ဦးအောင်။** ကဲ…အိုက်ချိုရေ…မင်းအစ်မမျိုးမျိုးအတွက် ဖျော်လိုက်။

**အိုက်ချို။** ဟုတ်ကဲ့…ဦးလေးအောင်…။ (ဇာတ်စင်အတွင်းပိုင်းဝင်၍ လိမ္မော်ရည်အဆီပုလင်း၊ ရေသန့်ပုလင်းနှင့် ဖန်ခွက်တို့ကို ယူခဲ့ပြီး စားပွဲပေါ်တွင် ဖျော်ရန်ပြင်ဆင်ရင်း ဒေါ်မျိုးမျိုးအားလှမ်းပြော) အစ်မမျိုးမျိုး ချဉ်ချဉ်လား၊ ချိုချိုလား။

**ဒေါ်မျိုးမျိုး။** အဟင်း…ဟင်း…မဝအောင်…ချဉ်ချဉ်လေးပေါ့။

**အိုက်ချို။** အစ်မမျိုးမျိုးက သိပ်ပြီး ဝ,တာမဟုတ်ပါဘူး။ ကြည့်ကောင်းပါတယ်ဗျ။

**ဒေါ်မျိုးမျိုး။** အေး‥ငါ့မောင်ကို မုန့်ဝယ်ကျွေးမယ်။

(အိုက်ချို လိမ္မော်ရည်ဖန်ခွက်ကို အောက်ခံပန်းကန်ပြားဖြင့် ယူလာပြီး ဒေါ်မျိုးမျိုးရှေ့တွင် ချပေးစေ။ ထို့နောက် စားပွဲသို့ ပြန်လာစေ။)

**အိုက်ချို။** သြော်‥ဦးလေးအောင်ရေ‥ရွာကမှူးဆရာဆီက လူကြုံနဲ့ စာရောက်လာတယ်။

**ဦးအောင်။** ဘာထူးလို့လဲ။

**အိုက်ချို။** သြော်‥စာမေးပွဲနီးလာတော့ စာတွေလိုက်နိုင်ရဲ့လား၊ ပိုက်ဆံလိုသေးလား၊ စာကြိုးစားဖို့ပေါ့။ အမိက ကတော့ အဲတာ လောက်ပါပဲ။အင်း‥ဝမ်းနည်းစရာကိစ္စတစ်ခုတော့ ပါလာတယ်။

**ဦး အောင်။** ဘာကိစ္စလဲ။

**အိုက်ချို။** ဦးလေးအောင်တော့သိမှာမဟုတ်ဘူး။ ရွာမှာမြန်မာဆေးဆရာကြီး ဦးအဂ္ဂဆိုတာရှိတယ်။ ကျွန်တော်တို့ ပရဟိတဂေဟာရဲ့ အားကိုးအားထားဆရာကြီးပေါ့။ တစ်ရွာလုံးကလည်း လေးစားအားကိုးကြတယ်။ အဲဒီဆေးဆရာကြီး ဆုံးသွားပြီတဲ့။

**ဦးအောင်။** ဟုတ်လား…။

**ဒေါ်မျိုးမျိုး။** (လိမ္မော်ရည်သောက်လက်စကို ခဏရပ်လိုက်ပြီး) ဟင်‥ ဆရာကြီးဦးအဂ္ဂ ဆုံးသွားပြီဟုတ်လား။



**အိုက်ချို။** ဒေါ်မျိုးမျိုးရှေ့ ထိုင်ခုံတွင် သွားထိုင်ရင်း) ဆရာကြီး ဦးအဂ္ဂကို အစ်မမျိုးမျိုးသိလို့လား‥ဟင်။

**ဒေါ်မျိုးမျိုး။** သိတာပေါ့ အိုက်ချိုရာ။ တိုင်းရင်းဆေးပညာ ကျွမ်းကျင်ပြီး သိက္ခာ၊ သမာဓိနဲ့ပြည့်စုံတဲ့ ဆရာကြီးပဲ။ ဒီနယ်က မြန်မာဆေးဆရာတွေ သူ့ကို မသိတဲ့လူမရှိဘူး။

**အိုက်ချို။** ဟုတ်တယ်‥သိပ်တော်တဲ့ဆရာကြီးပါ။ ကျွန်တော်တောင် သူ့ဆီက တိုင်းရင်းဆေးဗဟုသုတတွေ ရလိုက်သေးတယ်။

**ဒေါ်မျိုးမျိုး။** သြော်…အိုက်ချိုက တိုင်းရင်းဆေးကို စိတ်ဝင်စားလို့လား။

**အိုက်ချို။** အရမ်းစိတ်ဝင်စားပါတယ်။ ရွာမှာတော့ ဆရာဝန်ကလည်း မရှိတော့ ဆေးခန်းက အနီဝတ်ဆရာမနဲ့ ဆရာကြီးဦးအဂ္ဂကိုပဲ အားကိုးရတာလေ။ ဆရာကြီးကုပေးတာ ပရဟိတကျောင်းသားတွေ ရောဂါပျောက်တာပဲ။ ကျွန်တော်ကိုယ်တိုင်လည်း လက်တွေ့ပဲ။ တကယ်တော့‥ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြန်မာ့တိုင်းရင်းဆေးပညာဟာ အဆင့်မြင့်ပါတယ်။ သမားအတု အယောင်တွေကြောင့် တိုင်းရင်းဆေးပညာကို လူတွေအထင်သေးခဲ့ကြတာလို့ ဆရာကြီးက ပြောပြတယ်။

**ဒေါ်မျိုးမျိုး။** ဟုတ်တာပေါ့ အိုက်ချိုရာ‥။ အစ်မတို့ တိုင်းရင်းဆေးပညာဟာ တကယ်လိုက်စားကြည့်ရင် အနောက်တိုင်းဆေးပညာထက် အောက်မကျတာတွေရမယ်။ အစ်မတို့လည်း ငယ်စဉ်တုန်းကတော့ မသိခဲ့ဘူးပေါ့။ အဖေက လမ်းညွှန်ပေးလို့ တိုင်းရင်း

ဆေးသိပ္ပံကို တက်ရတော့မှ တို့တိုင်းရင်းဆေးဟာ တကယ် အဆင့်မြင့်တာ၊ သိပ္ပံနည်းကျတာ တွေ့ရတော့တယ်။

**အိုက်ချို**။ အစ်မမျိုးတို့ သင်ယူခဲ့ရတဲ့အထဲက မြန်မာ့တိုင်းရင်းဆေးရဲ့ အခြေခံ အဓိကကျတဲ့အချက်ပေါ့လေ။ ကျွန်တော့်ကို ပြော မပြနိုင်ဘူးလား။

**ဦးအောင်**။ (စားပွဲခုံမှနေ၍ လှမ်းပြော) အိုက်ချိုက တိုင်းရင်းဆေးဆရာ ဖြစ်ချင်လို့လားကွ။

**အိုက်ချို**။ လုပ်သင့်ရင်လုပ်ရမှာပေါ့ ဦးလေးအောင်ရာ။ အခုဆိုရင် ရွာမှာ ဆရာကြီးဦးအဂ္ဂမရှိတော့ ခက်ပြီပေါ့။

**ဒေါ်မျိုးမျိုး**။ ဆေးပညာကို စိတ်ဝင်စားတာ ကောင်းတာပေါ့။ တကယ်တော့ လူတိုင်းလူတိုင်း ကျန်းမာရေးနဲ့ပတ်သက်တဲ့ အခြေခံအချက်တွေကို သိသင့်ပါတယ်။ "လူအများအပြားဟာ ရောဂါကြောင့်သေရတာမဟုတ်ဘဲ မသိမှုကြောင့် သေရတာဖြစ်တယ်" လို့ တရုတ်ပါမောက္ခတစ်ယောက်ကပြောတဲ့ စကားဟာ အလွန်မှတ်သားလိုက်နာဖို့ကောင်းလှပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ "ကြိုတင်ကာကွယ်နည်းကိုသာ လိုက်နာကျင့်သုံးရင် သေဆုံးနှုန်းကို ထက်ဝက်လျှော့ချနိုင်မယ်"၊ "ရောဂါရောဂါဘယများကို တိုက်ထုတ်ဖို့အတွက် အကောင်းဆုံး လူမှုရေးကာကွယ်ဆေးကြီး" ဆိုတဲ့ ဆောင်ပုဒ်တွေဟာလည်း လူသားတွေ ကျန်းမာရေးပညာ သိသင့်တယ်လို့ဆိုတဲ့ အဓိပ္ပါယ်ပေါ့။

အဲ··အိုက်ချိုသိချင်တဲ့ မြန်မာတိုင်းရင်းဆေးပညာရဲ့ အခြေခံကတော့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ မြေဓာတ်၊ မီးဓာတ်၊ ရေဓာတ်၊ လေဓာတ်ပေါ့။ သတ္တလောကကြီးကို ဒီဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားသလို လူရဲ့ ခန္ဓာမှာလည်း ဒီဓာတ်ကြီးလေးပါးပဲပေါ့။ ဖွဲ့စည်းတည်ဆောက်ထားတဲ့ အခြေခံကိုသိရင် ကုသတဲ့ပညာရပ်ကို မှတ်သားနိုင်တာပေါ့နော်။ ဓာတ်ကြီးလေးပါးညီညွတ်ခြင်းသည်သာ လူတို့၏ အသက်ရှည်ခြင်း၊ တိုခြင်း၊ အနာရောဂါကင်းခြင်း၊ မကင်းခြင်းနဲ့ သက်ဆိုင်တယ်လို့ ဆိုထားတယ်လေ···။



**အိုက်ချို**။ မြန်မာ့တိုင်းရင်းဆေးပညာဟာ အတော့်ကို နက်နဲတယ်နော်။ အစ်မမျိုးမျိုးတို့ တိုင်းရင်းဆေးသိပ္ပံတက်တုန်းက ဘယ်နှနှစ်တောင်သင်ယူခဲ့ရတာလဲ။ မန္တလေးမှာ မဟုတ်လား။

**ဒေါ်မျိုးမျိုး**။ ဟုတ်တယ်··မန္တလေးတိုင်းရင်းဆေးသိပ္ပံမှာ လေးနှစ်တောင် သင်ခဲ့ရတာလေ။ အဲဒါတောင် လက်တွေ့ကုသမှုမရှိရင် တတ်တယ်လို့ မဆိုနိုင်ဘူး။ သုတေသနပြုနေဆဲ ကိစ္စတွေလည်း ရှိသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုခေတ်မှာ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ပြည်သူတွေကို အကျိုးပြုနေနိုင်ပြီ။ အစ်မတို့လို တိုင်းရင်းဆေးသိပ္ပံဆင်း ဒီပလိုမာလက်မှတ်ရတွေလည်း အများကြီးရှိပြီ။ နိုင်ငံအနှံ့အပြားမှာ ကုသမှုပြုနေကြတဲ့ ဆရာဟောင်းများကိုလည်း တစ်နှစ်သင်တန်းတွေပေးပြီး စနစ်တကျ ဖြစ်အောင် နိုင်ငံတော်က ဆောင်ရွက်ထားပြီ။

**အိုက်ချို**။ တိုင်းရင်းဆေးနဲ့ ကျယ်ကျယ်ပြန့်ပြန့် ကုသနိုင်နေပြီပေါ့နော်။

**ဒေါ်မျိုးမျိုး**။ ကုသနိုင်ပြီလေ။ နိုင်ငံတော်က တိုင်းရင်းဆေးရုံတွေတောင် မှ ဖွင့်ထားပေးပြီးပြီပဲ။ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ

တွေကို ပုသိမ်၊ မြိတ်၊ တောင်ကြီး၊ မြစ်ကြီးနား၊ ပြည်၊ မော်လမြိုင်၊ စစ်တွေ၊ မုံရွာမြို့တွေမှာ ဖွင့်ပြီးပြီ။ ဆက်လက်ပြီးတော့လည်း ဖွင့်ပေးဦးမှာ။ ရန်ကုန်နဲ့ မန္တလေးမှာတော့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံကြီးတွေ ဖွင့်ထားတယ်လေ။ တို့မြို့လို ခရိုင်မြို့ ၁၄ မြို့မှာ ခရိုင်တိုင်းရင်းဆေးကုဌာနတွေရှိတယ်။ မြို့နယ် တိုင်းရင်းဆေးကုဌာနတွေလည်း မြို့နယ်နှစ်ရာကျော်မှာရှိတယ်။ အဲဒီတိုင်းရင်းဆေးကုဌာနတွေမှာ အစ်မတို့လို တိုင်းရင်းဆေး ဒီပလိုမာလက်မှတ်ရသူတွေကို အစိုးရကခန့်ထားပြီး၊ တိုင်းရင်း ဆေးရုံတွေမှာတော့ တိုင်းရင်းဆေးဆရာကြီးတွေကိုပါ ခန့်ထားပြီး၊ ကုသပေးတယ်လေ။

**အိုက်ချို။** အစ်မမျိုးမျိုးကရော ... အဲဒီလို အစိုးရဝန်ထမ်း ဝင်မလုပ်ဘူးလား။

**ဒေါ်မျိုးမျိုး။** ဩော်... အစ်မက ဖခင်အိုကြီးကြောင့် ကိုယ့်ဇာတိကနေ မခွာနိုင်တာလည်းပါတယ်။ အစ်မရဲ့ တိုင်းရင်းဆေးခန်းကလည်း ဒီမြို့ပေါ်မှာ အကျိုးပြုနိုင်နေပြီလေ။ နောက်ပြီး အစ်မကိုယ်တိုင် ဖော်စပ်ထုတ်လုပ်တဲ့ 'မျိုး သွေးတိုးပျောက်ဆေး'ကလည်း လူတော်တော်များများလက်ခံပြီး စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နေနိုင်လို့ပါ။

**အိုက်ချို။** ဟုတ်တယ်နော်.. တိုင်းရင်းဆေး ဖော်စပ်ထုတ်လုပ်မှု တွေဟာ အတော့်ကိုကျယ်ပြန့်လာတာ။ ထိရောက်မှုရှိလို့နေမှာ ပေါ့နော်။

**ဒေါ်မျိုးမျိုး။** တိုင်းရင်းဆေးဆိုတာက အများစုဟာ သစ်ပင်ထွက် ပရဆေးပစ္စည်းတွေနဲ့ ဖော်စပ်တာဆိုတော့ Side Effect လို့ဆိုတဲ့



ဘေးထွက်ဆိုးကျိုးနည်းတယ်။ ဒါကြောင့်လည်း ကမ္ဘာ့နိုင်ငံ အများအပြားမှာ Natural Medicine ဆိုတဲ့ သဘာဝဆေးသုံးစွဲမှု တွေ များလာပြီ၊ ခုဆိုရင် မြန်မာ့တိုင်းရင်းဆေးပညာဟာ တော်ဝင်နန်းထိုက် အဆင့်အတန်းကို ပြန်ရောက်စပြုပြီလို့ ဆိုရ မယ် အိုက်ချိုရဲ့ . . .။

**အိုက်ချို။** အင်း..အစ်မမျိုးမျိုးပြောပြတာတွေဟာ ကျွန်တော့်အဖို့ အများကြီးအကျိုးရှိပါတယ်။ (ထ၍ ဦးအောင်ဆီသို့သွား စေ။)

**ဦးအောင်။** ကဲ..ဆရာမလေးမျိုးမျိုးလည်း အိုက်ချိုကို ဟောပြော ပေးရတာ အတော်မောသွားရောပေါ့။

**ဒေါ်မျိုးမျိုး။** ရပါတယ် ဦးလေးအောင်ရယ်။ ဒီလို တိုင်းရင်းဆေး ပညာကို စိတ်ဝင်စားအောင်ကို ကျွန်မတို့က ရှင်းပြရမယ့် တာဝန်ရှိပါတယ်။ ကဲ..ဦးလေးအောင် စုဆောင်းတဲ့ဆေးတွေက ဘာတွေလဲ။ (ဒေါ်မျိုးမျိုးဆေးဘူးများတင်ထားသည့် စားပွဲသို့ သွားပြီး ဆေးများကိုကြည့်ရှုစေ။ ထို့နောက် မျိုးတူရာ အစုလိုက် ခွဲခြားပေးစေ။ ထို့နောက် အစုလိုက်ဆေးဘူးအရေအတွက်များ ရေတွက်ကြည့်စေ။)

**ဒေါ်မျိုးမျိုး။** ဦးလေးအောင်ရေ... အများဆုံးကတော့ ဟောဒီ လျက်ဆားနဲ့ သွေးဆေးတွေပဲ။ အဲဒါတွေကိုတော့ ဘိုးဘွားတစ် ဦးစီကို ၂ ဘူးလောက်စီ ရနိုင်လို့ ဝေပေးလိုက်ရင်ကောင်းပါ တယ်။ အစွန်းထွက်ကိုတော့ ရုံးခန်းမှာပဲ ထားလိုက်ပေါ့။ ပရုတ် ဆီဘူးတွေလည်း တစ်ဘူးစီဝေလို့ရပါတယ်။ ကျန်တဲ့သွေးတိုး

ပျောက်ဆေးတို့ အားဆေးတို့ကိုတော့ ဒီရုံးမှာပဲထားပြီး ဘိုးဘွား တစ်ယောက်စီရဲ့ ရောဂါအခြေအနေကို ကျွန်မ ကြည့်ပြီး ပေးချင်ပါတယ်။

**ဦးအောင်။** အဲဒါကောင်းပါတယ်။ ကျွန်တော်နဲ့အိုက်ချို ဆက်လုပ်လိုက်ပါ့မယ်။ ကဲ… ဆရာမလေးလည်း အချိန်ကြာသွားပြီ။ ပြန်ချင် ပြန်တော့လေ။

**ဒေါ်မျိုးမျိုး။** ဟုတ်ကဲ့..ဟုတ်ကဲ့..ဒါဆို ပြန်တော့မယ်။ သွေးပေါင်ချိန် ကိရိယာ သိမ်းလိုက်ပါဦးနော်။ (ဇာတ်စင်လက်ဝဲဘက်သို့ ဝင်စေ။)

**အိုက်ချို။** ဟုတ်ကဲ့..ဟုတ်ကဲ့..(ဆက်တီစားပွဲပေါ်မှ သွေးပေါင်ချိန် ကိရိယာကို သွားယူပြီး ဗီရိုထဲသိမ်းစေ။)

**ဦးအောင်။** ကဲ..အိုက်ချိုရေ..ဆေးဘူးတွေသွားဝေပေးလိုက်ရအောင်။ (လင်ပန်းတစ်ချပ်တွင် ဆေးဘူးများထည့်စေ။)

**အိုက်ချို။** ပေး… ကျွန်တော်သယ်ခဲ့မယ်။ (လင်ပန်းကိုသယ်စေ။)

(ဦးအောင်ကရှေ့မှ အိုက်ချိုကနောက်မှ ဇာတ်စင်လက်ယာဘက်သို့ ဝင်စေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၆)

**ကာလ။** ၁၉၉၃-ခုနှစ်

**နေရာ။** ဖျာပုံမြစ်ကမ်း၊ အပန်းဖြေပန်းခြံ

**အချိန်။** မွန်းလွဲပိုင်း

**အပြင်အဆင်။** မြစ်ကမ်းတစ်လျှောက် ဟိုဘက်ကမ်းတွင် လမုပင်နှင့် ဓနိပင်များပေါက်ရောက်လျက်ရှိသော မြစ်အလျားလိုက် မြင်ကွင်း (ဒီဘက်ကမ်းမှ လှမ်းမြင်ရသည့်မြင်ကွင်း) ရေးဆွဲထားသည့် နောက်ခံကားရှိရမည်။ မြစ်၏ သည်ဘက်ကမ်းသည် ပန်းခြံဖြစ်ကြောင်း ဖော်ပြသည့်အနေဖြင့် ပန်းပင်များ တစ်ပိုင်းတစ်စ ရေးချက်လည်းပါရှိရမည်။

ကားရှေ့တွင် ပန်းပင်များ ဟိုတစ်စု ဒီတစ်စုစီစဉ်ထားပြီး၊ ပန်းပင်များအကြား နှစ်ယောက်ထိုင်ခုံပုလေးများ သုံးလေးခုရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဇာတ်စင်လက်ယာဘက်မှ အိုက်ချိုနှင့် နော်အဲမွန်တို့နှစ်ယောက် ပျော်ရွှင်ကြည်နူးစွာ ထွက်လာကြစေ။ နော်အဲမွန်က

ရှေ့မှအပြေးကလေးထွက်လာသည်ကို အိုက်ချိုက ခြေလှမ်းသွက်သွက်နှင့် အမီလှမ်းလာစေ၊ မြစ်ပြင်ကျယ်နှင့် ဟိုမှာဘက်ကမ်းမှ လမုပင်တန်းနှင့် ဓနိပင်တန်းကို လှမ်းမြင်နိုင်ပြီး ပရိသတ်ကိုလည်း နောက်ကျောပေးမဖြစ်စေမည့် ခပ်စောင်းစောင်းချထားသည့် ထိုင်ခုံပုလေးတွင်ထိုင်ကြစေ။ ပြုံးပျော်ရွှင်လျက်ရှိကြစေ။)

**နော်အဲမွန်။** (အထက်သို့မော့၍ လေကိုတအားရှူလိုက်ပြီး) စာမေးပွဲပြီးသွားလို့ စိတ်ကို အရမ်းပေါ့သွားတာပဲနော်။

**အိုက်ချို။** အေး··· ဒီနေ့ နောက်ဆုံးဘာသာလည်းဖြေနိုင်တော့ ငါ အရမ်းပျော်တာပဲ။ နင်လည်းပျော်မှာပေါ့။

**နော်အဲမွန်။** ပျော်တာပေါ့။ နင်နဲ့ငါ နေ့တိုင်း စာမေးပွဲဖြေနိုင်ခဲ့တဲ့အပြင် ဒီနေ့နောက်ဆုံးနေ့မှာလည်း ကောင်းကောင်းဖြေနိုင်တော့ ပျော်တာပေါ့ဟာ။ နက်ဖြန် အပါးခရီးက ပြန်လာလို့ကြားရင် ဝမ်းသာမှာ။

**အိုက်ချို။** အေးဟာ··နင်ကတော့ အဖေရှိလို့ ပျော်နိုင်သေးတယ်။ ငါ့မှာတော့ အင်းလေ··ရွာပြန်တော့မှပဲ မှူးဆရာကို ပြောပြရတော့မယ်··။

**နော်အဲမွန်။** ဟုတ်တာပေါ့··မှူးဆရာက နင့်အဖေလို့ပြောလို့ရတယ်ပဓ။ နင့်အပေါ်သိပ်ကောင်းတာပဲနော်။

**အိုက်ချို။** အားလုံးအပေါ်ကောင်းတဲ့ဆရာပါဟာ။

**နော်အဲမွန်။** နင်ဘယ်တော့ ရွာပြန်မှာလဲဟင်။

**အိုက်ချို။** သင်္ကြန်ပြီးလောက် ပြန်ဖြစ်လိမ့်မယ်။ ဒါ့ကြောင့် အခု စာမေးပွဲပီးပီးချင်း နင့်ကို တွေ့ချင်တာပေါ့။



**နော်အဲမွန်။** သင်္ကြန်က ရှေ့လမှာပဲ။ ဒီကြားထ တွေ့လို့ရတဲ့ဥစ္စာကို စာမေးပွဲပြီးပြီးချင်း ဖုတ်ပူမီးတိုက်နဲ့ နင်လာခေါ်တော့ ဘာများ အရေးကြီးကိစ္စရှိလို့ပါလဲလို့။ မိန္တကိုတောင်မပြောခဲ့ရဘူး။ တော် သေးတယ် အိမ်မှာအပါးမရှိဘူး။ ခရီးထွက်နေလို့။ ကဲ·· အရေး တကြီး ဘာကိစ္စရှိလို့လဲ။

**အိုက်ချို။** အရေးကြီးတာပေါ့ဟာ။ စာမေးပွဲပြီးရင် နင်ပြောချင်တာ ပြောဆို။

**နော်အဲမွန်။** နောက်မှပြောလည်း ရသားနဲ့။

**အိုက်ချို။** ဟင့်အင်း··အဲတာမပြောရရင် ငါ့ရင်ထဲမှာ တစ်ဆို့ဆို့ကြီး ဖြစ်နေမှာဟ။

(နှစ်ယောက်သား ငြိမ်နေကြစေ။)

**အိုက်ချို။** အဲမွန်··

**နော်အဲမွန်။** ဟင်··ဘာလဲ။

**အိုက်ချို။** ငါ··ငါနင့်ကို ချစ်တယ်ဟာ။ နင်ရော ငါ့ကိုချစ်တယ် မဟုတ်လား··ဟင်··ဟင်။

**နော်အဲမွန်။** (ရှက်သွေးဖြာ ခေါင်းငုံ့လျက်) အို··

**အိုက်ချို။** ချစ်တယ် မဟုတ်လား··ဟင်··ပြောပါဦး··အဲမွန်··။

**နော်အဲမွန်။** ဟင့်အင်း··မပြောချင်ဘူး။

**အိုက်ချို။** အဲဒါဆို ကရင်လိုပြောဟာ။

"အယ်"လို့ပြော··ပြောလေ။

**နော်အဲမွန်**။ အယ့်‥အယ့်‥(ပြောပြောဆိုဆို မြစ်ကမ်းစပ်သို့ပြေးစေ။)

(အိုက်ချို၊ နော်အဲမွန်နောက်သို့ လိုက်သွားပြီး လက်ကလေးကို ကိုင်ဆွဲ၍ ရှေ့ဘက်သို့ ထွက်လာစေ။)

**နော်အဲမွန်**။ အိုက်ချို… နင်ဘယ်သူ့မှ လျှောက်မပြောနဲ့နော်။

**အိုက်ချို**။ ဟင်‥လူတွေကို မပြောရဘူးလား။ ဒါဆို ဟိုဘက်ကမ်းက လမုပင်တွေ၊ ဓနိပင်တွေကိုသွားပြောမယ်လေ။

**နော်အဲမွန်**။ ဟွန်း‥ပြောတတ်တယ်။

**အိုက်ချို**။ (နော်အဲမွန်လက်ကလေးနှစ်ဖက်စလုံးကို ဆွဲကိုင်လျက်) ပျော်လိုက်တာဟာ၊ ကမ္ဘာပေါ်မှာ ငါ့လောက်ပျော်တဲ့သူ ရှိမှာ မဟုတ်ဘူး။ နင်ရော…။

**နော်အဲမွန်**။ ပျော်တာပေါ့ အိုက်ချိုရယ်။ ဒါပေမဲ့ ပျော်နေရုံနဲ့ မပြီးဘူးနော်။ တို့ရဲ့ အနာဂတ် ရှေ့ရေးအတွက် ကြိုးစားထားဖို့လိုမယ်။

**အိုက်ချို**။ ဟုတ်တယ်‥ဟုတ်တယ်။ တို့က ခုကြိုက်၊ ခုယူမယ့် လူတွေမဟုတ်ဘူးလေ။ အဲတီတော့ ၁၀ တန်းအောင်ရင် နင်ဘာ ဆက်လုပ်မလဲ။

**နော်အဲမွန်**။ နင်ကော‥။

**အိုက်ချို**။ ငါက‥ပရဟိတကျောင်းကို မှီခိုခဲ့ရတာဆိုတော့ ဆရာတော်ကြီးတွေနဲ့ မူးဆရာကို တိုင်ပင်ရဦးမယ်။ ငါရည်ရွယ်ထားတာကတော့ တိုင်းရင်းဆေးသိပ္ပံတက်ဖို့။ အဲဒါက အကုန်အကျလည်းနည်းမယ်။ စတိုင်ပင်လည်းရနိုင်တယ်‥။ သင်တန်းဆင်းရင် အစိုးရအလုပ်လည်းရတယ်။ ဆေးပညာနဲ့ အများအကျိုးလည်းပြုနိုင်တယ်။ နင်ကော‥။



**နော်အဲမွန်**။ နင်နဲ့ ငါနဲ့က အများအကျိုးဆောင်ချင်တဲ့ ရည်ရွယ်ချက်ချင်း တူပါတယ်။ ငါက သူနာပြုသားဖွားသင်တန်းတက်ဖို့ စဉ်းစားထားတယ်လေ။

**အိုက်ချို**။ ဟာ‥ငါတို့နှစ်ယောက်ရဲ့ ရှေ့ခရီးက တစ်ထပ်တည်းပဲနော်။ တို့နှစ်ယောက်က စိတ်ဓာတ်ရောတူကြတယ်။ ရည်ရွယ်ချက်ရောတူကြတယ်။ မွေးနေ့တောင်တူတယ်။ အားလုံးတူလို့ ချစ်သူဘဝ ရောက်တာနေမှာဟ။

**နော်အဲမွန်**။ အားလုံးမတူပါဘူး။

**အိုက်ချို**။ ဘာမတူတာရှိလို့လဲ။

**နော်အဲမွန်**။ နင်က ရှမ်း၊ ငါက, ကရင်လေ။

**အိုက်ချို**။ အို‥ရှမ်းနဲ့ကရင် တိုင်းရင်းသားချင်း တူတူပဲလေ‥။ (နှစ်ယောက်သား ကြည်နူးစွာ ရယ်လိုက်ကြစေ။)

**အိုက်ချို**။ အဲမွန်‥တို့တွေ ချစ်သူဘဝရောက်ပြီ။ ငါက နင့်ထက် အသက်ကြီးတာမို့ ငါ့ကို အစ်ကိုလို့ခေါ်ပါလား၊ နင်နဲ့ ငါနဲ့ပြောတာ မကောင်းဘူးထင်တယ်။

**နော်အဲမွန်**။ အောင်မယ်…နင့်အသက်က ဘယ်လောက်မို့လို့လဲ။

**အိုက်ချို**။ ၁၉ နှစ်ထဲ ရောက်ပြီလေ။

**နော်အဲမွန်**။ ငါက ၁၈ နှစ်ပြည့်တော့မှာဆိုတော့‥ အောင်မယ် လပိုင်းလောက်ကြီးတာ။ အစ်ကိုလို့မခေါ်နိုင်ပါဘူး။ နောက်ပြီးတော့ အိုက်ချိုရာ တို့ကရင်က "နင်""ငါ"ပြောတာ တကယ်ရင်းနှီးလို့ ပြောတာဟ၊ အဲဒါမှ လှိုက်လှိုက်လှဲလှဲရှိတယ်။

**အိုက်ချို**။ အလကားစတာပါဟာ။ တကယ်တော့ တို့သူငယ်ချင်းဘဝထဲက အခေါ်အဝေါ်ဟာ အကောင်းဆုံးပါပဲဟာ။

**နော်အဲမွန်**။ အေး..ဟုတ်ပါတယ်။ ဟော့..တို့နှစ်ယောက်က ကလေးဘဝကျောင်းစထားတာ နောက်ကျချင်းလည်းတူတယ်နော်။ ၁၆ နှစ်မှာ ၁၀ တန်းမရောက်သေးဘူး။

**အိုက်ချို**။ ငါကတော့ ဆရာတော်ကြီးခေါ်လာပြီး ဒီရောက်မှ ကျောင်းနေရလို့ ကျောင်းနောက်ကျတာထားပါဦး။ နင်က ဘာဖြစ်လို့ နောက်ကျတာလဲဟင်။ ဥာဏ်လည်းကောင်းရဲ့သားနဲ့။

**နော်အဲမွန်**။ အမိုးဆုံးတုန်းကလေ ကလေးဘဝနဲ့ ဆွေမျိုးတွေဆီရောက်လိုက်၊ အပါးကပြန်ခေါ်လိုက်နဲ့ တစ်နှစ်လောက်နားသွားတာဟ။

**အိုက်ချို**။ သြော်..နင့်ဘဝကလည်း ငါ့လိုပဲ အခက်အခဲတွေကြားက ပဲနော်..။ တို့နှစ်ယောက်က အရာရာတူကြတာကိုး။

(နှစ်ယောက်သား ကြည်နူးစွာ ရယ်မောကြစေ။)

**အိုက်ချို**။ အဲမွန်..အကြိန်အပြီးမှာ ငါရွာပြန်သွားရင် အောင်စာရင်းထွက်တဲ့အထိ ပြန်လာလို့ရမှာမဟုတ်ဘူး။ ငါရွာမပြန်ခင် ခဏခဏ တွေ့ရအောင်နော်။

**နော်အဲမွန်**။ (လေးလေးနက်နက်စဉ်းစားပြီး) အင်း..ခဏ..ခဏ တွေ့တာ မကောင်းဘူးလေ။

**အိုက်ချို**။ ငါလွမ်းနေမှာ...



**နော်အဲမွန်**။ ငါလည်း လွမ်းနေမှာပါပဲ။ ဒါပေမဲ့ ကျောင်းမှာတော်တယ်လို့ ချီးမွမ်းခံကြရတဲ့ နင်နဲ့ငါ ၁၀ တန်းတောင် မအောင်သေးဘူး ယောက်မမြင်းစီးထွက်တယ်လို့ အပြောခံရလိမ့်မယ်ဟ။

**အိုက်ချို**။ အေး..ဒါလည်း ဟုတ်သားပဲနော်။ (တစ်ခုတွေးမိပြီး) ဟော့ အဲမွန်..သကြိန်နှစ်ဆန်းတစ်ရက်နေ့ကျရင် ဘိုးဘွားတွေကို မနှစ် ကလို သန့်ရှင်းရေးကုသိုလ်လုပ်ဖို့ ဆရာမတွေက စီစဉ်မှာပဲ။ အဲဒီမှာ တို့ အေးအေးဆေးဆေး စကားတွေပြောကြမယ်နော်။

**နော်အဲမွန်**။ (အားရဝမ်းသာနှင့်) အေး..အေး ဟုတ်တယ်..။ ဒီနှစ် တို့ဆွေမျိုးရွာကိုသွားဖို့ အစီအစဉ်လည်း မရှိဘူး။ နောက် အရေးကြီးတာ တစ်ခုရှိတယ်ဟ။ အောင်စာရင်းမထွက်ခင် အချိန်ယူပြီး တို့လျှောက်ချင်တဲ့ သင်တန်းတွေအကြောင်း လျှောက်လွှာပုံစံကိစ္စ၊ ဝင်ခွင့်စာမေးပွဲကိစ္စတွေကအစ စုံစမ်းလေ့လာထားရမယ်နော်..။

**အိုက်ချို**။ ဟုတ်တယ်..အဲဒါ အရေးကြီးတယ်။ ငါလည်းလေ့လာမယ်။ နင်လည်းလေ့လာ။ အောင်စာရင်းထွက်ရင် တို့နှစ်ယောက် တိုင်ပင်ပြီး လျှောက်လွှာတင်ကြတာပေါ့။ သကြိန်ပြီးလို့ ငါရွာကို ပြန်သွားရင်လည်း နင်..ငါ့အတွက်ဆက်ပြီး လေ့လာပေးထားနော်။

**နော်အဲမွန်**။ အေးပါ..အကြောင်းထူးရှိရင် ငါနင့်ဆီ စာရေးလိုက်မယ်။ ကဲ..တို့ပြန်ကြရအောင်နော်။

**အိုက်ချို**။ အေး..ပြန်ကြမယ်လေ။ ညကျရင် အိပ်မက်လှလှမက်ပါစေ ကရင်မလေးရယ်..။

**ရော်အဲမွန်။** အောင်မယ် ကဗျာဆန်လှချည်လား၊ အေးပါ..နင်လည်း အိပ်မက်လှလှမက်ပါစေ ရှမ်းလေးရယ်။

(နှစ်ဦးသားလက်တွဲ၍ ပြုံးရယ်ရွှင်မြူးစွာ ဓာတ်စင် လက်ယာဘက်သို့ ပြန်ဝင်သွားကြစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၇)

**နေရာ။** ကန်ဦးပရဟိတဂေဟာ ကျောင်းရှေ့ကွင်း

**အချိန်။** ညနေဘက်

**အပြင်အဆင်။** အခန်း (၄) အတိုင်း ပြင်ဆင်ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ကိုရာမြင့် ခရီးဆောင်လက်ဆွဲအိတ်ကိုဆွဲလျက် ဓာတ်စင် လက်ဝဲဘက်မှထွက်လာ၊ ဂေဟာရုံးခန်းရှေ့ရောက်လာစေ။)

**ကိုရာမြင့်။** (ဂေဟာဘက်သို့လှမ်းခေါ်စေ။) အိုက်ချို..အိုက်ချို.. အိုက်ချိုဘယ်မှာလဲဟေ့... ။ (ကျောင်းသားခပ်ကြီးကြီး တစ်ယောက် လက်ဝဲဘက်မှပြေးထွက်လာစေ။)

**ကျောင်းသား။** ဆန်စက်ထဲမှာ ထင်တယ် မူးဆရာ။

**ကိုရာမြင့်။** သွားခေါ်စမ်း... သွားခေါ်စမ်း... ။

**ကျောင်းသား။** ဟုတ်ကဲ့..ဟုတ်ကဲ့..(လက်ဝဲဘက်သို့ ပြေးဝင်စေ။)

(ခဏအကြာတွင် ဖွဲမှုန်များဖြင့် အိုက်ချို လက်ဝဲဘက်မှ ပြေး ထွက်လာစေ။)

**ကိုရာမြင့်**။ (လှမ်းပြောစေ) အောင်တယ်ဟေ့..အောင်တယ် ဂုဏ်ထူး သုံးဘာသာကွ။

**အိုက်ချို**။ (အသံကျယ်ကျယ်နှင့်) ဟား..အောင်ပီကွ၊ အောင်ပီ။ (အလံတိုင်ကိုပတ်၍ ဝမ်းသာအားရ ကခုန်နေစေ။)

(တစ်ခဏအတွင်းမှာပင် ပရဟိတကျောင်းသားကလေးများ ဝဲယာမှ ထွက်လာကြပြီး လက်ခုပ်လက်ဝါးတီး၍ ပျော်ရွှင်မြူးတူး နေကြစေ။ ပါလာသော ငွေစိုး (ယခင်ဗွေဆိုး) က အိုက်ချိုကို ထမ်း၍ လှည့်ပတ်စေ။ "ဒါမှ အိုက်ချိုကွ.. အိုက်ချို" "ပရဟိတ အိုက်ချိုကွ""""ပရဟိတ ဂုဏ်ထူးဆောင်ကွ"""" ရှမ်းလေး ရှမ်းလေး"စသည်ဖြင့် ဝိုင်းဝန်းအော်ဟစ်ကာ ပျော်ရွှင်နေကြစေ။)

(ခဏအကြာတွင် ဦးချစ်တင်၊ ဦးတင်ဦး၊ ဆရာကြီးဦးသန်းထွန်း နှင့် ညိုမောင်တို့ ဇာတ်စင်လက်ယာဘက်မှ ထွက်လာကြစေ။ ကိုရာမြင့်အနီးတွင် မတ်တတ်ရပ်လျက်ပြောကြစေ။)

**ဦးချစ်တင်**။ ၁၀ တန်းအောင်စာရင်းထွက်ပြီ ဟုတ်လား။

**ကိုရာမြင့်**။ ဟုတ်တယ်..ကျွန်တော် ကုန်ခြောက်ဝယ်ဖို့ မြို့သွားရင်း နောက်တစ်ရက်နှစ်ရက်မှာ အောင်စာရင်းထွက်မယ်ကြားလို့ ချက်ချင်းပြန်မလာဘဲ စောင့်နေတာ။ အဲဒါ..ဒီမနက် အောင်စာ ရင်းထွက်တော့ အိုက်ချိုပါတယ်လေ။

**ဦးတင်ဦး**။ ဂုဏ်ထူးတွေပါတယ်ဆို။

**ကိုရာမြင့်**။ သုံးဘာသာတောင် အင်္ဂလိပ်၊ မြန်မာ၊ သင်္ချာ။

**ဦးချစ်တင်**။ ကောင်းလိုက်တာ..ကန်ဦးပရဟိတ ဂုဏ်ထူးဆောင် ပြီပေါ့။



**ကိုရာမြင့်**။ (လှည့်ပတ်ပျော်ရွှင်ဆူညံနေကြသော ကျောင်းသား များသို့ လှမ်းပြော) ဟေး..ဟေး..တော်ကြဦး၊ ဆရာတို့ ပြောစရာရှိသေးတယ်ဟေ့။

(ကျောင်းသားများရပ်လိုက်ကြပြီး၊ အပြုံးမျက်နှာများဖြင့် ဖြန့် ဝင်သွားကြစေ။ ညိုမောင်က အိုက်ချိုလက်ကို သွားဆွဲခေါ်လာ စေ။)

**ဦးချစ်တင်**။ တို့တစ်တွေ ဝမ်းသာဂုဏ်ယူပါတယ် အိုက်ချိုရာ..။

**ကိုရာမြင့်**။ ငါ့တပည့် တော်တယ်ကွာ..မှူးဆရာ အရမ်းကို ဝမ်းသာတာပဲ။ မင်းကပြုစုရကျိုးနပ်ပါတယ်။

**ဦးသန်းထွန်း**။ အိုက်ချို..မင်း ၁၀တန်းအောင်ရင် ဘာလုပ်မယ်လို့ စဉ်းစားထားတာရှိလဲကွ။

**အိုက်ချို**။ ဆရာတော်ကြီးနဲ့ ဦးလေးတို့၊ မှူးဆရာတို့ စီမံတာကို ကျွန်တော်လိုက်နာပါမယ်ခင်ဗျ။

**ဦးတင်ဦး**။ အခုအခြေအနေက သုံးဘာသာဂုဏ်ထူးပါတော့ ဆေး တက္ကသိုလ်ရနိုင်တယ်ကွ။ မင်းဆေးတက္ကသိုလ်ဝင်ခွင့်ရရင်လို့ ကတော့ တို့ရွာက ဝိုင်းဝန်းစုပေါင်းပြီးထားပေးကြမှာ သေချာ တယ်။

**အိုက်ချို**။ (ခဏစဉ်းစားပြီး) အင်း..ကျွန်တော်စဉ်းစားထားတာက ပရဟိတဂေဟာကိုလည်း အကျိုးပြုနိုင်အောင် ပြည်သူလူထု ကိုလည်း အကျိုးပြုနိုင်အောင်၊ ငွေကုန်ကြေးကျလည်း သက်သာအောင်၊ စတိုင်ပင်ရနိုင်တဲ့ တိုင်းရင်းဆေးသိပ္ပံ တက်မယ်လို့ စဉ်းစားထားပါတယ်။

**အားလုံး။** တိုင်းရင်းဆေးသိပ္ပံလား‥။

**ဦးတင်ဦး။** အေးလေ‥အေးအေးဆေးဆေး စဉ်းစားကြသေးတာပေါ့။

**ဦးသန်းထွန်း။** အမှတ်စာရင်း အမြန်သိဖို့လိုမယ်။

**ကိုရာမြင့်။** ဘယ်လိုလုပ်ရမယ်ဆိုတာ ဆရာကြီးကူညီပါဦးနော်။

**ဦးသန်းထွန်း။** ဟာ‥ကျုပ်တော့တပည့်ပဲဟာ‥ကူညီပေးမှာပေါ့ဗျာ။

**ဦးချစ်တင်။** သူ့ကို ဂုဏ်ပြုပွဲ လုပ်ပေးရအောင် ကိုရာမြင့်‥။

**ဦးတင်ဦး။** ရွာနဲ့ပေါင်းပြီး လုပ်ပေးသင့်ပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလည်း ခေါ်ပြီးဂုဏ်ပြုလိမ့်မယ်ထင်တယ်။

ကိုရ[illegible]။ ဂုဏ်ထူးရှင်တွေကို ဂုဏ်ပြုပွဲ ကျင်းပမယ်လို့ မြို့ကကြားခဲ့ပါတယ်။ ကိုင်း‥ဒီနေ့ကတော့ အိုက်ချိုအတွက်သာမက ပရဟိတဂေဟာအတွက်ရော၊ ကန်ဦးရွာအတွက်ပါ မင်္ဂလာသတင်းပါပဲဗျာ‥။ သူ့ရှေ့ရေးကိုတော့ အေးအေးဆေးဆေး ဆွေးနွေးကြသေးတာပေါ့နော်။

အားလုံး။ ဟုတ်ပြီ‥ဟုတ်ပြီ‥။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၈)

**နေရာ။** ပရဟိတဂေဟာရုံးခန်း

**အချိန်။** နေ့ပိုင်း

**အပြင်အဆင်။** အခန်း (၃) အတိုင်း ပြင်ဆင်ထားရမည်။

### (ရှေ့ဖုံးကားဖွင့်)

(ကုလားထိုင်နှစ်လုံးတွင် အသီးသီးထိုင်လျက်၊ ကိုရာမြင့်နှင့် အိုက်ချို ဆွေးနွေးတိုင်ပင်နေကြစေ။)

**ကိုရာမြင့်။** တိုင်းရင်းဆေးသိပ္ပံကိုတက်ဖို့ ငါ့တပည့်စဉ်းစားတဲ့အကြောင်းကို အသေးစိတ်ပြောပြပါဦးကွ။

**အိုက်ချို။** ကျွန်တော်ငယ်ငယ်ကတည်းက မြန်မာ့ရိုးရာဆေးတွေကို စိတ်ဝင်စားခဲ့ပါတယ်။ ဆရာကြီး ဦးအဂ္ဂပြောတာတွေလည်း မှတ်သားခဲ့ပါတယ်။ လက်တွေ့ကြုံခဲ့တာတွေလည်းရှိတယ်။ နောက် ဘိုးဘွားရိပ်သာကို တာဝန်ယူထားတဲ့ တိုင်းရင်းဆေးသိပ္ပံဆင်းဆရာမ ဒေါ်မျိုးမျိုးက မန္တလေး တိုင်းရင်းဆေးသိပ္ပံ အကြောင်းတွေကို အသေးစိတ်ပြောပြထားတော့ ကျွန်တော် အဲဒါကိုတက်ဖို့ စိတ်အားထက်သန်သွားပါတယ်‥မှူးဆရာ။

**ကိုရာမြင့်။** အဲဒီကကျောင်းဆင်းရင်··။

**အိုက်ချို။** တီပလိုမာလက်မှတ်ရမှာပါ။ တိုင်းရင်းဆေးခန်းတွေ၊ တိုင်းရင်းဆေးရုံတွေမှာ အလုပ်ခန့်တယ်လို့ပြောပါတယ်။ ကျွန်တော်ကတော့ ဆရာကြီးဦးအဂ္ဂ ကွယ်လွန်ကြောင်းကြားရကတည်းက ရွာမှာပြန်ပြီး တိုင်းရင်းဆေးနဲ့ အကျိုးပြုချင်တဲ့ဆန္ဒလည်း ပေါ်လာပါတယ်။ သင်တန်းဆင်းပြီးတဲ့နောက်ပိုင်း အလုပ်လုပ်ဖို့ကတော့ နောက်မှစဉ်းစားရင်မကောင်းဘူးလား··မှူးဆရာ။ လောလောဆယ်တော့ အကုန်အကျသက်သာမယ့် သင်တန်းတက်ဖို့ အရေးကြီးတယ်ထင်ပါတယ်။

**ကိုရာမြင့်။** အေး··ဒါလည်းဟုတ်ပါတယ်··။ နောက်တစ်ခုက ဆေးတက္ကသိုလ်ဆိုရင် ၇ နှစ်တက်ရမယ် ရွာက ကုန်ကျခံရင်တောင်မှ ကာလကြာမှာဆိုတော့ တာဝန်ကြီးမှာကိုလည်း ထည့်တွက်ရမယ်ကွ။ တိုင်းရင်းဆေးသိပ္ပံကတော့ ၄ နှစ် မဟုတ်လား။

**အိုက်ချို။** ဟုတ်ပါတယ် ၄ နှစ်တက်ရမှာပါ။ အခုလျှောက်ရင် တီနှစ်မှာပဲ တက်ခွင့်ရမယ်လို့ သိရပါတယ်။ ကျွန်တော် ၇ နှစ်လောက် အကြာကြီး ကျောင်းသွားတက်နေရင် မှူးဆရာကိုလည်း မသက်ညှာသလို ဖြစ်မယ်လေ။ ၄ နှစ်ဆိုတော့ သိပ်မကြာဘူး မဟုတ်လား။

**ကိုရာမြင့်။** မင်းက ငါ့အတွက် ဘာကို ပူတာလဲကွ။

**အိုက်ချို။** မှူးဆရာ ပရဟိတကျောင်းသားတွေ သံယောဇဉ်ကြောင့် အိမ်ထောင်မပြုတာ မဟုတ်လား။ ကျွန်တော်သိပါတယ်။



**ကိုရာမြင့်။** အဲဒါနဲ့ မင်းကျောင်းဆက်တက်မှာနဲ့ ဘာဆိုင်လို့လဲကွ။

**အိုက်ချို။** ကျွန်တော်သာ မှူးဆရာအနားမှာရှိပြီး မှူးဆရာ တာဝန်တွေကို တွဲယူလို့ရရင် မှူးဆရာ အိမ်ထောင်ပြုဖြစ်မှာပေါ့။ မဟုတ်ဘူးလား။ ဆရာမလေး ဒေါ်ညိုဝိုင်း မှူးဆရာကို စောင့်ရတာ မောနေရောပေါ့။

**ကိုရာမြင့်။** မညိုဝိုင်းက ငါ့စိတ်ဓာတ်ကို သိပါတယ်ကွာ။

**အိုက်ချို။** မှူးဆရာကို ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောစရာတစ်ခု ရှိပါတယ်ခင်ဗျာ။

**ကိုရာမြင့်။** ဟော··ဘာပါလိမ့်။

**အိုက်ချို။** ကျွန်တော်မြို့မှာနေတုန်း ကျွန်တော်နဲ့ စိတ်ချင်း၊ သဘောချင်းတူတဲ့ အတန်းတူမိန်းကလေးတစ်ယောက်ကို တွေ့ခဲ့ပါတယ်။ ကျွန်တော်တို့ချင်းလည်း နားလည်မှုရှိခဲ့ကြပါတယ်။ အဲဒါ ၁၀ တန်း စာမေးပွဲပြီးသွားတော့ တစ်ဦးနဲ့ တစ်ဦး ပွင့်ပွင့်လင်းလင်း ပြောဖြစ်ကြပြီး ချစ်သူတွေဖြစ်ခဲ့ကြပါတယ်ခင်ဗျ။

**ကိုရာမြင့်။** သြော်··ဟုတ်လား။ ဘယ်သူတဲ့တုံး··သူ့မိဘကရော။

**အိုက်ချို။** နာမည်က နော်အဲမွန်ပါ။ သူ့အဖေက ဦးစောနေတဲ့။ အမေမရှိတော့ဘူး။ သူ့အဖေက စိုက်ပျိုးရေးဌာနက ကျေးရွာအုပ်စု မန်နေဂျာပါ။ တစ်ဦးတည်းသော သမီးပါ။ အတန်းထဲမှာ စာတော်တယ်။ သူလည်း စာမေးပွဲအောင်မှာပါ။

**ကိုရာမြင့်။** (စိတ်ပူပန်ဖြင့်) ဘာသာမတူတော့ ဘယ့်နှယ့်လုပ်မလဲ အိုက်ချို·· ။

**အိုက်ချို။** ဗုဒ္ဓဘာသာ ကရင်လူမျိုးပါ..မှူးဆရာ။ ဘုရား၊ တရား ..သိပ်ကြည်ညိုပါတယ်။

**ကိုရာမြင့်။** (စိတ်အေးသွားဟန်ဖြင့်) ဩော်..ဩော်..တော်သေးတာပေါ့။ အင်း..ရှမ်းကလေးက ကရင်မလေးကို သွားတွေ့တာကိုး..။

(အိုက်ချို မဝံ့မရဲပြုံးနေစေ။)

**အိုက်ချို။** သူက ၁၀ တန်းအောင်ရင် သားဖွားနဲ့ သူနာပြုသင်တန်း တက်မယ်တဲ့။ လူအများကို ပြုစုကုသပေးဖို့ သူနဲ့ကျွန်တော် တိုင်ပင်ထားပါတယ်။

**ကိုရာမြင့်။** ဩော်..စိတ်သဘောချင်း အတော်တူတာကိုး..။ မဆိုးပါဘူးကွာ..။ အေး..ရည်မှန်းချက်မပြီးမြောက်ခင်မှာတော့ အိမ်ထောင်မပြုနဲ့ဦးပေါ့ကွာ။ ကိုယ်စီကိုယ်စီ ပညာပြည့်ဝပြီး အလုပ်အကိုင်ရှိမှ အိမ်ထောင်ပြုရမယ်ဆိုတာတော့ မှတ်ထားပါ။

**အိုက်ချို။** အဲတာကတော့ စိတ်ချပါ..မှူးဆရာ။ သင်တန်းဆင်းပြီးပြီးချင်းလည်း မယူသေးပါဘူး။ ကျွန်တော်ရည်ရွယ်ထားတာနဲ့ သူရည်ရွယ်ထားတာကို တစ်နေရာတည်းမှာ အကောင်အထည်ဖော်နိုင်မှ အိမ်ထောင်ပြုကြဖို့ တိုင်ပင်ထားပါတယ်။ ကျွန်တော် ရွာမှာ ပြန်လုပ်ရင်တောင် ကျွန်တော့်ဆီကို သူလိုက်ပြီး အလုပ်လုပ်နိုင်အောင် စီစဉ်မယ်လို့ပြောပါတယ် မှူးဆရာ..။

**ကိုရာမြင့်။** အေး..မင်းတို့တိုင်ပင်ထားတာတွေ ကောင်းပါတယ်။ အင်း..အရွယ်ရောက်ပြီဆိုတော့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်နိုင်ပါပြီကွာ။ ဆရာတို့ကတော့ ဖေးမကူညီပြီး မင်းဘဝတိုးတက်အောင် လုပ်ပေးကြရုံပဲရှိပါတယ်။



**အိုက်ချို။** အို..ကျွန်တော့်ကို ကျွေးမွေးပြုစုပျိုးထောင်ပေးခဲ့တဲ့ ပရဟိတဂေဟာနဲ့ ရွာကိုပြန်ပြီး ကျေးဇူးပြုဖို့ကို အဓိကထားတာပါ။

**ကိုရာမြင့်။** ကဲ..တို့နှစ်ယောက် မြို့ကိုသွားပြီး ဆရာတော်ကြီးကိုလည်း လျှောက်ထားကြမယ်။ မြို့ကဆရာ၊ ဆရာမတွေ မိတ်ဆွေတွေကိုပါ တိုင်ပင်ညှိနှိုင်းဖို့လိုမယ်ကွ။ အချိန်မဆွဲဘဲ နက်ဖြန်ခါပဲ သွားဖို့ပြင်ဆင်ပေတော့။

**အိုက်ချို။** ဟုတ်ကဲ့ .. မှူးဆရာ။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၂၉)

**နေရာ။** ဖျာပုံမြို့ ဦးညွန့်သိန်း၏နေအိမ်

**အချိန်။** နေ့ပိုင်း

**အပြင်အဆင်။** ပျဉ်ထောင်အိမ်တစ်လုံး၏အတွင်းပိုင်းရေးချက်နောက်ခံကားရှိရမည်။ ဆက်တီတစ်စုံ ရှိရမည်။

အိမ်အသုံးအဆောင်များ သင့်သလိုရှိရမည်။

**(ရှေ့ဖုံးကားဖွင့်)**

(ဇာတ်စင်လက်ဝဲဘက်မှ ကိုရာမြင့်နှင့်အိုက်ချို ထွက်လာစေ။)

**ကိုရာမြင့်။** ကိုညွန့်သိန်း‥ကိုညွန့်သိန်း‥ဘယ်သွားကြပါလိမ့်။ (အသံမြှင့်၍) ကိုညွန့်သိန်းတို့ မရှိဘူးလား။

**အိမ်အပြင်ဘက်မှ ဦးညွန့်သိန်း၏အသံ။** ရှိတယ်ဗျို့‥ရှိတယ်‥။ လာပါပြီ‥ (ဇာတ်စင်လက်ယာဘက်မှ လက်ကိုရေသုတ်ရင်း ထွက်လာစေ။) ဟာ‥ကိုရာမြင့်တို့ပါလား။ လာကြဗျာ၊ ထိုင်ကြဦး။ ခြံထဲဆင်းပြီး စိုက်ပျိုးရေးလုပ်နေကြလို့ဗျို့။ (လက်ယာဘက်သို့ လှမ်းအော်စေ။) မိန်းမရေ ဟောဒီမှာ



ကိုရာမြင့်တို့ ရောက်နေတယ်။ ရေနွေးကြမ်းယူခဲ့ဟေ့။

**လက်ယာဘက်ထဲမှ ဒေါ်မြတ်လေးအသံ။** ဟုတ်ကဲ့‥ဟုတ်ကဲ့‥။

(ဦးညွန့်သိန်း၊ ကိုရာမြင့်၊ အိုက်ချိုတို့ ဆက်တီထိုင်ခုံတွင် ဝင်ထိုင်စေ။ မကြာခင်ပင် ဒေါ်မြတ်လေး ရေနွေးပွဲယူပြီး လက်ယာဘက်မှ ထွက်လာစေ။)

**ဒေါ်မြတ်လေး။** ကိုရာမြင့်တို့ ကန်ဦးက လာကြတာလား။ ဘယ်တုန်းကရောက်လဲ။ မနက်စာ စားပြီးခဲ့ပြီလား။ မစားရသေးရင် စီစဉ်လိုက်မယ်လေ။

**ကိုရာမြင့်။** စားပြီးပါပြီ၊ ရောက်ရောက်ချင်း ဆရာတော်ကြီးဆီဝင်ပြီး ဩဝါဒခံယူရင်း ကျောင်းမှာပဲ ကပ္ပိယလုပ်လိုက်တယ်လေ။

**ဒေါ်မြတ်လေး။** ဒါဆို လက်ဖက်သွားသုပ်လိုက်ဦးမယ်။

**ဦးညွန့်သိန်း။** အိုက်ချိုဝတန်းအောင်တယ်ဆို၊ သုံးဘာသာဓာတ်ဂုဏ်ထူးပါတယ် မဟုတ်လား။

**ကိုရာမြင့်။** ဟုတ်ပါတယ်‥ အဲဒီကိစ္စအတွက်ပဲ လာကြတာပါ။ ခင်ဗျားညီမ ဆရာမရောမရှိဘူးလား။ သူနဲ့လည်းတိုင်ပင်ချင်လို့ပါ။

(ပြောရင်းပင် ဒေါ်ကြူကြူသိန်း လက်ယာဘက်မှထွက်လာစေ။ အိုက်ချိုထ၍ အရိုအသေပြုစေ။)

**ဒေါ်ကြူကြူသိန်း။** ကြားပါတယ်ရှင်၊ ဦးရာမြင့်ကြီး အသံကြားလို့ သစ်ပင်စိုက်တာဖြတ်ပြီး လက်ဆေးနေတာပါ။ အိုက်ချိုလည်း ပါမှာပဲဆိုတာ သိပြီးသားပါ။ ကဲ‥ ငါ့တပည့်ကြီး အိုက်ချို

ကတော့ အောင်မြင်မှုသရဖူဆောင်းပြီပေါ့ ဟုတ်လား။ တို့တစ်ကျောင်းလုံးက မင်းအတွက်ဂုဏ်ယူနေကြတာကွ။

(ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်စေ။)

**အိုက်ချို**။ (ပြုံးလျက်) ဟုတ်ကဲ့ .. ဆရာမ။

**ဒေါ်ကြူကြူသိန်း**။ မင်းတို့ဂုဏ်ထူးပါတဲ့ ကျောင်းသားတွေကို ပညာရေးဌာနနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဂုဏ်ပြုပွဲလုပ်မယ့် သဘောရှိတယ်။

**ကိုရာမြင့်**။ ဝမ်းသာစရာပဲနော်..။ ကျွန်တော်တို့ အခုလာကြတာ သူ့ရှေ့ရေး ဘယ်လိုလုပ်သင့်လဲဆိုတာ တိုင်ပင်ချင်လို့ပါ။

**ဒေါ်မြတ်လေး**။ (ထွက်လာပြီး လက်ဖက်သုပ် ယွန်းအစ်ကို စားပွဲပေါ်လာချပေးကာ) လက်ဖက်စားရင်း အေးအေးဆေးဆေး ဆွေးနွေးကြပေါ့။ (ပြန်ဝင်သွားစေ။)

**ဒေါ်ကြူကြူသိန်း**။ ကျောင်းအုပ်ဆရာမကြီးကို ဦးဝင်းမောင်က လာဆွေးနွေးထားတာ ရှိတယ်ရှင့်။

**ကိုရာမြင့်**။ ဘာများပါလိမ့်။ ဦးဝင်းမောင်ဆိုတာဘယ်သူလဲ။

**ဒေါ်ကြူကြူသိန်း**။ ဦးဝင်းမောင်က ရေလုပ်ငန်းရှင်သူဌေး၊ အိုက်ချိုတို့အတန်းထဲက ကေသီဝင်းမောင်ဆိုတဲ့ ကလေးမလေးရဲ့အဖေပေါ့။ ကေသီဝင်းမောင်က စာမေးပွဲကျတယ်လေ။ ဪ... အိုက်ချို မင်းသူငယ်ချင်း နော်အဲမွန် ဂုဏ်ထူးတစ်ဘာသာနဲ့ အောင်တာ မင်းသိပြီးရောပေါ့။

**အိုက်ချို**။ ဟုတ်ကဲ့ .. မနက်က အောင်စာရင်းဝင်ကြည့်ပြီးပါပြီ ဆရာမ။ စိုးတင့်ကတော့ ဂုဏ်ထူးမပါဘူး။



**ဒေါ်ကြူကြူသိန်း**။ ဟုတ်တယ်.. အဲ..စကားစပ်ရဦးမယ်။ ခုနက ပြောတဲ့ ဦးဝင်းမောင်က သုံးဘာသာဂုဏ်ထူးရှင်ကို ဆေးတက္ကသိုလ် တက်မယ်ဆိုရင် သူအကုန်ခံပြီး ထားပေးချင်ပါတယ်တဲ့။ ပြောပုံအရတော့ ကေသီက အိုက်ချိုကို ဆေးတက္ကသိုလ် သိပ်တက်စေချင်တဲ့ပုံပဲ။ ငါ့တပည့်ကို စိတ်ဝင်စားနေလား မသိဘူး။ မင်းကရော ဘယ်လိုလဲ..။

**အိုက်ချို**။ ဟာ.. စိတ်မဝင်စားပါဘူး ဆရာမရယ်။

**ဒေါ်ကြူကြူသိန်း**။ ကေသီက သူစာမေးပွဲကျပေမယ့် အိုက်ချို ထူးထူးချွန်ချွန်အောင်တာကို အားရနေတဲ့ပုံပဲ ဦးရာမြင့်ရေ ..။ သူတို့က အကုန်တာဝန်ယူမှာဆိုတော့ ငွေကြေးဘက်က စိတ်အေးရတာပေါ့။

**ကိုရာမြင့်**။ အင်း.. စဉ်းစားစရာတော့ရှိပါတယ်။ သူတို့က ဆွေမတော်၊ မျိုးမတော်ဘဲ ဒီလိုလုပ်ပေးမယ်ဆိုတော့ ကျောင်းပြီးသွားတဲ့အခါ အနှောင်အဖွဲ့တစ်ခုတစ်ရာဖြစ်သွားလေမလား။

**ဦးညွန့်သိန်း**။ အဲဒါလည်း စဉ်းစားစရာပဲ။ နောက်တစ်ခုကလည်း ရေလုပ်ငန်းဆိုတာက အခုအချိန်ကျိုကျိုတက် ချမ်းသာချင် ချမ်းသာနေပေမယ့်၊ နောက်နှစ်တွေများ စီးပွားကျသွားရင် ဘယ့်နှယ်လုပ်မလဲ။

ပညာတစ်ပိုင်းတစ်စ ဖြစ်သွားနိုင်တယ်။

**ဦးရာမြင့်**။ MC ကိုတက်ဖို့အတွက် ဌာနကလည်း စုဆောင်းပြီးကုန်ကျခံကြဖို့ စဉ်းစားနေကြတယ်။ ဒါပေမဲ့ အိုက်ချိုစဉ်းစားထားတာတစ်ခုရှိတယ်။ ကဲ.. မင်းဆရာမကို ပြောပြလိုက်ပါဦး အိုက်ချိုရ။

**အိုက်ချို**။ တီလိုပါ ဆရာမ‥ တိုင်းရင်းဆေးသိပ္ပံတက်ဖို့ပါ။ အဲ တာက အကုန်အကျလည်း သိပ်မများဘူး။ စတိုင်ပင်လည်း ရနိုင်တယ်။ လေးနှစ်နဲ့ပြီးမယ်။ ပရဟိတကျောင်းတို့လို ဘိုးဘွား ရိပ်သာတို့လို ကျန်းမာရေးဆောင်ရွက်ပေးဖို့ သိပ်လိုအပ်နေ တဲ့နေရာတွေမှာ တိုင်းရင်းဆေးပညာနဲ့ မှန်မှန်အကျိုးပြုနိုင် တယ်။ MC ဆိုရင် ၇ နှစ်ကြီးများတောင်ကြာမယ်။ နောက်ပြီး တိုင်းရင်းဆေးပညာကို ကျွန်တော်စိတ်ဝင်စားတယ်။

**ဦးညွန့်သိန်း**။ မင်းရည်မှန်းချက်က မင်းစိတ်ဓာတ်နဲ့ကိုက်ညီသားပဲ။

**ဒေါ်ကြူကြူသိန်း**။ ကျွန်မလည်း သဘောကျတယ်။ ကောင်းသား ပဲ။ သူက နှစ်မဆိုင်းဘဲတက်လို့ရနိုင်တယ်။ ကျောင်းဆင်းတဲ့ အခါ ဒီပလိုမာလက်မှတ်ပေးတယ်။

**ကိုရာမြင့်**။ တိုင်းရင်းဆေးသိပ္ပံ ကုန်ကျစရိတ်လောက်ကိုလည်း စတိုင်ပင်နဲ့ မလောက်ရင် ကျွန်တော်တို့ ပရဟိတနဲ့ ရွာက ပံ့ပိုးကူညီနိုင်မှာ သေချာတယ်။

**ဦးညွန့်သိန်း**။ ဒီမြို့မှာ တိုင်းရင်းဆေးခန်းရှိတယ်လေ။ အဲဒီက ဆရာမလေးတွေ၊ ဘိုးဘွားရိပ်သာမှာ ကျန်းမာရေးတာဝန်ယူပေး နေတာ။ သူတို့က အစိုးရခန့်ဝန်ထမ်းတွေပဲ။ ဒါကြောင့်မို့လို့ တိုင်းရင်းဆေးသိပ္ပံက ဆင်းတဲ့အခါ ဝန်ထမ်းလည်း လုပ်လို့ ရသားပဲ။

**အိုက်ချို**။ ဝန်ထမ်းမလုပ်ဘဲ အများအကျိုးပြုလုပ်ငန်းလည်း လုပ် လို့ရပါတယ်။



**ကိုရာမြင့်**။ အဲဒါကတော့ သင်တန်းဆင်းပြီးတော့မှ အခြေအနေအရ ကြိုက်သလို၊ ဆန္ဒရှိသလို စီစဉ်နိုင်မှာပါ။ အခုတော့ ဘာဆက် တက်သင့်တယ်ဆိုတဲ့ အဖြေရလောက်ပြီ ထင်ပါတယ်။

**ဒေါ်ကြူကြူသိန်း**။ ဒါဆိုရင် ဦးဝင်းမောင်တို့ ကမ်းလှမ်းတာကို ကျွန်မပဲ ဆရာမကြီးကို ပြောပြလိုက်မယ်လေ။

**ကိုရာမြင့်**။ ကောင်းပါတယ်။

**ဒေါ်ကြူကြူသိန်း**။ အိုက်ချိုက တိုင်းရင်းဆေးသိပ္ပံ လျှောက်ထား ဖို့ စီစဉ်ပေါ့။

**အိုက်ချို**။ ဟုတ်ကဲ့ ကျွန်တော်လည်း လေ့လာပြီးသားရှိပါတယ်။

**ဦးညွန့်သိန်း**။ ကိုရာမြင့်တို့ ရွာကိုဘယ်တော့ပြန်မလဲ။ ဒီနေ့ ညစာ အိမ်မှာ စားသွားပါလား။

**ကိုရာမြင့်**။ မစားသေးဘူးဗျာ။ ဒီမှာ အဖြေပြတ်သွားလို့၊ ဆရာတော် ကြီးဆီသွားပြီး လျှောက်ထားရဦးမယ်။ နက်ဖြန်မှ ရွာကိုပြန် မယ်။ အိုက်ချိုကတော့ မြို့မှာကျန်ခဲ့ပြီး လျှောက်လွှာရန်ကုန် သွားတင်ဖို့နဲ့ ရှေ့ဆက်လုပ်ရမယ့် ကိစ္စလေးတွေအတွက် စီ စဉ်ပေးခဲ့မယ်လေ။ ကိုင်း…ကျွန်တော်တို့ကို ခွင့်ပြုပါဦးနော်။

**ဦးညွန့်သိန်း၊ ဒေါ်ကြူကြူသိန်း**။ ဟုတ်ကဲ့‥ ဟုတ်ကဲ့။

(ကိုရာမြင့်နှင့် အိုက်ချိုထိုင်ရာမှထစေ။)

**(ရှေ့ဖုံးကားဝိတ်)**

## အခန်း (၃၀)

**နေရာ။** ကျိုက္ကဆွမ့်ျ စေတီတော်ရင်ပြင်

**အချိန်။** ညနေပိုင်း

**အမြင်အဆင်။** ရွှေရောင်ဝင်းနေသော စေတီတစ်ဆူ၊ တန်ဆောင်းများနှင့် ရင်ပြင်တော်ရေးချက် နောက်ခံကားရှိရမည် ကား၏လက်ယာထောင့်နားတွင် တနင်္ဂနွေဂြိုဟ်တိုင် တစ်ခုရေးဆွဲပါရှိရမည်။ ဂြိုဟ်တိုင်ရှေ့နားတွင် ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူနိုင်သည့် အင်္ဂတေအုတ်ခုံ၊ ပန်းအိုးစသည် စီစဉ်ထားရမည်။

### (ရှေ့ဖုံးကားဖွင့်)

(ဇာတ်စင်လက်ဝဲဘက်မှ အိုက်ချိုနှင့်နော်အဲမွှန်တို့က ပန်းစည်းများ ဖယောင်းတိုင်များကို ကိုင်လျက် ထွက်လာကြစေ။ ဇာတ်စင်ရှေ့ပိုင်းတွင် ရပ်လျက် စကားပြောကြစေ။)

**နော်အဲမွှန်။** ဘိုးဘွားရိပ်သာရယ်၊ ကန်တော်ကြီးရယ်၊ ဟောဒီ ကျိုက္ကဆွမ့်ျစေတီတော်ကြီးရယ်ဟာ သိပ်ပနံရတာပဲနော်

အိုက်ချို··။ ကန်တော်ကြီးရဲ့ တောင်ဘက်ကန်ပေါင်ကနေ



ဆင်းလိုက်တယ်ဆို စေတီတော်ရဲ့ ရင်ပြင်ကိုရောက်တာပဲ။

**အိုက်ချို။** ငါပြောသားပဲ။ သိပ်မလျှောက်ရပါဘူးလို့။ တာကြောင့် တို့နှစ်ယောက် ဟောဒီစေတီတော်ကြီးမှာ သစ္စာပြုဆုတောင်းကြရအောင်လို့ ငါပြောတာပေါ့ အဲမွှန်ရ။ တီစေတီတော်ကြီးက ဆုတောင်းလည်း ပြည့်တယ်လေ။

**နော်အဲမွှန်။** ငါမှတ်သားဖူးတာကတော့ "ကျိုက္ကဆွမ့်ျ" ဆိုတာ မွန်စကား၊ မြန်မာလို "သက်လွတ်ချမ်းသာ" ဘုရားလို့ အဓိပ္ပာယ်ရှိတယ်။ ဒီတော့ အသက်ချမ်းသာဖို့ပဲ ဆုတောင်းရတာ မဟုတ်ဘူးလား။

**အိုက်ချို။** အဲတာဆို နင်မသိတာရှိသေးတာပေါ့။ တီ·· စေတီတော်ကြီးကို တည်ထားခဲ့သူဟာ မွန်ဘုရင် သုရှင်တကာရွတ်ပိရဲ့ မိဖုရားကြီး "တလပရော်သမီ" ဆိုတာတော့ နင်သိမှာပေါ့။

**နော်အဲမွှန်။** အင်းလေ·· ဒါတော့သိတာပေါ့။

**အိုက်ချို။** အဲတီ··မိဖုရားကြီး ဘုရားတည်စဉ်က

နံပါတ်တစ် - အသက်ဘေးမှ လွတ်ကင်းချမ်းသာခြင်း။

နံပါတ်နှစ် - စားရိက္ခာပြည့်စုံစွာ ရရှိခြင်း။

နံပါတ်သုံး - ရဲမက်ဗိုလ်ပါ လုံလောက်စွာရရှိခြင်း။

နံပါတ်လေး - ရောဂါဝေဒနာမှစ၍ အန္တရာယ်များ လွတ်မြောက်ခြင်း။

နံပါတ်ငါး - မိမိတို့လိုရာဆန္ဒထမြောက်အောင်မြင်၍ ကြံစည်မှုများ ပြီးပြည့်စုံခြင်း ·· ဆိုတဲ့အကျိုးငါးပါးရဖို့ အဓိဋ္ဌာန်

နဲ့ တည်ခဲ့တာတဲ့။ တာကြောင့်မို့ ဆုတောင်းလည်းပြည့်တယ်လို့ လူတွေယုံကြည်ကြတယ်ဟ။

**နော်အဲမွန်**။ ဟုတ်လား‥ ဒါဆိုပိုကောင်းတာပေါ့နော်‥။ တို့နှစ်ယောက်ရဲ့မွေးနေ့ တနင်္ဂနွေဂြိုဟ်တိုင်ကနေ ဘုရားကို ပန်း၊ ဆီမီးလှူဒါန်းပူဇော်ပြီး သစ္စာပြုဆုတောင်းကြမှာ မဟုတ်လား‥။ တို့အခုလက်ယာရစ်နဲ့လာကြတာ သောကြာဂြိုဟ်တိုင်ကျော်ခဲ့ပြီဆိုတော့ ရှေ့နားမှာ တနင်္ဂနွေဂြိုဟ်တိုင်ပေါ့‥။

**အိုက်ချို**။ ကဲ‥ ဘုရားရှေ့မှာ သစ္စာပြုဆုတောင်းရင် ဘယ်လိုဆိုကြမလဲ။ တို့နှစ်ယောက် တစ်ညီတစ်ညာတည်း ဆိုလို့ရအောင် နင်က စကားလုံးရွေးလေ။

**နော်အဲမွန်**။ (မျက်စိကလေးမှိတ်၍ စဉ်းစားပြီး) ကဲ‥ ဒီလိုဆိုကြမယ်။ (တစ်လုံးချင်းပြော) "ဘုရားတပည့်တော်၊ တပည့်တော်မတို့သည် တစ်ဦးနှင့်တစ်ဦး နှစ်နှစ်ကာကာ ချစ်မြတ်နိုးသူများဖြစ်ကြပါသည်။ တစ်နေရာစီ သင်တန်းတက်ရ၍ အနေဝေးကွာသော်လည်း နှလုံးသားချင်းမဝေးရပါစေနဲ့သား"‥။ အဲဒီလိုဆိုမယ်လေ မကောင်းဘူးလား‥။

**အိုက်ချို**။ အေး‥ အေး‥ ကောင်းတယ် ‥ သိပ်ကောင်းတဲ့စကားတွေပဲ၊ ကဲလာ ‥ တနင်္ဂနွေဂြိုဟ်တိုင်ရှေ့သွားကြစို့။

**နော်အဲမွန်**။ နင်က တိုင်းရင်းဆေးသိပ္ပံတက်ခွင့်ရပါစေလို့လည်း ထည့်ပြီးဆုတောင်းနော်။ ငါလည်း သူနာပြုသားဖွား သင်တန်းကို ဆုတောင်းမယ်။

**အိုက်ချို**။ ဆုတောင်းမှာပေါ့ အဲမွန်ရ။



(နှစ်ယောက်သား စေတီတော်ဘက်သို့လှည့်ပြီး တနင်္ဂနွေဂြိုဟ်တိုင်ရှိရာသို့ လှမ်းကြစေ။ ရောက်လျှင် ပန်းများကို ပန်းအိုးတွင် စိုက်ပြီးနောက် ဖယောင်းတိုင်များကို ထွန်းညှိကြစေ။ ထို့နောက် ယှဉ်တွဲ၍ ရှိသေစွာထိုင်ကြပြီး ဘုရားရှိခိုး၊ သစ္စာပြု ဆုတောင်းစကားများ ဆိုကြစေ။ သူတို့နောက်ကျောမှ ဖြတ်သန်းသွားလာသူများလည်း သင့်သလိုရှိနေကြစေ။)

(ပြီးနောက် ဘုရားကို ဦးချပြီး ဇာတ်စင်ရှေ့ပိုင်းသို့ ပြန်လှည့်လာကြစေ။)

**နော်အဲမွန်**။ ကဲ ‥‥ ဘုရားမှာ သစ္စာပြုဆုတောင်းပြီးပြီ။ တို့နှစ်ဦး ‥ ဘယ်အခါမှ မမေ့စတမ်းနော်။

**အိုက်ချို**။ ဘယ်တော့မှ အချစ်မပြယ်စတမ်း ‥။

**နော်အဲမွန်**။ ကေသိက ဆက်သွယ်လာရင်လည်း ပြန်မဆက်ရဘူးနော်။

**အိုက်ချို**။ အဲတာ ‥ ပေါဟိုကန်စောင်းမှာကတည်းက ငါကြိမ်တွယ်ပြီးပြောခဲ့ပြီးပြီ မဟုတ်လား ‥။ အဲမွန်ရယ် ‥ စိတ်ချပါဟာ ‥ နောက်ပြီးတော့ ငါ့ဘဝမှာ အရေးကြီးဆုံးလူဖြစ်တဲ့ မှူးဆရာကိုလည်း နင်နဲ့ ငါ့အကြောင်းကို အသေးစိတ် ပြောပြထားပီးပါပီဟ ‥။

**နော်အဲမွန်**။ (စိတ်ဝင်တစားနှင့်) အဲ ‥ အဲဒီတော့ မှူးဆရာက ဘာပြောလဲ ‥ ဟင်။

**အိုက်ချို**။ ငါလည်းအရွယ်ရောက်ပြီမို့လို့ သင့်မြတ်တာကို လုပ်နိုင်ပါတယ်တဲ့။ နင့်အကြောင်းတွေကိုပြောပြတော့ လူမမြင်

ဘူးပေမယ့် သဘောကျနေတယ်ဟ။ နင်ကရော နင့်အဖေကို မပြောသေးဘူးလား။

**နော်အဲမွန်။** အပါးကို ပြောမပြရသေးဘူးဟ။ တစ်ဦးတည်းသော သမီးဆိုတော့ အပါးစိတ်ဆင်းရဲသွားမှာစိုးလို့လေ။

ပြောပြရင်လည်း သဘောတူမှာပါ။

**အိုက်ချို။** အေးပါ .. နင့်သဘောပါ။ အရေးကြီးတာကတော့ တို့နှစ်ယောက် စိတ်ချင်းမဝေးဖို့ပဲလေ။ သင်တန်းတွေတက်နေ တုန်း စာမှန်မှန်ရေးကြမယ်နော်။

**နော်အဲမွန်။** အေးပါ .. စာမှန်မှန်ရေးမယ်။ ကဲ.. ညနေစောင်းပြီ .. ပြန်ကြစို့နော် အိုက်ချို။ (တို့နှစ်ယောက်သားလက်တွဲ၍ ဇာတ်စင်လက်ဝဲဘက်သို့ တရွေ့ရွေ့ဝင်သွားစေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၃၁)

**ကာလ။** ၁၉၉၄ ခုနှစ်

**နေရာ။** မန္တလေးမြို့၊ တိုင်းရင်းဆေးသိပ္ပံကျောင်းရှေ့

**အချိန်။** ညနေပိုင်း

**အပြင်အဆင်။** မန္တလေးတိုင်းရင်းဆေးသိပ္ပံ အဆောက်အအုံ ရှေ့မြင်ရေးချက် နောက်ခံကားရှိရမည်။ ၄င်းရေးချက်တွင် တိုင်းရင်းဆေးသိပ္ပံဆိုင်းဘုတ်လည်း ပါရှိရမည်။

လက်ယာဘက်ရှေ့နားတွင် အရိပ်ရသစ်ပင်တစ်ပင် (သစ်ပင်ဖောက်ကား) စီစဉ်ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(အိုက်ချို စာတစ်စောင်ကိုကိုင်လျက် ဇာတ်စင်လက်ဝဲဘက်မှ ထွက်လာစေ။ သစ်ပင်အောက်အရောက်တွင် ပင်စည်ကိုမှီရပ်ပြီး စာအိတ်ကိုဖောက်၊ အတွင်းမှစာကိုဆွဲထုတ်ယူပြီး ဖတ်စေ။)

(နောက်ခံအသံ နော်အဲမွန် အသံဖြင့် ထွက်ပေါ်လာစေ။)

ချစ်ရတဲ့ ရှမ်းလေးရေ ‥ အရေးတကြီး နင့်ကိုပြောစရာရှိလို့ ဒီစာကိုရေးလိုက်တာ။ ငါ့အဖေ ဘားအံကိုပြောင်းရတယ်။ ဒါကြောင့် ဒီပထမနှစ်ပြီးလို့ ကျောင်းပိတ်ရက်ကျရင် ငါဘားအံကိုသွားရမယ်။ ဖျာပုံကို သွားလို့မရတော့ဘူး။ နင်တို့ကျောင်းပိတ်ရက်နှင့် ငါတို့ သင်တန်းပိတ်ရက် တူရင်တောင်မှ နင်နဲ့ငါ လူချင်းတွေ့နိုင်တော့မှာ မဟုတ်ဘူး‥။

ရှေ့နှစ် ဒုတိယနှစ် ငါတို့သင်တန်းဆင်းပြီး အချိန်ကျရင်လည်း ငါဘားအံကိုပဲ ပြန်ရလိမ့်မယ်။ အဲဒီကပဲ Mid- wife Posting စောင့်ရတော့မှာပဲ။ ဒီအတိုင်းဆို သင်တန်းတက်နေတုန်းမှာလည်း ငါရှိတဲ့ပုသိမ်နဲ့ နင်ရှိတဲ့ မန္တလေးက ခရီးဝေးပြန်၊ သင်တန်းဆင်းပြီးပြန်တော့လည်း ငါနေရမယ့် ဘားအံမြို့က ဖျာပုံနဲ့ အလှမ်းကွာပြန်တော့ နင်ကျောင်းမပြီးမချင်း နင်နဲ့ငါ လူချင်းတွေ့နိုင်ပါတော့မလား။ အဲဒါတွေးပြီး ငါစိတ်ပူမိတယ်ဟာ။

ဒါပေမဲ့ တို့နှစ်ယောက် အဆက်မပြတ်ရင် ပြီးတာပဲနော်။ လက်ထပ်ဖို့ အချိန်ကျရင်လည်း ငါရှိတဲ့နေရာကို နင်လာလို့ရမှာပဲ။ ငါကလဲ Posting ချတဲ့အချိန်ကျရင် ဖျာပုံကိုတောင်းမှာပဲ။ ဖျာပုံကို ရရင်တော့ စိတ်အေးရပြီပေါ့။ နင်ကျောင်းဆင်းတာနဲ့ နင်လုပ်ချင်တဲ့ ပရဟိတလုပ်ငန်းနဲ့ လက်ထပ်ဖို့ကိစ္စ ညှိနှိုင်းဖို့ လွယ်သွားပြီပေါ့။

ကျိုက္ကမျှမ်စေတီတော်မှာ သစ္စာထားခဲ့ကြတဲ့အတိုင်း နင့်ဆီက စာ လစဉ်မှန်မှန် ငါ့ဆီရောက်သလို ငါ့ဆီကစာလည်း နင်ရနေတာမို့လို့ တို့တွေပူပန်စရာတော့ မရှိပါဘူးဟာ။ ဘာလိုလိုနဲ့ တို့တွေသင်တန်း ၁ နှစ် ပြီးတော့မယ်နော်။

နင့်ဆီက နောက်ဆုံးဖတ်ရတဲ့စာထဲမှာ တိုင်းရင်းဆေးအာနိ သင်ဘာသာမှာ နင်ထူးထူးချွန်ချွန်ဖြေနိုင်တာဖတ်ရလို့ ဝမ်းသာ



တယ်ဟာ။ ငါလည်း သင်တန်းမှာ ကောင်းကောင်းလိုက်နိုင်ပါတယ်။

ကျန်းမာရေး ဂရုစိုက်နော်။

ဘားအံက အပေါ်းလိပ်စာကို အောက်မှာရေးပေးလိုက်တယ်။

ထာဝရချစ်နေမယ့်
နော်အဲမွန်
သူနာပြုသားဖွားသင်တန်း
ပုသိမ်

လိပ်စာ -

ဦးစောနေ
၃-မန်နေဂျာ
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
(မြို့နယ်မန်နေဂျာရုံး)
ဘားအံမြို့

**အိုက်ချို**။ (စာကိုကိုင်လျက် ခေတ္တငိုင်နေပြီးမှ တစ်ကိုယ်တည်းပြော) အင်း ‥ ပထမနှစ်ပြီးလို့ ကျောင်းပိတ်ရက်ကျရင် အဲမွန်နဲ့ဖျာပုံမှာ မတွေ့နိုင်မယ့်အတူတူ မန္တလေးမှာ အချိန်ပိုင်း အလုပ်တစ်ခုခုလုပ်မယ်။ လုပ်အားခရတော့ ငါ့ကိုရွာက ထောက်ပံ့ပေးရတာ သက်သာတာပေါ့။ ဟုတ်ပြီ ‥ အခု ကတည်းက အလုပ်ရှာထားမယ်။ (အားတက်ဟန်နှင့် ဇာတ်စင် လက်ယာဘက်သို့ဝင်စေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၃၂)

**ကာလ။** ၁၉၉၆ ခုနှစ်

**နေရာ။** ကန်ဦးပရဟိတဂေဟာ၊ ရုံးခန်း

**အချိန်။** နေ့လယ်ပိုင်း

**အပြင်အဆင်။** အခန်း (၃) အတိုင်း ပြင်ဆင်ထားရမည်။

### (ရှေ့ဖုံးကားဖွင့်)

(ရုံးခန်းထဲတွင် ကိုရာမြင့် စာရေးနေစဉ် လက်ဝဲဘက်မှ အိုက်ချို ခရီးဆောင်လက်ဆွဲအိတ်ဖြင့် ထွက်လာစေ။)

**ကိုရာမြင့်။** (မော့ကြည့်ပြီး) ဟာ အိုက်ချို၊ အကြောင်းမကြား ဘာမကြားနဲ့ ရုတ်တရက်ကြီး ရောက်လာတာကိုးကွ။ (ပြော ရင်းထလာပြီး အိုက်ချိုပခုံးကိုဖက်၍ ခေါ်စေ။) မင်းကျောင်းမှာ ဘာများပြဿနာတက်လာလို့လဲဟင်။ ငွေမရောက်လို့လား‥။ ငါ‥ လစဉ်မှန်မှန်ငွေပို့ပေးနေသားပဲ။ (ကုလားထိုင်တွင် ပြန်ထိုင် စေ။ အိုက်ချို လက်ဆွဲအိတ်ကိုချပြီး ကိုရာမြင့်ကိုကန်တော့စေ ပြီးမှ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်စေ။)



**အိုက်ချို။** ဘာပြဿနာမှ မရှိပါဘူး မွေးဆရာ။ ငွေလည်းမှန်မှန် ရပါတယ်။ ပထမနှစ်ကျောင်းပိတ်ရက်တုန်းကလည်း မပြန် ခဲ့ဘူး။ ဒုတိယနှစ်ကျောင်းပိတ်ရက်တုန်းကလည်း မပြန်ခဲ့ဘူး။ အခုတတိယနှစ် စာမေးပွဲပြီးပြီးချင်း ခဏပြန်လာတာပါ။ ဂေဟာကိုလည်း သတိရလို့။ မွေးဆရာကိုလည်း အခြေအနေကို ပြောပြချင်လို့။

**ကိုရာမြင့်။** သြော် ‥ ဒီလိုလား ‥ မင်းက ရုတ်တရက်ကြီးပြန် ရောက်လာတော့ ငါစိတ်ပူသွားတာပေါ့။

**အိုက်ချို။** ကျွန်တော်အတွက်တော့ ‥‥ မပူပါနဲ့ခင်ဗျာ။ ကျွန်တော် စာကြိုးစားလျက်ပါပဲ။ နောက်ဆုံးနှစ်မှာ ဂုဏ်ထူးတွေနဲ့အောင် မြင်အောင် ဆက်ကြိုးစားပါ့မယ်။ ကျွန်တော့်ကိုကျွေးမွေးပြု စုပြီး အခုထိ ပံ့ပိုးတာဝန်ယူနေတဲ့ တီရှာနဲ့ တီဂေဟာရဲ့ကျေးဇူး ကို ကျွန်တော်အမြဲအောက်မေ့နေပါမယ် ‥ မွေးဆရာ။

**ကိုရာမြင့်။** အေး ‥ အေး သာဓုပါကွာ။ မင်းရေးတဲ့စာတွေလည်း ရခဲ့ပါတယ်။ အခုလိုမင်းကိုယ်တိုင်ပြောပြတော့လည်း ပိုပြီး စိတ်အေးရတာပေါ့ကွာ။ သြော် ‥ ဒါနဲ့ မင်း ဒုတိယနှစ်အစ ပိုင်းလောက်ကစပြီး လစဉ်ပို့နေကျငွေကို လျှော့ပို့နိုင်းတာဘာ ဖြစ်လို့လဲကွ။ မင်းဟိုမှာ ကျောင်းသူ၊ ကျောင်းသားတွေကြား ငွေကြေးမပြည့်စုံလို့ မျက်နှာမငယ်ရဘူးလား။

**အိုက်ချို။** အဲဒီကိစ္စကို ပြောပြပါမယ်ခင်ဗျာ။ စာထဲထည့်ရေးရင် မွေးဆရာတို့က ဖျက်မှာစိုးလို့ မရေးတာပါ။ တီလိုပါ ‥ ရက်ရှည်ကျောင်းပိတ်ရက်တွေမှာ ကျွန်တော်တီကို ပြန်မယ့်

အစား မန္တလေးမှာ အချိန်ပိုင်းအလုပ်လုပ်မယ်လို့ ဆုံးဖြတ်ပီး အလုပ်ရှာခဲ့ပါတယ်။ လက်ဖက်ခြောက် လက်ကားလုပ်ငန်း တစ်ခုမှာ အလုပ်ရပါတယ်။ အဲတီဆိုင်က ရှမ်းလူမျိုးဆိုတော့ ကျွန်တော့်ကို ဆွေမျိုးသားချင်းလို သဘောထားပါတယ်။ လုပ်အားခကို ကျွန်တော်စုထားပြီး ကျောင်းတက်တဲ့အချိန် ကျတော့ တီကပို့ပေးတဲ့ ငွေနဲ့စုပေါင်းပီး ကျောင်းစရိတ်လုပ်ပါ တယ်။ ဒါကြောင့် ငွေသိပ်မလိုတော့တာပါခင်ဗျ။

ကိုရာမြင့်။ သြော်··ဒီလိုကိုး။ (ပြုံးနေစေ။) ကောင်းတာပေါ့။ ကိုယ့်ခြေကိုယ့်လက်ပေါ်ရပ်နိုင်အောင် အလေ့အကျင့်ရတာ ပေါ့ကွာ။

အိုက်ချို။ အခုတောင် စာမေးပွဲပီးပီးချင်း တီကိုချက်ချင်းထွက်လာ ပီး မြန်မြန်ပြန်ရမယ်လေ။ မန္တလေးလက်ဖက်ခြောက်ဆိုင်က ဦးမင်းတို့က မျှော်နေကြမှာ။ ကျွန်တော် သန်ဘက်ခါလောက် ပြန်ပါရစေ။

ကိုရာမြင့်။ အေး··အေး နှုတ်ဆက်ရမယ့်သူတွေကို မြန်မြန်လိုက်ပြီး နှုတ်ဆက်ပေါ့။

အိုက်ချို။ ဆရာတော်ရော၊ လူကြီးသူမတွေရော ကန်တော့ဖို့ မန္တလေးမုန့်တွေပါလာတယ်။ ပြီးရင် လိုက်ကန်တော့မှာပါ။

ကိုရာမြင့်။ သြော်··မင်းကောင်မလေးနဲ့ရော တွေ့သေးလား။ မင်း ကိုကြည့်ရတာ သိပ်မရွှင်ပျသလိုပဲ။ အဆင်ပြေကြရဲ့လား။

အိုက်ချို။ အဲတာလဲ မှူးဆရာကို ပြောပြပါမယ့်။ (မျက်နှာငယ် သွားပြီး) သူနဲ့အဆက်အသွယ်ပြတ်သွားပါတယ် မှူးဆရာ··။



ကိုရာမြင့်။ ဘယ်လို··ဘယ်လို··သူက သားဖွားသူနာပြုသင်တန်း တက်နေတာမဟုတ်ဘူးလား။

အိုက်ချို။ သင်တန်းက ပြီးသွားပါပြီ။ ပထမနှစ်ပြီးခါနီးတုန်းက သူ့အဖေ ဘားအံကိုပြောင်းရွှေ့ရတယ်တဲ့။ ကျောင်းပိတ်ရက်မှာ သူ့အဖေရှိတဲ့ဆီကိုပဲပြန်တယ်။ သူဒုတိယနှစ်အစမှာလည်း ကျွန်တော်နဲ့ စာအဆက်အသွယ် မပြတ်ပါဘူး။ ဒုတိယနှစ်သင် တန်းအပြီး "သူ့အဖေဆီပြန်သွားမယ် ဘားအံမှာနေရင်း Posting စောင့်မယ်" လို့ ကျွန်တော့်ဆီ စာရေးခဲ့တယ်။ အဲတီ စာကို နောက်ဆုံးရတာပါပဲ။ နောက်တော့ စာမလာတော့ဘူး။ ခုချိန်ထိပါပဲ။ တစ်နှစ်လောက်ရှိသွားပြီပေါ့။ (မျက်နှာညှိုးနေ စေ။)

ကိုရာမြင့်။ ဟုတ်လား··။ အင်း သူ့အဖေဆီမှာရှိနေမှာပါကွာ။ သူ့အဖေလိပ်စာနဲ့ စာမရေးဘူးလား။

အိုက်ချို။ နောက်ဆုံးကြိုးစားခြင်းအနေနဲ့ တစ်ခုတော့လုပ်ထားပါ တယ်။

ကိုရာမြင့်။ ဘာလုပ်ခဲ့တာလဲ ပြောပါဦး··။

အိုက်ချို။ ကျွန်တော်တို့ တိုင်းရင်းဆေးသိပ္ပံမှာတက်နေတဲ့ သင်တန်း သားတွေထဲက၊ ကရင်ပြည်နယ်ကလာတက်နေတဲ့သူကို ကျွန်တော်လိုက်စုံစမ်းတော့ ပထမနှစ်မှာ စောစံသာဆိုတဲ့ ကရင် လေးတစ်ယောက်ကိုတွေ့ရတယ်။ သူက ဘားအံကဆိုတော့ စာမေးပွဲအပြီး သူဘားအံအပြန်မှာ အဲမွန်တို့သားအဖလိပ်စာနဲ့ အဲမွန်ဆီစာပေးလိုက်ပါတယ်။ ရှာပီးတွေ့ခဲ့ဖို့လည်း သေသေချာ

ချာမှာလိုက်ပါတယ်။ မတွေ့ရင်လည်း ဘာဖြစ်နေတယ်ဆိုတာ စုံစမ်းကူညီဖို့ အကူအညီတောင်းထားပါတယ်။ အဲဒါကကျောင်း ပြန်ဖွင့်ချိန်ကျရင်တော့ စောစံသာဆီက အကြောင်းစုံသိရမယ် ထင်တာပဲ မှူးဆရာ..။

**ကိုရာမြင့်။** အေး..အေး.. အကြောင်းစုံသိရရင် ဆရာ့ဆီ စာရေး ပါဦး။

**အိုက်ချို။** ဟုတ်ကဲ့..မှူးဆရာဆီ စာရေးလိုက်ပါမယ်။

(ထိုစဉ် ညိုမောင် စာတ်စင်လက်ဝဲဘက်မှ ထွက်လာစေ။)

**ညိုမောင်။** ဟေး..အိုက်ချို..မင်းရောက်နေတယ်ကြားလို့ ငါပြေး လာတာကွ။ မင်းရောက်တာကြာပြီလား။

**အိုက်ချို။** ခုလေးတင်ပါပဲ အစ်ကိုညိုရာ..။

**ညိုမောင်။** (အိုက်ချိုကိုကြည့်ပြီး) မန္တလေးသားကြီးဆိုတော့ မင်းက တစ်သွေးတစ်မွေးကြီးပါပဲလားကွ။ (ကပ်လျက် ကုလားထိုင် တွင် ဝင်ထိုင်ပြီး) မင်းမရှိတော့ မှူးဆရာလည်း ပင်ပန်းနေတာ ပဲ။ သနားစရာတောင်ကောင်းပါရဲ့။

**အိုက်ချို။** အစ်ကိုညိုက ကူညီလုပ်မပေးဘူးလားဗျ။

**ညိုမောင်။** မလုပ်ဘဲနေပါ့မလားကွ။ ဒါပေမဲ့ ငါက မင်းလိုမဟုတ် ဘူးလေ။ ခိုင်းတာလောက်ပဲ လုပ်တတ်တာ။ တစ်ထွာပြရင် တစ်လံမမြင်ဘူးလေ။ ဆေးဆရာကြီး ဦးအဂ္ဂလည်းမရှိတော့ ဆေးကုစရာရှိရင် ဟိုသွားရ ဒီသွားရနဲ့ အလုပ်အရမ်းရှုပ်တာ ပေါ့ကွာ။



**ကိုရာမြင့်။** အင်း..မောင်ညိုမောင်ကတော့ ဒလဟောပြောချလိုက် ပြီ။ အိုက်ချို စိတ်ဆင်းရဲသွားတော့မှာပဲ။

**အိုက်ချို။** အင်း..ဒါဆို၊ သင်တန်းဆင်းရင် ဒီမှာပဲ မှူးဆရာနဲ့ တွဲလုပ်မှ ဖြစ်တော့မှာပါ။

**ကိုရာမြင့်။** (အဝေးသို့ငေး၍ အတန်ကြာတွေးနေပြီးမှ) ကဲ..ဒါတွေ နောက်မှစဉ်းစားပါကွာ။ အခုတော့ ရွာထဲကို လိုက်ကန်တော့ လိုက်ဦး။ မောင်ညိုမောင်လည်းလိုက်သွားပေါ့။

**အိုက်ချို။** ဟုတ်ကဲ့..ဟုတ်ကဲ့..(ထိုင်ရာမှထစေ။)

(ရှေ့ဖုံးကားပိတ်)

# အခန်း (၃၃)

**နေရာ။** မန္တလေး တိုင်းရင်းဆေးသိပ္ပံကျောင်းရှေ့

**အချိန်။** မွန်းလွဲပိုင်း

**အပြင်အဆင်။** အခန်း (၃၁) အတိုင်း ပြင်ဆင်ထားရမည်။

## (ရှေ့ဖုံးကားဖွင့်)

(အိုက်ချို၊ သစ်ပင်ကြီးကိုမှီလျက် ညိုးနွမ်းစွာရှိနေစေ။ လက်ဝဲဘက်ဆီသို့လည်း မကြာခဏလှမ်းမျှော်ကြည့်ပြီး ဟိုသည်လမ်းလျှောက်၍ ဂနာမငြိမ်ဖြစ်နေစေ။ ကျောင်းသားကျောင်းသူများ ဓာတ်စင်ဝဲမှယာ၊ ယာမှဝဲ ဖြတ်လျှောက်နေကြစေ။)

(ကထိကဆရာကြီးတစ်ဦး ဓာတ်စင်ရှေ့ပိုင်းတွင် လက်ဝဲဘက်မှ လက်ယာဘက်သို့ ဖြတ်လျှောက်စဉ် အိုက်ချိုကို လှမ်းတွေ့သဖြင့် လှမ်းခေါ်စေ။)

**ကထိက။** မောင်အိုက်ချို..ဘာစောင့်နေတာလဲကွဲ့။

**အိုက်ချို။** (ကထိကထံ အပြေးကလေးလျှောက်လာပြီး ရိုသေစွာပြော) သူငယ်ချင်းတစ်ယောက် ဒီနေ့ပြန်လာမှာမို့လို့ ထွက်စောင့်နေတာပါဆရာကြီး။



**ကထိက။** ဩော်..မောင်အိုက်ချိုလည်း ဒီနှစ်ဆို နောက်ဆုံးနှစ်ရောက်ပြီပေါ့။ မင်းကကြိုးစားတဲ့သူဆိုတော့ ထူးထူးချွန်ချွန်နဲ့အောင်မှာပါကွာ။ မင်းကျောင်းဆင်းပြီးရင် ဘာလုပ်ဖို့စဉ်းစားထားလဲကွဲ့။ တို့တိုင်းရင်းဆေးသိပ္ပံမှာပဲ နည်းပြမလုပ်ချင်ဘူးလား။

**အိုက်ချို။** (ခေတ္တမျှစဉ်းစားပြီး) ကျွန်တော့်ကို ပရဟိတဂေဟာက ပြုစုပျိုးထောင်ပေးတာမို့ အဲဒီမှာပဲ ပြန်ပြီး ကျေးဇူးဆပ်မယ်လို့ ရည်ရွယ်ထားပါတယ်ဆရာကြီး။

**ကထိက။** ဟေ..တိုင်းရင်းဆေးခန်းတွေမှာလည်း လက်ထောက်တိုင်းရင်းဆေးမှူးလုပ်ဖို့ မစဉ်းစားဘူးလား။

**အိုက်ချို။** ဟုတ်ကဲ့..ခုနေတော့ မစဉ်းစားသေးပါဘူးခင်ဗျာ။ ကျောင်းဆင်းတော့ ပရဟိတဆရာတော်နဲ့ မှူးဆရာက ဘယ်လိုစီစဉ်ထားမလဲ မသိဘူး။

**ကထိက။** မောင်အိုက်ချိုက ဆေးဝါးဗေဒ ဆေးပစ္စည်းအာနိသင်ဘာသာရပ်မှာ ထူးချွန်လို့ ဆရာတို့က ကျောင်းမှာနည်းပြလုပ်ရင်ကောင်းမှာပဲလို့ ပြောနေကြတာကွယ့်။ အေးပေါ့လေ..ကိုယ့်အခြေအနေနဲ့ကိုယ်ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ အခုနောက်ဆုံးနှစ်ဟာ အရေးကြီးဆုံးဖြစ်လို့ အခုနှစ်စကတည်းက ဘာသာရပ်တိုင်းကို ဂရုစိုက်ပြီးသင်ယူနော်။ ဒီပညာနဲ့ အသက်မွေးစရာမလိုဘူးဆိုပြီး ကြိုးစားမှုကို မလျှော့နဲ့ကွယ့်။

**အိုက်ချို။** ကျွန်တော်က တိုင်းရင်းဆေးပညာကို အစကတည်းက စိတ်ဝင်စားလို့ ဆေးတက္ကသိုလ်ကိုတောင် အမှတ်မီရဲ့သားနဲ့ မတက်ဘဲ ဒီကျောင်းကိုတက်တာပါ ဆရာကြီး။ အစိုးရဝန်

ထမ်း လုပ်လုပ် မလုပ်လုပ် တိုင်းရင်းဆေးပညာနဲ့ ပြည်သူလူထုကို အကျိုးပြုမယ်လို့ သန္နိဋ္ဌာန်ချပြီးသားဖြစ်ပါတယ် ဆရာကြီး..။ မလျှော့သော လုံ့လနဲ့ ကြိုးစားနေမှာပါခင်ဗျာ။

**ကထိက။** သာဓုပါကွယ်..သာဓုပါ။ ငါ့တပည့်ရဲ့ စိတ်ဓာတ်ကို ဆရာချီးကျူးပါတယ်။ အခက်အခဲရှိရင်လည်း ဆရာတို့ကိုပြောနော်။ ကဲ..ဆရာသွားလိုက်ဦးမယ်ကွယ့်။ (လက်ယာဘက်သို့ဝင်စေ။)

**အိုက်ချို။** ဟုတ်ကဲ့..ကျေးဇူးတင်ပါတယ် ဆရာကြီး..။

(ထိုစဉ် ဇာတ်စင်လက်ဝဲဘက်မှ စောစံသာ၊ လက်ဆွဲအိတ်နှစ်လုံးဆွဲလျက် ထွက်လာစေ။ အိုက်ချိုဝမ်းသာအားရသွားကြိုပြီး နှစ်ယောက်သား သစ်ပင်ကြီးအောက်သို့ ရောက်လာစေ။)

**အိုက်ချို။** ငါ့ညီ ကျောင်းပြန်ဖွင့်ဖွင့်ချင်းရောက်မလာလို့ ဘေးခုတင်ကိုမေးကြည့်တော့မှ တီနေ့ရောက်မယ်သိရတယ်။ ဒါကြောင့် အစ်ကို ကျောင်းဝထွက်စောင့်နေတာ..။ (စိတ်အားထက်သန်စွာမေး) ဘယ့်နှယ့်လဲ၊ နော်အဲမွန်တို့ကို တွေ့ခဲ့လားဟင်..။

**စောစံသာ။** (အိတ်နှစ်လုံးကို အသာချပြီး မိမိအင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ပေးစေ။) ရော့ အစ်ကို။

**အိုက်ချို။** (စာအိတ်ကိုကြည့်ပြီး) ဟင်..အစ်ကိုပေးလိုက်တဲ့စာပါလား..။ မတွေ့ခဲ့ဘူးလားဟင်..။

**စောစံသာ။** ကျွန်တော် ချက်ချင်းစုံစမ်းတာပါအစ်ကို။ စိုက်ပျိုးရေးရုံးကလည်း ဝန်ထမ်းအပြောင်းအရွှေ့တွေရှိတော့ လူတိုင်းမသိကြဘူး။ နောက်မှ စာရေးမကြီးတစ်ယောက်နဲ့ တွေ့တော့မှပဲ



အဖြစ်အပျက်ကို သိရတော့တယ်။ နော်အဲမွန်ကို ကေအင်န်ယူတွေ ခေါ်သွားတာတဲ့။

**အိုက်ချို။** (အံ့အားသင့်ခြင်းကြီးစွာဖြင့်) ဟင်..

**စောစံသာ။** သူနာပြုသင်တန်းကပြန်လာပြီး သိပ်မကြာလိုက်ဘူးတဲ့။ ဘယ်လိုပါသွားသလဲဆိုတာတော့ သူလည်းအသေးစိတ်မသိဘူးတဲ့။

**အိုက်ချို။** သူ့အဖေ ဦးစောနေရော..

**စောစံသာ။** နော်အဲမွန်ကို ကေအင်န်ယူခေါ်သွားပြီး မကြာဘူး သူရာထူးတက်ပြီး အညာဘက်ကို ပြောင်းသွားရတယ်တဲ့။

**အိုက်ချို။** (သက်ပြင်းရှည်ကြီးချလျက် ခွေးခွေး မြေ့မြေ့အသံနှင့်) ဖြစ်ရလေ အဲမွန်ရယ်..။ (ဝမ်းနည်းကြေကွဲလျက်ရှိစေ။)

**စောစံသာ။** စိတ်မကောင်းပါဘူး အစ်ကိုရယ်။ ဒါပေမဲ့ သူတို့ ပြောနေကြတာကတော့ ကရင်လူမျိုးအချင်းချင်းမို့ အန္တရာယ်တော့ပြုမှာမဟုတ်ဘူး။ တစ်ခုခုခိုင်းချင်လို့ ခေါ်သွားတာနေမှာလို့ ဝေဖန်နေကြပါတယ်။

**အိုက်ချို။** ကဲ..ကဲ ငါ့ညီလည်း အစ်ကို့အတွက် ပင်ပန်းသွားမှာပဲ။ ကျေးဇူးတင်ပါတယ်ကွယ်။ ကဲလာ..အစ်ကိုပါ အဆောင်ပြန်မယ်။ (အိတ်တစ်လုံးကိုဆွဲစေ။)

**စောစံသာ။** (အိတ်တစ်လုံးကိုဆွဲလျက်) ပေးပါအစ်ကို ကျွန်တော်နိုင်ပါတယ်။

**အိုက်ချို။** ရပါတယ်ကွာ။ အတူတူသွားကြမှာပဲဟာ။ လာ..သွားကြစို့။ (အိုက်ချိုနှင့် စောစံသာ ဇာတ်စင်လက်ယာဘက်သို့ ဝင်စေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၃၄)

**နေရာ။** တိုင်းရင်းဆေးသိပ္ပံ၊ အမျိုးသားဆောင် ဧည့်တွေ့ခန်း

**အချိန်။** နေ့လယ်ပိုင်း

**အပြင်အဆင်။** ဘော်ဒါဆောင်တစ်ဆောင်၏ အတွင်းအုတ်နံရံရေးချက် နောက်ခံကားရှိရမည်။ ဆက်တီ ၂ စုံခန့် ခင်းကျင်းထားရမည်။

### (ရှေ့ဖုံးကားဖွင့်)

(ကိုရာမြင့် ဆက်တီတွင်ထိုင်စောင့်စေ။ တအောင့်အကြာ ဇာတ်စင်လက်ယာဘက်မှ အိုက်ချိုထွက်လာစေ။)

**အိုက်ချို။** (ကိုရာမြင့်ကိုမြင်၍ အံ့အားသင့်သွားပြီး) ဟာ‥ မှူးဆရာပါလား‥ (ကိုရာမြင့်အနီးသို့ ဝမ်းသာအားရ အပြေးကလေးရောက်သွားပြီး မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်စေ။) ကျွန်တော့်ဧည့်သည်ဆိုတော့ ငါ့ကိုလာတွေ့တဲ့လူ မရှိပါဘူး။ ဘယ်သူများပါလိမ့်လို့ တွေးလာတာ‥။ ဘယ်တုန်းကရောက်လဲ မှူးဆရာ။ အကြောင်းထူးလို့လားဟင်။ အဲ့မှန် အကြောင်းများကြားလို့လား‥။



**ကိုရာမြင့်။** အေးအေးဆေးဆေးရှင်းပြပါမယ်ကွာ။ အဲ့မှန်အကြောင်းတော့ မဟုတ်ဘူး။ ငါ့အကြောင်းပါကွာ။

**အိုက်ချို။** (စိုးရိမ်ဟန်နှင့်) မှူးဆရာ ဘာဖြစ်လို့လဲ ဟင်‥

**ကိုရာမြင့်။** ဒီလိုပါ။ လွန်ခဲ့တဲ့နှစ်က ငါန်းဖွန်နယ် ငါတို့ရွာမှာ ငါ့ဖခင်ကြီး ဆုံးသွားတော့ ငါအညာပြန်ပြီး သင်္ဂြိုဟ်တယ်။ အဲဒီမှာ ငါ့မိခင်က အသက်အရွယ်ကလည်းကြီး၊ ကျန်းမာရေးလည်းမကောင်းဖြစ်နေတော့ ယာလုပ်ငန်းကို ဦးစီးပြီး မလုပ်နိုင်ဖြစ်နေတယ်။ နှမတစ်ယောက်ရှိတယ်၊ မကြာတင့်။ သူကလည်း မိန်းကလေးဆိုတော့ မလုပ်တတ် မကိုင်တတ်နဲ့ ဆရာမိသားစု ပြိုလဲတော့မယ့် အခြေအနေရောက်နေတယ်လေ။ ဒါနဲ့ ဆရာတော်ကြီးကို လျှောက်ထားပြီး ငါအညာပြန်ခဲ့တာပဲ ကွ။ ဒီမန္တလေးကနေ တို့ရွာကိုမသွားခင် မင်းဆီဝင်တာ ဆရာတော်ကြီးနဲ့ ဆရာတို့တိုင်ပင်ခဲ့ကြတာတော့ မင်းကျောင်းပြီးရင် ရွာမှာ ပြန်ပြီး ပရဟိတဂေဟာမှာ တာဝန်ယူနိုင်မယ်ပေါ့။ ကျောင်းကလည်း အခုနောက်ဆုံးနှစ်ပြီးတော့မယ်။ သုံးလေးလပဲလိုတော့တယ် မဟုတ်လား။ ဒါကြောင့် လောလောဆယ်တော့ မောင်ညိုမောင်ကို ဂေဟာမှူးတာဝန် ယာယီလုပ်ခိုင်းခဲ့တယ်။

ကဲ‥အခြေအနေကတော့ အဲဒါပါပဲကွာ။ ဒီတော့ ငါ့တပည့်အနေနဲ့ ကျောင်းပြီးသွားရင် ပရဟိတဂေဟာမှူးတာဝန်ယူမှဖြစ်မယ့် အခြေအနေပဲ။ ယူနိုင်မယ် မဟုတ်လား။

**အိုက်ချို။** (ယတိပြတ်ဆုံးဖြတ်လိုက်ဟန်နှင့်) တာဝန်ယူပါ့မယ် မှူးဆရာ။ အရင်တုန်းကတော့ မှူးဆရာရှိနေတာကြောင့် ပြတ်ပြတ်သားသား မစဉ်းစားခဲ့ဘူးလေ။ အခုကတော့‥မှူး

ဆရာ ကျွန်တော့်ကို ပေးတဲ့တာဝန်ယူရမှာပေါ့။ ကျွန်တော် တာဝန်ယူမယ်။

**ကိုရာမြင့်။** ဝမ်းသာလိုက်တာကွာ။ မှူးဆရာမှာ အညာပြန်မလာလို့ကလည်းမဖြစ်၊ ပရဟိတဂေဟာကလည်း ကိုယ်မရှိလို့မဖြစ်။ ဘာလုပ်ရမှန်းမသိဘဲ စိတ်ဒုက္ခရောက်ခဲ့ရတာကွ။ နောက်ဆုံးတော့ မင်းကိုပဲ အားကိုးပြီး အပြတ်ဆုံးဖြတ်ခဲ့တာပဲကွာ။

ပြီးတော့ နော်အဲမွန်အကြောင်း မင်းစာရေးလိုက်လို့ သိရတယ်။ အခုနောက်ဆုံးအခြေအနေကရော ဘာထူးသေးလဲ။

**အိုက်ချို။** ဘာမှမထူးပါဘူး။ အသက်ရှင်လျက်မှ ရှိရဲ့လားမသိပါဘူး မှူးဆရာရယ်။

**ကိုရာမြင့်။** ပက်ပက်စက်စက်တော့ မဖြစ်နိုင်ပါဘူးကွာ။ မင်းရေးလိုက်သလိုပဲ ကေအင်န်ယူတွေက သူတို့ဆေးကုသရေးကိစ္စ နိုင်းထားတယ်ထင်ပါတယ်ကွာ။ ကိုယ်ဖန်တီးလို့ရတဲ့ကိစ္စမဟုတ်တော့ သိပ်ပြီးတော့ စိတ်ထိခိုက်မနေပါနဲ့။ ကံအကြောင်းတရားက ဘယ်လိုဖန်တီးလာမလဲ မသိနိုင်ဘူးလေ။ ကိုယ့်ဘဝကိုယ်လုပ်စရာရှိတာကိုသာ တစိုက်မတ်မတ်လုပ်ပါ။ ခုတော့ သင်တန်းကိုသာ ဂရုစိုက်ပါ။ သင်ခန်းစာတွေထဲမှာသာ နှစ်မြှုပ်ထားပါ။

**အိုက်ချို။** ကျွန်တော့်ဆီကို မှူးဆရာ အဲတီလိုစာနဲ့ ဆုံးမထားတာရှိတယ်လေ။ အဲတီအတိုင်း ကျွန်တော်လိုက်နာနေပါတယ်။ ဩော်··ဒါနဲ့ ဆရာမဒေါ်ညိုဝိုင်းရော မှူးဆရာ ဘယ်လိုစီစဉ်ထားခဲ့လဲဟင်။

**ကိုရာမြင့်။** ဘယ်လိုလုပ်ရမှန်းတောင် မသိပါဘူးကွာ။ ရှေ့ရေးကို စာနဲ့ရေးလိုက်ပါမယ်လို့ပဲ ပြောခဲ့တယ်။



**အိုက်ချို။** ဆရာမက မှူးဆရာအပေါ် တကယ့်မေတ္တာစစ်နဲ့ ချစ်တာနော်။ သူလွမ်းပြီးကျန်ခဲ့မှာ··။

**ကိုရာမြင့်။** ငါကလည်း ချစ်တာပါပဲကွာ။ အေးလေ··လက်ထပ်နိုင်ဖို့ နည်းလမ်းရှာရမှာပေါ့။

**အိုက်ချို။** မှူးဆရာရဲ့ရွာက မန္တလေးကနေသွားရတာလား။ ဘယ်လိုသွားရတာလဲ။ ကျွန်တော့်လည်းပြောထားပါဦး။ လိုအပ်ရင် ဆက်သွယ်လို့ရအောင်။

**ကိုရာမြင့်။** အေး··ပြောထားမှာပါ။ ရန်ကုန်ကနေ မန္တလေးရထားစီးတာကတော့ မင်းကျွမ်းကျင်ပြီးသားပေါ့။

**အိုက်ချို။** ဟုတ်ကဲ့··။

**ကိုရာမြင့်။** မန္တလေးကနေ ငါန်းဇွန်မြို့ကို ကားရှိတယ်။ ကားဂိတ်က သကျသီဟဘုရားနားမှာ။ မြင်းမူမြို့က တစ်ဆင့်သွားရင်လည်း ရတယ်။ ငါန်းဇွန်ရောက်ရင် 'ထန်းစဉ်လှ' ရွာကို ခဏပဲ လျှောက်ရတယ်။

**အိုက်ချို။** ထန်းစဉ်လှရွာကို ဒိုင်ယာယီထဲ ရေးမှတ်ထားရမယ်။

**ကိုရာမြင့်။** မညိုဝိုင်းကိုလည်း ပြောခဲ့ပါတယ်ကွာ။ ကိုင်း··ဒါဆို ဆရာသွားတော့မယ်နော်။ မင်းအတွက် လစဉ်ငွေကို ဦးတင်ဦးက ပို့ပေးလိမ့်မယ်သိလား။

**အိုက်ချို။** ဟုတ်ကဲ့ပါ မှူးဆရာ။

(ကိုရာမြင့်အား အိုက်ချိုက ဓာတ်စင်လက်ဝဲဘက်သို့ လိုက်ပို့စဉ်)

**(ရှေ့ဖုံးကားပိတ်)**

## အခန်း (၃၅)

**နေရာ။** ဖျာပုံ ဘိုးဘွားရိပ်သာရုံးခန်း

**အချိန်။** နေ့လယ်ပိုင်း

**အပြင်အဆင်။** အခန်း (၁၃) အတိုင်းပြင်ဆင်ရမည်။

### (ရှေ့ဖုံးကားဖွင့်)

(ဆက်တိုက်တွင် ဦးအောင်နှင့် အိုက်ချိုတို့ စကားပြောနေကြစေ။ လက်ဖက်ရည်ကြမ်းဝိုင်းရှိရမည်)

**ဦးအောင်။** မင်းတောင် တိုင်းရင်းဆေးသိပ္ပံ ဒီပလိုမာလက်မှတ်ရသွားပြီ။ အင်း‥လေးနှစ်ဆိုတဲ့ကာလဟာ မကြာလိုက်ပါလား။

**အိုက်ချို။** ဟုတ်တယ်‥ဦးလေးအောင်။ ၁၉၉၃-၁၉၉၄ ခုနှစ် စာသင်နှစ်မှာပဲ တိုင်းရင်းဆေးသိပ္ပံ ပထမနှစ်စတက်ခဲ့တာ။ အခု ၁၉၉၆-၁၉၉၇ မှာ ကျောင်းပြီးသွားတာပေါ့။ စာမေးပွဲ ပီးပီးချင်း ကျွန်တော်ပြန်လာတာ။ မူးဆရာမရှိတော့ သူ့နေရာမှာ အမြန်ဝင်လုပ်မှ ဖြစ်မှာမဟုတ်လား။

**ဦးအောင်။** အင်း‥မှန်တာပေါ့။ အားလုံးကလည်း မင်းကိုပဲ ဂေဟာမှူးလုပ်စေချင်တာကွ။ မင်းသာတိုင်းရင်းဆေးဌာနဝင်



လုပ်ရင် ပရဟိတဂေဟာရှေ့ရေးအတွက်တော့ အကျပ်အတည်း ဖြစ်သွားနိုင်တယ်။ မင်းကောင်မလေးနဲ့ရော ညှိနှိုင်းထားရဲ့လား။

**အိုက်ချို။** နော်အဲမွန်ကို ကေအင်န်ယူတွေခေါ်သွားတာ ဦးလေးအောင် မသိဘူးလား။

**ဦးအောင်။** ဟေ‥မသိဘူး။ သူ့အဖေ ဒီကပြောင်းသွားပြီးနောက် တို့လည်း အဆက်အသွယ် မရှိတော့ဘူးလေ။ ဘယ်တုန်းက ခေါ်သွားလဲ‥။

**အိုက်ချို။** မနှစ်ကပါ။ ခုထိ ဘာသတင်းမှ မကြားရဘူး။ သေလား၊ ရှင်လား မသိဘူး ဦးလေးအောင်ရာ။

**ဦးအောင်။** ဩော်‥ဒီလိုဖြစ်သွားတာလား။ စိတ်မကောင်းစရာပဲကွာ‥။

**အိုက်ချို။** ကျွန်တော်လည်း မူးဆရာ အားပေးလမ်းညွှန်တဲ့အတိုင်း အဲတီကိစ္စကို ခဏမေ့ပျောက်ထားပြီး ကိုယ့်ရည်မှန်းချက် ပန်းတိုင်မပျောက်အောင် ကြိုးစားခဲ့ပါတယ်။ ခုတော့ ကျောင်းပြီး သွားလို့ ရည်မှန်းချက်ပြည့်ပါပြီ။ လောလောဆယ် မူးဆရာ နေရာမှာဝင်ပြီး သူ့လောက်မဟုတ်တောင် အကောင်းဆုံးကြိုးစား ဆောင်ရွက်ပါမယ်။ အင်း‥အဲမွန်များပြန်လာခဲ့ရင်တော့ ရှေ့ရေး ကို သူနဲ့တိုင်ပင်ရမှာပေါ့ ဦးလေးအောင်ရာ‥။ကျွန်တော်တို့ နှစ်ယောက်သဘောတူတာကတော့ နှစ်ယောက်လက်တွဲပြီး အများအကျိုး ဆောင်ရွက်နိုင်မယ့်အလုပ်လုပ်ကြဖို့ပါ။

**ဦးအောင်။** အေး‥ကွာ ဒီလိုပဲ လုပ်ရတော့မှာပေါ့။ အခု မင်း တွေ့မယ့်တိုင်းရင်းဆေးဆရာမလေး ဒေါ်အေးအေးချိုက မင်း သူငယ်ချင်းဟုတ်လား။

**အိုက်ချို။** ဟုတ်တယ်··ဦးလေးအောင်။ တိုင်းရင်းဆေးသိပ္ပံမှာ သူ ကျွန်တော်ထက် တစ်နှစ် စီနီယာကျတယ် မနှစ်က သင်တန်း ဆင်းတဲ့သူပေါ့။ သူက တိုင်းရင်းဆေးပညာဦးစီးဌာနမှာ အလုပ် ဝင်တယ်။ အခု ဖျာပုံလက်ထောက်ဆေးခန်းမှူးအဖြစ် ရောက်နေ တာကြားလို့ လာတွေ့တာလေ။ ကျောင်းမှာတုန်းက လက်တွေ့ ဆင်းရင်း ခင်ခဲ့ကြတာ။

**ဦးအောင်။** သူတို့ ဘိုးဘွားတွေအဆောင်သွားနေတယ်။ ပြီးတော့ မှာပါ။

(ထိုစဉ်ပင် ဦးဝင်းတင်နှင့် ဒေါ်အေးအေးချိုတို့ ဇာတ်စင်လက် ယာဘက်မှ ထွက်လာစေ။ အိုက်ချိုကို မြင်လိုက်ရ၍ အံ့သြ နေကြစေ။)

**ဦးဝင်းတင်။** ဟာ··အိုက်ချိုပါလား··။

**ဒေါ်အေးအေးချို။** ဟဲ့··နင် ဖိုးချိုဟုတ်ပါတယ်နော်··။ ဘယ်လို·· ဘယ်လိုရောက်လာတာလဲ··။

**အိုက်ချို။** (မတ်တတ်ထ၍) ဟုတ်ပါတယ်ခင်ဗျာ··အိုက်ချိုပါ။

(အားလုံး ဆက်တီတွင် ဝင်ထိုင်ကြစေ)

**အိုက်ချို။** လက်ထောက်ဆေးခန်းမှူး ဒေါ်အေးအေးချို နာမည်တွေ့ တော့ မချိုမှန်းသိတယ်လေ။ တာနဲ့ ချက်ချင်း လာနှုတ်ဆက်တာ။

**ဒေါ်အေးအေးချို။** (ဝမ်းသာအားရနှင့်) ဝမ်းသာလိုက်တာ ဖိုးချိုရာ··။ နင်နေတဲ့ကန်ဦးရွာနဲ့နီးလို့လား။ ဘယ်လိုရောက်လာတာလဲ။



**အိုက်ချို။** ကျွန်တော်က ကန်ဦးပရဟိတကျောင်းသားလေ။ ဟောတီ ဘိုးဘွားရိပ်သာကလည်း ပရဟိတဆရာတော်ကြီးက တည်ထောင်ထားတာ။ ကျွန်တော် တီဘိုးဘွားရိပ်သာမှာ အလုပ်လုပ်ပြီး ၁၀ တန်းအောင်ခဲ့တာ။

**ဒေါ်အေးအေးချို။** သြော်··တိုင်းရင်းဆေးသိပ္ပံမှာ ထူးချွန်ကျော်ကြားတဲ့ ရှမ်းလေး အိုက်ချိုဆိုတာ ဒီကကိုး။

**အိုက်ချို။** မချိုကနောက်နေပြန်ပြီ။

**ဒေါ်အေးအေးချို။** ဒီက လူကြီးမင်းတွေကို ပြောရဦးမယ်။ ဖိုးချိုက ဆရာတွေကိုယ်တိုင် ချီးကျူးခံရတဲ့ သင်တန်းသားလေးရှင့်။

**ဦးဝင်းတင်။** ၁၀ တန်းမှာ ဂုဏ်ထူးသုံးဘာသာနဲ့ အောင်တာလေ ဆရာမလေးရဲ့။ အဲဒါ ဆေးတက္ကသိုလ်ထားပေးမယ့်သူရှိလျက် ငြင်းပြီး တိုင်းရင်းဆေးသိပ္ပံတက်သွားတာ။ အင်း··သူကတော့ ကျွန်တော်တို့အတွက် အမြဲတမ်း ဂုဏ်ယူစရာဖြစ်နေတာကိုး။

**ဒေါ်အေးအေးချို။** ဖိုးချိုရာ ဒီလောက်ထူးချွန်နေတာ ကျောင်းမှာ နည်းပြ မလုပ်ဘူးလားဟင်။ ဦးစီးဌာနကို လျှောက်ရင်လည်း သေချာပေါက်အလုပ်ရမှာ။ အခု ဘာလုပ်နေလဲ။

**အိုက်ချို။** ပရဟိတဂေဟာမှူး··

**ဒေါ်အေးအေးချို။** ဟာ··ဖိုးချိုရာ နင့်ပညာတွေ နမြောလိုက်တာ။

**အိုက်ချို။** မချို အယူအဆမှားသွားပြီ။ တကယ်တော့ ကျေးလက် ပြည်သူတွေရဲ့ ကျန်းမာရေးကို ကျွန်တော်တို့ တိုင်းရင်းဆေး ပညာစနစ်တကျ တတ်မြောက်ထားတဲ့သူတွေက တာဝန်ယူ စောင့်ရှောက်ဖို့ လိုနေတယ် မချိုရဲ့။

**ဒေါ်အေးအေးချို။** (ပြုံးရယ်လျက်) ဟုတ်ပါသတဲ့ရှင်…ကျွန်မရဲ့ စကားကို ရုပ်သိမ်းပါတယ်။

(အားလုံးရယ်မောနေစဉ်ပင် ပရဟိတဂေဟာ အကျိုးဆောင် အဖွဲ့ဝင် ဦးမောင်ကြည် ဇာတ်စင်လက်ဝဲဘက်မှ ဝင်လာစေ။)

**ဦးမောင်ကြည်။** ကျွန်တော်ဆရာတော်ကြီးဆီ ဝင်ကန်တော့တော့ အိုက်ချိုဒီလာတာသိရလို့ လာတွေ့တာပါဗျာ။ (ပြုံးတုံ့တုံ့မျက်နှာဖြင့်) အဲ..ထူးချွန်တဲ့ အိုက်ချိုလေးက အတွဲလေးနဲ့ပါလား။

(အားလုံး ရယ်ရမလို မဲ့ရမလိုဖြစ်သွားကြစေ။ ဒေါ်အေးအေးချို ရှက်ဟန်နှင့် ခေါင်းငုံ့သွားစေ။)

**အိုက်ချို။** (အားနာသွားဟန်နှင့်) အို… မဟုတ်ဘူး ဦးလေးကြည်။ တာက တိုင်းရင်းဆေးဆရာမပါ။ ကျွန်တော့် သူငယ်ချင်း။

**ဦးမောင်ကြည်။** အို..ဆောရီး..ဆောရီးဆရာမ.. ခွင့်လွှတ်နော် ဆရာမ။ ကျွန်တော်က အရှုတ်အနောက်မပါရင် စကားမပြော တတ်လို့ပါ။ (ဝင်ထိုင်စေ။)

(အားလုံးရယ်မောကြစေ။ အားလုံးနေသာထိုင်သာ ရှိသွားကြစေ။)

**ဒေါ်အေးအေးချို။** (ခပ်ပြုံးပြုံးနှင့်) ကိစ္စမရှိပါဘူးရှင်။ ကျောင်းမှာတုန်း ကလည်း သူငယ်ချင်းတွေက သူ့ကိုဖိုးချို၊ ကျွန်မကို မိချိုလို့ ခေါ်ပြီး အမြဲနောက်နေကျပါ။ အဲဒါကို သူက ရှက်သေးတာ ဦးရဲ့။

**ဦးမောင်ကြည်။** ဟော..ဟော ပေါ်ပြီ..ပေါ်ပြီ..အားလုံးတွေ့တယ် မဟုတ်လား။ မောင်ကြည်တို့တွေးကြည့်လိုက်ရင် ပြေးကြည့်



တာထက်မှန်တယ်ဆိုတာ။

(အားလုံးရယ်မောကြစေ။)

**ဦးမောင်ကြည်။** (ဆက်ပြော) အဲ..ထပ်ပြောရဦးမယ် အိုက်ချိုရေ.. မင်းရဲ့ မူးဆရာလိုတော့ ရင်ခွင်ထဲက ချစ်သူကိုဖယ်ထားပြီး ရင်သွေးလေးတွေကိုချည်း ပြုစုမနေနဲ့ဦးနော်။

(အားလုံးရယ်မောမဆုံး ဖြစ်နေကြစေ။)

**ဒေါ်အေးအေးချို။** ဦးက ရယ်စရာသိပ်ပြောတတ်တယ်နော်..။

**ဦးဝင်းတင်။** မိုးဒီရဲ့ညီ ဖိုးကြည်ဆိုတာ သူပေါ့ ဆရာမရဲ့..။

(ရယ်ကြစေ။)

**ဦးမောင်ကြည်။** အိုက်ချိုရေ..မင်းရဲ့မူးဆရာ ကိုရာမြင့်ကြီးကတော့ တို့နယ်ကို သံယောဇဉ်ဖြတ်သွားပြီနဲ့တူတယ်ကွ။ သူ့နေရာ မင်းဝင်လိုက်ပြီဆိုတော့ သူပြန်လာမယ့် အခြေအနေ မရှိတော့ ဘူးပေါ့နော်..။

**အိုက်ချို။** ဟာ..သံယောဇဉ်မဖြတ်ပါဘူး..ဦးလေးကြည်ရဲ့။ သူ ချစ်တဲ့ ဆရာမလေးက ရွာမှာရှိနေတယ်လေ။ နောက်ပြီးတော့ ကျွန်တော်ကျောင်းပြီးလို့ မန္တလေးက ပြန်လာတုန်းက သူညီမ လေး မကြာတင့်ကို ကျွန်တော်နဲ့ ထည့်ပေးလိုက်တယ်။ ကန်ဦး မှာ စက်ချုပ်သင်ဖို့လေ။ အခု ဦးတင်ဦး အိမ်မှာနေပြီး စက်ချုပ် သင်တန်းတက်နေတယ် ဦးလေးကြည်..။

**ဦးမောင်ကြည်။** ဟုတ်လား..ဒါဆို အဆက်မပြတ်သေးဘူးပေါ့ ကွာ။ သူက ရောက်တဲ့နေရာမှာ အများအကျိုးဆောင်လုပ်တဲ့ လူဆိုတော့ အညာက ရွာသူရွာသားတွေနဲ့ အလုပ်ရှုပ်နေပြီး

တို့တစ်တွေကို မေ့များသွားမလားလို့။

**အိုက်ချို။** ကဲ..မချိုရေ..ကျွန်တော်လာတုန်းကတော့ မချိုနဲ့ တီက ပုဂ္ဂိုလ်တွေနဲ့ မိတ်ဆက်ပေးမလို့ပါ။ အခုတော့ ရင်းနှီးသွားပြီမို့လို့ အထူးမိတ်ဆက်ပေးဖို့ မလိုတော့ပါဘူးနော်။ မချိုအနေနဲ့သာ ဘိုးဘွားရိပ်သာကို မကြာခဏလာပြီး ဘိုးဘွားတွေရဲ့ ကျန်းမာရေးကို တာဝန်ယူပေးဖို့ ပြောချင်ပါတယ်။

**ဒေါ်အေးအေးချို။** စိတ်ချပါရှင်… စိတ်ချပါ…။

**အိုက်ချို။** ကျွန်တော့်ရွာကိုလည်း တစ်ခေါက်လောက်တော့ ခေါ်ရဦးမယ်။

**ဦးမောင်ကြည်။** တစ်ခေါက်တည်းခေါ်မှာလား၊ ခဏခဏခေါ်မှပေါ့ အိုက်ချိုရ။

(ရယ်ကြစေ။)

**ဒေါ်အေးအေးချို။** ကဲ..ကျွန်မပြန်ဦးမှပဲ။

**အိုက်ချို။** ကျွန်တော်လည်း ရေဆိပ်ဆင်းရင်း တိုင်းရင်းဆေးခန်းအထိ လိုက်ပို့မယ်လေ မချို..။

(အိုက်ချိုနှင့် ဒေါ်အေးအေးချိုတို့ ထိုင်ရာမှထစေ။)

**(ရှေ့ဖုံးကားပိတ်)**

## အခန်း (၃၆)

**ကာလ။** ၁၉၉၇ ခုနှစ်

**နေရာ။** ထန်းစဉ်လှရွာအနီး ဝါခင်းအတွင်း

**အချိန်။** နေ့လယ်ပိုင်း

**အပြင်အဆင်။** ထန်းပင်တန်းများကို နောက်ခံပြု၍ ဝါခင်းကို ပေါ်လွင်အောင်ရေးဆွဲထားသော နောက်ခံကားရှိရမည်။

**(ရှေ့ဖုံးကားဖွင့်)**

(စိုက်ပျိုးရေးမြို့နယ်မန်နေဂျာ ဦးစောနေနှင့်အတူ ကိုရာမြင့်နှင့် ကျေးရွာဥက္ကဋ္ဌတို့ ဇာတ်စင်လက်ယာဘက်မှ ထွက်လာစေ။)

**ဦးစောနေ။** အညာသူ အညာသား တောင်သူတွေကတော့ဗျာ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းနဲ့ဆိုတော့ စိုက်ပျိုးရေးကိစ္စတွေ ဆွေးနွေးလို့သိပ်ကောင်းတာပဲ။ သူတို့လုပ်နိုင်တာကို သူတို့တာဝန်ယူ ဌာနအဖွဲ့အစည်းက ပံ့ပိုးပေးနိုင်တာ ပံ့ပိုးပေး အပေးအယူမျှမျှတတနဲ့ပေါင်းစပ်ပေးလို့ အဆင်ပြေလိုက်တာဗျာ။ အခု အစည်းအဝေးက မြန်မြန်နဲ့လည်းပြီးတယ်။ စီမံကိန်းအတိုင်း အောင်မြင်မှာလည်း သေချာတယ်ဗျ… ဥက္ကဋ္ဌကြီးရ။

**ကျေးရွာဥက္ကဋ္ဌ။** ဟုတ်ပါတယ်၊ ကျွန်တော်တို့ တောင်သူတွေက နိုင်ငံတော်ရဲ့ အစီအမံနဲ့ စိုက်ပျိုးလုပ်ကိုင်ခဲ့တာ အသားကျနေပြီလေ။ စိုက်ပျိုးရေးဆိုတာက ကိုယ်လည်းအကျိုးရှိ၊ စားသုံးသူလည်း အကျိုးရှိ၊ နိုင်ငံတော်လည်း အကျိုးရှိတဲ့ အလုပ်ပါ။

**ဦးစောနေ။** ခုနက အစည်းအဝေးမှာ ရှေ့နှစ် ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ဖို့ကိစ္စပြောတာ ဖြစ်နိုင်တဲ့တောင်သူတွေက မငြင်းပါဘူး။ နှစ်ဦး၊ သုံးဦးလောက်ပဲငြင်းတာ။

**ကိုရာမြင့်။** အဲဒီလူတွေက တာကယ့်ကို မတိုးချဲ့နိုင်လို့ပါ။ နောက်ဘက်သို့ (လက်ညှိုးထိုးပြီး) ဟောဒီယာတွေကျတော့ ကောင်းကောင်းတိုးချဲ့လို့ရတယ်လေ‥။ ကြည့်ပါလား‥ဝါတွေ အရမ်းကောင်းတာ။

**ကျေးရွာဥက္ကဋ္ဌ။** ချည်မျှင်ရှည်ဝါစိုက်တဲ့ အကျိုးအမြတ်လည်း တောင်သူက ကောင်းကောင်းသိနေပါတယ်။

**ဦးစောနေ။** ကျွန်တော်တို့ ငါန်းဇွန်းမြို့နယ်တစ်ခုလုံးမှာ ဝါကြီး၊ ဝါလေး၊ မလှိုင်ငါးခြောက်ဝါအပါအဝင် ဝါအားလုံးစိုက်ကေနှစ်သောင်းကျော်ကျော်မှာ ချည်မျှင်ရှည်ဝါက တစ်ထောင်ကျော်ကျော်လောက်ပဲရှိတာပါ။ ဒီကျေးရွာအုပ်စုဆိုရင် ဟိုတုန်းက လေးငါးဧကလောက်ပဲပါတာလေ။ အခု ဆယ်ဧကလောက်ထိ တက်လာတော့ တောင်သူတွေက ချည်မျှင်ရှည်ဝါရဲ့ အကျိုးအမြတ်ကို သိလို့ပေါ့။

**ကိုရာမြင့်။** ကျွန်တော်တို့ရွာက တောင်သူတွေ ကိုယ်နှိုက်ကလည်း နိုင်ငံတော်ရဲ့ အစီအမံကိုငြင်းတတ်တဲ့ အကျင့်မရှိကြပါ



ဘူး။ နောက်ပြီးတော့ မြို့ကျာကြီးရာ ဝါနဲ့ပတ်သက်လို့ အညာဒေသကို အားကိုးအားထားနဲ့ ဝါကြိတ်စက်တွေ ချည်မျှင်နဲ့ အထည်စက်ရုံတွေ တည်ဆောက်ထားတာလေ‥။ မြို့သာက ဝါကြိတ်စက်၊ ရွာသစ်ကြီးက ချည်မျှင်နဲ့ အထည်စက် ဒါတွေ အားလုံးမျက်မြင်ပဲ။ ဒါကြောင့် တာဝန်ရှိသူတွေကပြောရင် တောင်သူတွေက သဘောပေါက်လွယ်ပါတယ်။

**ဦးစောနေ။** နောက်တစ်ချက်တလည်း အညာကတောင်သူတွေက မြေကြီးကိုချစ်တဲ့နေရာမှာ အောက်ပြည်အောက်ရွာက လယ်သမားတွေထက် ပိုတယ်လို့ ထင်တယ်ဗျ။ စိုက်ပျိုးရေး လုပ်ချင်ကိုင်ချင်စိတ်ပိုများတယ်။

**ကျေးရွာဥက္ကဋ္ဌ။** ဟုတ်ကဲ့ …ဖြစ်နိုင်ပါတယ်။

**ကိုရာမြင့်။** မြို့ကျာကြီးက‥အောက်ပြည်အောက်ရွာမှာ တာဝန်ထမ်းဆောင်ဖူးလို့လားခင်ဗျ။

**ဦးစောနေ။** ဟာ‥ကျွန်တော်က ဧရာဝတီတိုင်းမှာ အကြာကြီး လုပ်ဖူးတယ်။ ဖျာပုံမှာ‥။

**ကိုရာမြင့်။** (အံ့ဩသွားဟန်နှင့်) ဩော်‥ဖျာပုံမှာလုပ်ဖူးတာကိုး ‥။

**ဦးစောနေ။** ဖျာပုံကို ရောက်ဖူးလို့လားခင်ဗျ။

**ကျေးရွာဥက္ကဋ္ဌ။** ကိုရာမြင့်က ဒီရွာဇာတိပေမယ့် ဖျာပုံဘက်မှာ သွားပြီး အလုပ်လုပ်တာ အကြာကြီးပဲ။ အခု သူ့အမေဆုံးပြီးမှ ဒီကိုရောက်လာတာပါ။

**ဦးစောနေ။** ဟုတ်လား …ဖျာပုံဘယ်နားမှာ နေခဲ့တာလဲ‥။

**ကိုရာမြင့်။** ဖျာပုံနယ်ထဲက ကန်ဦးဆိုတဲ့ရွာမှာ ပရဟိတဂေဟာ ရှိပါတယ်။ အဲဒီမှာ ဂေဟာမှူးတာဝန် ထမ်းဆောင်တာပါ။ ပရဟိတကျောင်းကိုတည်ထောင်တဲ့ ဆရာတော်ကြီးက ကျွန်တော်ရဲ့ဦးရီးတော်မို့လို့ ဆရာတော်ရဲ့ ပရဟိတလုပ်ငန်းကို သွားပြီးကူညီဖြည့်ဆည်းပေးတဲ့ သဘောပါခင်ဗျ..။

**ဦးစောနေ။** အင်း..ဟုတ်မှာ..ဟုတ်မှာ၊ ခင်ဗျားက ရပ်ရေးရွာရေးကို အတော်စိတ်ဝင်တစားရှိလို့ ဘယ်လိုပုဂ္ဂိုလ်ပါလိမ့်လို့ တွေးနေတာ..၊ သြော်..ပရဟိတအလုပ်လုပ်ခဲ့တဲ့လူကိုး။

**ကျေးရွာဥက္ကဋ္ဌ။** ကိုရာမြင့်က ရ.ယ.က ထဲမှာပါတာ မဟုတ်ပေမယ့် ရပ်ရွာကိစ္စဆိုရင် ရှေ့ကပဲ။ ဒါကြောင့် သူဒီကိုပြန်ရောက်တာမှ တစ်နှစ်လောက်ပဲရှိဦးမယ်..၊ ရွာက သူ့ကို ချစ်ခင်ကြ၊ အားကိုးကြတယ်။ နောက်ဆိုရင် ဥက္ကဋ္ဌတာဝန် သူ့ပေးလိုက်ရမှာ။

**ကိုရာမြင့်။** ဟာ..မလုပ်ပါနဲ့ ဥက္ကဋ္ဌကြီးရာ ..ဥက္ကဋ္ဌတို့ လုပ်နေကျအတိုင်း လုပ်ကြပါ။ ကျွန်တော်က လိုတဲ့နေရာဝင်ဖြည့်ဖို့ပါပဲ။ ကျွန်တော့်မှာက မကျန်းမာတဲ့ မိခင်အိုကြီးရှိနေတော့ ရပ်ရေးရွာရေးမှာ စိတ်ရှိသလောက် မလုပ်နိုင်သေးပါဘူး။

**ဦးစောနေ။** ကိုရာမြင့်က အိမ်ထောင်မကျသေးဘဲကိုး..။

**ကိုရာမြင့်။** ဟုတ်ကဲ့..မိဘလက်ငုတ် ယာလုပ်ရင်း မိခင်အိုကြီးနဲ့ ညီမလေးကို စောင့်ရှောက်နေတာပါခင်ဗျ။

**ဦးစောနေ။** အေးဗျာ..ဖျာပုံသံယောဇဉ်နဲ့ ကိုရာမြင့်ကို ခင်မိပါတယ်။ မြို့ပေါ်ရောက်ရင်လည်း ကျွန်တော့်ဆီကို ဝင်ခဲ့ပါ။



သြော်.. သြော်..အိမ်တော့မရှိဘူးဗျ..ရုံးမှာနေတာ..ရုံးကိုဝင်ခဲ့ပါဗျာ..။

**ကျေးရွာဥက္ကဋ္ဌ။** မြို့ဂျာကြီးက မိသားစုမရှိဘူးလား..။

**ဦးစောနေ။** မိန်းမသေတာကြာပြီ..တစ်ဦးတည်းသော သမီးလေးကလည်း သားဖွားသင်တန်းဆင်းလို့မှ မကြာသေးဘူး၊ ကျွန်တော်ဘားအံမှာ တာဝန်ထမ်းဆောင်နေတုန်း ကေအင်(န်) ယူဆွဲသွားတယ်ဗျာ..။

**ကျေးရွာဥက္ကဋ္ဌ+ကိုရာမြင့်။** အို..ဖြစ်မှဖြစ်ရလေ..။

**ကိုရာမြင့်။** ဒါနဲ့ဦးစောနေက ကရင်မဟုတ်လားခင်ဗျ။

**ဦးစောနေ။** ဟုတ်တယ်ခင်ဗျာ..။ ကရင်အချင်းချင်းမို့ လုပ်တဲ့သဘောပေါ့ဗျာ..။ ကရင်ပြည်နယ်ရရှိရေး သူတို့တိုက်ပွဲဝင်နေတာ အောင်မြင်ဖို့အတွက် ကရင်တိုင်းရင်းသားအားလုံးက ပါဝင်ရမယ်ဆိုတဲ့ အိုင်ဒီယာပေါ့ဗျာ..။ သမီးက သူနာပြုသင်တန်းဆင်းဆိုတော့..သူတို့ကေအင်(န်)ယူတွေကပြုစုကုသပေးဖို့ခေါ်သွားတာဖြစ်မှာပေါ့ဗျာ။ ကျွန်တော်လည်း ခေါ်သွားခါစတုန်းကတော့ သြော် .. ကရင်အချင်းချင်းပဲလေ ပြန်လွှတ်ပေးမှာပါလို့ ထင်ခဲ့တာ။ ဘယ် .. အခုတစ်နှစ်ကျော်သွားပြီ၊ သမီးလေး ... နော်အဲမွန် သေများသေသွားပြီလား မသိဘူးဗျာ ... (ပြောရင်း ဝမ်းနည်းသံဖြစ်လာစေ။ ပြီးမှ နာကြည်းစွာပြော) တောက်... လူမျိုးရေးဇန်းပြပြီး သူတို့ကောင်းစားရေး လုပ်နေတဲ့လူတွေပါဗျာ ... ကြားထဲက ကျွန်တော်တို့လိုလူတွေက ခံကြရတယ်။ ကရင်ကလေးတွေလည်း သေနတ်ကိုင်နိုင်တဲ့

အရွယ်ဆို တောထဲခေါ်သွား၊ ရှေ့တန်းမှာ တိုက်ခိုင်း။

**ကိုရာမြင့်။** စိတ်မကောင်းစရာပဲနော်။

**ဦးစောနေ။** ဘာမှလည်းဆက်လုပ်လို့မရဘူးဗျ။ ကံအကြောင်းတရားလို့ပဲ မှတ်ရတော့တာပဲ။

(ကိုရာမြင့်၊ ဦးစောနေမျက်နှာကိုသေချာစွာစိုက်ကြည့်ပြီး စိတ်ထဲမှာ တစ်စုံတစ်ရာကို မိမိဘာသာပြောနေသည့်ဟန်နှင့် ခေါင်းတညိတ်ညိတ်ဖြစ်နေစေ။ စိတ်ထဲမှာပြောနေသည့်စကားကို နောက်ခံအသံဖြင့် ထွက်ပေါ်လာစေ။)

**ကိုရာမြင့် (အသံ)။** ဩော် .. ဦးစောနေဟာ နော်အဲမွန်ရဲ့ အဖေကိုး ..။

**ကိုရာမြင့်။** မြို့ကျာကြီး ဒီမြို့နယ်မှာရှိနေတုန်း လိုအပ်တဲ့အကူအညီရှိရင် ပြောပါနော် ..။ လိုအပ်ရင် အချိန်မရွေးခေါ်လိုက်ပါ ..။

**ကျေးရွာဥက္ကဋ္ဌ။** ကိုရာမြင့်ပြောသလိုပါပဲ ..။ လိုတာပြောပါနော် .. ။

**ဦး... နေ။** အေးဗျာ .. ခင်ဗျားတို့စေတနာကို ကျေးဇူးတင်ပါတယ်ဗျာ ..။ ကျွန်တော်လည်း ခင်ဗျားတို့နဲ့ တရင်းတနှီးဖြစ်သွားတော့ ကျွန်တော့်ကိုယ်ရေးကိုယ်တာတွေ ပြောမိပြီဗျာ ..။

**ကိုရာမြင့်။** ကျွန်တော်တို့ကလည်း တကယ့်အရင်းအချာလို ခင်မင်လို့ မေးမိတာပါနော် ..။ စိတ်ဆင်းရဲစရာတွေကိုအစဖော်ပေးသလိုဖြစ်သွားလား မြို့ကျာကြီးရာ ..။



**ဦးစောနေ။** မဖြစ်ပါဘူးဗျ။ ခင်ဗျားတို့လည်း စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ .. ကံတရားပေါ့။ ကဲ .. ဝါခင်းအခြေအနေကြည့်ပြီးပြီဆိုတော့ ရွာထဲပြန်ဝင်ကြစို့လေ ..။

**ကျေးရွာဥက္ကဋ္ဌ။** ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. မြို့ကျာကြီး ကျွန်တော့်အိမ်မှာ ထမင်းစားပြီးမှ ပြန်ရမှာနော်။

**ဦးစောနေ။** ဟာ .. စားမှာပေါ့ဗျ။ ကျွန်တော့်မှာ ထမင်းချက်တဲ့လူမှ မရှိဘဲ ..။ (အားလုံးရယ်မောလျက် ဇာတ်စင်လက်ယာဘက်သို့ ပြန်ဝင်စေ။)

(ရှေ့ဖုံးကားဝိတ်)

## အခန်း (၃၇)

**ကာလ။** ထန်းစဉ်လှရွာအနီး ကိုရာမြင့်နေအိမ်

**နေရာ။** ညနေခင်း

**အပြင်အဆင်။** အညာအိမ် (ခြေတံရှည်အိမ်၊ အောက်ဘက်မြေကြီးပေါ်တွင် နေ့လယ်နေ့ခင်းနေထိုင်သည့် ပုံစံ) ရှေ့မြင်ရေးချက် နောက်ခံကားရှိရမည်။

ရှေ့နားတွင် စားပွဲကြီးတစ်လုံးနှင့် ရသေ့လျောင်းတန်းလျားခုံရှည်တစ်ခု၊ ကုလားထိုင်နှစ်လုံးရှိရမည်။

**(ရှေ့ဖုံးကားဖွင့်)**

(ကိုရာမြင့်၏မိခင်အိုကြီးသည် ရသေ့လျောင်းပေါ်တွင် လဲလျောင်းရင်း ချောင်းဆိုးလျက်ရှိနေစေ။ ကိုရာမြင့် စာတစ်စောင်ကိုင်လျက် ခြံတံခါးမဆီတွင်...)

**ကိုရာမြင့်။** အစ်မကလည်း ... ဘာဖြစ်လို့အောက်ကိုရောက်နေတာလဲ ... အိမ်ပေါ်မှာနေလေ။ ညနေဆေးရော သောက်ပြီးပြီလား ...။



**မိခင်အို။** ဆေးသောက်ပြီးပါပြီကွယ့်။ လေကောင်းလေသန့်လေးရှူရင်းနဲ့ စိတ်ပြေလက်ပျောက် အောက်ဆင်းတာပါသားရဲ့။ ဒါနဲ့ မင်းလက်ထဲကစာလား ...။ သမီးလေးဆီကလား ... သူ့ကို ဘယ်တော့ရွာပြန်ခေါ်မှာလဲကွယ့်။

**ကိုရာမြင့်။** ကန်ဦးကစာပဲ အစ်မ ...၊ နေ့ခင်းကပါလာတာ ...။ (ကုလားထိုင်တစ်လုံးတွင်ဝင်ထိုင်ပြီး စာအိတ်ကိုဖောက်စေ။ စာကိုဆွဲထုတ်စေ။)

**မိခင်အို။** ဖတ်စမ်းပါ ... ကျယ်ကျယ်လေး ...။

**ကိုရာမြင့်။** (စာရွက်ခေါက်ကိုဖြည်) ဪ ... ကိုတင်ဦးရေးလိုက်တာပဲ ...။ (စာကို ခပ်ကျယ်ကျယ်ဖတ်စေ)

ကိုရာမြင့် ...

မကြာတင့် ကျွန်တော်တို့အိမ်မှာ ကျန်းကျန်းမာမာရှိပါတယ်။ လေးငါးလလောက်ရှိပြီဆိုတော့ .. စက်ချုပ်အတော်ကျွမ်းကျင်နေပြီ။ သူ့အတွက် အပ်ချုပ်စက်ဝယ်ဖို့သာစီစဉ်ထားပါတော့ ...။

ဂေဟာကိစ္စ အဆင်ပြေနေပါတယ်။ အိုက်ချိုကခင်ဗျားရဲ့ ကိုယ်ပွားလေးပါပဲ ..။ လုပ်တာကိုင်တာရော အတွေးအခေါ်ရော၊ စိတ်ဓာတ်ရော၊ ခင်ဗျားအတိုင်းပါပဲဗျာ။ ဂေဟာကိစ္စ ခင်ဗျားလည်း စိတ်အေးပေတော့ဗျို့။ ကျွန်တော်တို့ကော်မတီတွေလည်း စိတ်မပူရတော့ပါဘူး။ မောင်ညိုမောင်ကလည်း ကိုယ်တိုင်ကူညီနေပါတယ် ...။

ခင်ဗျားနဲ့ အရေးတကြီးတိုင်ပင်ချင်တာ တစ်ခုရှိတယ်ဗျ။ ကျွန်တော်နဲ့ ခင်ဗျားနဲ့က ညီအစ်ကိုအရင်းလိုနေခဲ့ကြတာနော် …။ ခုလည်း ဒီအတိုင်းပဲလေ။ ဒါကြောင့် ပွင့်ပွင့်လင်းလင်း တိုင်ပင်မယ်ဗျာ။

အိုက်ချိုဟာ အဘက်ဘက်က စိတ်ချရတဲ့လူငယ်လေး။ ဂေဟာကိစ္စကို မျက်နှာလွှဲလို့ရတဲ့ အနေအထားဖြစ်ပေမယ့် သူ့ကြည့်ရတာ မရွှင်လန်းဘူးဗျ။ အားတဲ့အချိန်တွေမှာ လွမ်းဆွေးနေတာများတယ်။ ဒါကြောင့် ကျွန်တော့်ကိုပြောပြခဲ့တဲ့ … နော်အဲမွန်အတွက်ပဲဖြစ်မယ်လို့ ကျွန်တော်ထင်တယ်။ တကယ်တော့ နော်အဲမွန်မရှိတော့တာ တစ်နှစ်ကျော်လောက်တောင်ရှိပြီ မဟုတ်လား … ဒီတော့ သူ့ရဲ့သောကကိုလည်း ကုစားရာရောက်အောင် ပရဟိတဂေဟာရဲ့ရှေ့ရေးလည်း အဆင်ပြေသွားအောင် ကျွန်တော်အစီအစဉ်တစ်ခု လုပ်ချင်ပါတယ်။ အဲဒါကတော့ ကျွန်တော်ပွင့်ပွင့်လင်းလင်းပဲပြောပါရစေ။ အိုက်ချိုကို မကြာတင့်နဲ့ ပေးစားချင်တယ်။

မကြာတင့်အနေနဲ့လည်း ဒီမှာပျော်နေတာတွေ့ရပါတယ်။ အိုက်ချိုကို သူလည်းငြင်းမှာမဟုတ်ပါဘူး။ သူတို့နှစ်ယောက်ကို နေရာချပေးလိုက်ရင် အိုက်ချိုဟာ ပရဟိတဂေဟာမှာ ထာဝစဉ်မြဲသွားမှာပဲ။ ခင်ဗျားရဲ့ မိခင်ကြီးကလည်း ကန့်ကွက်မယ် မထင်ပါဘူး။ မကြာတင့်ကတော့ ခင်ဗျား စကားနားထောင်မယ့် မိန်းကလေးပါ။ ခင်ဗျားရော မိခင်ကြီးပါ ကန်ဦးကို ပြောင်းရွှေ့လာမယ်ဆိုရင်တောင် ကျွန်တော်တို့ရွာက ကြိုဆိုနေမယ်ဆိုတာ ခင်ဗျားသိပြီးသားပါ။ (ဒါကစကားချပ်ပါ)



ကဲ … ဒီတော့ ကျွန်တော် အခုရေးလိုက်တဲ့ အစီအစဉ်ကို သဘောတူ မတူ စာအမြန်ပြန်စေချင်ပါတယ်။

ဆရာမလေး ညိုဝိုင်းလည်းနေကောင်းပါတယ်။ ဒါပေမဲ့ အရင်တုန်းကလို ရွှင်ရွှင်လန်းလန်းမရှိသလိုပဲ။

သစ္စာရှိတဲ့သူငယ်ချင်း

တင်ဦး

ကန်ဦးရွာ

(စာဖတ်ပြီးလျှင် ကိုရာမြင့် စာရွက်ကိုကိုင်လျက် ငေး၍တွေးနေစေ။ သားအမိနှစ်ယောက် တိတ်ဆိတ်နေစေ။ အတန်ကြာမှ…)

**ကိုရာမြင့်။** ကဲ … အစ်မကြားတဲ့အတိုင်းပဲ။ ကိုတင်ဦးပြောတာ အလေးအနက်စဉ်းစားရမယ်။ သေသေချာချာ တွေးကြည့်ရင်တော့ သူအကြံပေးတာ သဘာဝကျတယ်။ အစ်မရော …။

**မိခင်အို။** အင်း … ငါလည်း ကြာတင့်ကို သင့်တင့်တဲ့သူတွေ့ရင် ပေးစားချင်တာကြာပါပြီ။ သူ့အသက်လည်း မငယ်တော့ဘူး ၂၂ နှစ်ရှိပြီ။ ငါမသေခင် သူအခြေတကျဖြစ်သွားတာကို မြင်သွားချင်ပါတယ်။ ငါ့သားကြီးကိုတော့ မပူပါဘူး။

**ကိုရာမြင့်။** အိုက်ချိုကတော့ ကျွန်တော့်လက်ထွက် စိတ်အချရဆုံးကလေးပါပဲ။ ကြာတင့်နဲ့ နေရာချပေးလိုက်ရင် သူ့အတွက်လည်းကောင်း၊ ကြာတင့်အတွက်လည်း စိတ်ချသွားရတာပေါ့။

ကဲ .. ဒါဆို ကျွန်တော် ကိုတင်ဦးဆီ စာပြန်ရေးလိုက်မယ် နော် .. အစ်မ။ အသေးစိတ်အစီအစဉ်တွေကတော့ တဖြည်းဖြည်းညှိနှိုင်းလို့ရပါတယ်။

**မီခင်အို။** အေး ... အေး ...

(ကိုရာမြင့် စာကိုကိုင်၍ အိမ်အပေါ်သို့တက်စဉ်)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၃၈)

**ရာ။** ငါန်းစွန်မြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာရုံးခန်း

**န်။** ညနေဦးပိုင်း

**င်အဆင်။** ရုံးတစ်ရုံး၏အတွင်းပိုင်း အုတ်နံရံရေးချက် နောက်ခံကားရှိရမည်။ ၎င်းနောက်ခံကားကို လက်ယာဘက် သုံးချိုးနှစ်ချိုးနှင့် လက်ဝဲဘက်သုံးချိုးတစ်ချိုးခွဲ၍ ရှေ့မှ သုံးထပ်သားဖြင့် ခွဲခြားထားရမည်။

ဇာတ်စင်သုံးချိုးနှစ်ချိုးလက်ယာဘက်ခြမ်းသည် မြို့နယ်မန်ရုံးခန်းဖြစ်ပြီး နောက်ခံကား (နံရံ) ပေါ်တွင် စိုက်ပျိုးရေးဆိုင်ရာကန်းများ လွှဲဆော်ပိုစတာများ၊ တောင်သူလုပ်ငန်းဆိုင်ရာကားား သင့်သလိုချိတ်ဆွဲထားရှိရမည်။ နံရံရှေ့တွင် ရုံးစားပွဲတစ်လုံးကုလားထိုင်များ ဝိုင်းရံထားရှိရမည်။ စားပွဲပေါ်တွင် 'မြို့နယ်ဂျာ' ရာထူးစာရေးထားသည့် သစ်သားတုံးနှင့် စာအုပ်များ၊ ွဲများ စာရွက်စာတမ်းများ သင့်သလိုထားရှိရမည်။

ဇာတ်စင်၏ သုံးချိုးတစ်ချိုးလက်ဝဲဘက်ခြမ်းသည် မြို့နယ်ဂျာ အိပ်ခန်းဖြစ်ပြီး နောက်ခံကား (နံရံ) ပေါ်အထက်နားတွင်

ခပ်သေးသေး ဘုရားစင်တစ်ခု ကြည်ညိုဖွယ်ရာ စီစဉ်ထားရမည်။ အထူးသဖြင့် ရောင်ခြည်တော်လျှပ်စစ်မီးနှင့် ဘုရားရှေ့ထွန်းသည့် လျှပ်စစ်မီးကို သေချာစွာစီစဉ်ထားရမည်။ ဘုရားစင်ရှေ့တွင် ခုတင်တစ်လုံးနှင့် မွေ့ရာ၊ ခြင်ထောင်၊ ခေါင်းအုံး၊ စောင်များ ခင်းလျက်ထား ရှိရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဘုရားစင်မှလွဲ၍ မီးမှောင်ချထားရမည်။ ဘုရားစင်တွင် ရှင်တော်မြတ်ဘုရား၏ ဦးခေါင်းတော်နောက်မှ ရောင်ခြည်တော် လျှပ်စစ်မီးနှင့် ဘုရားပူဇော်သည့် လျှပ်စစ်မီး ကြည်ညိုသပ္ပာယ်အောင် ထွန်းထားရမည်။)

(ခြင်ထောင်တင်ထားလျက်၊ ခုတင်ပေါ်တွင် ဦးစောနေသည် ရိုသေစွာထိုင်ကာ မေတ္တာပို့သလျက်ရှိစေ။ မှောင်နေ၍ ဦးစောနေအား မမြင်စေရ။ တရားပြည့်ဝ အေးချမ်းလှသော မေတ္တာပို့သသံထွက်လာနေစေ။)

**ဦးစောနေ။** (မေတ္တာပို့ရွတ်ဆိုနေသံ) လုံးစုံများစွာ သတ္တဝါချမ်းသာ ကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ...

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။

ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။

ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။



နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(တံခါးခေါက်သံပေါ်လာပြီး "မြို့ဂျာကြီး ... မြို့ဂျာကြီး ... ဧည့်သည်တွေရောက်လာပါတယ်" ဟူသော အစောင့် ဝန်ထမ်း၏ အော်ပြောသံ ပေါ်ထွက်လာစေ။)

(ဦးစောနေ "လာပြီ ... လာပြီ ..." ဟုအော်ပြောလျက် ခုတင်ပေါ်မှဆင်းကာ ခြေရင်းဘက်နားရှိ မီးခလုတ်ကိုဖွင့် လိုက်ဟန်နှင့် "ဂျောက်"ခနဲအသံပေါ်လာပြီး ရုံးခန်းထဲမှ မီးချောင်းလင်းလာစေ။ ဦးစောနေ လက်ယာဘက်ထောင့်သို့ လျှောက်သွားပြီး အခန်းတံခါး ဖွင့်ပေးဟန်ပြုစေ။)

( ဇာတ်စင်လက်ယာအတွင်းဘက်မှ ရုံးစောင့်ကြီးနှင့်အတူ နော်အဲမွန်နှင့် အမျိုးသားတစ်ဦး ခရီးဆောင်အိတ်များဆွဲလျက် ထွက်လာရာ၊ ဦးစောနေသည် အံ့အားသင့်နေပြီး၊ အတန်ကြာမှ ...)

**ဦးစောနေ။** (ငိုသံပါကြီးဖြင့်) ဖိုးမူး ... သမီး ...

**နော်အဲမွန်။** (ငိုသံပါဖြင့်) အပါး ...

(သားအဖနှစ်ယောက် ပြေးဖက်ကြစေ။ ခဏကြာမှ ဦးစောနေ၊ နော်အဲမွန်၏ ပခုံးနှစ်ဖက်ကို သေချာစွာကိုင်လှုပ်လျက် ...)

**ဦးစောနေ။** သမီး ... သမီး... နော်အဲမွန် ... အပါး ... အိပ်မက်မက်နေတာမဟုတ်ပါဘူးနော် ...။

**နော်အဲမွန်။** သမီး တကယ်ပြန်ရောက်လာတာပါ အပါးရယ်... (တသိမ့်သိမ့်ရှိုက်လျက်ရှိစေ။)

**ဦးစောနေ။** ကဲ .. ကဲ သမီးလေးတို့ ထိုင်ကြ .. ထိုင်ကြ..

(ကုလားထိုင်များသို့ ညွှန်ပြစေ။)

**ရုံးစောင့်ကြီး။** မြို့ဂျာကြီး ကျွန်တော်ဘာလုပ်ပေးရမလဲခင်ဗျာ။

**ဦးစောနေ။** ဦးရွှေရေ ... ဒါ... ကျွန်တော့်သမီးပါ ... သူကို ခင်ဗျားတို့အိမ်လေးမှာ အိပ်ဖို့စီစဉ်ပေးနော်... ။ ဒီက (မျက်နှာစိမ်းအမျိုးသားကိုကြည့်စေ။)

**မျက်နှာစိမ်းအမျိုးသား။** ကျွန်တော့်အတွက်တော့ ကိစ္စမရှိပါဘူး ခင်ဗျား၊ ဒီရုံးခန်းထဲမှာပဲ ဖြစ်သလိုအိပ်လို့ရပါတယ်။

**ရုံးစောင့်ကြီး။** သူ့အတွက်တော့ စားပွဲ ၂ လုံးဆက်ပြီး အိပ်နိုင်အောင် သေသေချာချာ စီစဉ်လိုက်ပါ့မယ်။

**ဦးစောနေ။** အေး .. အေး ကောင်းသားပဲ။

(ရုံးစောင့်ကြီးလက်ဝဲဘက်သို့ဝင်သွားစေ။)

**ဦးစောနေ။** (နော်အဲမွှန်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်ပြီး) ကဲ.. ပြောပါဦး သမီးရယ်။ သြော် သမီးတို့ ထမင်းစားပြီးခဲ့ပြီလား။

**နော်အဲမွှန်။** မြင်းမူမြို့ကတစ်ဆင့် ငါန်းဖွန်ကို ကူးလာတာလေ..။ မြင်းမူမှာ စားခဲ့ပြီးပါပြီ အပါး။ တောထဲမှာ ဒုက္ခမျိုးစုံကြုံခဲ့တာတွေတော့ နက်ဖြန်မှပြောတော့မယ်။ သမီး အတိုချုံးပြီးပြောရရင်တော့ သမီးကို KNU ခေါ်သွားတာ သူတို့တောထဲက ဆေးရုံမှာ ဒဏ်ရာရတဲ့လူတွေကိုပြုစုဖို့ ကုသဖို့ပါ။ သမီးတို့ ရောက်ရောက်ချင်း ယဉ်ယဉ်လေးပြောတဲ့ စကားကတော့ ကရင်



အမျိုးသားရေး၊ ကရင်ပြည်နယ် လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ ကရင်အမျိုးသားတွေကို ပြုစုကုသပေးဖို့ မင်းတို့ကရင်အမျိုးသမီး ဆေးပညာရှင်တွေမှာ တာဝန်ရှိတယ်တဲ့။ တကယ်တော့ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံနိုင်းစေခံခဲ့ရတယ် အပါး။ သမီး ထွက်ပြေးဖို့နည်းမျိုးစုံ ကြိုးစားပါသေးတယ်။ ဘယ်လိုမှမရတဲ့အဆုံး သည်းခံပြီး အချုပ်သပ်နေခဲ့ရတယ်။ နောက်တော့ (လူစိမ်းသို့ညွှန်ပြပြီး) ဟောဒီ ကိုစောလူလူက သမီးကို စောင့်ရှောက်ကူညီခဲ့ပါတယ်။ သူက ဗိုလ်အဆင့်နဲ့ ဆေးရုံမှာ တာဝန်ကျတာ။

**ဦးစောနေ။** သြော် .. စောလူလူဟုတ်လား..။ ကျေးဇူးတင်တယ်ကွာ။

**စောလူလူ။** ကျွန်တော်က ဆေးတက္ကသိုလ် ဒုတိယနှစ်မှာ တောခိုခဲ့တာပါ။ ပထမကတော့ ကရင်အမျိုးသားရေးဆိုပြီး ယုံကြည်ချက်ကြီးနဲ့ပါ။ နောက်တော့ သူတို့ရဲ့လုပ်ရပ်တွေကို သိလာပြီး ပြန်လာချင်ပေမယ့် အခွင့်မသာတော့ပါဘူး။ အဲဒီတင် တောတွင်းဆေးရုံမှာ နော်အဲမွှန်နဲ့တွေ့တော့ စိတ်သဘောထားချင်းတူတာသိရပြီး တစ်ယောက်ကိုတစ်ယောက် မေးမပြီးနေခဲ့ကြတာ။

**ဦးစောနေ။** တော်သေးတာပေါ့ကွယ်.. အဲဒါနဲ့ ဘယ်လိုထွက်လာကြတာလဲ။

**စောလူလူ။** ကေအင်(န်)ယူထဲမှာ အုပ်စုတွေကွဲနေပါတယ်။ တစ်ဖက်နိုင်ငံမြို့ပေါ်မှာ ချွေးတစ်စက်မကျဘဲ အငြိမ့်သားနေ,

နေတဲ့သူတွေကို မကျေနပ်ကြတော့ အလင်းဝင်ချင်တဲ့သူတွေ၊ အလင်းဝင်ချင်ပေမယ့် အထက်ကိုကြောက်နေတဲ့သူတွေ၊ အလင်းဝင်တဲ့သူတွေကို စစ်တပ်က ညှဉ်းပန်းနှိပ်စက်တယ်ဆိုတဲ့ သတင်းတွေကြောင့် မဝင်ရဲတဲ့လူတွေ၊ နိုင်ငံရေးအယူအဆကွဲသွားတဲ့သူတွေ စသဖြင့် အုပ်စုတွေကွဲလာပါတယ်။ တကယ်တော့ ကရင်လူထုရဲ့ဆန္ဒဟာ ငြိမ်းချမ်းရေးကို အာသာငမ်းငမ်းတောင့်တနေတယ်၊ လက်နက်ကိုင်တိုက်ပွဲတွေ အဆုံးသတ်စေချင်နေတယ်ဆိုတာ ထင်ရှားနေပါပြီခင်ဗျား။ နောက်တော့ တခြားတိုင်းရင်းသားတွေ၊ လက်နက်ကိုင်အဖွဲ့တွေ လက်နက်နဲ့ငြိမ်းချမ်းရေးလဲလှယ်တဲ့ နမူနာတွေကြည့်ပြီး ငြိမ်းချမ်းရေးယူဖို့၊ ဥပဒေဘောင်ထဲဝင်ဖို့ ဆုံးဖြတ်တဲ့ အုပ်စုတစ်စုပေါ်လာပါတယ်။ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် အဲဒီအဖွဲ့နဲ့အတူ ပါလာတာပါ။

**နော်အဲမွန်။** အခု ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ငြိမ်းချမ်းရေးယူတဲ့အခမ်းအနားမှာ လုပ်စရာရှိတာတွေ လုပ်ပြီးပြီးချင်း သမီးတို့နှစ်ယောက် ရန်ကုန်က စိုက်ပျိုးရေးရုံးချုပ်ကိုသွားပြီး အပါးရှိတဲ့နေရာကို စုံစမ်းတယ်လေ။ ချက်ချင်းပဲပြောပြလို့ မန္တလေးကိုရထားနဲ့စီး၊ မန္တလေးကနေ မြင်းမူကိုကားနဲ့ဆက်၊ မြင်းမူကနေ ဒီဘက်ကူးခဲ့တာ။

**ဦးစောနေ။** ဝမ်းသာလိုက်တာ … သမီးရယ် ‥။ အပါးလည်း သမီးကို နေ့တိုင်းမျှော်ရတာ။ ညတိုင်းမေတ္တာပို့နေတာ။ ခုလိုဘေးအန္တရာယ်ကင်းကင်းနဲ့ပြန်ရောက်လာတာ သမာဒေဝနတ်ကောင်း နတ်မြတ်များစောင့်ရှောက်လို့ဖြစ်မှာ။ ဝမ်းသာလိုက်တာ ‥ သမီးရယ်။ ကဲ . . နက်ဖြန်မှဆက်ပြောတာပေါ့။ ခု အေးအေးဆေးဆေး အိပ်ကြတော့ပေါ့။



**နော်အဲမွန်။** အပါး . .

**ဦးစောနေ။** ဘာလဲ . . သမီး . .

**နော်အဲမွန်။** သမီးပြန်လာလာချင်း ပထမဦးဆုံးတွေ့ရမှာက အပါး ။ ဒုတိယတွေ့ရမယ့်သူ တစ်ယောက်ရှိပါတယ်။ သူ့ကိုတွေ့ဖို့ နက်ဖြန်ပဲ ခရီးဆက်ပါရစေအပါးရယ် . .

**ဦးစောနေ။** ဟင်‧ . ဘယ်သူတုံးကွဲ့။ ဘယ်ကိုသွားရမှာလဲ။

**နော်အဲမွန်။** ဖျာပုံမြို့နယ်ထဲက ကန်ဦးရွာက ပရဟိတဂေဟာကျောင်းကနေ ဖျာပုံမှာကျောင်းလာနေပြီး သမီးနဲ့အတူ ၁၀-တန်းအောင်ခဲ့တဲ့ အိုက်ချိုဆိုတဲ့ရှမ်းလေးပါ။ သူက မန္တလေးတိုင်းရင်းဆေးသိပ္ပံမှာတက်နေတာ။ သမီး ဘားအံမှာ ကေအင်(န်)ယူ ဆွဲသွားခံရကတည်းက သူနဲ့အဆက်ပြတ်သွားပါတယ်။ သူနဲ့ သမီးနဲ့က ဝါသနာတူ ရည်ရွယ်ချက်ချင်းတူလို့ ချစ်သူတွေဘဝနဲ့ ဘုရားမှာ သစ္စာပြုခဲ့တာ။ သမီး သူနဲ့တွေ့ဖို့ အရေးကြီးနေတယ် အပါး . .။ သူဘယ်ရောက်လို့ ဘာဖြစ်နေတယ်ဆိုတာ သမီးသိပ်သိချင်နေတယ်။ သိမှဖြစ်မှာ အပါးရဲ့။ သမီးနက်ဖြန်ပဲ ဖျာပုံကို သွားပါရစေနော် . .။ (ပြောရင်းငိုသံပါလာ။)

**ဦးစောနေ။** ဩော် . .သမီးရယ်. . (တစ်စုံတစ်ရာကို စဉ်းစားမိဟန်နှင့်) ဟာ. .ကန်ဦးပရဟိတဂေဟာကဆိုရင် အဲဒီကဂေဟာမှူး ဒီမြို့နယ်ထဲမှာ ရောက်နေတယ်သမီးရဲ့။ ဦးရာမြင့်

ဆိုတာလေ·

**နော်အဲမွန်။** (ဝမ်းသာအားရ) · ·ဦးရာမြင့်··ဟုတ်လား· · အပါး။ ဦးရာမြင့်ဆိုရင် ဟုတ်တယ်။ အိုက်ချို ခဏခဏ ပြောပြဖူးတဲ့ မှူးဆရာပဲ။ သူဘယ်မှာရောက်နေတာလဲဟင် အပါး· ·။

**ဦးစောနေ။** ဒီနဲ့ သိပ်မဝေးဘူး၊ လမ်းလျှောက်သွားရင်ရတယ်။ ထန်းစဉ်လှဆိုတဲ့ရွာ။ သူ့ဇာတိရွာလေ · ·။ ကဲ · · ဒါဆို အပါး နက်ဖြန် ဦးရာမြင့်ကို ခေါ်ပေးမယ်။ အပါးနဲ့ သူနဲ့ ခင်မင်နေကြတယ်။ အပါးခေါ်ခိုင်းလိုက်ရင် သူချက်ချင်း ပါလာမှာ သမီး · ·။

**နော်အဲမွန်။** အို ·· သူ့ကို သွားခေါ်ရမှာ ကြာနေဦးမယ် · ·။ မနက်ဖြန် စောစောထ သမီးတို့ လမ်းလျှောက်သွားရင် မကောင်းဘူးလား အပါး · ·။

**ဦးစောနေ။** အင်း· · ကောင်းသားပဲ ·· ကဲ· ·ကဲအိပ်ကြတော့ (လှမ်းခေါ်) ဦးရွှေရေ· · (ရုံးစောင့်ကြီး ဝင်လာစေ။) သမီးကို ခင်ဗျားတို့အိမ် ခေါ်သွားတော့နော်· ·။

**ရုံးစောင့်ကြီး။** ဟုတ်ကဲ့ခင်ဗျ။ (နော်အဲမွန်နှင့်အတူ ဇာတ်စင် လက်ဝဲဘက်သို့ဝင်စေ။)

**ဦးစောနေ။** ကဲ··စောလှလှလည်း ပင်ပန်းလာရောပေါ့··အိပ်ပေတော့။

**စောလှလှ။** ဟုတ်ကဲ့ · ·ဟုတ်ကဲ့ · ·။

(ရှေ့ဖုံးကားပိတ်)

# အခန်း (၃၉)

**နေရာ။** ထန်းစဉ်လှရွာအနီး ကိုရာမြင့်နေအိမ်

**အချိန်။** နံနက်စောစော

**အပြင်အဆင်။** အခန်း (၃၇) အတိုင်း ပြင်ဆင်ထားရမည်။

(ရှေ့ဖုံးကားဖွင့်)

(ဇာတ်စင်လက်ဝဲဘက်မှ ဦးစောနေ၊ နော်အဲမွန်နှင့်စောလှလှတို့ ထွက်လာစေ။)

**ဦးစောနေ။** ဦးရာမြင့်··ဦးရာမြင့်··ဦးရာမြင့်ရှိလားခင်ဗျာ··။

("ဟုတ်ကဲ့··ရှိပါတယ်" ဟူသော အသံနှင့်အတူ ဇာတ်စင် လက်ယာဘက်မှ ကိုရာမြင့်၊ ခြံဝိုင်းနောက်ဘက်မှ လာသည့် ဟန်နှင့် ထွက်လာစေ။)

**ကိုရာမြင့်။** (အံ့သြဟန်ဖြင့်) ဟာ·· မြို့ကျာကြီးပါလား··။ ထူးထူး ခြားခြား အစောကြီး ဘယ်ကိုသွားမလို့ပါလိမ့်။ ကျွန်တော် လိုက်ခဲ့ရမှာလားခင်ဗျာ။

**ဦးစောနေ။** ဦးရာမြင့်ဆီကိုပဲ လာကြတာပါ··။

**ကိုရာမြင့်။** ဩော်..ဒါဆို ထိုင်ကြပါခင်ဗျာ။ ဧည့်သည်တွေလည်း ပါလာတာကိုး။ ဘာအကြောင်းများရှိပါလိမ့်။ (ပြောဆိုရင်း နော်အဲမွှန်အား စူးစမ်းသည့်အကြည့်နှင့် ကြည့်နေစေ။)

(ဦးစောနေနှင့် နော်အဲမွှန် ရသေ့လျောင်းတွင်ဝင်ထိုင်ပြီး စောလူလူက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်စေ။)

**ကိုရာမြင့်။** ခဏနော်..ရေနွေးကြမ်း သွားယူလိုက်ဦးမယ်။ (လက်ယာဘက်သို့ဝင်သွား.. ခဏအကြာ ရေနွေးကြမ်းနှင့် ထန်းလျက်ပန်းကန်ယူလာပြီး စားပွဲပေါ်ချပေးစေ။)

**ကိုရာမြင့်။** ရေနွေးသောက်ကြပါဦးခင်ဗျာ။ (ကုလားထိုင်တစ်လုံး တွင် ဝင်ထိုင်ရင်း) ဘာကိစ္စအရေးကြီးလို့ပါလိမ့် မြို့ဂျာကြီး..

**ဦးစောနေ။** (သမီးဘက်ကိုကြည့်ပြီး) သူက ကျွန်တော့်သမီး နော်အဲမွှန်လေ..။

**ကိုရာမြင့်။** (အလွန်အမင်း အံ့သြသွားဟန်နှင့်) ဟာ.. နော်အဲမွှန် ကိုး..။ ဒါနဲ့ ဘယ်..ဘယ်တုန်းကရောက်တာလဲ။ ဘယ်လို ..ဘယ်လိုဖြစ်သွားပြီး..။

**ဦးစောနေ။** ညကရောက်လာတာ ဦးရာမြင့်ရာ..။ ကေအင်(န်) ယူ အုပ်စုတစ်ခု အစိုးရနဲ့ ငြိမ်းချမ်းရေးယူပြီး ဝင်လာတာမှာ သူတို့ပါလာတာပါပဲ။

**ကိုရာမြင့်။** ဟာ..ဝမ်းသာလိုက်တာဗျာ..ဝမ်းသာလိုက်တာ ..(လှိုက်လှိုက်လှဲလှဲဝမ်းသာဟန်ဖြစ်နေစေ။)

**နော်အဲမွှန်။** မှူးဆရာရဲ့နာမည်ကို ကျွန်မသိနေပါတယ်။ မှူးဆရာ လည်း အိုက်ချိုပြောပြလို့ ကျွန်မကို သိချင်သိမှာပါ။



**ကိုရာမြင့်။** အဲ..အဲ ဟုတ်တယ်။ သိနေပါတယ်။ လူကိုတော့ မမြင်ဖူးခဲ့ဘူးပေါ့လေ။

**နော်အဲမွှန်။** မှူးဆရာ.. ကျွန်မရဲ့အပါးကို ကျွန်မနဲ့ အိုက်ချို အကြောင်း ညက ပွင့်ပွင့်လင်းလင်းပြောပြပြီးပါပြီ။ ကျွန်မက အပါးနဲ့တွေ့ပြီးရင် အိုက်ချိုကို ဖျာပုံမှာသွားရှာမလို့။ အပါးက မှူးဆရာရဲ့နာမည်ပြောပြတော့၊ အခု..မှူးဆရာဆီကို ရောက် လာတာပါ။ (အားတက်သရောမေး) အိုက်ချို အခု ဘယ်မှာလဲ ဟင်.. သူအိမ်ထောင်ကျသွားပြီလားဟင်..မှူးဆရာသိမှာ ပေါ့နော်..။

**ကိုရာမြင့်။** ဩော်..အင်း..အိုက်ချိုလား..အဲ..အဲဒါ...

(ဘာပြောရမှန်းမသိဘဲ.. ထစ်ထစ်ငေါ့ငေါ့ဖြစ်နေစေ။)

**နော်အဲမွှန်။** မှူးဆရာသိရင်ပြောပြပါနော်။ ကျွန်မတစ်ခုခုကို ဆုံးဖြတ်ရမယ့်အခြေအနေဖြစ်နေလို့ပါ။ မှူးဆရာရော အပါး ရောသိရအောင် ပွင့်ပွင့်လင်းလင်းပြောပြစရာရှိပါတယ်။ သူက ကိုစောလူလူပါ မှူးဆရာ..။ တောထဲမှာတုန်းက ကျွန်မကို စောင့်ရှောက်ပြီး ဖေးဖေးမမနဲ့ ကူညီခဲ့သူပါ။ ကေအင်(န်)ယူ ရဲ့လုပ်ရပ်တွေကို မကြိုက်ပေမယ့် ကြိတ်မှိတ်သည်းခံနေတဲ့ KNU ဆေးအဖွဲ့ကပါ။ အဲဒါ ကျွန်မကို ကေအင်(န်)ယူတွေက တောတွင်းဆေးရုံမှာ တာဝန်ချလိုက်တော့ ဗိုလ်စောလူလူနဲ့တွေ့၊ သူကူညီလို့လည်း ကျွန်မဘေးမသီ ရန်မခရှိခဲ့တာပါ။ ကိုစော လူလူပဲ ဆက်ပြီးပွင့်ပွင့်လင်းပြောပြလိုက်ပါနော်..။

**စောလူလူ။** ဒီလိုပါ..ကျွန်တော်တို့ တောတွင်းဆေးရုံမှာ အတူ တူလုပ်ကိုင်ကြရင်းနဲ့ ကျွန်တော် နော်အဲမွှန်ရဲ့ စိတ်သဘော

ထား၊ စိတ်ရင်းစေတနာကို မြင်တွေ့ခဲ့ရပါတယ်ခင်ဗျာ။ သူက ဒဏ်ရာရတဲ့ လူနာတွေ ပြုစုတဲ့နေရာမှာ စိတ်ရောကိုယ်ပါ ကရုဏာအပြည့်နဲ့လုပ်တယ်။ အဲဒီမှာက ကေအင်(န်)ယူတပ်သားလေးတွေဟာ ငယ်ငယ်လေးတွေများတယ်။ တချို့ဆိုဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်လောက်ပဲ။ သေနတ်ကိုင်နိုင်တဲ့အရွယ်ဆို အတင်းဆွဲခေါ်လာကြတာလေ။ လူမမည်လေးတွေ သိပ်သနားစရာကောင်းတာပဲ။ သူတို့ကပြုစုကုသပေးတဲ့ နော်အဲမွှန်ကို သူတို့သိပ်အားကိုးကြတယ်။ အဲဒီလို နော်အဲမွှန်ရဲ့စိတ်သဘောထားကို နှစ်သက်မိလို့ ကျွန်တော်သူ့ကို ချစ်ရေးဆိုခဲ့ပါတယ်။ ဒီတော့ သူက သူ့မှာ ချစ်သူရှိကြောင်း ကိုအိုက်ချိုနဲ့ သူနဲ့အကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြပါတယ်။ ကျောင်းပြီးလို့ လူကြီးများကိုဖွင့်ပြောပြီး လက်ထပ်တဲ့အခါ ပရဟိတအများအကျိုးပြုနိုင်မယ့် အလုပ်ကိုရွေးပြီး နှစ်ယောက်လက်တွဲလုပ်ကြမယ်လို့ ကတိပြုထားကြတဲ့ အကြောင်းပါ ပြောပြပါတယ်။ ဒီတော့ ကျွန်တော်က အကယ်၍ ကိုအိုက်ချိုအိမ်ထောင်ပြုပြီးရင်တော့ ကျွန်တော့်ကို စဉ်းစားပါလို့ တောင်းဆိုခဲ့ပါတယ်ခင်ဗျာ။ အဲဒီလို လက်ထပ်ခွင့်ရတဲ့အခါမှာလည်း ကျွန်တော်ကတိပေးခဲ့ပါတယ်။ အခုငြိမ်းချမ်းရေးရယူတဲ့ ကေအင်(န်)ယူအုပ်စုထဲမှာ အဲမွှန်ကို သံယောဇဉ်တွယ်နေတဲ့ ကလေးသာသာတပ်သားလေးတွေ ပါလာပါတယ်။ သူတို့လေးတွေအတွက် ကျွန်တော်တို့ နှစ်ယောက်လက်တွဲပြီး ဂါရင်ပြည်နယ်မှာပဲ စိုက်ပျိုးမွေးမြူရေးလုပ်ရင်း "တိုင်းရင်းသားလူငယ်ဂေဟာ" ဖွင့်ပြီး သူတို့လေးတွေကို ပြုစုပျိုးထောင်ပေးကြမယ်လို့ ကျွန်တော်သူ့ကို ကတိပြုထားခဲ့ပါတယ်။



**နော်အဲမွှန်။** အဲဒါလည်း‥ အိုက်ချိုအပေါ်မှာ မူတည်နေပါတယ် မူးဆရာ‥။ ဒါကြောင့်မို့ အိုက်ချိုအိမ်ထောင်ကျပြီးမပြီး ကျွန်မ အရမ်းသိချင်တာပါ။ မူးဆရာသိရင် ပြောပါနော်။

**ကိုရာမြင့်။** (နားထောင်လျက်ရှိရာမှ တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားပြီး တစ်ခုခုကို ယတိပြတ်ဆုံးဖြတ်လိုက်သည့်ဟန်နှင့်) မူးဆရာနဲ့အိုက်ချို အဆက်အသွယ်ပြတ်နေတာ အတော်ကြာသွားပါပြီ‥အဲမွှန်။ ဒီလိုလုပ်ပါ။ အဲမွှန်တို့ မြို့ဂျာကြီးဆီမှာပဲ အနားယူရင်း စောင့်နေကြပါ။ မူးဆရာ‥နက်ဖြန်ခါပဲ ဖျာပုံကို သွားမယ်။

**နော်အဲမွှန်။** ကျွန်မသွားချင်တယ်‥မူးဆရာ။ သူဖျာပုံမှာလား၊ ‥ကန်ဦးရွာမှာလား‥ဟင်‥။

**ကိုရာမြင့်။** အဲမွှန် ဒီကပဲစောင့်ပါ။ မူးဆရာသွားပြီး ချက်ချင်းပဲ ပြန်ခဲ့ပါမယ်ကွယ်‥။ မူးဆရာလည်းသွားဖို့ကိစ္စရှိနေတယ်။

**ဦးစောနေ။** ဟုတ်သားပဲ‥သမီးရယ်‥။ ဒီကပဲစောင့်တာပေါ့ ဟုတ်ဘူးလား။

**နော်အဲမွှန်။** မြန်မြန်ပြန်ခဲ့ပါနော်‥မူးဆရာ‥။

**ဦးစောနေ။** ကဲ ‥ ဒါဆို ကျွန်တော်တို့ ပြန်ဦးမယ်နော် ဦးရာမြင့်။ ဒီလိုကူညီပေးတာ ကျေးဇူးတင်ပါတယ်နော်။

**ကိုရာမြင့်။** ရပါတယ်‥ မြို့ဂျာကြီးရာ၊ ကျွန်တော်ကိုယ်တိုင်ဆောင်ရွက်ရမယ့်ကိစ္စပဲဟာ။

(ဦးစောနေ၊ နော်အဲမွှန်နှင့် စောလူလူတို့ ထကြပြီး ဓာတ်စင်လက်ဝဲဘက်သို့ဝင်စေ။)

(ရှေ့ဖုံးကားပိတ်)

## အခန်း (၄၀)

**နေရာ။** ကန်ဦးရွာ၊ ဦးတင်ဦးနေအိမ်

**အချိန်။** နံနက်ပိုင်း

**အပြင်အဆင်။** ပျဉ်ထောင်အိမ်တစ်လုံး၏ အတွင်းပိုင်း ရေးချက်နောက်ခံကားရှိရမည်။ အလယ်အလတ် ဆက်တီတစ်စုံရှိရမည်။

### (ရှေ့ဖုံးကားဖွင့်)

(ဦးတင်ဦး ဆက်တီတွင်ထိုင်လျက် စာရေးနေစေ။ ခဏအကြာတွင် အိမ်ပြင်ဘက်မှ "ကိုတင်ဦး ကိုတင်ဦး" ခေါ်သံကြား၍ စာရေးရပ်ပြီး "ကိုရာမြင့် အသံပါလား" ဟုဆိုကာ ဇာတ်စင်လက်ဝဲဘက်သို့ ထကြည့်စေ။ ကိုရာမြင့် ခရီးဆောင်လက်ဆွဲအိတ်ဆွဲလျက်ထွက်လာစေ။

**ဦးတင်ဦး။** ဟာ··တကယ်ပဲ ကိုရာမြင့်ပါလား··။ (လက်ကိုကိုင်ဆွဲ၍) လာဗျာ··လာ··။ ပါစင်ဂျာလိုင်း မော်တော်ဆိုက်ချိန်လည်း မဟုတ်ဘဲနဲ့ အစောကြီးရောက်လာပါလားဗျာ။

**ကိုရာမြင့်။** (ဆက်တီတွင်ထိုင်စေ) အရေးကြီးလို့ ကိုတင်ဦးရေ



မနေ့က ရန်ကုန်ရောက်၊ ညအမြန်သင်္ဘောစီး၊ ဖျာပုံကို မနက်မိုးမလင်းခင် ဆိုက်ဆိုက်ချင်း ပွဲထောင်ငှားပြီး လာခဲ့တာဗျ။ ပွဲထောင်ကို ဂေဟာဆိပ်မှာ မဆိုက်ဘဲ ခင်ဖျားအိမ်နောက်ဘက်က လမ်းကြားမှာ ဆိုက်ခိုင်းပြီး အခုတက်လာတာလေ။ ဘယ်သူမှ အသိမပေးသေးဘဲ ခင်ဖျားနဲ့ အရင်ဆုံးတွေ့ပြီး ဆွေးနွေးဖို့ အရေးကြီးတယ်ဗျ။ ခင်ဖျားမိန်းမရော ဘယ်သွားလဲ··။ ကြာတင့် စက်ချုပ်သင်တန်းသွားတယ် မဟုတ်လား··။

**ဦးတင်ဦး။** ဟုတ်တယ်လေ··ခင်ဖျားညီမ စက်ချုပ်သင်တန်းသွားနေတယ်။ ကျွန်တော့်မိန်းမကတော့ ဆွမ်းကျွေးတစ်ခုကိုသွားတယ်။ ကဲ··ပြောပါဦး ခင်ဖျားအရေးတကြီးကိစ္စဆိုတာ··။

**ကိုရာမြင့်။** အိုက်ချိုနဲ့ ကြာတင့်နေရာချပေးဖို့ကိစ္စ ဘယ်လိုအခြေအနေရောက်နေလဲ။ အခု အိုက်ချိုရဲ့ ကောင်မလေး··နော်အဲမွန် ပြန်ရောက်လာပြီဗျ။ လက်လွန်ခြေလွန်များ ဖြစ်နေပြီလားဗျာ။ ဘယ်အခြေအနေရောက်နေလဲ ပြောပါဦး··။

**ဦးတင်ဦး။** ဩော်··ဒီကိစ္စလား··ကျွန်တော်တောင် အခု ခင်ဖျားဆီကို ဟောဒီမှာ (ဆက်တီစားပွဲပေါ်မှ စာရွက်ကိုပြလျက်) စာရေးနေတာဗျ။ ဒီလိုဖြစ်နေတာဗျို့။ မောင်ညိုမောင်က မကြာတင့်ကို အရင်ကတည်းက အသေအလဲကြိုက်နေတာတဲ့ဗျ။ ခင်ဖျားဆီက ပြန်စာရရချင်း ကျွန်တော့်မိန်းမကတစ်ဆင့် နားဖောက်ကြည့်တော့ မကြာတင့်က သူနဲ့ညိုမောင် ကြိုက်နေကြောင်း ပွင့်ပွင့်လင်းလင်းပြောတယ်ဗျ။ ကျွန်တော်ထင်သလိုဖြစ်မလာဘူး။ နောက်ပြီးတော့ အိုက်ချိုကလဲ နော်အဲမွန်ကိုမေ့မရတဲ့ အခြေအနေပါပဲဗျာ။

ကိုရာမြင့်။ (ရင်ထဲက အလုံးကြီးကျသွားသည့်ပုံမျိုးဖြင့်) ဟင်း.. တော်ပါသေးရဲ့ဗျာ။ ကျွန်တော့်မှာ နော်အဲမွန်ကို တွေ့လိုက်တယ် ဆို၊ ဟာ..ငါနဲ့ ကိုတင်ဦး စီစဉ်တာတော့ ပြဿနာတက်ပြီ ဆိုပြီးတော့ ရင်ဝမှာ အလုံးကြီး ဆောင့်တက်သွားတာပဲဗျာ။ ဒါနဲ့ ကောင်မလေးကို ဘာမှမပြောသေးဘဲ စောင့်နေဦးဆိုပြီး ဒီကိုချက်ချင်းထွက်လာတာဗျ။

ဦးတင်ဦး။ ဩော်..ဒီလိုကိုး။ ကဲဒီတော့ ခင်ဗျားအိုက်ချိုကို ပြောပြရမှာပေါ့ ဟုတ်လား..။ အင်း..အိုက်ချို သိရင်တော့ ဘယ်လောက်များ ဝမ်းသာလိုက်မလဲဗျာ။

ကိုရာမြင့်။ ဒီလိုလုပ်ရအောင်ဗျာ။ အိုက်ချိုကို နော်အဲမွန်တို့ အခြေအနေ ဆွေးဆွေးနွေးနွေးပြောစရာရှိတာမို့လို့ အိုက်ချိုကို ဒီခေါ်လိုက်ဗျာ။

ဦးတင်ဦး။ အခေါ်လွှတ်လိုက်ပြီ။ အိုက်ချိုမလာခင်ပြောရဦးမယ်။ မောင်ညိုမောင်နဲ့ မကြာတင့်ကိစ္စ ခင်ဗျားသဘောဘယ်လိုရှိလဲ။

ကိုရာမြင့်။ သဘောမတူစရာ မရှိပါဘူးဗျာ။ အဲ . . ကျွန်တော့် မိခင်ကြီးကိုတော့ သဘောပေါက်အောင် ရှင်းပြရမှာပေါ့။ ကျွန်တော်တို့မိသားစုကတော့ တစ်ယောက်ပဲ့တော့မှာပေါ့ဗျာ။ ကြာတင့်ကို ဒီမှာထားခဲ့ရတော့မယ်။

ဦးတင်ဦး။ ခင်ဗျား မညိုဝိုင်းနဲ့ တွေ့လိုက်ဦး။ Transfer ကိစ္စ သတင်းကောင်းပြောလိမ့်မယ်ဗျ။

ကိုရာမြင့်။ ဟုတ်လား..ကျွန်တော့်ဆီကို စာမရေးသေးဘူး။ ညနေကျ သူနဲ့တွေ့ပါ့မယ်ဗျာ။



(ထိုစဉ် အိုက်ချိုစာတ်စင်လက်ဝဲဘက်မှ အပြေးကလေးထွက်လာပြီး ကြည်နူးဝမ်းသာစွာ ကိုရာမြင့်နားတွင် ဝင်ထိုင်၏။)

အိုက်ချို။ (ကိုရာမြင့် လက်ကိုကိုင်လျက်) မှူးဆရာ... ဘယ်တုန်းကရောက်တာလဲ။ ကျွန်မလည်းအကြောင်းမကြား ဘာမကြားနဲ့။ နေကောင်းရဲ့လားဟင်..။

ကိုရာမြင့်။ နေကောင်းပါတယ်ကွ။ ငါခုပဲရောက်တာ။ အရေးကြီးရောက်လာရတာကတော့ မင်းကိစ္စပဲ။

အိုက်ချို။ (သိလိုဇောနှင့်) ဘာကိစ္စလဲဟင် မှူးဆရာ..။

ကိုရာမြင့်။ နော်အဲမွန်တောထဲက ပြန်ရောက်ပြီကွ။

အိုက်ချို။ (ထခုန်မတတ်ဝမ်းသာအားရဖြစ်သွားပြီး၊ ကိုရာမြင့် လက်ကိုကိုင်လှုပ်လျက်) ဟာ..ဟုတ်လား။ အဲမွန်ပြန်လာပြီ ဟုတ်လား။ သူဘယ်မှာလဲဟင်။ မှူးဆရာနဲ့တွေ့ခဲ့တာလား။ ဘယ်မှာလဲဟင်..။

ကိုရာမြင့်။ အေး..ငါအတိုချုံးပြောပြမယ်ကွာ..။ သူ့အဖေ ဦးစောနေက ငါန်းစွန်မြို့နယ်မန်နေဂျာအဖြစ်နဲ့ ပြောင်းလာတော့ ငါနဲ့ရင်းနှီးသွားတယ်။ ဒါပေမဲ့ မင်းနဲ့နော်အဲမွန်ကိစ္စတော့ ငါမပြောပါဘူး။ မကြာခင်မျှော်လင့်ဘဲနဲ့ ကေအင်န်ယူအုပ်စု တစ်စု ငြိမ်းချမ်းရေးရယူတဲ့အထဲမှာ အဲမွန်ပါလာလို့ သူ့အဖေဆီ ရောက်လာတယ်။ အဲမွန်ကမင်းနဲ့ သူ့အကြောင်းကို သူ့အဖေ ကိုပြောပြတော့၊ သူ့အဖေကအဲမွန်ကို ငါ့ဆီခေါ်လာတော့တာ ပေါ့။ ငါလည်းဒီကိုချက်ချင်းထွက်လာခဲ့တာပဲ။

အိုက်ချို။ ဟာ· သူ့အဖေနဲ့ မှူးဆရာ ရင်းနှီးနေတာ ကံ

ကောင်းတာပေါ့နော်။ မှူးဆရာကိုတွေ့တော့ အဲမွန်က ဘာပြော လဲဟင်…။ ဘာတွေမှာလိုက်လဲဟင်..။

**ကိုရာမြင့်။** နော်အဲမွန်နဲ့အတူ တောထဲက စောလူလူဆိုတဲ့ ကရင် အမျိုးသားတစ်ယောက် ပါလာတယ်ကွ။

**အိုက်ချို။** ဟင်…

**ကိုရာမြင့်။** နားထောင်ပါဦးကွ။ သိပ်စိတ်မပူပါနဲ့။ အဲဒီ စောလူလူ ဆိုတာက သူတို့ကေအင်န်ယူတောထဲက ဆေးရုံမှာ ဗိုလ်အဆင့် ဆေးဝန်ထမ်းပါ။ ဆေးကျောင်းတက်ရင်း တောခိုသွားပြီး နောက်တော့ ကေအင်န်ယူရဲ့လုပ်ရပ်တွေကို မကျေမနပ် ဖြစ်နေ တဲ့သူ။ နော်အဲမွန်ကို အဲဒီဆေးရုံမှာ ကေအင်န်ယူတွေက တာဝန် ယူခိုင်းတော့ စောလူလူနဲ့ တွဲလုပ်ရတာပေါ့ကွာ။ စောလူလူက နော်အဲမွန်ကို စောင့်ရှောက်ခဲ့လို့ နော်အဲမွန် ဘေးမသီရန်မခ ဖြစ်ခဲ့တာတဲ့။ ဒဏ်ရာရ ကေအင်န်ယူတပ်သားတွေကို သူတို့က ကုသပြုစုပေးရတာမှာ အရွယ်မရောက်သေးတဲ့ ကလေးအရွယ် တွေလည်းပါတယ်။ နော်အဲမွန်က စေတနာ ကရုဏာအပြည့်နဲ့ ပြုစုကုသပေးတော့ အဲဒီတပ်သားကလေးတွေက အဲမွန်ကို သံယောဇဉ်တွယ်ပြီး အားကိုးနေကြတာတဲ့။ တိုတိုပြောရရင် တော့ နော်အဲမွန်ရဲ့ စိတ်ထားသဘောထားကို စောလူလူက နှစ်သက်ပြီး လက်ထပ်ခွင့်တောင်းတယ်။ ဒီတော့ နော်အဲမွန်က မင်းနဲ့သူ့အကြောင်း၊ သစ္စာထားခဲ့ကြတဲ့အကြောင်းပါမကျန်၊ ပြောပြလိုက်တယ်တဲ့။ ဒီတော့စောလူလူက အကယ်၍များ မင်းအိမ်ထောင်ကျသွားပြီဆိုရင်တော့ သူ့ကိုစဉ်းစားပေးပါဆိုပြီး အခုအဲမွန်နဲ့အတူ ပါလာတာပဲ။ စောလူလူက စိတ်ရင်းကောင်း



တဲ့ပုံပါပဲ။ သူက နော်အဲမွန်နဲ့လက်ထပ်ခွင့်ရရင် ငြိမ်းချမ်း ရေးယူတဲ့အထဲမှာ ပါလာတဲ့ ကရင်လူမမည် မိဘမဲ့လေးတွေကို **'တိုင်းရင်းသား လူငယ်ဂေဟာ'** ဖွင့်ပြီး ပြုစုပျိုးထောင်ပေး မယ်လို့ ကတိပြုခဲ့တယ်တဲ့။

(အိုက်ချို၏မျက်နှာ ပြုံးရွှင်နေရာမှ မှိုင်တွေသွားစေ။)

**ကိုရာမြင့်။** ဒါပေမဲ့ နော်အဲမွန်ကတော့ မင်းမှမင်းပါ။ မင်းကို သူသစ္စာမဖျက်ရှာပါဘူး။ ဒီတော့ မင်းငါနဲ့အတူ လိုက်ခဲ့ပေ တော့။ သူနဲ့တွေ့တော့မှ မင်းတို့ရဲ့ရှေ့ရေး နောင်ရေး ဆွေးနွေး ကြ။ သူ့အဖေနဲ့လည်း ပွင့်ပွင့်လင်းလင်းတိုင်ပင်လို့ ရတာပေါ့။

**အိုက်ချို။** မှူးဆရာ- ဘယ်တော့အညာပြန်မှာလဲ။

**ကိုရာမြင့်။** နက်ဖြန်ခါပဲ ပြန်မယ်လေ။ နော်အဲမွန်က တမျှော် မျှော်ဖြစ်နေမှာ…။

**အိုက်ချို။** (မှိုင်တွေလျက်ရှိပြီး) ကျွန်တော်ခဏလေးစဉ်းစား ပါရစေနော် မှူးဆရာ။

**ကိုရာမြင့်။** မင်းက ဘာစဉ်းစားစရာရှိသေးလို့လဲကွ။

**အိုက်ချို။** ကျွန်တော်ခဏလေးစဉ်းစားပါရစေနော်…။

**ကိုရာမြင့်။** အေး အေး..စဉ်းစား.

(အိုက်ချို၊ ဇာတ်စင်လက်ဝဲဘက်သို့ဝင်သွားစေ။)

**(ရှေ့ဖုံးကားပိတ်)**

# အခန်း (၄၁)

**နေရာ။** ကန်ဦးပရဟိတ ဂေဟာ၊ ကျောင်းရှေ့ကွင်း

**အချိန်။** နေ့လယ်ပိုင်း

**အပြင်အဆင်။** အခန်း (၄) အတိုင်းပြင်ဆင်ထားရမည်။

## (ရှေ့ဖုံးကားဖွင့်)

(အိုက်ချို ဓာတ်စင်လက်ယာထောင့်မှနေ၍ မတ်တတ်ရပ်လျက် ပရဟိတဂေဟာ အဆောင်များဆီသို့ စိုက်ကြည့်ရင်း၊ တစ်ယောက် တည်းပြောနေစေ။)

**အိုက်ချို။** အဲမွန်ရယ် ‥ နင့်ကိုငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင်အသိဆုံးပါ။ နင်နဲ့ငါ ကျိုက္ကမျှမ်စေတီတော်မှာ သစ္စာစကားတွေဆို၊ ဆုတွေတောင်းခဲ့တာတွေကို ငါနေ့တိုင်းကြားယောင်နေတုန်းပါဟာ။ နင်ပျောက်သွားခဲ့တဲ့ အချိန်ကစပြီး ငါ့ရင်မှာ ပူပန်ခြင်းကြီးစွာနဲ့ နင့်ကိုငါမျှော်နေခဲ့တာ။ ငါ့ရင်ခွင်ကို နင်ခိုဝင်လာမယ့်နေ့ကို ငါတမ်းတနေခဲ့ရတာလေ။ သြော်… ခု နင်ပြန်ရောက်လာပြန်တော့လည်း ရင်မောစရာအခင်းက ဖန်လာပြန်ပါရောလား….။



အဲမွန်ရာ… နင့်ကို ငါ့ရင်ခွင်မှာ ခိုဝင်လှည့်စေချင်ပေမယ့် ငါတို့နှစ်ယောက်လက်ထပ်လိုက်မယ်ဆိုရင်၊ နင့်ကိုတွယ်တာအားကိုးနေကြတဲ့ မိဘမဲ့ကရင်လေးတွေဘယ်လိုဖြစ်သွားမလဲ။ နင်နဲ့စောလူလူစိတ်ကူးခဲ့တဲ့ **'တိုင်းရင်းသားလူငယ်ဂေဟာ'** အကောင်အထည်မပေါ်တော့ဘဲ၊ ကရင်လူမည်ကလေးတွေ ခိုကိုးရာမဲ့ဖြစ်သွားတော့မယ်ဟာ။ ခိုလှုံရာရင်ခွင်မဲ့ဖြစ်သွားတော့မယ်။ သူတို့ကလေးတွေဟာ တိုင်းပြည်ရဲ့ရင်သွေးငယ်လေးတွေ…။

အဲတီတော့… ငါဟာ ငါ့အတွက်ပဲကြည့်မယ်ဆိုရင် မှန်ပါ့မလား… အတ္တဆန်သလိုဖြစ်သွားမလား။ ငါဘယ်လိုလုပ်ရမလဲ…။

(တွေငေးလျက်ရှိစေ။)

(ထိုစဉ်၊ ဓာတ်စင်လက်ယာဘက်မှ ကိုရာမြင့်ထွက်လာရာ တွေငေးလျက်ရှိနေသော အိုက်ချိုကိုတွေ့၍ အိုက်ချို၏ပခုံးလေးကို ယုယစွာဖက်ကာ ဓာတ်စင်အလယ်သို့ ရောက်လာကြစေ။)

**ကိုရာမြင့်။** ငါ့တပည့် ဒီမှာရပ်ပြီး တွေးနေငေးနေတာကြာလှပြီ‥။ ဘာလဲ စောလူလူကို မင်းတွေ့ရမှာစိုးလို့ မလိုက်ချင်ဘူးလား‥။ ဒါဆို‥နော်အဲမွန်ကို ဒီကိုလွှတ်လိုက်ရမလား‥။

**အိုက်ချို။** ကျွန်တော်လည်း မလိုက်ဘူး‥အဲမွန်ကိုလည်း ဒီကိုမလွှတ်ပါနဲ့ မူးဆရာ‥။

**ကိုရာမြင့်။** ဟင်‥မင်းက အိမ်ထောင်ကျသေးတာမှ မဟုတ်ဘဲ‥။ နော်အဲမွန်နဲ့ လက်ထပ်ရမှာပေါ့ကွ။ မဟုတ်ဘူးလား‥။

**အိုက်ချိ။** (ဆွေးမြေ့ကြေကွဲသောအသံဖြင့်) ကျွန်တော့်ရင်ခွင်ဟာ အဲမွန်အတွက်ပါ မူးဆရာ..။ ဒါပေမဲ့ ငြိမ်းချမ်းရေးယူပြီး ဝင်လာတဲ့အထဲက မိဘမဲ့ကရင်လေးတွေ ခိုလှုံရမယ့် ရင်ခွင်ဟာ အဲမွန်ဖြစ်နေပါတယ်..။ သူ..ကျွန်တော့်ရင်ခွင်ကို ရောက်လာရင် ဟိုက ကရင်တိုင်းရင်းသားလူမမည်လေးတွေ ရင်ခွင်မဲ့ဖြစ်သွားတော့မယ်။ တိုင်းပြည်ရဲ့ ရင်သွေးငယ်တွေအတွက် နွေးထွေးတဲ့ရင်ခွင်ရှိဖို့ အရေးကြီးပါတယ်..မူးဆရာ။တီတော့..(မျက်ရည်တွေတွေကျပြီး ဆို့နင့်သောအသံဖြင့်) ကျွန်တော် လက်ထပ်ပြီးပြီလို့သာ ပြောလိုက်ပါတော့ မူးဆရာရယ်..။

**ကိုရာမြင့်။** (အံ့အားသင့်လျက်) ဟင်..(အိုက်ချိုကို မျက်နှာချင်းဆိုင်ကာ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျက်) ငါ့တပည့် သေသေချာချာစဉ်းစားပါဦးကွာ။ ဘာဖြစ်လို့ ဒီလိုပြောရမှာလဲ...။ အဲမွန်က မင်းကိုစောင့်နေတယ်လေ..မျှော်နေတယ်လေ..။ စဉ်းစားပါဦးကွာ..။

**အိုက်ချိ။** (ငိုသံပါဖြင့်) ကျွန်တော် သေသေချာချာစဉ်းစား ပြီးပါပြီ..မူးဆရာ။ ကျွန်တော့်ရင်ခွင် ဟင်းလင်းဖြစ်သွားပါစေ၊ နှလုံးသားမဲ့တဲ့ရင်ခွင်ဖြစ်သွားပါစေ၊ အဲမွန်ရဲ့ရင်ခွင်မှာ တိုင်းပြည်ရဲ့ ရင်သွေးလေးတွေ နွေးနွေးထွေးထွေးရှိနေရင် ကျွန်တော် ကျေနပ်ပါတယ်။ ဒါကြောင့်မို့ "အိုက်ချိအိမ်ထောင်ကျသွားပြီ" လို့သာ အဲမွန်ကို ပြောလိုက်ပါတော့ မူးဆရာရယ်..။

**ကိုရာမြင့်။** ပြတ်သားလှချည်လား ငါ့တပည့်ရယ်..။ အေး.. မင်းပြောသလို "အဲမွန်ရဲ့ရင်ခွင်မှာ တိုင်းပြည်ရဲ့ရင်သွေးလေးတွေ နွေးနွေးထွေးထွေးရှိနေမယ်" ဆိုပေမယ့် သူ့ရဲ့ရင်ခွင်ဟာလည်း



မင်းလိုပဲ နှလုံးသားမဲ့ရင်ခွင် ဖြစ်သွားမှာပဲ တပည့်ရဲ့..

(အိုက်ချိ ရီဝေစွာ အဝေးသို့ငေးနေစေ။ အတန်ကြာ ငြိမ်သက်နေကြစေ။)

**ကိုရာမြင့်။** ကိုင်း..ငါ့တပည့်အိုက်ချိ မင်းရဲ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား..။

**အိုက်ချိ။** (ကြေကွဲသံဖြင့်) မပြင်တော့ဘူး..မူးဆရာ။

**ကိုရာမြင့်။** (အိုက်ချိပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားရာမှ အိုက်ချိကို ဖက်လိုက်ပြီး) အို .. သနားစရာ ငါ့တပည့်ရယ် ..။

(ရှေ့ဖုံးကားပိတ်)

## အခန်း (၄၂)

**နေရာ။** ကန်ဦးပရဟိတဂေဟာအနီး

**အချိန်။** နံနက်ပိုင်း

**အပြင်အဆင်။** အခန်း (၈) အတိုင်းပြင်ဆင်ရမည်။

ပွဲထောင်စက်လှေတစ်စီး အသင့်ဆိုက်ကပ်ထား
ရမည်။

### (ရှေ့ဖုံးကားမှင့်)

(ဓာတ်စင်လက်ယာဘက်မှ ခရီးဆောင်လက်ဆွဲအိတ်ဆွဲလျ
ကိုရာမြင့်နှင့်ကိုတင်ဦး ထွက်လာစေ။ တစ်ဆက်တည်းမှာပင် ဆရာ
မညိုပိုင်းကလည်း လက်ဆွဲခြင်းဆွဲလျက်၊ ညိုမောင်ကလက်ဆွဲအိ
တစ်လုံးဆွဲလျက် ထွက်လာစေ။ မကြာတင့်ကနောက်မှပါလာစေ

(မရွှေမနှောင်းပင် ဓာတ်စင်၏လက်ဝဲဘက်မှ ဦးချစ်တ
ဆရာကြီး ဦးသန်းထွန်း၊ ဆရာဦးရီ၊ ဆရာဦးတင့်လွင်နှင့် ဆရာ
ဒေါ်ခင်နွဲ့တို့လည်း ထွက်လာကြစေ။)

**အိုက်ချို။** ကိုရာမြင့်တို့ မညိုပိုင်းတို့ရဲ့ဖူးစာကတော့ တ
မှန်တယ်နော်။ မညိုပိုင်း မန္တလေးတိုင်းကို Transfer O



ရချိန်မှာ ကိုရာမြင့်က ရောက်လာရတယ်။

**ဦးတင်ဦး။** အင်း…မန္တလေးရောက်ရင်တော့ မညိုပိုင်းကို ခင်ဗျား မြို့နယ်၊ ခင်ဗျားရွာမှာရဖို့ တိုင်းမှာကြိုးစားတော့ ကိုရာမြင့်ရေ …။

**မညိုပိုင်း။** အင်း… တခြားမြို့တခြားရွာရောက်သွားလို့ တခြားလူနဲ့ ရသွားရင်တော့ ကျွန်မအဆိုးမဟုတ်ဘူးနော်…။

**ကိုရာမြင့်။** ဟာ..ဒီလိုတော့မလုပ်လိုက်ပါနဲ့ဗျာ။ (ရယ်ကြစေ။)

**ကိုတင်ဦး။** ခင်ဗျားတို့နှစ်ယောက် စိတ်ချလက်ချသာသွားကြ။ အဲ .. မညိုပိုင်း Posting အတိအကျသိရတဲ့ အချိန်ကျမှ မောင်ညိုမောင်နဲ့ မကြာတင့်ကို မညိုပိုင်းတို့ရဲ့ပစ္စည်းတွေနဲ့ အတူ ခင်ဗျားတို့ဆီကို လွှတ်လိုက်မယ်။ အဲဒီတော့ သူတို့ နှစ်ယောက် ခင်ဗျားမိခင်ကြီးကို ကန်တော့ကြပစေပေါ့။

**ကိုရာမြင့်။** (မျက်နှာညိုလျက်) အေးဗျာ…။

အိုက်ချိုအတွက်ကတော့ ဖြေမဆည်နိုင်စရာ ဖြစ်သွားရတယ် ဗျာ… (ပရဟိတဂေဟာအဆောင်ဆီသို့ လှမ်းမျှော်ကြည့်ပြီး) အိုက်ချိုရော ခုထိမလာသေးပါလား။ ဘာများဖြစ်နေပါ လိမ့်..။ (စိတ်ပူပန်ဟန်ပေါ်လွင်နေ)

**အများ။** ဟုတ်တယ်၊ ဘာများဖြစ်နေပါလိမ့်နော်..(အားလုံး မျက်နှာများတွင် စိတ်ပူပန်ဟန် ဖြစ်ပေါ်လာကြစေ။)

**ညိုမောင်။** ကျွန်တော်သွားကြည့်လိုက်မယ်။ (ပြောပြောဆိုဆို ဓာတ်စင်လက်ယာဘက်သို့ ခပ်သွက်သွက်ဝင်သွားစေ။ ခဏ

အကြာတွင် အိုက်ချိုနှင့်အတူ ပြန်ထွက်လာစေ။ သူတို့နောက်မှ ပရဟိတကလေးငယ် ၁၀ ယောက်ခန့် လိုက်ပါလာစေ။)

**အိုက်ချို။** (ငိုကြွေးထားသည့် မျက်နှာကို ကွက်ထိုးမီးဖြင့် ပေါ်အောင်ပြရမည်။ ငိုသံပါနှင့်) ကျွန်တော်မှူးဆရာကို နှုတ်မဆက်ရဲဘူး။ နှုတ်ဆက်ဖို့မဲတင်းတာ ဘယ်လိုမှ ဆောက်တည်ရာမရဘူး။ နောက်ဆုံးတော့ တီကလေးငယ်လေးတွေကို ကျွန်တော့်ရင်ခွင်ထဲမှာထားပြီး မှူးဆရာကိုနှုတ်ဆက် ကန်တော့မယ်လို့ အားတင်းပြီးကလေးတွေကို စုခေါ်နေလို့ နောက်ကျသွားတယ် မှူးဆရာ ခွင့်လွှတ်ပါနော်…

**ကိုရာမြင့်။** (စိတ်ဆင်းရဲလှသည့်မျက်နှာနှင့်) အေးပါကွာ.. မှူးဆရာနားလည်ပါတယ်…။

(ကျန်လူများလည်း ဝမ်းနည်းသည့်မျက်နှာများဖြင့် အိုက်ချိုကို စိုက်ကြည့်နေကြစေ။) (ထိုအချိန်တွင်၊ ကိုရာမြင့်က ချောင်းကိုနောက်ကျောပြု၊ ပရိသတ်ကိုမျက်နှာမူလျက် ဇာတ်စင်အလယ်လောက်တွင် ကြေကွဲသောမျက်နှာဖြင့် မတ်တတ်ရပ်လျက် အနေအထားရှိနေပြီး၊ သူ၏လက်ဝဲဘက်တွင် မညိုဝိုင်း၊ ညိုမောင်၊ မကြာတင့်၊ လက်ယာဘက်တွင် ဦးချစ်တင်၊ ဦးတင်ဦး၊ ဦးသန်းထွန်း၊ ဦးရီ၊ ဦးတင့်လွင်၊ ဒေါ်ခင်နွဲ့တို့ ရှိနေစေ။)

(အိုက်ချိုက အလယ်မှာ၊ ပရဟိတကျောင်းသားငယ်လေးများက ဝဲယာမှာ ပရိသတ်ကို နောက်ကျောပေး နေရာယူပြီး ရိုသေစွာထိုင်ကြစေ။ ထို့နောက် ကိုရာမြင့်အား ရိုသေစွာ ဦးသုံးကြိမ်ချ ကန်တော့ကြစေ။)



**ကိုရာမြင့်။** (မျက်ရည်များ တွေတွေကျလျက်) သာဓု.. သာဓု..သာဓု။ ငါ့တပည့်ကြီးနဲ့ တပည့်ကလေးများ ကျန်းမာချမ်းသာကြပါစေ။ ဘေးဥပဒ်အန္တရာယ်ကင်းကြပါစေ..။

(အိုက်ချိုပခုံးကို ယုယစွာကိုင်၍ ဆွဲယူထစေပြီး မျက်ရည်များပြည့်လျှမ်းနေသော အိုက်ချို၏မျက်နှာကို စိုက်ကြည့်ကာ) ငါ့တပည့်ကြီးရဲ့ ရင်ခွင်ဟာ နှလုံးသားမဲ့ဖြစ်သွားပေမယ့် ဟောဒီကလေးတွေအတွက် နွေးထွေးနေမှာပါကွာ..။

**အိုက်ချို။** (ဖြည်းဖြည်းထ၍ ငိုသံပါနှင့်ပြော) အဲမှန်ရဲ့ ရင်ခွင်နွေးမှာလည်း တိုင်းရင်းသား ရင်သွေးလေးတွေ နွေးထွေးပါစေလို့ ပြောလိုက်ပါမှူးဆရာ..။

(အိုက်ချို ရှိုက်ကာ ရှိုက်ကာ ငိုကြွေးလျက်ရှိစေ။)

(ကိုရာမြင့် မကြည့်ရက်သည့်ဟန်နှင့် ချာခနဲလှည့်ပြီး ရေဆင်းတံတားပေါ်မှတစ်ဆင့် စက်လှေပေါ်သို့ဆက်သွားစေ။ မညိုဝိုင်းနှင့် ညိုမောင် နောက်မှလိုက်သွားစေ။ ညိုမောင်က ပဲ့ထောင်စက်ကို နှိုးနေစဉ် ကိုရာမြင့်နှင့် မညိုဝိုင်း စက်လှေဦးတွင် မတ်တတ်ရပ်လျက် ကမ်းပေါ်မှလူများကို လက်ပြနှုတ်ဆက်နေစေ။ အားလုံး၏ မျက်နှာများ စိတ်မကောင်းခြင်းကြီးစွာဖြစ်နေပြီး လက်ပြနှုတ်ဆက်သည့်လက်များမှာလည်း အားပျော့လျက်ရှိနေကြစေ။ စက်လှေတရွေ့ရွေ့ထွက်ခွာသွားစေ။)

(အားလုံးထွက်ခွာသွား၍ လူရှင်းသွားသည့် အချိန်တွင် အိုက်ချိုတစ်ယောက်တည်း ရေဆင်းတံတားထိပ်၌ မတ်တတ်ရပ်လျက် ကျန်ရစ်စေ။ မျက်ရည်တွေတွေကျနေသည်ကို

ကွက်ထိုးမီးဖြင့်ပြသစဉ် နောက်ခံ **"ဇာတ်သိမ်းသီချင်း"** လွှမ်းမောဖွယ် ထွက်ပေါ်လာစေ။)

(ရှေ့ဖုံးကား တဖြည်းဖြည်းပိတ်)

ဇင်မင်း (သမိန်ထော)

# မှီငြမ်းသည့် စာအုပ်စာတမ်းများ

၁။ ဖျာပုံမောင်စံသူ **"မောင်ရင်လောင်းနှင့် ကွမ်းတောင်ကိုင်"** သျှိုးလိုက်ရတဲ့ ကဗျာများ

၂။ ကနီ ရွှေစင်မဂ္ဂဇင်း (၁၉၇၅- မတ်လ)

၃။ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာစာစောင်

၄။ တိုင်းရင်းဆေးပညာ ဆောင်းပါးများ

၅။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ငြိမ်းချမ်းရေးအဖွဲ့များနှင့် ပတ်သက်သည့် သတင်းမှတ်တမ်းများ

## မှတ်ချက်

အိုက်ချိုနှင့် ပအိုဝ့်လေး (ခမ်းညီ) တို့၏ ပြောစကားများတွင် တိုင်းရင်းသားလေသံ ပေါ်လွင်စေရန်အတွက် -

- "အဲဒါ" ကို "အဲတာ"
- "အဲဒီ" ကို "အဲတီ"
- "ဒီ" ကို "တီ"
- "ပြီ" ကို "ပီ"
- "ပြီး" ကို "ပီး"

စသည့်ဖြင့် ရေးသားခြင်းဖြစ်ပါသည်။



## ၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ ဒုတိယဆုရ ရင်ခွင်ခွန်း

**ရေးသူ - ဇင်မင်း (သမိန်ထော)**

အဖ ဦးအုန်း၊ အမိ ဒေါ်နှင်းတင်တို့မှ ၁၃၀၃ ခုနှစ်တွင် ဖျာပုံမြို့နယ် သမိန်ထောရွာ၌ မွေးဖွားသည်။

၁၉၆၇ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့ပြီး၊ အထွေထွေအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး ဝန်ထမ်းဘဝဖြင့် ငပုတောမြို့နယ်၊ ဖောင်ကြီးဗဟိုပြည်သူ့ ဝန်ထမ်းကျောင်း၊ ငါန်းဇွန်မြို့နယ်၊ မြန်အောင်မြို့နယ်နှင့် ပုသိမ်မြို့တို့တွင် ထမ်းဆောင်ခဲ့သည်။

မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်ချုပ်အဖြစ်လည်းကောင်း၊ ဗဟိုအဆင့်တွင် အတီးအကဲဖြတ် ဒိုင်အဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

စာပေဗိမာန်စာမူဆုကို ၁၉၉၈ ခုနှစ်တွင် "အနုပညာအလှ" ပြဇာတ်စာမူဖြင့် ဒုတိယဆု၊ ၁၉၉၉ ခုနှစ်တွင် "ရွှေအမွေ" ပြဇာတ်ဖြင့် ပထမဆု၊ ၂၀၀၁ ခုနှစ်တွင် "ဖယောင်းရုပ်နှင့် သံသွန်းရုပ်" ပြဇာတ်များဖြင့် ပထမဆုရရှိပြီး ၂၀၀၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုကို "ရွှေအမွေ" ပြဇာတ်ဖြင့်ရ ရှိခဲ့သည်။ ထို့အပြင် ၂၀၀၂ ခုနှစ်တွင် "ဆိုင်းနောက်ထ" စာမူဖြင့် ယဉ်ကျေးမှုအနုပညာစာပေ တတိယဆုနှင့် "သူ့ရဲကောင်း စိတ်ဓာတ်" ပြဇာတ်များစာမူဖြင့် ဒုတိယဆု၊ ၂၀၀၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် "အဖေ အမေ သားတို့ သမီးတို့" စာမူဖြင့် ပြဇာတ် တတိယဆုကို ရရှိခဲ့သည်။

အမည်ရင်း - ဦးသန်းညွန့်ဖြစ်သည်။

နေရပ်လိပ်စာ - အမှတ် ၂၅၁၊ စိန်ဝတ်မှုံ
အမှတ်(၁) ရပ်ကွက်၊ မြန်
ဧရာဝတီတိုင်း။

စာပေဗိမာန်